

www.burmeseclassic.com



www.burmeseclassic.com





# လမင်းဖိုဖို


## အသစ်တစ်ဝန်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# လမင်းမိုမို

## အသစ်တစ်ဖန်


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို





စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ပန်းသီးတစ်လုံးမှာ နာနေတဲ့ အစိတ်အပိုင်း၊ မကောင်းတဲ့ အစိတ်အပိုင်းကလေးကို ဓားနဲ့ကွင်းပြီး လှီးထုတ်လွှင့်ဖယ်ပစ်လို့ ရသလိုမျိုးသာ ဘဝတစ်ခုရဲ့ မလိုချင်တဲ့ အစိတ်အပိုင်းတချို့ကို သန့်စင်ဖယ်ရှားပစ်လို့ ရစတမ်းဆိုရင် ဘယ်လောက်များကောင်းလိမ့်မလဲလို့ ကျွန်မ မကြာခဏ တွေးတောခဲ့မိတယ်။

ဒါပေမဲ့ ဘဝဆိုတာက သစ်သီးတစ်လုံး မဟုတ်လေတော့ အပုပ်အနာကလေးကိုချည်း ရွေးဖယ်ပစ်ပြီး၊ ကောင်းတာကလေးကိုသာ ရွေးချယ်ချန်ရစ်ဖို့ မဖြစ်နိုင်ပါဘူးနော်။

ဒီလိုနဲ့ အဲဒီအပုပ်အနာ ဒဏ်ရာအစိတ်အပိုင်းကလေးဟာ ကျွန်မရဲ့ တစ်နှစ်ပြီးတစ်နှစ် ကျော်ဖြတ်ကြီးပြင်းလာတဲ့ နှစ်အပိုင်းအခြားတွေနောက် တကောက်ကောက်ပါနေခဲ့မဆုံး ရှိခဲ့တာပါ။ နောင်တမရချင်တတ်တဲ့ ကျွန်မက အဲဒီကဏ္ဍကလေးအပေါ် သင်ခန်းစာသာ ရအောင်ယူခဲ့ပြီး ဘဝကို ဆက်လက်ရှင်သန်တည်ဆောက်ခဲ့တာပါ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



မသိနားမလည်တဲ့ အရွယ်မှာ ဖြူစင်ရိုးသားလှတဲ့ မိန်းကလေးငယ်တစ်ယောက်မို့ ခုလိုကြုံကြိုက်ခဲ့ရပါတယ်လို့ ဖြေရှင်းချက် ထုတ်ချင်ရင်လည်း လူတကာက အလွယ်တကူ ခွင့်လွှတ်မြင်တွေးပေးကြလိမ့်မယ်လို့ ကျွန်မ မထင်ပါဘူး။ ကိုယ်လိုပဲ ဖြူစင်ရိုးသားတဲ့ မိန်းကလေးတွေ လောကကြီးမှာ အများကြီးရှိတာပဲ။ မသိနားမလည်သူကလေးတွေ အများကြီး ရှိတာပဲ။

အားလုံး ဒီအဖြစ်မျိုး ကြုံကြတာမို့လား။ မဟုတ်ပါဘူး။ ကျွန်မရဲ့ ဖျင်းနုံထုံအ,မှု၊ မျက်မွေးတဆုံးလောက်မှုရှောအမြော်အမြင်လောက်ကလေးနဲ့ မျက်ကန်းတောတိုး အဆင်ခြင်မဲ့မှု၊ ပြီးတော့ လူသားအားလုံးရဲ့ ဦးခေါင်းထက်မှာ တိတ်တိတ်ကလေး လွှမ်းခြုံအုပ်မိုး လိုက်ပါနေတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ။

အကုသိုလ်ဂြိုဟ်ဆိုး ဝင်ချိန်မှာ အခြေအနေကလည်း ဖန်တီး၊ အဆင်ခြင်ကလည်းမဲ့၊ ကံကြမ္မာကလည်း တွန်းပို့လိုက်တဲ့အခါ မည်းမှောင်တဲ့ ချောက်နက်နက် တစ်ခုထဲကို ကျွန်မတစ်ယောက် ဒလိမ့်ခေါက်ကွေး ပြုတ်ကျခဲ့ရဖူးပါတယ်။ ကျွန်မကြောင့် ကျွန်မထက်တောင် ပိုပြီး အဆတစ်ရာ ရိုးအ,ရှက်ကြောက်တတ်လှတဲ့ အဖေ၊ စိတ်ဆင်းရဲခြင်းကြီးစွာ အသက်တိုခဲ့ရတယ်။

အဖေ့လို နှလုံးရောဂါ အခံမရှိလေတဲ့ အမေကကျတော့ လူမသေနိုင်သော်လည်း မျှော်လင့်ချက်တွေ သေဆုံးပြီး ကြုံကြုံခိုင်ခိုင် ရပ်တည်နိုင်စွမ်းဖို့အတွက် တရားဓမ္မကိုသာ အားကိုး





တကြီး ဖက်တွယ်ခိုလှုံရရှာတော့တယ်။ အဲဒါတွေကြောင့်ပဲ ကျွန်မကတော့ ခပ်မြန်မြန်ပြန်ပြီး နလန်ထူလာခဲ့ရတာပါ။

နလန်ထူလာချိန်မှာတော့ ကျွန်မဟာ အသစ်ပြန်ဖျက်လုပ်လိုက်တဲ့ ရွှံ့ရုပ်တစ်ရုပ်လို လုံးလုံးလျားလျား ကွဲပြားခြားနားတဲ့ မိန်းမအသစ်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ အရွယ်နဲ့မလိုက်ရင့်ရော်ကြမ်းထော်တဲ့ နှလုံးသားနဲ့ ယောက်ျားဆိုရင် အလိုလိုနေရင်း မုန်းတီးကြည့်မရတဲ့ မိန်းမတစ်ယောက်ဟာ ဘဝနာခဲ့ပြီးနေပါပြီ။

ဒါပေမဲ့လည်း လောကကြီးမှာ ဘာကိုမှတော့ ပုံသေကားချ ပြောလို့မရဘူးလေ။ လွန်ခဲ့တဲ့ ခြောက်နှစ်နဲ့ အခုနဲ့ မပြောပါနဲ့၊ မနေ့ကနဲ့ ဒီနေ့အတွင်းမှာတောင် အရာအားလုံးဟာ မပြောင်းလဲဘဲ ရှိနိုင်လို့လား။ အခုတစ်ကြိမ် ရှူရှိုက်လိုက်တဲ့လေဟာတောင် ခုနက နောက်ဆုံးတစ်ကြိမ် ရှူရှိုက်လိုက်တဲ့လေနဲ့ လုံးဝမတူတော့ဘူး မဟုတ်လားရှင်။



www.burmeseclassic.com

www.burmeseclassic.com



## ၁

"စိမ်းစို"ဆိုတဲ့ အမည်ကလေးကို အဖေ ပေးခဲ့ပါသည်။ စိမ်းစိုကို မွေးခါစက ဆံပင်မျက်ခုံးမျက်လုံးကလေးတို့ဟာ ရိုးရိုးနက်မှောင်ပုံမျိုး မဟုတ်ဘဲ နက်မှောင်စိမ်းစိုကာ တခဲနက်ထင်ရှားစိုလက်နေတာမို့ အဖေက ချက်ချင်း ခေါင်းထဲပေါ်လာတဲ့ အမည်ကလေးနှင့် "စိမ်းစို"ဟု ကင်ပွန်းတပ်ခဲ့သည် ဆိုသည်။

ဇာတိချက်မြှုပ်က ပုသိမ်မြို့ဖြစ်ကာ အဖေသည်လည်း ပုသိမ်သား။ အမေသည်လည်း ပုသိမ်သူ။ စိမ်းစိုဟာ ပုသိမ်မှာမွေး၊ ပုသိမ်မှာကြီးပြင်း၊ ပုသိမ်မြို့ကပဲ ဆယ်တန်းအောင်။ ဒီပုသိမ်မြို့ကလေးအနီးမှာ ဖွံ့ဖြိုးစည်ပင်လာတဲ့ ချောင်းသာတို့ ငွေဆောင်တို့လို အပန်းဖြေကမ်းခြေများ ပေါ်ပေါက်လာတဲ့အခါ မြို့ခံဒေသခံတို့ အတော်ပင် အလုပ်ရကြပါသည်။





စိမ်းစိုသည်လည်း စိမ်းစို ဆယ်တန်းရောက်တဲ့နှစ်မှာ စတင်တည်ဆောက်တဲ့ ဟိုတယ်အသစ် ပြီးစီးဖွင့်လှစ်တော့မယ့်နှစ်၊ စိမ်းစို အဝေးသင် ဒုတိယနှစ်ရောက်တဲ့အချိန်မှာ အဲဒီကမ်းခြေဟိုတယ်မှာ အလုပ်ရခဲ့ပါသည်။

အဖေက ပုသိမ်မြို့မှ ဆန်ပွဲရုံတစ်ခုမှာ အလုပ်လုပ်ပါသည်။ စိမ်းစို သိတတ်သောအရွယ်မှစ၍ အဲဒီပွဲရုံ ၂၁ အဖေလုပ်လာလိုက်တာ သေသာသွားရော အဲဒီပွဲရုံမှာပင်။ သူဌေးရဲ့လူရင်းလူယုံဖြစ်ပေမယ့် ရာထူးတက်တယ်လည်းမရှိ၊ အရေးပါလှတယ်လည်းမရှိဘဲ ရိုးအ,ကျိုးနွံတဲ့ အဖေဟာ ဘာလို့အမည်တတ်မှန်းမသိတဲ့ ပွဲရုံဝန်ထမ်းဘဝမှာ မိသားစုသုံးယောက် ထမင်းစားလို့လောက်ငသည့် ဝင်ငွေကလေးနှင့် ရိုးမြေကျခဲ့တာပင်။

ဆယ်တန်းအောင်ပြီးကတည်းက လန်းဆန်းတက်ကြွပြီး အနာဂတ်ကို အကြီးအကျယ် မျှော်လင့်ချက်ထားခဲ့သော စိမ်းစိုက ရန်ကုန်မြို့ကို တက်သွားပြီး အလုပ်တစ်ခုခု ဝင်လုပ်ပါရစေလို့ အဖေနဲ့အမေထံ ပူဆာခဲ့ပါသည်။

"ဆယ်တန်းအောင်ရုံလေးနဲ့ ဘာအလုပ်ရပြီး လစာကရော ဘယ်လောက်ရမှာလဲ မီးမီးရယ်"

"လစာက အိမ်ကိုပြန်မပို့နိုင်ဘူး ဆိုရင်တောင် ရန်ကုန်မြို့ကြီးမှာ မီးမီး နားပွင့် မျက်စိပွင့် ဗဟုသုတတွေ တိုးတက်ကြွယ်ဝမှာက အမြတ်ပေါ့ အဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအမြတ်မျိုး မရလည်း ညည်းဘဝကြီး လူညွန့်မတုံးပါဘူး မီးမီးရယ်၊ ကိုယ့်ဒေသမှာကိုယ် အေးအေးချမ်းချမ်း မိဘရင်ခွင်အောက်မှာပဲ ဥမကွဲ သိုက်မပျက်နေစမ်းပါ၊ ညည်း အလုပ်မလုပ်ဘဲ အဖေရှာကျွေးတာနဲ့ စားလောက်သားပဲကွယ့်"

"စားလောက်ရုံနဲ့ ဘာလုပ်ရမှာလဲ အဖေရဲ့၊ အသိပညာ ဗဟုသုတတွေ တိုးတက်ကြွယ်ဝပြီး အမြင်ကျယ် လူဝင်ဆန့်မှ မီးမီးဘဝလည်း တိုးတက်မှာပေါ့၊ မီး ကြီးပွားချမ်းသာချင်တယ် အဖေ"

"အမေတို့ အခြေအနေနဲ့ သမာအာဇီဝနည်းနဲ့တော့ ဒီတစ်သက် ဘယ်လိုမှ လူချမ်းသာကြီး ဖြစ်မလာနိုင်ပါဘူး မီးမီးရယ်။ အတတ်ဆန်း မထွင်ချင်ပါနဲ့"

"အို ... အမေကလည်း၊ ဘယ်လိုလုပ် ပြောနိုင်မလဲ၊ အမေ့စကားက အညွန့်တုံးလိုက်တာ။ တစ်သက်လုံး လူချမ်းသာမဖြစ်နိုင်ဘူးရယ်လို့ပဲ၊ ဖြစ်ချင်လည်း ဖြစ်မှာပေါ့ အမေရယ်၊ ကုသိုလ်ကံက ရှိသေးတယ်"

"အေး ... အဲဒီကုသိုလ်ကံက ဆိုးနေမှ အမေရင်ကျိုးရချည်ရဲ့ မီးမီးရယ်၊ ထိုင်နေကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ၊ ကိုယ့်ဟာနဲ့ကိုယ် ဆင်းရဲချင်လည်း ဆင်းရဲပါစေ၊ အေးအေးဆေးဆေး ရောင့်ရဲနေစမ်းပါ မီးမီးရယ်၊ ရန်ကုန်မြို့





ကို ညည်း ဘာမှတ်လို့လဲ၊ ကိုယ့်ထက် လည်တဲ့လူချည်းပဲ၊ ငါ့သမီးလေးက ရိုးကရိုး အ,ကအ,နဲ့၊ အဖြူထည်ကလေး၊ လူယုတ်မာနဲ့ သွားဆုံစည်းနေမှ ကြီးပွားချမ်းသာ မလာဘဲ ဒုက္ခသုက္ခ တွေ့နေရဦးမယ်အေ"

"အမေတို့ကလည်း ဖွ,မပြောကောင်း မဆိုကောင်း၊ ဒီလိုနဲ့ ပဲ့ မီးတော့ ဘာမှအသိအမြင် ဗဟုသုတ မရှိဘဲ အိမ်ထဲ ကုပ်ပြီး အညွန့်တုံးနေတော့မှာပဲ"

တကယ်တော့ ဒုက္ခရောက်ဖို့ ပျက်စီးဖို့ ကံဇာတာ ပါလာသူဟာ ရန်ကုန်မြို့ကြီးကိုသွားမှ၊ နိုင်ငံရပ်ခြားကိုသွားမှ မဟုတ်။ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်အရပ်ဒေသမှာ ကိုယ့်အိမ်ကိုယ် နေရင်းလည်း ဖြစ်ချိန်တန်တော့ ဖြစ်ခဲ့ရသည်သာ။ စိမ်းစိုက အဝေးသင်နှင့် မြန်မာစာအဓိကယူခဲ့ပြီး အိမ်နှင့်အနီးအနားက ကိတ်မုန့်တိုက်တစ်တိုက်မှာ လစာအနည်းငယ်နှင့်သာ အလုပ်ဝင်ခဲ့ရပါသည်။

ကိုယ်လုပ်ချင်တာ မလုပ်ရပေမယ့်လည်း ဘဝမှာ မြင်မြင်သမျှဟာ ပျော်ရွှင်စရာ ချစ်ခင်စရာ လှပတယ်ချည်းသာ ထင်နေတဲ့ အရိုးခံ အကောင်းမြင် စိတ်ဓာတ်ကလေးနှင့် ဖြူစင်လှတဲ့အရွယ်ဖြစ်ရာ စိတ်လည်းဆင်းရဲမနေပါ။ ဒီလိုပဲ ခုန်ဟယ် ပေါက်ဟယ် ပျော်ဟယ် ပါးဟယ် သူငယ်ချင်းများနှင့် သွားလိုက် လာလိုက် ရုပ်ရှင်ကားသစ်လဲရင် ကြည့်လိုက်နှင့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းစို ဒုတိယနှစ် စာမေးပွဲပြီးစမှာတော့ ချောင်းသာကမ်းခြေမှာ အသစ်ဆောက်လုပ်နေသော Adam and eve Hotel ကြီး ပြီးစီးကာ ဝန်ထမ်းသစ်များ ခေါ်ယူပါတော့သည်။ အရေးပါတဲ့ တာဝန်ပိုင်းများအတွက် ရန်ကုန်မှ အတွေ့အကြုံရှိ ဝန်ထမ်းများ ပါလာမှာဖြစ်ကာ House Keeping တို့၊ Waiter တို့၊ Bell boy တို့ သန့်ရှင်းရေး၊ လုံခြုံရေး စတဲ့ အထွေထွေလုပ်သားတို့ စတဲ့ ဝန်ထမ်းငယ်တို့ကိုမူ ဒေသခံအနီးအနားက လူတွေကို ဦးစားပေး ခေါ်ပါသည်။

ဒီတစ်ကြိမ်မှာတော့ စိမ်းစိုက အဖေနှင့် အမေကို ဟိုတယ်မှာ လုပ်ခွင့်ရဖို့ ခြေကန်ပူဆာတော့တာပင်။ လှပခမ်းနားတဲ့ ဤဟိုတယ်ကြီးမှာ တာဝန်ထမ်းဆောင်ရတာသည် ကိတ်မုန့်တိုက်ခပ်သေးသေးလေးမှာ လုပ်ရတာထက်တော့ သာမည်။ ပျော်ဖို့လည်း ကောင်းလိမ့်မည်။

ဒီတစ်ကြိမ်တော့ စိမ်းစိုနှင့်အတူ တစ်ရပ်ကွက်တည်းသားချင်း ခင်မင်နေသူ မိန်းကလေးနှစ်ယောက် ယောကျ်ားလေးနှစ်ယောက်တို့ပါ အပါအဝင် စုစုပေါင်း ငါးယောက်တောင် လျှောက်ကြမှာဖြစ်ရာ အဖေတို့ အမေတို့လည်း ဇွတ်မတားသာတော့ပါ။ ခွင့်ပြုလိုက်ကြရပါသည်။

"စိမ်းစို ... နင်က အရမ်းလှတာ၊ ဧည့်ကြိုပဲ လျှောက်ပါဟယ်၊ နင့်ရုပ်ရည်လေးနဲ့ ဧည့်ကြိုလောက်ပဲ လိုက်ပါတယ်၊ တခြားအဆင့်တွေတော့ မလျှောက်နေပါနဲ့"





အတူလျှောက်ကြမည့် သူငယ်ချင်းတွေက ပြောကြသည်။ စိမ်းစိုကတော့ အလုပ်မရမည်စိုး၍ ဧည့်ကြိုမှာရော၊ House Keeping မှာရော နှစ်နေရာလုံးမှာ ဝင်လျှောက်သည်။ ထင်တဲ့အတိုင်း ဧည့်ကြိုမှာ မရပါ။ အင်္ဂလိပ်စကားပြော အနည်းအကျဉ်းတော့ ရရမည်ဖြစ်ရာ နှုတ်ထွက်မရဲဘဲ မျက်နှာကြီးနီပြီး မေးသမျှ ပြုံးစိစိ ခေါင်းငုံ့နေရတဲ့ စိမ်းစို၊ ဧည့်ကြိုအလုပ်မရခဲ့ပါ။

သို့ပေမဲ့ ...။

ဧည့်ကြိုရာထူးနှင့် သူ့အထက် ရာထူးများတချို့အတွက် အင်တာဗျူးမေးရာမှာ ပါဝင်တဲ့ ဦးမုန်တိုင်း ဆိုတဲ့ ဟိုတယ်ပိုင်ရှင် သူဌေးသားနှင့်တော့ မျက်မှန်းတန်းခဲ့ရပါသည်။ စိမ်းစိုက ဆယ့်ရှစ် ဆယ့်ကိုးနှစ်၊ ဦးမုန်တိုင်းက အသက်သုံးဆယ်လောက်။ (နောင်အသက်အတိအကျ သိရတော့လည်း စိမ်းစိုမှန်းတဲ့အတိုင်း သုံးဆယ်အတိဖြစ်တာ သိခဲ့ရသည်။)

သဘောမနောကောင်းလှပုံရကာ မျက်နှာနီရဲ ရှက်ကြောက်နေတဲ့ စိမ်းစိုကို ခပ်ပြုံးပြုံး ကြည့်နေတဲ့ သူဌေးသားက ...

"သမီး ... English speaking မရဘဲနဲ့တော့ ဒီနေရာမျိုး မရနိုင်ဘူးကွ၊ တက္ကသိုလ်ဒုတိယနှစ်တောင် ရောက်ပြီပဲ၊ ပြောရဲအောင်၊ ပြောနိုင်အောင် ကျင့်ထားမှပေါ့၊ ဒါမှ နောက်ပိုင်း တဖြည်းဖြည်း တိုးတက်လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့ပါ၊ မီးက တကယ်တော့ House keeping ပဲ လျှောက်မလို့ပါ၊ သူငယ်ချင်းတွေက မြှောက်ပေးလို့ ဒီဘက်ပါ လျှောက်မိတာပါရှင့်၊ မီး House keeping ဘက်ပဲ ပြန်လျှောက်ပါ့မယ်"

"အဲဒါကတော့ တစ်လသင်တန်းတိုလည်း ပေးဦးမှာဆိုတော့ သမီး ရနိုင်မှာပါ၊ ဒါပေမဲ့ တကယ်တမ်းတော့ အဲဒီဘက်က တက်လမ်းကတော့ နည်းတာပေါ့၊ အဲဒီမှာ လုပ်နေပေမယ့် English တို့ ဘာတို့ကတော့ တစ်ဖက်တစ်လမ်းက အမြဲတမ်း လေ့လာနေပါ၊ ဟုတ်လား"

"ဟုတ်ကဲ့ပါရှင့်"

ပြုံးပြုံးကလေး အားတက်သရော ခေါင်းညိတ်ခဲ့တဲ့ စိမ်းစိုသည် ဆံပင်နက်နက် ထူထူကလေး မျက်ခုံးစပ်နှင့် ထိတဲ့အထိ နဖူးပေါ် တိတိရိရိချထားတဲ့ပုံစံနှင့် နားထင်ဘေး တစ်ဖက်တစ်ချက်စီကို တစ်ဝက်ခွဲကာ နှစ်ဖက်စည်းချထားတဲ့ ဆံပင်ပုံကြောင့် လူကြီးပုံ ကောင်းကောင်းမပေါက်ချင်ခဲ့သေး။

House keeping အတွက် ထိုဟိုတယ်မှာပင် တစ်လသင်တန်း တက်ရတဲ့အခါမှာတော့ ထို ဦးမုန်တိုင်းနှင့် နေ့စဉ်ရက်ဆက် တွေ့ရတော့တာပင်။ သူကလည်း ဖွင့်လှစ်တော့မည့် ဟိုတယ်သစ်ကို စီစဉ်အုပ်ချုပ်ဖို့ ချောင်းသာကို ရောက်နေချိန်။ စိမ်းစိုတို့ Training ဆင်းနေသူတွေလည်း ဟိုတယ်မှာပဲ ဝန်ထမ်းလိုင်းမှာ အိပ်စားနေထိုင်ပြီး အချိန်တိုသင်တန်း တက်နေရတဲ့ အချိန်။





"အဲဒီသူဌေးက စိမ်းစိုကိုတွေ့ရင် လုပ်လက်စရပ်ပြီး ပြုံးပြီး ငေးကြည့်နေတော့တာပဲ"

"ဟုတ်ပ၊ ဟိုတစ်နေ့ကလေ ငါတို့က ဂဏန်းရောင်းတဲ့ ဟိုကောင်လေးဆီက ဂဏန်းတွေကို ဘာရယ်မဟုတ်ဘူး၊ နောက်ရင်း စရင်း မဖြစ်နိုင်တဲ့ဈေး ဆစ်နေကြတာလေ၊ စိမ်းစိုလည်း ပါနေတော့ သူဌေးက ဘေးကဖြတ်သွားရင်း ပြုံးပြီး ပြန်လှည့်လာပြီးတော့ ဂဏန်းတွေ တစ်ဗန်းလုံးဝယ်ပေးသွားတာလေ၊ သမီးတို့ ကင်စားကြတော့ဆိုပြီး"

"သူက သဘောကောင်းလို့ပါဟယ်"

စိမ်းစိုက ဖြေစကား ဆိုသော်လည်း ...

"အမယ် ... မဟုတ်ပေါင်၊ ညကျတော့ ငါတို့ကင်ထားတဲ့ ဂဏန်းတွေထဲက သူဌေးဖို့ နင် တစ်ပန်းကန်သွားပို့တော့ သူက ပန်းသီးတွေ တစ်ပုံကြီး ပြန်ထည့်ပေးလိုက်ပြန်ရော"

"အဲဒါ သဘောကောင်းလို့ပေါ့"

"မဆိုင်ဘူး၊ ဟိုတလောက ရွာထဲကရတဲ့ ပုစွန်တုပ်ကြီးတွေ စားဖို့မှူးက ပြုတ်ပေးပြီး သူဌေးဆီ ပို့ပေးတော့ မာလာ နောက်က ဗန်းကိုင်လိုက်ရတာပဲလေ၊ စားဖိုမှူးကိုရော မာလာ့ကိုရော ဘာမှပြန်မပေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဂရုစိုက် အကဲခတ်ကြတဲ့ စကားတွေ ဝန်ထမ်းအနိမ့်အမြင့် အားလုံးနီးပါးကြားထဲ ပျံ့နှံ့နေခဲ့ပြီးသကာလ။ စိမ်းစိုကတော့ သူလို မနူးမနပ် အရေးမပါ မိန်းကလေးတစ်ယောက်ကို ဒီဟိုတယ်ကြီးပိုင်တဲ့ သူဌေးကြီးရဲ့သား သူဌေးလေးက မရိုးမသား စိတ်ကစား ချစ်မြတ်နိုးလိမ့်မည်လို့ လုံးဝမမှတ်ထင်ခဲ့တာ အမှန်ပေ။

သို့ပေမဲ့ သူ့ကို စိမ်းစို ခင်တော့ ခင်မင်မိသည်။ သဘောကောင်းတဲ့ အလိုလိုက်တဲ့ အစ်ကိုကြီး တစ်ယောက်လို ဦးလေးတစ်ယောက်လို ချစ်ခင်ရပုံမျိုး ဖြစ်ပါသည်။

အဲဒီနောက်တော့ စိမ်းစိုသည် Adam and Eve ဟိုတယ်တွင် ပျော်ရွှင်တက်ကြွစွာ လန်းဆန်းသွက်လက်စွာ အလုပ်တာဝန်ကို မညည်းညူ မခိုကပ်ဘဲ တာဝန်ကျေလှ ဖင်ပေါ့လှတဲ့ House keeper လေးအဖြစ် ဧည့်သည်တွေကြားထဲ ရေပန်းစားခဲ့ရသေးသည်။

တစ်ခါမြင် မှတ်မိချင်စရာ ဆံပင်ထူထူ မျက်ခုံးထူထူ မျက်လုံးဝိုင်းကလေးနှင့် စိမ်းစိုရဲ့ လှတစ်မျက်နှာကလေးကြောင့်လည်း ပါသည်။ ဧည့်သည်တွေအပေါ် ရိုကျိုးတာဝန်ကျေလှတာကြောင့်လည်း ပါသည်။ စိမ်းစို ကိုယ်တိုင်ကလည်း ကမ်းခြေတွင် ပျော်သလား မမေးနှင့်။





တစ်ပတ် တစ်ရက် အိမ်ပြန်တဲ့ရက်ဆိုလျှင် စိမ်းစိုမှာဖြင့် ပျင်းလို့။ အိမ်ထဲမှာ မနေတတ် မထိုင်တတ်။ အမေကပင် မျက်စောင်းထိုးယူရတော့သည်။

"ခြောက်ရက်က ဟိုတယ်မှာ၊ မိဘဆီမှာ ဒီတစ်ရက်လေး နေရတာကို ဟိုတယ်ကို တပိန်ပိန် တလိန်လိန် လွမ်းနေသေးတယ်၊ မီးမီးတော့ ငါ ကြည့်လို့ကို မရချင်တော့ပါဘူး"

"ဟိုမှာကလေ သူငယ်ချင်းတွေနဲ့၊ ဧည့်သည်တွေကလည်း သူဌေးတွေချည်းပဲ၊ ဝတ်စားထားကြတာ ငေးကြည့်လို့ကောင်းမဝဘူး၊ သူဌေးကလည်း သဘောကောင်းသလား မမေးနဲ့၊ မီး သိပ်ပျော်တာ အမေရဲ့၊ ဒီမှာ အိမ်မှာကျတော့ အမေနဲ့ အမေက တစ်နေကုန်မှ စကားသုံးလေးခွန်းပြောပြီး တိတ်ဆိတ်ပျင်းခြောက်နေတာကိုး၊ ပြန်ချင်လှပြီ အမေရဲ့ ... အဟီး"

အမေ့မျက်စောင်းဟာ ချစ်စနိုးပါ။ နောင်များမကြာမီမှာတော့ အမေက စိမ်းစိုကို မျက်စောင်းအစစ်ကြီးနှင့် ထိုးလာပါသည်။ ခွင့်တစ်ရက် အိမ်ပြန်အပြီး ဟိုတယ်ကိုပြန်မည် မနက်ဆိုလျှင် အကြိုရောက်ရောက်ချလာတတ်တဲ့ သူဌေးရဲ့ကားကြီးရယ်၊ ဆင်ခြေမျိုးစုံ မထပ်အောင် လှည့်ပတ်ပေးပြီး ကြဲလို့ဝင်ခေါ်သလို ပြောတတ်တဲ့ သူဌေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို အမေ မျက်စိစပါးမွေး စူးလာသည်။

"မီးမီး ... ညည်း အပိုးကျိုးကျိုး တည်တည်တံ့တံ့လေး နေစမ်း၊ သူဌေးဟာ အလုပ်ရှင်လည်း အလုပ်ရှင်၊ သူစိမ်းယောကျ်ားလည်း သူစိမ်းယောကျ်ား၊ သိပ်အရောမဝင်ရဘူး"

"အမေကလည်း မီးက အရောဝင်နေတာမှ မဟုတ်ဘဲ၊ သူက သူ့ဟာသူ လာကြိုတာ၊ မီးက ဘာမို့လို့ တားမြစ်ရန်မူနေရဦးမှာလဲ"

"သူကလည်း ဘာကြောင့်များ လာလာကြိုပါသလဲနော်။ သူ့အဆင့်နဲ့ ညည်းအဆင့် ကွာဖြင့်ကွာပါဘိသနဲ့၊ ငါ ရင်တွေပူလိုက်တာ မီးမီးရယ်"

"အောင်မယ်လေး ... အမေရယ်၊ အမေကပဲ ရင်ပူရတယ်လို့၊ ပူချင်းပူ သူ့အမေ ပူရမှာ"

"သူ့အမေက သိမှာမှ မဟုတ်ဘဲ၊ သိရင်လည်း ငါ့လို ရင်ပူနေမှာ မဟုတ်ဘူး၊ ရင်ကိုထုထုပြီး သူ့သားသူ ရန်ကုန်ပြန်ခေါ်သွားမှာ၊ မီးမီး ... ငါ မြင်ယောင်နေတယ်နော်၊ ဒီသူဌေး မရိုးဘူးအေ့"

"ဟုတ်လား အမေ၊ တကယ်လား"

"ခက်ပါဘိတော့တယ် မိစိမ်းစိုရယ်"





"အမေရယ်၊ သူဌေးကများ မီးကို တကယ်ကြိုက်ရင် မီးက ဘာစဉ်းစားနေစရာလိုသေးတုန်း၊ အင်းလို့ တစ်ချီတည်း ခေါင်းညိတ်ချပစ်ရုံပေါ့ အမေရဲ့"

"ဟဲ့ ... ဒါ ဒီလောက်လွယ်တဲ့ကိစ္စ မှတ်နေလား ဒီဟာမလေး၊ တိတ်စမ်း၊ စကားနောက် တရားပါ"

"ဦးမုန်တိုင်းက ချောလည်းချောတယ်၊ အရမ်းလည်းချမ်းသာတယ်၊ သဘောလည်း တအားကြီးကောင်းတယ်၊ ဟိုတစ်နေ့က အိမ်ရှေ့မှာ အဖေနဲ့ဆုံတော့ အဖေ့ကို နှုတ်ဆက်စကားပြောတာလည်း ဘယ်လောက် ယဉ်ကျေးသိမ်မွေ့ပြီး သူ့ကိုယ်သူ နှိမ့်ချလဲ အမေရယ်၊ ဒီလိုလူမျိုးကို မီးက ဘာကိုငြင်းရမှာလဲ"

"သူ့အဆင့်က ညည်းအဆင့်ကို တကယ်ပဲ ရည်းစားမှတ်မှတ် ဇနီးလောင်းမှတ်မှတ် သဘောထားပါ့မလားအေ၊ အပျော်သာ ကြံသွားရင် ဒုက္ခရောက်ရချည်ရဲ့၊ ညည်းကျုပ်ကျုပ် ဣန္ဒြေရရနေနော် မီးမီး၊ အသက်ကလည်း သုံးဆယ်လောက်ဆိုတော့ လူပျိုမှ ဟုတ်သေးရဲ့လားအေ၊ အိမ်ထောင်ရှိလား မရှိလား ညည်း သိလို့လား"

"အို ... ဖွ ... ဖွ ... အမေကလည်း မဦးမချွတ်၊ သူဌေးက လူကြီးလူကောင်းပါ အမေရယ်၊ ဣန္ဒြေနဲ့ သိက္ခာနဲ့ပါ၊ အိမ်ထောင်ရှိရင် အိမ်ထောင်ရှိတယ် ပြောမှာပေါ့၊ ဒီလော



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေထဲ သူ့မိန်းမကလည်း တစ်ခေါက်တစ်ကျင်းတော့ လိုက်မလာဘဲ နေပါ့မလား၊ လူပျိုမဟုတ်ဘဲနဲ့ မီးကို စိတ်ဝင်စားတယ်၊ ကြိုက်တယ် ချစ်တယ် လုပ်မယ့် အောက်တန်းစားယောက်ျားထဲက မဟုတ်ပါဘူး အမေရယ်"

"တစ်ခုခုဆိုရင်တော့ ညည်း ကြပ်ကြပ်စဉ်းစားပါဦးအေ"

"ကြိုစဉ်းစားထားပြီ အမေ၊ တစ်ခုခုဆိုရင်တော့ ခေါင်းပဲ ညိတ်လိုက်တော့မှာပေါ့၊ သူလိုလူနဲ့သာ မီး အိမ်ထောင်ကျရင် အဖေနဲ့အမေကို ကမ်းခြေက ဟိုတယ်ကြီးပေါ်မှာ အကောင်းဆုံးအခန်းမှာထားပြီး နေ့တိုင်း ဘူဖေးတွေချည်း ကျွေးပစ်မှာ"

"ဘာလဲ ဘူဖေးတွေဆိုတာ၊ ဘာတွေလဲ"

"အမေကလည်း ဘူဖေးဆိုတာ အမျိုးအမည်တွေ အများကြီးခင်းကျင်းထားပြီး ကြိုက်တာလိုက်ခပ်စားလို့ရတဲ့ စားနည်းမျိုးကို ခေါ်တာ"

"ဟင် ... ဒီလိုသာကျွေးပုံဖြင့် ဘယ်လောက်တယ် ရှိပါ့မလဲ"

"အမေကလည်း၊ အမေပဲ စားကြည့်ပါဦး၊ ကိုယ့်ဗိုက်တစ်လုံးအပြင် ဘယ်လိုလုပ် ပိုစားနိုင်မှာလဲ အမေရဲ့၊ ဗိုက်တင်းပြီဆိုရင် ဘယ်သူမဆို ရပ်လိုက်ရမှာပဲပေါ့၊ အဖေနဲ့ အမေကို သိပ်ကျွေးချင်တာပဲ သိလား"





"မစားချင်ပါဘူးအေ၊ ဒါမျိုးတွေလည်း မစားရလို့ ဘာမှမဖြစ်ဘူး၊ ကြုံကြိုက်လာရင်တောင်မှ ကိုယ့်ဟာကိုယ် လိုက်ခပ်စားရမယ်ဆိုကတည်းက ငါ ဘာမှသွားခပ်စားမှာမဟုတ်တော့ဘူး၊ ဗိုက်ဟောင်းလောင်းနဲ့ ပြန်ရမှာ"

သူတို့သားအမိ ကြိုတင်ပူပင်ရင်ခုန်ခဲ့ရသည့်အတိုင်း ဦးမုန်တိုင်းက "စိမ်းစိုကို ချစ်တယ်"ရယ်လို့ နှုတ်ကဖွင့်ဟပြောလာခဲ့တဲ့ နေ့မှာတော့ စိမ်းစိုဟာ အပြောနဲ့အလုပ်ညီညီပင် အချိန်မဆိုင်းဘဲ ကျေနပ်ပီတိကြီးစွာဖြစ်လျက်မှ ခေါင်းကို မြန်မြန်ထက်ထက်ပဲ ညိတ်ပြလိုက်တော့တာဖြစ်သည်။

ကိုယ့်ဘဝကိုယ် မယုံကြည်နိုင်လောက်အောင် ကျေနပ်အသည်းခိုက်နေခဲ့မိကာ နဂိုမြောက်ကြွကြွ မြူးဖျဖျမှာ ခုတော့ လေဟုန်မှာခိုစီး ပျံဝဲတက်မတတ် ဖြစ်တော့သည်။ စိမ်းစိုရဲ့နှုတ်မှ "ဦးမုန်တိုင်း" "ဦး"ဆိုတဲ့ခေါ်သံတို့ဟာ ဝေဝေဆာနေသည်။

အသက်ကလေးက ဆယ့်ရှစ်နှစ်ကျော်ရုံ ဆယ့်ကိုးနှစ်ထဲ ဝင်ရုံရှိသေးတာမို့ အတွေ့အကြုံရယ်လို့လည်း လုံးဝမရှိ။ မိဘမျက်စိအောက် ကလေးစိတ်နှင့်သာ နေတုန်းဖြစ်ရာ ဦးမုန်တိုင်းရဲ့ချစ်သူဖြစ်ရတဲ့ အတွေ့အကြုံ အသစ်အဆန်းဟာ စိမ်းစိုကို ရူးလောက်အောင် ဖမ်းစားခဲ့ပါသည်။

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ချွဲချွဲနွဲ့နွဲ့ ခေါ်ရတာကိုလည်း ခံတွင်းတွေ့လိုက်သလား မပြောပါနဲ့တော့။ ကိုကြီးကလည်း "မီး" "မီး"နှင့် တစ်မီးတည်း မီးကာ ပါးစပ်ဖျားကမချ။ သို့ပေမဲ့ စိမ်းစိုတို့နှစ်ယောက် ဝန်ထမ်းများစွာရှေ့မှာ ဆင်တော့ ဆင်ခြင်ရပါသည်။ လူရှေ့သူရှေ့ဆိုရင် ဦးမုန်တိုင်းဟာ နှုတ်ခမ်းကိုစေ့ပြီး မျက်လုံးတွေကချည်း ချစ်မြတ်နိုးရီဝေတဲ့ အရိပ်အယောင်နှင့် ပြုံးပြသွားတတ်သည်။

ဒီထက်မပိုတာတောင်မှ ဘေးပတ်ဝန်းကျင်က ...

"အဲဒီသူဌေးက စိမ်းစိုကို ဘာခုတ်ကျမှန်း မသိဘူး၊ အမြဲ ပြုံးပြုံးကြည့်သွားတာက ချစ်စနိုးနဲ့"

ဆံပင်ထူထူအုပ်အုပ်ဖားဖား ခုန်တီခုန်ပေါက်နှင့် ဝင်းအိတဲ့ပါးပြင်နှစ်ဖက်ပေါ် သနပ်ခါးပါးကွက် ဖြူဖြူပါးပါးလေးနှင့် တခြားအခြယ်အသမရှိ ကြည်လင်နေတဲ့ ကလေးရုပ်မပျောက်သော စိမ်းစို၊ အမြဲလွတ်လပ်ပျော်ရွှင်ပြီး ဖော်ရွေစိတ်ဖြူလှတဲ့ စိမ်းစိုကို ကျန်တဲ့ဝန်ထမ်းတွေထဲကလည်း မခင်မင်သူ မရှိလေရာ "သူဌေးကတောင် ချစ်တယ်"ဆိုတာထက်တော့ ဘာမှတ်ချက်မှ ပိုမချခဲ့ကြပေ။

သူများတွေအပေါ်လည်း သဘောကောင်းလှတဲ့ သူဌေးမို့ အလုပ်သမားတွေကလည်း ချစ်ကြလေရာ အတင်းအဖျင်းဆိုသူတော့ မရှိခဲ့။ အဲဒီသူဌေး ဦးမုန်တိုင်းက သူနေထိုင်ရာ





အခန်းရဲ့ House keeping အလုပ်တို့ကို စိမ်းစို တစ်ယောက်ကိုသာပဲ လုပ်ခွင့်ပြုလေရာ သူဌေးရဲ့အခန်း ရှင်းလင်းလှည်းကျင်းတာ သူဌေးအတွက် အစားအစာ သယ်ဆောင်ယူပို့တာ၊ တံဖြည်းဖြည်းနှင့် သူဌေးရဲ့အဝတ်အစား လျှော်တာပါမကျန် သူဌေးရဲ့ဝေယျာဝစ္စရှိရှိသမျှတို့ကို စိမ်းစိုကချည်းသာ ဆောင်ရွက်ရတော့သည်။

သူဌေးဦးမုန်တိုင်းရဲ့ အခန်းကို စိမ်းစို တံခါးမရှိ ဓားမရှိ ဝင်ထွက်တာအတွက် သံသယဝင်စရာလည်း အကြောင်းမရှိတော့။ တစ်ခုခု သွားလုပ်ပေးနေတာယ်ပဲ အားလုံးက ယူဆထားကြတာမို့ အထင်အမြင်လွဲတဲ့သူ မရှိ။ ရိုးသားရဲ့လားလို့ သံသယဝင်ဖို့မသင့်လောက်အောင် ဦးမုန်တိုင်းရဲ့ အခြေအနေက မိုးထိအောင်မြင့်မားနေ၍ စိမ်းစိုရဲ့အနေအထားက ဟိုးမြေပြင်ပေါ်ကဘဝ။

"သူဌေးနဲ့ စိမ်းစို"ဆိုတာ မရိုးမသား ယှဉ်တွဲမတွေးအပ်တာဖြစ်၍ ဘယ်သူကမှ သံသယလည်းမဝင်။ မျက်စိဒေါက်ထောက်လည်းမကြည့်။ အတင်းအဖျင်းလည်း မပြော။ နှစ်ဦးသားဟာ လွတ်လပ်လို့သာ။

"တော်ပါတော့ မီးရယ်၊ ဒီအလုပ်တွေ လုပ်မနေပါနဲ့၊ ကိုကြီးနား ထိုင်နေစမ်းပါ၊ မီး ဒီအလုပ်တွေ လုပ်နေတာမြင်ရတာ စိတ်မကောင်းဘူး၊ ပင်ပန်းတော့မှာပဲ"

"မီး မလုပ်လို့ ဖုန်မစင်ရင် တခြားတစ်ယောက် ထပ်ခိုင်းနေရမှာပေါ့ ကိုကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်းလိုက်မှာပေါ့"

"အဲဒီတော့မှ ခုနံ စိမ်းစို ဒီအခန်းထဲ ဝင်ရှင်းရဲ့သားနဲ့၊ ဘာမှ မရှင်းလင်းသွားပါလား၊ ဘာလုပ်နေလဲဆိုပြီး သံသယ တွေဖြစ်လာမှာ၊ ဖယ်ပါ ကိုကြီးရယ်၊ ကိုကြီး အလုပ်တွေ လုပ်ပေးနေရတာ မီး . သိပ်ပျော်တာပဲ၊ လုပ်ချင်တယ် ကိုကြီးရဲ့၊ ကဲပါ ... ရုံးခန်းဘက်သွားရတော့မယ်၊ ဒီအင်္ကျီ ကြီးကို ချွတ်လဲတော့"

"အဝတ်အစား လျှော်တာတော့ သူများကို ခိုင်းလိုက်ပါ မီးရယ်၊ အဝတ်လျှော်ရတာ ပင်ကပင်ပန်းနဲ့၊ မီးလက်လေး တွေ နာတော့မှာပဲ"

"ဟင့်အင်း ... သူများကို ပေးမလျှော်နိုင်ပါဘူး၊ အဲဒီသူ များက ကိုကြီး ချွတ်လိုက်တဲ့ အင်္ကျီလေးကို ရှူမိရင် ကိုကြီးရဲ့ကိုယ်နံ့လေးက ဘယ်လောက်တောင် သင်းပျံ့တယ် ဆိုတာ သိခွင့်ရသွားပြီး ကိုကြီးကို တစ်ချိတည်း စွဲလမ်း သွားမှာ၊ ကိုကြီး အင်္ကျီကို သူများလျှော်မှာ သဝန်တိုတယ်"

"အဖြီးမ,လေး၊ စကားအိုးမလေး၊ ကိုယ့်အသည်းနှလုံးကို အရည်ပျော်အောင် ပြောတတ်လိုက်တာကွယ်"

ကိုကြီးက အမြတ်တနိုး ထွေးဖက်ထားတဲ့အခါ ကိုကြီး ရင်ခွင်ထဲ နေရတာ နွေးထွေးပြီး လုံခြုံလှတာပါ။ စိမ်းစို ဟာ ဦးမုန်တိုင်းကို အရူးအမူးနှင့် အစွဲကြီးစွဲ အချစ်ကြီးချစ်လို့





မဆုံးပေ။ သူလိုပါမွှားမလေးကို ချစ်ရှာတယ်ဆိုတဲ့ အကြွင်နာက လည်း ကိုကြီးအပေါ် ပိုရပြန်သည်။

ကိုကြီးကို ယုံကြည်ခြင်း၊ အားကိုးခြင်း၊ ရိုသေခြင်း၊ မြတ်နိုးခြင်း၊ အချစ်လွန်ခြင်းတွေနှင့် မိုးမမြင် လေမမြင် မွှန်ထူ နေခဲ့တဲ့ စိမ်းစိုဟာ ကိုကြီးအတွက်သာဆိုရင် အရိုးကြေကြေ အရေခန်းခန်းဆိုတဲ့ စိတ်မျိုးများပင် ဝင်နေလေသ ည်။ စိမ်းစိုတင် မက ရိုးအလှတဲ့ အဖေအမေတို့ပါ ကိုကြီးအပေါ် ယိမ်းညွတ်ကိုး စားခြင်း မဖြစ်ဘဲ မနေနိုင်ခဲ့။

စိမ်းစိုတို့အိမ်က တီဗီက အသေးလေးမို့ တီဗီအကြီး နှင့် လဲပေးတာ၊ စိမ်းစို ရေအေးအေး သောက်လို့ရအောင် ရေခဲ သေတ္တာ၊ ထိုရေခဲသေတ္တာထဲမှာ ရန်ကုန်မှာမှ ဝယ်လို့ရနိုင်တဲ့ ဆီဥထောပတ် ချောကလက်လို အကောင်းစား အစားအစာတွေ အလျှံပယ်။ "ဟယ် ... ဟိုဟာလေး လှလိုက်တာ"လို့ မျက်လုံး စွေကြည့် ရေရွတ်မိလျှင်ပင် ထိုပစ္စည်းဟာ မနက်ဖြန်မှာ ပုသိမ် အိမ်ပေါ် ရောက်လာပေပြီ။

စိမ်းစိုရဲ့ကိုယ်ပေါ်မှာ အခုရွှေ၊ အခုပလက်တီနမ်၊ အဆန်းတကြယ် အသွယ်သွယ်နှင့် နဂိုရှိတဲ့ မိန်ကလေးဟာ နကိုင်းတွေ ထွက်ချင်တိုင်းထွက်ကာ တစ်သွေးတစ်မွေး ဖြစ်လာ သည်။ ဒါတွေကို စောစောပိုင်းက စိတ်ထင့်ထင့် ရင်ပူပူနှင့် သို့လော သို့လော ရှိခဲ့တဲ့ အဖေအမေတို့ဟာလည်း ကြာလာတော့



www.burmeseclassic.com

www.burmeseclassic.com



သူဌေးရဲ့ချစ်မြတ်နိုးမှုကို သိမ်းပိုက်ထားနိုင်တဲ့ သမီးဖြစ်သူအတွက် ကြည်နူးပီတိနှင့် ဂုဏ်တွေတက်နေလေသည်။

စိမ်ခ္ဓိုအပေါ် မြတ်နိုးလှသည်မှာ အသိသာကြီးဖြစ်၍ တခြားသံသယတွေ ရှည်ရှည်ဝေးဝေး ထားမနေတော့။

"မီးမီး ... သူဌေးကို ပြောစမ်း၊ ဒီလောက်ထိ ချစ်ကြိုက်နေကြမှဖြင့်ဟာ၊ သူ့အသက်လည်း သုံးဆယ်ရှိပြီ၊ လက်ထပ်ရင်လည်း မြန်မြန်လက်ထပ်ကြတော့"

"အို ... အမေကလည်း၊ သူက သုံးဆယ်ပေမယ့် မီးက ဆယ့်ကိုးနှစ်တောင်ပြည့်ဖို့ နည်းနည်းလိုသေးတာ"

"မိန်းကလေးက အသက်ငယ်လည်း သိပ်အရေးမကြီးပါဘူး၊ ဦးဆောင်ရမယ့် အိမ်ထောင်ဦးစီးကသာ ပိုအရေးကြီးတာ၊ ညည်း ငယ်သေးတာ မှန်ပေမယ့် ကြာလာရင် သူလည်း သွေးအပူလျော့လာမလားလို့၊ ခုလို ညည်းကို သိပ်ချစ်မြတ်နိုးချိန်မျိုး၊ ညည်းအလိုကိုချည်း လိုက်ချိန်မျိုးမှာ ယူစေချင်တယ်၊ ဖြစ်မိပြီးမှတော့ မလွဲစေချင်ဘူးအေ၊ အချိန်တွေ ကြာသွားပြီ၊ တစ်ပြည်သနာမဟုတ် တစ်ပြည်သနာ ဝင်လာပြီး လွဲမှာလည်း စိုးတယ်၊ ညည်းတို့ ကြိုက်လာတာပဲ ကိုးလ ဆယ်လရှိပြီဟာ မီးမီးရယ် ..."

တော်ကြာ သူ့အိမ်က သဘောမတူပါဘူးလေး ဘာလေး ရှိလာရင်လည်း ကြိုတင်စဥ်စားနိုင် ဖြေရှင်းနိုင်





အောင်ပေါ့၊ လုံးဝမယူဖြစ်မယ့်သူ ဆိုရင် အမေကမချစ်မိစေချင်ဘူး၊ နောက်ဆုတ်စရာရှိဆုတ်၊ ရှေ့တိုးစရာရှိတိုး၊ ညည်းသူဌေးကို အမေက ဒီလိုပြောတယ်လို့ လိမ္မာသလို ကြည့်နားချကြည့်၊ တကယ်ယူမှာဖြင့်ရင်တော့ တစ်နှစ်နှစ်နှစ်စောတာ ဘာမှမထူးဘူး၊ ကြာရင် ပတ်ဝန်းကျင်အားလုံး သိလာပြီးမှ ကိုယ်တွေက လွဲရမယ် ဆိုရင် အရှက်တကွဲဖြစ်မှာ မိန်းကလေးပဲ"

"အို ... အမေကလည်း မဦးမချွတ်၊ နမိတ်မရှိ"

"အခုကိုပဲ ညည်းကသာ ဟိုတယ်ကလူတွေ မရိပ်မိအောင်နေပါတယ် ပြောပေမယ့် ကိုယ့်ရပ်ကွက်ထဲကတော့ ရိပ်မိချင်ချင် ရှိပြီအေ့၊ အိမ်ပေါ်ကို တော်ကြာတီဗီအသစ်ရောက်လာ၊ တော်ကြာ ရေခဲသေတ္တာရောက်လာ၊ အသုံးအဆောင်အမျိုးမျိုးနဲ့ ပြောင်းရောင်လာတာတွေ လူမြင်နေပြီလေ၊ ဒီအရပ်ထဲက သူတွေပဲ ညည်းတို့ဟိုတယ်မှာလည်း ရှိနေတာ၊ မကြာခင် တစ်ဟိုတယ်လုံးလည်း သိတော့မှာပဲ"

"ဟုတ်ကဲ့ပါ အမေရယ်၊ ဒါဆိုရင်လည်း ကိုကြီးကို ပြောကြည့်မယ်နော်"

"ရအောင်လည်း ပြော၊ ငါ့စိတ်ထဲ တထင့်ထင့်နဲ့ မအေးဘူး၊ ညည်းလည်း အနေအထိုင် ဆင်ခြင်နော် မီးမီး၊ အမေ့မျက်စိအောက်မှာ ရှိတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမေက ထိုသို့ပြောတဲ့အခါ စိမ်းစိုသည် မျက်နှာအထားရခက်ကာ ရှောင်ဖယ်ထထွက်ခဲ့ရပါသည်။ ဟုတ်သည်။ ကိုကြီးကို ပြောတော့မှ။ မြန်မြန်ယူ မြန်မြန်အေးရော။ ခိုးကြောင်ခိုးဝှက်ဘဝက မကောင်းပါဘူး။ စိမ်းစို ကိုယ်တိုင်လည်း ရင်မောရသည်ပင်။ ကိုကြီး သိပ်ချစ်တာကိုလည်း သိပါရဲ့ ယုံပါရဲ့။ ကိုယ်တိုင် မမြင်ဖူး မူးမြစ်ထင်ကာ တုန်အောင်ချစ်ရသည်လည်း မှန်ပါရဲ့။

ဒါပေမဲ့ ဘာမှမပိုင်နိုင် မရေရာတဲ့ဘဝမှာ ဘာမဆို ပြောင်းလဲသွားနိုင်တာပဲ မဟုတ်လား။ အချစ်ခိုးမွှန်ကာ မျက်စိစုံလုံးကန်းနေသလိုရှိသော စိမ်းစိုသည် ကိုကြီး ပြောသမျှစကား ခေါင်းခါငြင်းဖူးတယ်ရယ် ရှိလို့လား။ ကိုကြီးက "မီး"လို့ခေါ်ကာ လက်ဖျားကလေး ဆုပ်ကိုင်လိုက်ပြီဆိုရုံနှင့် ကိုကြီး နမ်းမွှေးဖို့ နဖူးကလေးကို "အင့်"လို့ မော့ပေးခဲ့မိတဲ့ စိမ်းစိုပါ။

"ချစ်လိုက်တာ မီးရယ်၊ မီးနဲ့သာ ဝေးရရင် ကိုကြီး ရူးတော့မှာပဲ"

တစ်ခါတစ်ရံတွင် ထိုသို့ရေရွတ်ရင်း မျက်ရည်ပင်လည့်လာတတ်ရှိသော ကိုကြီးကို စိမ်းစိုကလည်း ချစ်ရလွန်းလှပြီဖြစ်ရာ တစ်နေ့မှာတော့ အမေ့စကားအတိုင်း ကိုကြီးကိုဖွင့်ပြောတောင်းဆိုလိုက်မိတော့တာပင်။ အမေ့စကားနဲ့ စ,ပြီးတော့မှ





နောက်မှ "ကိုကြီးရယ် ... မြန်မြန်လက်မထပ်လို့လည်း မဖြစ်တော့ဘူး သိလား"လို့ စကားဆက်ဖို့ပင်။

သို့ပေမဲ့ လက်ထပ်စကား စ,လိုက်တာနှင့် ပျက်ယွင်းမည်းညိုသွားခဲ့တဲ့ ကိုကြီး မျက်နှာရိပ် မျက်နှာကကြောင့် နောက်စကားကို မဆက်လိုက်ရ။ ငိုင်ကျနေတဲ့ ကိုကြီးထံက နာရီဝက်လောက် ငြိမ်သက်အသံတိတ်နေပြီးမှ တကယ့် လေပြင်းမုန်တိုင်းလို သက်ပြင်းကြီးတစ်လုံးနှင့် ကိုကြီး ညည်းတွားသလို ပြောခဲ့သည်မှာ ...

"သနားလိုက်တာ မီးရယ်၊ ကိုကြီးသနားလိုက်တာ စိမ်းစိုလေးရယ်၊ ကိုကြီးနဲ့ မီး လက်ထပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး မီးလေးရဲ့၊ မီးကို ကိုကြီး အသက်လောက်ချစ်ပေမယ့် ကျန်တာအားလုံး လိုက်လျောနိုင်ပေမယ့် လက်ထပ်ဖို့ကတော့ မဖြစ်နိုင်ဘူး မီးရယ်၊ ကိုကြီးကို ခွင့်လွှတ်နော်၊ မီး ဝမ်းမနည်းနဲ့နော် ကလေး"

"ဘာ ... ဘာဖြစ်လို့လဲဟင် ... ကိုကြီး"

ဘာကိုမှ နားမလည်နိုင် မယုံကြည်နိုင် အံ့သြတကြီးနှင့် ကိုကြီး လက်မောင်းကို လှုပ်ကာလှုပ်ကာ မေးခဲ့မိသည်။ အဖြေထွက်မလာမချင်း အထပ်အထပ် အကြိမ်ကြိမ်။

"ကိုကြီးမှာ အိမ်ထောင်ရှိတယ် မီး"



www.burmeseclassic.com

www.burmeseclassic.com



သေချာခဲ့သည်မှာ စိမ်းစိုသည့် ကိုကြီးကို နောက်တစ်ခွန်းမှ ထပ်မပူဆာခြင်းပေ။ နာကြည်းခါးသီးလိုက်မှုသည် သူ့ကို တောင်းပန်တိုးလျှိုးလိုက်ဖို့ကို တားဆီးနေသည်။ မုန်းတီးသွားလိုက်သည်မှာ ဒုက္ခအဝဝကိုသာ ရင်စည်းခံလိုက်မည်၊ သူ့မျက်နှာကိုတော့ မကြည့်မမြင်ချင်တော့လောက်အောင်ပင်။ ပါးကိုရိုက်ချလိုက်ဖို့ ကြံစည်ပြီးမှ အသားချင်း အရေပြားချင်းပင် မထိချင်ကာ နေရာတင် သေဆုံးခဲ့ပြီ ထင်မိသည်။

✧ ♡ ✧





## (၅)နှစ်ကျော် အချိန်ကာလကို ဖြတ်သန်းခဲ့ပြီးနောက်တွင် ...။

www.burmeseclassic.com

www.burmeseclassic.com







## ၂

"ကြည်လေးရေ ... ကြည်လေး"

ခြံစည်းရိုးရဲ့တစ်ဖက်က ခေါသံကြောင့် မမကြည် ခေါင်းထောင်သွားတာမြင်လျှင် စိမ်းစိုက မမကြည်ကို ခပ်တင်းတင်းလေး ကြည့်လိုက်ပါသည်။ စိတ်ပျော့အေးချမ်းလှတဲ့ မမကြည်ဟာ သူ့ထက် လေးနှစ်လောက်ငယ်တဲ့ စိမ်းစိုကို အုပ်ထိန်းသူကြီးတစ်ယောက်လို ကြောက်ရွံ့ရှာသူဖြစ်ရာ ဘာမှဆက်မလှုပ်ရှားရဲဘဲ ခေါသံကို မကြားချင်ယောင်ဆောင်၍ သူ့ညှပ်လက်စ, အထည်ကို ဆက်လက်ပြီး ငုံ့ချကိုက်ညှပ်နေလိုက်ပါသည်။

"ကြည်လေး ... ကြည်လေးရေ"

စိမ်းစိုက မမကြည် နံဘေးမှာ အင်္ကျီတစ်ထည်လက်ချုပ်လိုက်ပေးနေရာမှ ...

"ကျွတ် ... ဒီနဖူးပြောင်ကြီးတော့နော် ...၊ ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

စိတ်မရှည် လက်မရှည် ရေရွတ်ကာ လက်ချုပ်လိုက် လက်စအင်္ကျီစကို ချကာ ဆတ်ခနဲ ထရပ်လိုက်ပါသည်။ ရှပ်အင်္ကျီ လက်တို ပွဖားဖားအောက်မှာ ခပ်တိုတို ဝတ်ထားပြီးသား လုံချည် ကို ထပ်ပြီး တင်းရင်းတိုတုတ်အောင် ပြင်ဝတ်လိုက်ပြီး အိမ်ရှေ့ လှေကားထစ်သုံးထစ်ကို ဆင်းလာခဲ့ပါသည်။

"ဘာလဲ ဦးဖေဆန်းကြီး၊ ဘာတွေ အော်ခေါ်နေတာလဲ"

ဦးဖေဆန်းကြီးသည် စိမ်းစိုကို စိတ်ပျက်သလိုကြည့် ကာ ...

"ငါ နင့်ကို မခေါ်မိပါလား"

"တစ်ယောက်ယောက်ကိုတော့ ခေါ်တယ်လေ"

"ငါ့ဟာငါ ကြည်လေးကို ခေါ်တာ"

"ဗျာ ...၊ ဘာ ...၊ ထပ်ပြောပါဦး၊ ဘယ်သူ့ကို !! "

"ကြည်လေးကို ခေါ်နေတာ"

"ဦးဖေဆန်းကြီးကို ကျွန်မ ဘယ်နှခါပြောရမလဲ၊ မမကြည် ကို ကြည်လေးလို့ မခေါ်ပါနဲ့ဆို"

"ငါ့ဟာငါ ခေါ်တာ ဘာဖြစ်လဲ"

"မမကြည် နာမည်က ခင်ကြည်ကြည်၊ ဒါပဲ၊ ခင်ကြည် ကြည်လေး မဟုတ်ဘူး၊ ကြည်ကြည်ပဲခေါ်ပါ၊ တည်တည် တံ့တံ့ပေါ့၊ ဘာလဲ ကြည်လေးဆိုတာ၊ နားကလောလိုက်





တာ အလွန်ပဲ၊ ဦးဖေဆန်းကြီးကိုလေ ကျွန်မ အရမ်းခင် ပါတယ်၊ လိုတာတွေ ကူညီစောင့်ရှောက်ပြီး ဦးလေးသား ချင်းလို အားကိုးနေရလို့ သီတင်းကျွတ်တိုင်းဆိုရင် ကန် တော့နေကျ မဟုတ်လား ...

အဲဒီ ကြည်လေး ကြည်လေးဆိုတဲ့ ပတ်ချွဲ နပ်ချွဲသံ ကြီးကိုပဲ သည်းမခံနိုင်တာလေး တစ်ခုပဲ၊ မခေါ်ပါနဲ့လို့ ကျွန်မ ပြောပြောနေတာ ဘယ်နှကြိမ်လောက်တောင်မှ ရှိ နေပြီလဲ မမှတ်မိတော့ဘူး"

"ဟဲ့ ကောင်မလေး၊ အပိုတွေ ပြောမနေနဲ့၊ နင်ကြိုက်ကြိုက် မကြိုက်ကြိုက် ငါခေါ်တာကို ကြည်လေး မကန့်ကွက်ရင် ပြီးတာပဲ၊ ခေါ်ပေးစမ်း ကြည်လေးကို"

"ခေါ်မပေးဘူး"

"တောက် ...၊ ဒီကောင်မလေးတော့နော်၊ ခရီးဖင့်လိုက်တာ၊ ကြားကနေ အတော်ရှုပ်တဲ့ ဟာမလေးပဲ၊ ငါ သွားခါနီး နှုတ်ဆက်ရုံကလေးကို နင် ရှုပ်နေတာနဲ့ ကြာနေတာ၊ ခေါ်လိုက်စမ်းပါဆိုမှ"

"အပြင်တစ်ခါ သွားခါနီးတိုင်း တစ်ခါ နှုတ်ဆက်နေစရာ လည်း မလိုပါဘူး ဦးဖေဆန်းကြီးရဲ့။ နှုတ်ဆက်ချင်သပ ဆိုရင်တော့ ကြည်ကြည်လို့ အတည်အတံ့လေးပဲခေါ်"


www.burmeseclassic.com

www.burmeseclassic.com



"ကဲဟာ ... ကြည်ကြည့် ခေါ်ပေးစမ်းပါ၊ ကြည်ကြည်၊ ကြည်ကြည်၊ တကတဲနော်၊ ဘယ်လိုဟာမလေးနဲ့ အိမ်ချင်းကပ်ပြီး နေရတယ် မသိဘူး"

"နေလာတာပဲ ငါးနှစ်ကျော် ခြောက်နှစ်ထဲဝင်ပြီ၊ ခုထိကျွန်မ ဘယ်လိုဟာမလေးလဲ မသိသေးဘူးလား"

"ကဲ ... ကြည်ကြည်ကို ခေါ်ပေးတော်မူပါ အထိန်းတော်ကြီးရယ်"

စိမ်းစို ခါးလေးနှစ်ဖက် ထောက်လျက်သားနှင့် အိမ်ထဲဘက်လှည့်ရင်း ...

"မမကြည်၊ မမကြည် ခဏထွက်လာပါဦး"

"လာပါပြီ မီးမီးရေ"

မမကြည်သည် စိမ်းစိုခေါ်မှပဲ မဝံ့မရဲကလေး အိမ်ရှေ့ကို လှမ်းထွက်လာရဲကာ ခြံစည်းရိုးရဲ့ဟိုဘက်က ဦးဖေဆန်းကြီးကို မျက်နှာလွှဲကာ စေ့စေ့မကြည့်ရဲဘဲ ...

"ဘာလဲ မီးမီး"

"ဟိုမှာ ... ဦးဖေဆန်းကြီး ခေါ်နေတာ"

မမကြည်က ဦးဖေဆန်းကြီးကို လှမ်းကြည့်ရှာသည်။ စိမ်းစို ရှိနေ၍ ဘာမှလဲ မပြောရဲသေး။ ဦးဖေဆန်းကြီးကတော့ စိမ်းစိုကို သာသနာ့ဖျက်မလေးဆိုတဲ့ အမြင်ခပ်ကတ်ကတ်ရုပ်ကြီးနှင့် နှာခေါင်းကြီးရှုံ့ပြီး ကြည့်ကာ ...





"မြို့ထဲသွားမလို့၊ ဘာမှာဦးမလဲလို့ပါ ကြည်ကြည်ရဲ့"

မမကြည်ဘက် လှည့်ပြောတဲ့ ရုပ်ကတော့ နှုတ်ခမ်းမှာ ပါးစပ်ချိတ်မတတ်ပင်။

"ဘာ ... ဘာမှ မမှာတော့ပါဘူး"

"မှာစရာရှိရင် မှာလိုက်ပါ၊ အားမနာပါနဲ့ ကြည်ရဲ့၊ အပ်ချည်လုံးတို့ အပ်တို့ ကြယ်သီးတို့ ဘာလိုသေးလဲ၊ နို့မို့ ကြည်ကြည် ထွက်နေရဦးမယ်"

"ဘာမှမလိုပါဘူး၊ ဦး ... ဦးဖေဆန်း၊ တော်ပါပြီ"

"ဒါဖြင့် သွားတော့မယ်နော်"

ဦးဖေဆန်းက စိမ်းစိုကို စူပုပ်ပုပ် တစ်ချက်လှမ်းကြည့်သွားပါသည်။ ဦးဖေဆန်း ထွက်သွားသည်နှင့် မမကြည်က အိမ်ထဲ အပြေးကလေး ပြန်ဝင်ကာ စိမ်းစိုလည်း လှေကားသုံးထစ်ကို ကျော်လွှားပြန်တက်လာခဲ့ပါသည်။

"ကြည့်လို့ကို မရဘူး၊ သူ့အသက်ကြီးကဖြင့် မမကြည်ကို မွေးလို့ရတဲ့အရွယ်ကြီး၊ သူကများ ကြည်လေး ကြည်လေးတဲ့ ဟွန်း"

"မီးမီးရယ်၊ ဦးဖေဆန်းက မမကြည်ထက် ဆယ်နှစ်ပဲကြီးတာပါ၊ မွေးလို့ရလောက်အောင် မကွာပါဘူးကွယ်၊ သုံးဆယ့်ကိုးနှစ်ပဲ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... သုံးဆယ့်ကိုးနှစ်တွေ ဘာတွေ ခဲခဲယဉ်းယဉ်း ပြောမနေပါနဲ့၊ လေးဆယ်ပေါ့ မမကြည်ကလည်း၊ သူ့နဖူးကဖြင့် ဘောလုံးကွင်းလောက် ပြောင်နေပြီးတော့ မမကြည်ကိုများ လိုက်ကြိုက်ရတယ် ရှိသေး၊ မမကြည် သူ့ကို လက်ခံလိုက်ပြီလား"

"မီးမီးကလည်းကွယ်"

"ဘာလဲ၊ ကြိုက်နေကြပြီလား"

"မကြိုက်ပါဘူး မီးရယ်"

"ဒါပေမဲ့ မမကြည် စိတ်ထဲကတော့ ကြိုက်နေတယ်မို့လား"

"မဟုတ်ပါဘူး မီးမီးရယ်"

"ဒါဖြင့် ဘာလို့ အလကားနေ ရှက်နေလဲ၊ မမကြည်နော် ယောကျ်ားတွေများ စိတ်မဝင်စားပါနဲ့လို့ တားထားတဲ့ကြားက၊ ယောကျ်ားဆိုတာ ကောင်းတဲ့ဟာတွေ မဟုတ်ဘူး၊ မမကြည်က ရိုးရိုးတုံးတုံးအအနဲ့ သင်းတို့ နှိပ်စက်တာ ခံရရင် ချာလပတ်ကို ယမ်းနေမှာ၊ သူတို့ပြောတာ ယုံမနေနဲ့၊ ဦးဖေဆန်းကြီးက ချစ်တယ်ဆိုတာလည်း မယုံနဲ့၊ သူတို့ကိုယ်သူတို့ပဲ သင်းတို့ချစ်တာ၊ တစ်ကိုယ်ကောင်းသမား၊ တစ်ဘို့တည်းသမားတွေ၊ အခု ကြိုက်နေကြပြီမို့လား"

မမကြည်က ခေါင်းသာ တွင်တွင်ငုံ့ချရင်း ...

"မကြိုက်ပါဘူး"





"ယုံကို မယုံဘူး"

"မီးမီးရယ်၊ ဘာပဲဖြစ်ဖြစ် ဦးဖေဆန်းကြီးကတော့ ရိုးလည်း ရိုး၊ သဘောလည်းကောင်းပါတယ်၊ မမကြည်တို့ကိုလည်း အမြဲကူညီနေရှာတာပါ"

"တွေ့လား၊ အညှာက လွယ်နေပြီ"

"မမကြည်တို့အိမ်မှာ ရေကိစ္စ၊ မီးကိစ္စ၊ ရုံးသွားရ ဌာနသွားရ ကိစ္စမျိုး၊ ခြံစည်းရိုးပေါက်တာကအစ ခေါင်မိုးမိုးယိုတာကအစ ဒီလိုအလုပ်မျိုးတွေ ဦးဖေဆန်းကြီးပဲ အမြဲအကူအညီပေးနေတာမို့လား"

"ဟုတ်ပါတယ်၊ အမေကလည်း သူ့ကိုစောင့်ရှောက်ပေးဖို့ အမြဲမှာတယ်၊ သဘောကောင်းတာလည်း မှန်ပါတယ်၊ ကူညီတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ယောကျ်ားကတော့ ယောကျ်ားပဲလေ၊ ယောကျ်ားယူဖို့ မစဉ်းစားစမ်းပါနဲ့ မမကြည်ရယ်၊ ယောကျ်ားဆိုတာ ကောင်းတဲ့ဟာတွေ မဟုတ်ပါဘူး"

မမကြည်က စိမ်းစိုကို တစ်ချက်ကြည့်ကာ ဘာမှ ဆက်မပြောပေ။

"သူတို့မရှိရင် သူတို့ကို လိုအပ်တဲ့ကိစ္စမျိုးတွေ အိမ်ထောင်တစ်ခုမှာ ရှိပေမဲ့ အဲဒါတွေက ကိုယ်တိုင်အပင်ပန်းခံလို့ ရင်လည်း ဖြစ်ပါတယ်။ သူတို့ရှိတဲ့အတွက် သူတို့ရဲ့အတွ



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်ကိုယ်ကောင်းဆန်မှု ယုတ်မာမှုတွေကြောင့် စိတ်ဆင်းရဲရမှာက ပိုပါတယ် မမကြည်ရာ”

ခင်ကြည်ကြည်သည် စိမ်းစိုနှင့် ညီအစ်မနှစ်ဝမ်းကွဲတော်စပ်ပါသည်။ စိမ်းစိုအမေရဲ့ အစ်မတစ်ဝမ်းကွဲရဲ့ သမီးဖြစ်ပြီး အညာရွာကလေးတစ်ရွာက ပညာရေး ရှစ်တန်းလောက်သာရှိတဲ့ ရိုးရိုးအအ အညာသူကလေးပင်။

စိမ်းစိုရဲ့အဖေ ကွယ်လွန်ချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်အညာမှာလည်း ခင်ကြည်ကြည်ရဲ့အဖေ ပိုးထိကွယ်လွန်ထားပြီးကာစအချိန်။

အမေနှင့် နှစ်ယောက်တည်း မျက်စိသူငယ်ဖြစ်နေကြတဲ့ ခင်ကြည်ကြည်တို့ သားအမိဟာ စိမ်းစိုရဲ့အမေက ရန်ကုန်မှာ သူတို့နှင့်အတူတကွ နေထိုင်ဖို့ ကမ်းလှမ်းခေါ်ယူတဲ့အခါဝမ်းသာအားရ ရောက်ချလာကြပါသည်။

ဇာတိချက်မြှုပ်မြေကို စွန့်ခွာဇာတ်မြှုပ်လိုတဲ့ စိမ်းစိုတို့သားအမိဟာ ပုသိမ်က အိမ်မြေကလေးကို ရောင်းချခဲ့ပြီး ရန်ကုန်ကို ထွက်ခွာလာခဲ့ကြသည်မှာ ဦးဖေဆန်းကြီးရဲ့အမေအားကိုးနှင့်ပါ။ ဦးဖေဆန်းရဲ့အမေ အမေကြီး အမေခင်ဟာ စိမ်းစိုရဲ့အဖေနှင့် အမျိုးမတော်သော်လည်း အင်မတန် ချစ်ခင်ရင်းနှီးတဲ့ မောင်နှမလို ကြီးပြင်းခဲ့ကြသူတွေ။ အဖေနှင့် ခင်မင်ရာကတစ်ဆင့် အမေနှင့်လည်း ခင်မင်သည်။





အဖေနှင့်အမေ အိမ်ထောင်ကျကာ စိမ်းစိုကိုမွေးအပြီးလောက်မှာ အမေခင်တို့ မိသားစုက ရန်ကုန် အင်းစိန်ဘက်ကို ပြောင်းရွှေ့ အခြေကျသွားခဲ့ကြသည်။ စိမ်းစိုရဲ့အဖေဟာအမေခင်နှင့်လည်း မောင်နှမတွေလို အသက်ကွာခြား ခင်မင်ပြီးအမေခင့်သားသမီးတွေကျပြန်တော့လည်း တစ်ခါ အသက်ကွာခြားတဲ့ မောင်နှမတွေလို ခင်မင်ပြန်သည်။

အမေခင့်သားတစ်ယောက်ဖြစ်တဲ့ ဦးဖေဆန်းဟာစိမ်းစိုအဖေနှင့် ချစ်ခင်သည်။ မတွေ့တာတော့ကြာလှပြီ။ ရန်ကုန်ရောက်သွားပြီးမှ အမေခင်တို့ ဦးဖေဆန်းတို့ ပုသိမ်ကို လေး,ငါးခေါက်တော့ ပြန်ရောက်ကြသည်။ စိမ်းစို အသက်ဆယ့်ကိုးနှစ်လောက်အတွင်း လေးငါးခေါက်ဆိုတော့ သုံးလေးငါးနှစ်နေတစ်ကြိမ်လောက် ရောက်ကြတဲ့ သဘောပင်။

ဦးဖေဆန်းကို သိတော့ သိသော်လည်း စိမ်းစိုကောင်းကောင်း မခင်မင်။ ပုသိမ်အနီးတစ်ဝိုက်က ရွာလေးတချို့မှာတော့ အမေ့အမျိုးဝမ်းကွဲတို့ ရှိကြပေမယ့် ဝေးဝေးခွာလိုတဲ့အမေနှင့် စိမ်းစိုဟာ ရန်ကုန်ကို အမေခင်တို့ ဦးဖေဆန်းတို့အားကိုးနှင့် ရွှတ်ရွှေ့ပြောင်းလာတာပင်။

အဲဒီအချိန်က အင်းစိန်ဘက်က ထိုရပ်ကွက်ကလေးမှာ မြေကွက်လွတ်တွေမှ အများကြီး။ လူနေလည်း ခင်ကျဲကျဲ



www.burmeseclassic.com

www.burmeseclassic.com



အမေခင်တို့နှင့် ကပ်ရပ် ခြောက်ဆယ်ပတ်လည်လောက် မြေရိုင်းကွက်လေးကို စိမ်းစိုတို့ဝယ်တော့ ပုသိပ်အိမ်ရောင်းရငွေမှ အများကြီးပိုပါသေးသည်။ သစ်သားအိမ်လေးတစ်လုံးကို အဲဒီနားတစ်ဝိုက်က လက်သမားအဖွဲ့တို့နှင့်ပင် ဆောက်ယူခဲ့သည်။

ပြီးတော့ ... မမကြည်တို့ သားအမိကို ခေါ်ယူကာ အတူနေခဲ့ကြတာပါ။ အခုတော့ အမေရော မမကြည်ရဲ့အမေရော ဟာ မော်ဘီဘက်က တရားစခန်းတစ်ခုမှာ ရာသက်ပန် ယောဂီတွေအဖြစ် အတူနေကြသည်မှာ နှစ်နှစ်ကျော်ပြီ။ ဒီအိမ်မှာ စိမ်းစိုနှင့် မမကြည် မိန်းမသားနှစ်ယောက်ပဲ နေပေမယ့် ရပ်ကွက်တည်ကတည်းက လူခံ ဦးဖေဆန်းတို့ ကာကွယ်စောင့်ရှောက်မှုကြောင့် ဘာအန္တရာယ်မှ မရှိ။

မမကြည်က အသက်နှစ်ဆယ့်ကိုး၊ စိမ်းစို အသက်က နှစ်ဆယ့်ငါး ဖြစ်ပေမယ့် အိမ်ထောင်ဦးစီးက စိမ်းစိုပင်။ မမကြည်ဟာ လူတောမတိုးရဲလှသူဖြစ်ကာ စိမ်းစိုကို ဆရာတင် ရှေ့တန်းထုတ်ပြီး "အစ်မ"ပေမယ့် သူက တပည့်ခံကာ နေတဲ့သူပါ။

စိမ်းစိုကခြံရဲ့ထောင့်နားလေးမှာ လှပသော အမိုးတွန့်တွန်းလှည်းဖြူဖြူလေးနှင့် ဘာဂါ၊ ဟော့ဒေါ့၊ အာလူးချောင်းကြော်၊ အသားလုံး၊ အသားချောင်းတုတ်ထိုးများ ရောင်းပါသည်။ မမကြည်ကတော့ ရွာကတည်းက အချုပ်အလုပ် နည်းနည်းတတ်





ကာ ရန်ကုန်ရောက်ရောက်ချင်း အပ်ချုပ်ဆိုင်တစ်ဆိုင်မှာ ပညာသင်အကူအဖြစ် အလုပ်ဝင်ရာက ခုတော့ အိမ်မှာပဲ ကိုယ့်ဟာကိုယ် အပ်ထည်လက်ခံသည့် အင်္ကျီချုပ်ဆိုင်ငယ်ကလေး ဖွင့်ထားသည်။

စိမ်းစိုတို့ ရောက်ကာစက မစည်ပင် မဖွံ့ဖြိုးလှသေးတဲ့ ဤအရပ်ကလေးမှာ ခုတော့ အလွန်ပင် စည်ကားပြီး လူနေထူထပ်လာသည်။ ခြံဈေး အိမ်ဈေးလေးတွေ တက်လာသည်။ စိမ်းစိုတို့ ညီအစ်မနှစ်ယောက် ကိုယ့်ဝင်ငွေနှင့်ကိုယ် စပ်တူစိုက်ပြီး စားသောက်ကြတာမို့ နှစ်ဦးလုံး စုနိုင်ဆောင်းနိုင်။

စိမ်းစိုရဲ့ဘဝဟာ ခုချိန်မှာ မချမ်းသာပေမယ့် ဘာပူပင်သောကမှမရှိ။ နေဖို့ စားဖို့ ဝတ်ဖို့မှ မပူရဘူးဆိုရင် အခြေခံလိုအပ်ချက်များ ပြည့်စုံနေပြီပဲ။ ဘယ်သူ့ကိုမှ အားကိုးဖို့မလို။ ဘယ်သူ့မျက်နှာမှလဲ ကြည့်စရာမလို။ ဘယ်သူ့ကိုမှလဲ ဂရုမစိုက်ပါ။

ရန်ကုန်ကို တက်လာကတည်းက စိမ်းစိုဟာ တစ်လောကလုံးကို ရင်ဆိုင်စိန်ခေါ်ဖို့ မာန်တင်းထားတဲ့ အစွယ်ဖွေးဖွေးနဲ့ ကျားပေါက်မလေးလို ဖြစ်နေခဲ့ပြီ။ ချုံးချုံးကျကာ ခေါင်းမဖော်တဲ့အမေ့ကို စိမ်းစိုကပဲ တွဲခေါ်ထူမတ်ရသည်။ ဒစ်ခနဲဆိုဒေါက်ခနဲ ဘယ်သူ့သည်းညည်းမှ ခံမှာမဟုတ်သော ဘယ်သူ့ရိုပ် မှုမှာမဟုတ်သော မာကျောကြမ်းတမ်းတဲ့ စိမ်းစို ဖြစ်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မှာ မျက်နှာတစ်ပြင်လုံး အပြုံးတွေ ဖွေးလက်ဝင်းပပြီး ခုန်ပေါက်မြူးထူးနေခဲ့တဲ့ ကလေးဆန်လှတဲ့ အပူပင်ကင်းလှတဲ့ ဘဝကိုအလေးအနက် မကြည့်တတ်တဲ့ သဘောဖြူအစင်း စိမ်းစိုကလေး မဟုတ်တော့ပြီ။ လာမထိနဲ့ မီးပွင့်သွားမယ်ဆိုတဲ့ အံကြိတ်မာန်တင်းမှုနှင့် အထူးသဖြင့် ယောကျာ်းတွေအပေါ်ကို ဆတ်ဆတ်ထိမခံ ပမာမခန့်နိုင်လှတဲ့ မိန်းမတစ်ယောက်အဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်မှာ လျှပ်တစ်ပြက်ဆန်လှ၍ ပုသိမ်က သိပေါင်းကျွမ်းပေါင်းတို့နှင့် လမ်းမှာဆုံလျှင် တော်ရုံမမှတ်မိကြဘဲ ရှိတတ်သည်။

စိမ်းစိုက မှတ်မိသည်။ သူတို့က မမှတ်မိ။

ဆံပင်တွေကို အရှည်ထားကာ ပြောင်တင်းအောင် သိမ်းစည်းပစ်၍ ထင်းထင်းပေါ်လာသော ကနုကြီးပုံဆံစပ်နှင့် နဖူးပြင် ခပ်ရှင်းရှင်းကစပြီး ရုပ်ကိုပြောင်းသွားစေတာ။ အရင်က ပိန်သွယ်တာကလေးဟာ ခုတော့ အနည်းငယ်လည်း ပြည့်ဖြိုးလာသည်။ ဝတယ်မဆိုနိုင်ပေမဲ့ ခါးတွေ တင်တွေ ရင်တွေဟာ အချိုးအဆက်ကိုက မိန်းမပီသစွာ ဖွံ့ဖြိုးကြွခိုင်လာသည်။

ပြုံးနေတဲ့ နှုတ်ခမ်း၊ ရီလွဲ့နေတဲ့ မျက်လုံးကလေးများ နေရာတွင် တင်းတင်းစေ့နေတဲ့နှုတ်ခမ်း၊ မာကျောအေးစက်နေတဲ့ အရာရာ ရင်ဆိုင်ဖို့ အသင့်ပြင်နေတဲ့ မျက်လုံးများက အစားထိုးလေရာ ရုပ်ကိုပြောင်းသွားလုနီးပါးပင်။ အသက်ကလေး အစိတ်





ဆိုတာ ဘာမှမကြီးရင့်လှသေးသော်လည်း ရုပ်အကျီပွပွတွေနှင့် ထဘီတိုတိုတုတ်တုတ်နှင့် မျက်နှာထားတင်းတဲ့ စိမ်းစိုကို လူတွေကလည်း နေရင်း ထိုင်ရင်း ရှိန်ပါသည်။

လှတစ်မျက်ကလေးကြောင့်တော့ စိတ်ဝင်စားသူ မေတ္တာရှိသူတွေ ဟိုက ဒီက ပေါ်ပေါက်ခဲ့ပေပယ့် ဘယ်သူ့ကိုမှ မျက်နှာသာမပေးဖူး၍ ဘယ်ယောကျာ်းကမှ ဒုရောမဝင်ရဲပေ။ ချစ်ကြ ကြိုက်ကြသူတို့ဟာလည်း စိမ်းစို အရိပ်အကဲကိုကြည့်၍ ကြွေရရုံနှင့် အကဲမတက်ဝံ့ဘဲ အဝေးပိုးသာ ပိုးရဲကြလေသည်။

စိမ်းစိုကို ပိုးပန်းကြတဲ့အထဲ ဟန်ဟန်ပန်ပန်ထဲကလည်း ပါပေမယ့် ...

"ကျွန်မ အိမ်ထောင်မပြုဘူး၊ ဒီကိစ္စတွေ စိတ်လည်းမဝင်စားဘူး"

ဤသို့ ယတိပြတ် ဖြတ်ချငြင်းပစ်တဲ့ စိမ်းစိုကို ခင်ကြည်ကြည်လည်း နားမလည်လှပေ။ စိမ်းစိုဟာ ချစ်ဦးသူ လူချမ်းသာနှင့်ကွဲကာ အသည်းကွဲခဲ့တဲ့သူရယ်လို့ စိမ်းစိုအမေထံမှ တစ်ဆင့် ခင်ကြည်ကြည့်အမေက မသဲမကွဲ သိရပြီး ခင်ကြည်ကြည်လည်း သိတော့ သိခဲ့သည်ပင်။ ဒီထက် ပိုမသိ။

ဤမျှနှင့် ယောကျာ်းထုကို စိတ်နာနိုင်လှတဲ့ စိမ်းစိုကြောင့် ခင်ကြည်ကြည်မှာ ဦးဖေဆန်းကိုပင် ရဲရဲပြန်မချစ်ဝံ့။ လူရိုးလူကောင်း လူပျိုကြီး ဦးဖေဆန်းဟာ ခင်ကြည်ကြည့်ကို



www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြိုက် ပိုးပန်းလာတာ ရန်ကုန်ရောက်ပြီးစကတည်းကမို့ ငါးနှစ်တော့ ရှိပြီပင်။

ကိုယ်ကလည်း သူ့အပေါ် အားကိုးအားထားရာမှ တစ်စစ မေတ္တာသက်ဝင်မိပေမယ့် စိမ်းစိုကြောင့် မလှုပ်ဝံ့။ စိမ်းစို လစ်မှ ဦးဖေဆန်းနှင့် စကားအသေအချာ ပြောရဲပါသည်။ သို့ပေမဲ့ ခုတော့ တိတ်တိတ်ကလေး အဖြေပေးထားခဲ့မိပြီးပြီ။ ဒါကို စိမ်းစို မသိသေးပါ။ ခင်ကြည်ကြည်ကလည်း ဖွင့်ပြောဖို့ စိတ်ထောင်မကူးရဲ။ ဦးဖေဆန်းကြီးဟာ စိမ်းစိုကို ဒီလောက်ဂရုစိုက်ရကောင်းလားလို့ ခင်ကြည်ကြည့်ကို အားမလိုအားမရဖြစ်။ စိမ်းစိုကိုတော့ ကာဆီး ကာဆီး ကဖျက်ယဖျက်ရယ်လို့ အမြင်တွေကတ်ပေမယ့် သူ ခင်မင်ပြီး တူမသားချင်းလိုလည်း ဖြစ်နေတဲ့ စိမ်းစိုကို တကယ်ကြီးတော့ စိတ်မဆိုးရက်ပါပေ။

"မမကြည်"

"အင် ... ဟင်"

"မီး ခေါ်နေတာ အခါခါခြောက်ဆယ်ရှိပြီ၊ ဘာတွေတွေးနေတာလဲ"

"ဘာမှမတွေးပါဘူး မီးမီးရယ်၊ ဒီလိုပဲ အထည်ညှပ်တဲ့ထဲ စိတ်ရောက်သွားလို့ပါ၊ မီးမီး ဘာပြောမလို့လဲ"

"ဦးဖေဆန်းကြီးနောက် ကောက်ကောက်ပါပြီး မီးကိုပစ်မသွားနဲ့နော် မမကြည်၊ မီးက မီးရော မမကြည်ရော





အပျိုကြီးတွေလုပ်ပြီး တစ်သက်လုံး အတူနေသွားဖို့ အပြီးဆုံးဖြတ်ထားပြီးသား"

ခင်ကြည်ကြည်က သက်ပြင်းလေး ကျိတ်ပြီးရှိုက်ရရှာပါသည်။


www.burmeseclassic.com

www.burmeseclassic.com



## ၃

စိမ်းစိုသည် ကြွပ်ကြွပ်အိတ် အဟောင်းကြီးကြီး အတွင်းကစွပ်ထားတဲ့ အမှိုက်ပုံးမည်းမည်းကြီးကို ခါးစောင်းတင်ကာ လျှောက်လာပါသည်။ အစားအသောက်ရောင်းတဲ့ ဆိုင်လေးရှိ၍ နေ့စဉ် အမှိုက်တွေက မနည်းမနော ထွက်သည်။ ဒါတွေကို ညစဉ် မိုးချုပ်ပိုင်း၊ ဒါမှမဟုတ် မနက်စော ပစ်နေကျ။

ပစ်ရင်လည်း တရားဝင် သတ်မှတ်ထားတဲ့ အမှိုက်ပုံကမရှိ၍ ရပ်ကွက်သားတို့ဟာ ကြုံသလိုပစ်ကြတာပင်။ စိမ်းစိုတို့က လမ်းတွင်းကျတော့ လမ်းထိပ်က လမ်းမပေါ် ဖြတ်သန်းသွားတဲ့ အမှိုက်သိမ်းကားကိုလည်း မီအောင် အပြေးထွက်ဖို့မဖြစ်နိုင်ပေ။ ကားရောက်မှန်း ကိုယ်သိလို့ ပြေးတုန်း သူက ထွက်သွားပြီ။





တစ်ရပ်ကွက်လုံး သူ့သူကိုယ်ကိုယ် အမှားဆုံးအားပေးကြသည်မှာ လမ်းထိပ်ကရေတွက်လျှင် ကုပ်ခြံခေါ်တဲ့ ဒုတိယခြံပင်။ လမ်းမကြီးပေါ်ရောက်တဲ့ လမ်းထိပ်ခြံက လူနေသည်။ ခြံမြေကတော့ မကျယ်လှ။ လမ်းမပေါ် မျက်နှာဖွင့် ပေခြောက်ဆယ်လောက်၊ လမ်းထဲဘက်ကို နောက်ဘက်အရှည် ပေရှစ်ဆယ်လောက်သာ ရှိလိမ့်မည်။

ဒုတိယခြံကတော့ လူမနေ။ ဟိုခြံနောက်ဘက်မှာ အစောင့်နေနိုင်တဲ့ တဲထက်လည်း နည်းနည်းသာတဲ့ အိမ်အိုလေးရှိပေမယ့် ဘာအစောင့်မှလဲ လာမနေပါ။ ခြံဝင်းကြီးက ကျယ်လှသည်။ ပေတစ်ရာ့ငါးဆယ်ပတ်လည်လောက်တော့ ကောင်းကောင်းရှိမှာပင်။ ဦးဖေဆန်း အပြောအရ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်ကျော်မြေဈေး ဘာမှမရှိခင်တုန်းက ပေါပေါပဲပဲနှင့် ကရင်တောင်သူတွေထံမှ သူဌေးတစ်ဦးက ဝယ်ထားတာလို့ ဆိုသည် ဒီတစ်ရပ်ကွက်လုံး လျှပ်စစ်မီး ရသွားတာသည်ပင်လျှင် ဤသူဌေးက ဦးဆောင်ပြီး သူ့ခြံပါ မီးရအောင်လျှောက်ရင်း တစ်ရပ်ကွက်လုံးက လျှောက်လွှာတွေပါ အတူပူးတွဲတင်ပြီး သူက အကုန်အကျခံ လိုက်ခဲ့၍ ရခဲ့တာလို့ သိရပါသည်။

တောက်လျှောက် လူမနေခဲ့။ စိမ်းစိုတို့ ရောက်ပြီးနောက် ငါးနှစ်ကျော် ခြောက်နှစ်နီးပါးလုံးလည်း လူမနေခဲ့ပါ။ တစ်နှစ်ကို တစ်ကြိမ်လောက်တော့ သူဌေးရဲ့တပည့်တစ်ယော



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လာပြီး အဖြစ်သဘောလောက် ခြံရှင်း၊ အိမ်အိုလေးကို သန့်ရှင်းပြီး ပြန်သွားတတ်ကြသည်။ မဆိုင်သူတွေ ကျူးကျော်ဝင်ရောက်မနေအောင် မျက်နှာလာပြတဲ့ သဘောသာသာလောက်ပင်။

တစ်ခြံလုံးက အပင်ရိုင်း မြက်ရိုင်းတွေနှင့် တောထနေကာ ခြံစည်းရိုးလည်း အပြည့်မရှိဘဲတိုင်ကျဲကျဲစိုက် နေရာသတ်မှတ်ထားရုံမို့ လူတိုင်း အလွယ်တကူ အမှိုက်ပုံပစ်ခဲ့တဲ့ နေရာဖြစ်နေတာ။ အမှိုက်ပစ်လာခဲ့ကြတာဟာလည်း ကြာပဲကြာပြီ။ စိမ်းစိုတို့ ရောက်ကတည်းကလိုပင်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတစ်ကြိမ် စည်ပင်ကကားကြီးနှင့် အမှိုက်ပုံကြီး လာကျုံးသေးသည်။ ကြည့်ရတာသူဌေးက ခေါ်ယူရှင်းလင်းစေတာ ဖြစ်မည်။ ရှင်းလင်းသွားပြီးသုံးလေးလ အမှိုက်မပစ်ကြဘဲ အရိပ်အခြည်ကြည့်နေကြပေမယ့်ဒီထက်ကြာလာတော့လည်း ပိုင်ရှင်မရှိဆဲ မရှိမြဲသာဖြစ်တဲ့ ဤနေရာမှာ တို့တိတို့တိ လာပြန်ပစ်ကြရာက ခုတစ်ဖန် အမှိုက်ပုံဖြစ်နေပြန်ပြီ။

စိမ်းစိုလည်း ထိုအမှိုက်ပုံမှာပင် ပစ်နေကျ။ ခုလည်းလုံချည်တိုတိုနှင့် အမှိုက်ပုံး ခါးစောင်းတင်ပြီး ရောက်လာသောစိမ်းစိုသည် ပစ်နေကျရာရောက်လျှင် ရပ်တန့်လိုက်ပြီး ခါတိုင်းလိုပင် ပုံးထဲက ကြွပ်ကြွပ်အိတ်ကို ကုန်းပြီးထုတ်ယူစုစည်း။ လွှင့်ပြ





ပကုန်အောင် ထိပ်ကို သေချာချည်နှောင်တုပ်တဲပြီးမှ အမှိုက်ပုံဆီသို့ လွှဲပြီးပစ်လိုက်ပါသည်။

"ဟိတ်"

"အမေ့"

နောက်နားက ကပ်ထွက်လာတဲ့ ခြောက်လန့်မာန်ပဲလိုက်သံကြောင့် စိမ်းစိုသည် အလန့်တကြား တုန်ခနဲ အော်ဟစ်ပြီကာ လှည့်ကြည့်လိုက်ပါသည်။ သူနှင့် ငါးပေလောက်သာကွာတဲ့ နေရာမှာ မျက်မှောင်ကုတ်ကုတ်နှင့် ခါးထောက်ရပ်နေတဲ့ လူတစ်ယောက်။ ခုန နောက်နားမှာ မရှိပါဘူး။ အမှိုက်ထုပ်ငုံ့စည်းနေတုန်း ဟိုနားက ကားနားက ရောက်လာတာ ကားထဲကထွက်လာတာ ထင်ပါရဲ့။

"ဘာလဲ ... ဘာဖြစ်လို့ လာအော်တာလဲ"

စိမ်းစိုက အရင်ဦးအောင် ခပ်မာမာ မေးလိုက်ပါသည်။

"မိုးသက်လေ"က ဝင်းပဖူးစင်နေတဲ့ လှတစ်မျက်နှာနှင့် လူပုံကတော့ ကပျစ်ကစုတ် ဖြစ်နေတဲ့ မိန်းမကို စိတ်ပျက်လက်နှင့်ကြည့်ကာ ...

"ခင်ဗျားတို့ ဒီခြံမှာ ဘာဖြစ်လို့ အမှိုက်လာပစ်ရတာလဲ"

လေသံက တင်းချင်ပေမယ့် ရပ်ကွက်ထဲ သူကမိုးသက်သက်မို့ သိပ်ကြီးလည်း မတင်းဝံ့တင်းဝံ့ ဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ တကယ်ဆို အားလုံးလည်း ဒီမှာပဲပစ် နေကျ၊ အကျင့်ပါနေပြီမို့ ပစ်လိုက်မိတာပါ ဆိုတာမျိုး ပြေပြေပြစ်ပြစ်လေး လာပေါ့၊ မြေတလင်းပြောင်မှာ ခင်ဗျား အမှိုက်တစ်ထုပ်တည်း ရှိတာမှ မဟုတ်ဘဲ၊ ဟီးထနေပြီး သား အပုံကြီးပေါ် ခင်ဗျားအမှိုက်ပါ လာတင်တာပဲဟာ၊ ကျွန်တော်ကလည်း နောင်ကို မပစ်ဖို့ပြော၊ ခင်ဗျားကလည်း ဟုတ်ကဲ့ဆိုရင် ပြီးသွားပြီလေ၊ ဘာပြဿနာမှ ရှိစရာမလို တဲ့ ကိစ္စပါ"

"ဩော် ... ရှင့်ကို ဟုတ်ကဲ့လို့ လုပ်ရအောင် ရှင်ကဘာ မို့လဲ"

"ဟော ... ဆက်ပြန်ပြီ။ ခင်ဗျားက ပြဿနာရှာတတ်တဲ့ အမျိုးသမီးထင်တယ်"

"မေးတာ ပြောပါဦး၊ ရှင်က ဘာမို့လဲ"

မိုးသက်လေက တမင် ပမာမခန့်လုပ်နေတဲ့ ထိုမိန်း၊ ကို စိတ်မဆိုးတော့ပေ။ ရယ်ပဲ အတော်ရယ်ချင်နေပြီ။ လူတစ်ကိုယ် စရိုက်တစ်မျိုးပေါ့။ စိတ်ဝင်စားစရာတောင် ကောင်းပါသည်။ ခပ်ပြုံးပြုံးနှင့် မျက်ခုံးကိုပင့်ရင်း ...

"ဒီခြံရှေ့ ကားရပ်ပြီး ခြံထဲဝင်လိုက်ထွက်လိုက် အနေအထာ လိုက်ကြည့်နေမှတော့ ခြံရှင်မို့ပေါ့ဗျာ၊ ခင်ဗျား ဒါတော မတွေးတတ်ဘူးလား"





"ခြံထဲဝင်တိုင်း ခြံရှင်လား၊ ပလတ်စတစ်ကောက်တဲ့ကောင် လေးတွေ ရေသန့်ဘူးကောက်တဲ့ ကလေးတွေ ဟိုးနောက် ထဲထိ ဝင်နေကျပဲ၊ ပြီးတော့ ရှင် ခြံထဲဝင်သလား ထွက် သလား လျှောက်ကြည့်နေလား ဆိုတာလည်း ကျွန်မ မသိဘူး၊ မမြင်ဘူး၊ ရှင့်ကိုလည်း ရှင် 'ဟိတ်'ဆိုမှမြင်တာ၊ ဘယ်သူက တန်းပြီး ခြံရှင်လို့ ထင်မှာလဲ၊ ခြံရှင်ဆိုတာ လည်း ချိုထွက်နေတာမှ မဟုတ်တာ"

"တော်ပြီ၊ ခင်ဗျားက နားဝေးပုံရတယ်၊ ပြိုင်မပြောတော့ ဘူး၊ တစ်ခွန်းပဲ သတိပေးမယ်၊ နောင်ကို အမှိုက်မပစ်ပါ နဲ့တော့၊ ဒါပါပဲ"

"ဒီနေရာမှာ ဘာအမှိုက်ပုံမှ မရှိတော့ဘူး၊ ဘယ်သူမှလဲ လာမပစ်တော့ဘူးဆိုရင် ကျွန်မလည်း မပစ်ဘူး"

"ခင်ဗျား တော်တော် အထွန့်တက်ပါလား"

"ဟုတ်တယ်လေ၊ ရှင့်ကိုလည်း ခြံရှင်ဆိုလို့သာ ကြားလိုက် ရတာရှိတာ၊ ဟုတ်မဟုတ်လည်း သိတာမဟုတ်ဘဲ ကျွန်မ က ဘာကတိတွေ ပေးနေရမှာလဲ"

"ကိုယ့်ခြံမဟုတ်ရင် ဒီခြံရှေ့ရပ်ပြီး ကိုယ့်ကိုယ်ကိုယ် ခြံရှင် လို့ ကြော်ငြာနေစရာ ဘာအကြောင်းရှိလို့လဲ"

"မသိဘူး၊ ရှင့်မှာ ဘာအကြောင်းရှိရှိ တစ်ရပ်ကွက်လုံးက ပစ်လို့ရတယ်ထင်ပြီး ပစ်နေကြတာပဲလေ၊ ရှင့်ကို အကြ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်မယ်၊ ခြံစည်းရိုး အလုံခတ်ထားလိုက်၊ ဘယ်သူမှ ခြံတံခါးဖွင့်ဝင်ပြီး မပစ်ဘူးရှင့်”

“ခင်ဗျားပြောမှလား၊ ပစ်လို့ရတယ်ထင်ပြီး ပစ်တယ်ဆိုတာကိုက တော်တော်အကျင့်မကောင်းကြတာ”

“ဘာ”

“ခင်ဗျားအိမ်ရှေ့ အမှိုက်လာပုံရင် ခင်ဗျား ကြိုက်မလား”

“မကြိုက်ဘူး၊ ကျွန်မ နေနေတာလေ”

“ဒီမှာလည်း ကျွန်တော်တို့ မနေပေမယ့် ဒီခြံဟာ ပိုင်ရှင်ရှိမှန်းတော့ လူတိုင်းသိမှာပါ၊ သူများပိုက်နက်ကို ညစ်ပတ်ရှုပ်ပွေအောင် စည်းကမ်းမဲ့ အမှိုက်လာပစ်တယ် ဆိုတာ ယဉ်ကျေးမှုလည်း နည်းတယ်၊ လူမှုရေးလည်း နုံချာတယ်၊ စရိုက်လည်း မမြင့်ဘူး၊ ပစ်လို့ရမယ်ထင်လို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးလေ၊ ဟိုမှာ ဆိုင်းဘုတ်တောင် ထောင်ထားတာပဲ၊ ‘အမှိုက်မပစ်ရ’ဖြစ်မှာပေါ့၊ ဆိုင်းဘုတ်ဟာ အမှိုက်အောက် ဓောင်းပြီးပိနေပြီဆိုတော့ ‘ပစ်ရ’ဆိုတာ နှစ်လုံးပဲပေါ်တော့တယ်”

“ဒါပေါ့ရှင့်၊ ဒါကြောင့် ပစ်နေကြတာပေါ့ ... အဟိ”

ပြောရင်းက စိမ်းစိုက ရယ်ချင်စိတ်ပေါက်ကာ တစ်ဘက်လှည့်ပြီး တစ်ခွန်းရယ်လိုက်မိပါသည်။ ပြီးမှ ခပ်တည်တည် ပြန်လှည့်လာရင်း ...





“အဲဒီအမှိုက်ပုံအောက်က တခြားဆိုင်းဘုတ်တွေကိုတောင် ရှင် မမြင်သေးလို့၊ တစ်နှစ်တစ်ခါ ရောက်လာတဲ့ ရှင်တို့ရဲ့ တပည့်အလုပ်သမားတွေ ဖြစ်ပုံရတဲ့ လူတချို့က ဆိုင်းဘုတ်တွေကို တစ်နှစ်ထက်တစ်နှစ် ကွန့်ညွှန့်သွားတတ်ကြသေးတယ်၊ အမှိုက်ပစ်လျှင် ဒဏ်ငွေ ၅၀၀၀ိ/–တဲ့၊ ဟား ဟား၊ အဲဒီဆိုင်းဘုတ်လည်း ထူလိုက် ပျော ရုပ်ကွက်လူထုက တစ်ပတ်အတွင်း မြေဖို့ပစ်လိုက်ရော ...

နောက်တစ်ခါ လာပြန်ရော၊ ဤနေရာတွင် ခွေးများအမှိုက်ပစ်ရန်တဲ့၊ ခွေးပဲ အမှိုက်ပစ်တယ် ရှိမလား၊ ဒီတော့ ရပ်ကွက်လူထုက ခွေးများဆိုတဲ့ စာလုံးနှစ်လုံးကို မှုတ်ဆေးအမည်းတွေနဲ့မှုတ်ပြီး ဖျက်ပစ်လိုက်ကြရော၊ ဒီတော့ ဤနေရာတွင် အမှိုက်ပစ်ရန် ဖြစ်သွားတာပေါ့၊ အဲဒါနဲ့ ဝမ်းသာအားရ ပုံကြ ပစ်ကြတာ အဲဒီဆိုင်းဘုတ်လည်း မြုပ်သွားပြန်ရော ...

ရှင် စည်ပင်ကားခေါ်ပြီး အပြောင်ရှင်းပစ်ပြီး ခြံစည်းရိုးခတ်လိုက်တာအပြင် တခြားနည်းမရှိဘူး၊ အဲဒီမတိုင်ခင် အထိတော့ ကျွန်မအပါအဝင် ရပ်ကွက်သူ ရပ်ကွက်သားတွေက ပစ်နေကြဦးမှာပဲ”

“ခင်ဗျားက မကောင်းတဲ့အလုပ် လုပ်မှာကိုတောင် လူသိရှင်ကြား ကြေညာပြီးလုပ်မယ့် သူမျိုးပဲနော်၊ ခင်ဗျားဘာ



www.burmeseclassic.com

www.burmeseclassic.com



မှာ မကောင်းတာတွေ လုပ်လာပေါင်းများလို့ ရိုးနေပြီထင်ပါရဲ့၊ မကောင်းတာလုပ်ဖို့ မရှက်တဲ့ မိန်းမမျိုး ထင်တယ်နော်”

“ဘာ”

ဤစကားဟာ စိမ်းစိုကို ပယ်ပယ်နယ်နယ် ချက်ကောင်းထိသွားကာ စိမ်းစိုသည် ချက်ချင်းနီရဲရာမှ မည်းပြာလာသော မျက်နှာနှင့် အံကိုကြိတ်၊ မီးဝင်းဝင်းတောက် မျက်လုံးများနှင့် မိုးသက်လေကို စိုက်ကြည့်လိုက်ပါသည်။

“ရှင် မိန်းမတစ်ယောက်ကို ဒီလောက် လူပါးဝတဲ့စကား ပြောစရာလား”

“ခင်ဗျား စိတ်ဆိုးသွားတာလား၊ စိတ်မဆိုးနဲ့လေဗျာ၊ ကျွန်တော်လည်း ခင်ဗျား ပြောသမျှကို စိတ်မဆိုးဘဲ သည်းခံခဲ့တာပဲဟာ၊ ခင်ဗျားလည်း သည်းခံပေါ့”

“ရှင့်ကို ကျွန်မက ဘာကိစ္စ သည်းခံရမှာလဲ”

“အပြန်အလှန်လေဗျာ”

“ဒီမှာ ဘယ်ယောက်ျားကိုမှ သည်းညည်းခံရိုး ထုံးစံမရှိခဲ့ဘူး၊ ရှင်နဲ့ ကျွန်မ အပြိုင်အဆိုင် အပြန်အလှန် ပြောကြတာမှန်တယ်၊ ဒါပေမဲ့ ယောက်ျားတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ကို စကားအရာနဲ့ အနိုင်ကျင့် လူပါးဝတယ်ဆိုတာ ယောက်ျားမပီသရာ ရောက်တယ်လို့တော့ ရှင်တွေး





ကြည့်ဦးပေါ့၊ ငါ ယောက်ျားပဲဆိုပြီး နိုင့်ထက်စီးနင်း ပြောချပစ်တာမျိုးကတော့ ရမ်းကားလွန်းရာကျပါ့တယ်”

မိုးသက်လေက တုန်တုန်ခိုက်ခိုက်လေး ပြောနေတဲ့ စိမ်းစိုကိုကြည့်ရင်း သူ့စကားဟာ တကယ်ပဲ ဒီလောက်တောင် နိုင့်ထက်စီးနင်း ဆန်သွားသလား မတွေးတတ်သည်ဖြစ်ရာ ဆံပင်တွေထဲ လက်ထိုးကာ ထိုးကာ ဖွသပ်ရင်း ...

“ကျွန်တော်ပြောတဲ့ စကားက အဲသလောက် အထိနာသွားစေသလား၊ ကျွန်တော် ဘာပြောလိုက်မိပါလိမ့်တောင် သေချာမမှတ်မိဘူးဗျာ၊ ကျွန်တော်က ဘာရယ်မဟုတ် ရိုးရိုးပဲ ပြောလိုက်တာပါ”

“မဟုတ်ဘူး ... ရှင် ... ရှင်”

စိမ်းစိုသည် ဘဝတွင် အရှက်တကွဲ ကိုယ်ကျိုးနည်းလို့ တင်ကိုတင်စားရမယ့် ဒဏ်ရာဒဏ်ချက် အနာဟောင်းနှင့်ဖြစ်လေရာ ရင်ထဲ အတော်နှင့်ခနဲ့နေအောင် အထိနာသွားတာဖြစ်သည်။ စကားတောင် မဆက်နိုင်ဘဲ ဒေါသနှင့် အနိုင်မခံ အရှုံးမပေးခြင်း နေရာတို့တွင် ဝမ်းနည်းထိခိုက်မှုက အစားထိုးဝင်လာသည်။

“စိမ်းစို”

“... ...”

“စိမ်းစို ! စိမ်းစို မဟုတ်လားဟင်”

www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုသည် သူတို့အနား ဘယ်ကမှန်းမသိ ရုတ်တရက် ရောက်လာကာ သူ့ကို နှုတ်ဆက်လိုက်တဲ့ မိန်းကလေးကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။ ဒီက ဝမ်းနည်းထိခိုက်ပြီး မျက်ရည်တွေ ဘာတွေ ဝဲလည်လာတော့မလိုရှိစဉ် ရုတ်တရက် ခံစားချက်ကို ပြောင်းပြန် အွဲလှန်ခံလိုက်ရသလို ကသောင်းကနင်း ဖြစ်သွားတာ။

အနားတိုးကပ်လာတဲ့ မိန်းကလေးသည် ပုသိမ်မှာ စိမ်းစို ရှစ်တန်း ကိုးတန်း ဆယ်တန်း တက်စဉ် အချစ်ဆုံး အခင်ဆုံးအဖြစ် လက်တွဲခဲ့တဲ့ သူငယ်ချင်း နွေးနွေး ဖြစ်နေတာကြောင့်ပင်။

"ဟုတ်လား၊ စိမ်းစိုလား ! ဟုတ်တယ်မို့လား !"

"နွေးနွေး"

"ဟယ် ... စိမ်းစို"

စိမ်းစိုရဲ့ တုန်လှုပ်ဟစ်အော် တုံ့ပြန်လိုက်သံအဆုံးတွင် နွေးနွေးက ရုတ်တရက် ခုန်ပေါက်ပစ်တော့မလို စိမ်းစိုကို တအားပြေးကျုံးဖက်လိုက်ပါသည်။ ဒီအပြုအမူမျိုးဟာ အရင်က စိမ်းစိုလည်းပဲ လုပ်နေကျ။ ခုန်ပေါက်မြူးတူးနေတဲ့ အမူအယာဟာ စိမ်းစိုရဲ့ ငယ်မူငယ်သွေးပါ။ ခုတော့ စိမ်းစိုသည် ရင်ချင်းအပ် ပစ်ဝင်လာတဲ့ နွေးနွေးကို ဝမ်းနည်းပက်လက် ခပ်ကျစ်ကျစ်ကလေးသာ ပြန်ဖက်လိုက်မိရင်း ...





"နွေးနွေး"

"စိမ်းစိုရယ် ... အံ့သြလိုက်တာဟယ်၊ နင်လို့ လုံးဝမထင်မိဘူးဟယ်၊ ငါ ဟိုကကားပေါ်က လှမ်းကြည့်နေတာ၊ နင့်ကို မြင်ဖူးပါတယ်လို့ပဲ ကြည့်နေတာ၊ ကြည့်ရင်း ကြည့်ရင်းနဲ့ စိမ်းစိုနဲ့ တူလိုက်တာလို့၊ ဒီအမျိုးသမီးနဲ့ စိမ်းစို ဘယ်လိုတော်စပ် ပတ်သက်လဲ မသိဘူးလို့ တွေးနေတာ ...

အဲဒါကိုမေးဖို့ ကားပေါ်က ဆင်းလာတာ၊ ဒီနားရောက်မှ နင်နဲ့တူတာ မဟုတ်ဘူး၊ နင်ပဲနေမယ်လို့ စဉ်းစားမိတော့တာ၊ မမှတ်မိအောင်ပဲ၊ နင်က မိန်းမကြီးကျနေတာပဲ စိမ်းစိုရယ်၊ ထွားထွားကျိုင်းကျိုင်းနဲ့ ပိန်ညှပ်ကလေး မဟုတ်တော့ဘူးကိုးဟဲ့"

"နင်လည်း အရင်ကထက်တော့ ပြည့်လာတာပဲဟာ၊ အသက်ကြီးလာတော့ နည်းနည်းတော့ ပြည့်ဖြိုးတာပေါ့ဟဲ့"

စိမ်းစိုက ငိုသံပါနှင့် ဖြေသည်။

"နင်က ပြည့်ဖြိုးတာ ဝတာ မဟုတ်ဘူး၊ ကြီးခိုင်လာတာ၊ အဆက်အပေါက်က ကြံ့ခိုင်လာတာ၊ မိန်းမကြီးပုံနဲ့၊ ကြည့်စမ်း၊ လုံချည်ကြီးကိုလည်း ဘယ်လိုဝတ်ထားတာလဲ၊ နင် ရန်ကုန်ကို ပြောင်းလာတာကိုး"

"အင်း ... ဟုတ်တယ် နွေးနွေး"

"နင့်အမေရော နေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဆံပင်ကြီးကိုရော ဘယ်လိုလိမ်တင်ထားတာလဲ၊ ကျွတ်၊ နင် ဘယ်လိုဖြစ်နေတာလဲ စိမ်းစို၊ ဟိုလေ ... နင်တို့အဆင် ပြေရဲ့လား"

စိမ်းစိုသည် အားမနာစတမ်း မအောင့်မအည်း စိုးရိမ်တကြီး မေးလိုက်တဲ့ နွေးနွေးရဲ့ပါးတစ်ဖက်ကို လိမ်ဆွဲလိုက်မိရင်း ...

"အဆင်ပြေပါတယ်ဟာ"

"ဟိုလေ ... နင် အိမ်ထောင်ရော ကျပြီလား"

စိမ်းစိုက ခေါင်းလေးယမ်းရင်း ...

"မကျပါဘူးဟာ"

ခပ်တိုးတိုး ဖြေလိုက်ပါသည်။

"နင် ဒီနားမှာ နေတာပေါ့"

"အင်း ... ဒီလမ်းထဲပဲ"

"ဝမ်းသာလိုက်တာ စိမ်းစိုရယ်၊ နို့မို့ နင့်ကို ဘယ်နားလိုက်ရှာရမယ်မှ မသိတာ၊ တစ်နှစ်က ချောင်းသာသွားရင်း ပုသိမ်ကို ဝင်သေးတယ်၊ ညိုညိုတို့အိမ် သွားလည်သေးတယ်၊ ညိုညိုက ပြောတယ်၊ နင်တို့ နင့်အဖေဆုံးပြီး မကြာခင်ပဲ အဲဒီက ထွက်သွားကြတာတဲ့၊ ဘယ်ကိုပြောင်းမှန်း ညိုညိုကိုတောင် ပြောမသွားဘူးဆို"





"အင်း"

"အဲဒါ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူးဟာ၊ အမေရော ငါပါ စိတ်ဓာတ်တွေ ကျပြီးတော့ ..."

"နင်ကလည်းဟယ်၊ အဖေဆုံးတာ ဝမ်းတော့နည်းတာပေါ့၊ ဒါပေမဲ့ ဒီလောက် စိတ်ဓာတ်ကျစရာ လိုလို့လား၊ ငါတို့ပြောင်းသွားပြီး မကြာခင် ဦးလေးဆုံးတာပဲနော်၊ ငါကဆုံးပြီး တစ်လလောက်နေမှ သိတာ၊ ချက်ချင်းသိရင် ငါလာပါတယ်ဟာ၊ နင့်ကို လိပ်စာတွေ ဖုန်းနံပါတ်တွေ ပေးခဲ့ရက်သားနဲ့ နင် လုံးဝစာလည်းမရေး၊ ဖုန်းလည်းမဆက်ခဲ့ဘူးဟာ၊ နင်က ဘာမှန်းမသိဘူး"

စိမ်းစိုက နွေးနွေးလက်ကို ဆုပ်ကိုင်လှုပ်ယမ်းနေမိရင်း ...

"ငါ့အပြစ်တွေပါဟာ၊ ငါ အဲဒီအချိန်တစ်ပိုက်က စိတ်တွေဘယ်လိုဖြစ်နေမှန်း မသိဘူး၊ ရူးချင်သလိုလိုတောင် ဖြစ်နေတာနဲ့"

"ဟဲ့ ... စိမ်းစို၊ နင့်ဘဲကြီးနဲ့ရော"

"မရှိတော့ဘူး၊ မမေးနဲ့တော့"

"ဟယ် ... ပြတ်သွားတယ် !"

စိမ်းစိုက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ၊ ငါ မြင်တောင် မမြင်ဖူးလိုက်ရဘူး"

"မရှိတော့ပါဘူးဆိုမှ မြင်ဖူးခဲ့တော့ရော ဘာထူးလို့လဲ"

"နင် အရင်က စကားပြောရင် ချွဲနွဲ့နွဲ့လေး၊ အမြဲရယ်ပြီး ပြောတာ၊ အခုတော့ လေသံက မာနေတယ်၊ ငါ့ကိုတမင် မာတာ မဟုတ်တာ သိတယ်၊ နင့်နဂိုသံနဲ့ ပြောဟန်ကိုက ပြောင်းလဲသွားတာ"

"ကလေးမှ မဟုတ်တော့တာဟယ်"

"မဆိုင်ပါဘူး၊ ငါ ကားပေါ်ကနေ ကြည့်နေတာ၊ မိုးသက်နဲ့ စကားပြောနေတဲ့ မိန်းမက အစွာပါလားလို့၊ ရုပ်က လည်း စောင်ပေပေနဲ့လို့ တွေးနေတာ"

စိမ်းစိုက မိုးသက်လေကို ဖျတ်ခနဲ ကြည့်သည်။ မိန်းကလေးနှစ်ယောက်ကို စိတ်ပြေနပြေကြည့်ကာ ပြောစကားတွေ နားထောင်နေသော မိုးသက်လေက စိမ်းစိုကို ပခုံးတစ်ချက်တွန့်၍ ပြုံးပြလိုက်ပါသည်။ စိမ်းစိုက ပြန်မပြုံးပါ။ မျက်နှာသာလွှဲ ပစ်လိုက်ရင်း ...

"နင် ဒီကို ဘာလာလုပ်တာလဲ နွေးနွေး"

"ငါ သူနဲ့လိုက်လာတာ၊ ဒါ သူ့မြေကွက်ဟဲ့၊ သူ့အဖေက သူ့ကို အမွေပေးတာ၊ မနှစ်ကတည်းက၊ ခုမှ သူ နေတော့ မလို့ မြေလာကြည့်တာလေ၊ ငါနဲ့ စကားစပ်ရင်း ငါလည်း





ပျင်းတာနဲ့ အဖော်လိုက်လာပေးတာ၊ သူက မိုးသက်လေတဲ့ ဟဲ့ ... မှတ်ထားဦး သိလား"

မိုးသက်လေ။

မှတ်ထားစရာ မလိုပါဘူး။ အလိုလိုမှတ်မိမှာပင်။

"ငါ့ရဲ့ခင်ပွန်းလောင်းကြီးပေါ့၊ ဟား ဟား ဟား"

ရယ်နေတဲ့ နွေးနွေးကြောင့် စိမ်းစို နှုတ်ခမ်းကလေး ပါ ပြုံးယောင်သမ်းလာကာ တစ်ဆက်တည်းပင် နွေးနွေးရဲ့ချစ်သူ ခင်ပွန်းလောင်းကို ဘုဘောက်ကျ စွာတေးလန်မိတဲ့ ကိုယ့်အပြု အမူကို အရမ်းအားနာသွားပါသည်။ သူ့ထံမကြည့်ဘဲ မျက်လုံး ကိုစွေကာ အောက်စိုက်ရင်း ...

"ဆောရီးနော်၊ နွေးနွေးရဲ့လူမှန်း မသိလို့ပါ"

"သိရင် ရန်မစွာဘူးပေါ့"

"ဟုတ်ကဲ့၊ နွေးက ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းပါ၊ နွေးချစ်သူကို ကျွန်မက ဘယ်ပြဿနာရှာမလဲ"

"ခင်ဗျားက အစိမ်းအကျက် ရွေးတယ်ပေါ့"

ဘယ့်နှာတုန်း။ အတော်အထွန့်တက်တဲ့ လူပါလား။ စိမ်းစိုက သိပ်စိတ်မရှည်ချင်လှတော့တဲ့ရုပ်နှင့် မျက်စောင်းနည်း နည်းချိတ်ပြီး ခိုးကြည့်လိုက်လျှင် သူ့ကို တည့်တည့်စေ့စေ့ကြည့် ပြုံးနေတဲ့ မိုးသက်လေကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်သူငယ်ချင်းပေါ့၊ ဟုတ်လား နွေး"

"အေး ... ငါနဲ့ သိပ်ချစ်တာ၊ ဖေဖေက ပုသိမ်ဆေးရုံမှာ ဝဲဘဝန်ကျရာကနေ ရန်ကုန်ပြန်ပြောင်းလာလို့ ကွဲသွားတာလေ၊ နာမည်က စိမ်းစိုတဲ့၊ မှတ်ထားပေါ့၊ စိမ်းစိုကလည်း ဒီလမ်းထဲ နေတယ်ဆိုတော့ အတော်ပဲ၊ နင့်မှာ ရပ်ကွက်ထဲ အသိအကျွမ်း စ,ရပြီပေါ့ မိုးသက်ရဲ့"

"အင်းပေါ့လေ၊ သူနဲ့ပဲသိတော့လည်း သူနဲ့ပဲ"

"ဟဲ့ ... နင် မစနဲ့တော့ မိုးသက်၊ ငါ့သူငယ်ချင်းကို"

"စ,တာမှ မဟုတ်တာ၊ မျက်ခုံး တကယ်လှုပ်နေတာ၊ ငါတော့ တစ်ချိန်လုံး လေသံမာမာ ရှိသဲ့သဲ့ ပေစောင်းစောင်း အပြောတွေကို သည်းခံရတော့မှာပေါ့နော်"

စိမ်းစိုက သူ့ဘက် မျက်စောင်းတစ်ချက်ထိုးပြီး မေးစေ့ကိုပင့်ထားလိုက်ပါသည်။ နွေးနွေးရဲ့လူမို့ ပြဿနာမဖြစ်ချင်ပါဘူး။ ဒါပေမဲ့ ဒီလူက စ,ပြဿနာရှာရင်တော့ ဘာကြောင့် သည်းညည်းခံရမှာလဲ။

"စိမ်းစို ... နင်နဲ့ ဒေါ်ဒေါ်နဲ့ပဲ နှစ်ယောက်တည်း နေတာပေါ့"

"အမေက မော်ဘီမှာ တရားဇရပ်မှာပဲ နေတော့တယ်၊ ရာသက်ပန် ယောဂီဝတ်သွားပြီ နွေးနွေးရဲ့၊ ငါ အခု အညာဘက်က အစ်မတစ်ဝမ်းကွဲနဲ့ အတူတူနေတယ်"





"ဟို ... ပြီးတော့ ... နင် ... နင် ဘာအလုပ် လုပ်လဲ ဟင်"

"မုန့်ရောင်းတယ်"

"ဟင် ... နင်ကလည်း၊ လျှောက်ပြောနေတယ်"

"ဟုတ်တယ်၊ ဘာဂါတို့ မောဒေ့ါတို့ ဆင်းဒဝစ်ချ်တို့ အသားချောင်းကင်လေးတွေတို့ ရောင်းတယ်၊ ငါ အဲဒါတွေ အတွက် သင်တန်းလည်း တက်ထားတယ်၊ အိမ်ရှေ့နားမှာပဲ တွန်းလှည်းလေးနဲ့ ရောင်းတာပါ"

နွေးနွေး မျက်နှာကလေးက မုန့်ရောင်းသည်ဆို၍ စိတ်သိပ်မကောင်းလှသလို ...

"နင် ပြေလည်ရဲ့လားဟင် စိမ်းစို"

"ပြေလည်တာပေါ့ဟ၊ ငါ့တစ်ယောက်စာပဲ ရှာစားရတာပဲဟာ၊ အမေ့ဆီလည်း နည်းနည်းပါးပါးပဲ ပို့ပေးရတာ၊ ငါ ရထားတဲ့ဘွဲ့နဲ့ ကုမ္ပဏီတစ်ခုခု ဝင်လုပ်ရင်တောင် ခုလောက် ဝင်ငွေဘယ်ရနိုင်ပါ့မလဲ၊ ကဲပါ ... နင်ရော၊ နင် ဘာလုပ်နေလဲ"

"ငါလား၊ ဘာမှမလုပ်ဘူး၊ အိမ်က အတင်းပဲ ယောက်ျားပဲ ယူစေချင်နေတာပဲ၊ ယောက်ျားယူပြီးရင် ယောက်ျားလုပ်စာပဲ ထိုင်စားမှာပဲလေ၊ ဘာမှမလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဩော် ...။ ကောင်းလိုက်တဲ့ဘဝ။ ပြောအားရှိလိုက်တာ။ သူ့ခင်ပွန်းလောင်းဆိုတဲ့ ဒီလူက ဘာအလုပ် လုပ်ပါလိမ့်။

လူရဲ့ရုပ်ကတော့ ဂျစ်ကန်ကန်လိုလို ပြောင်ချော်ချော်လိုလို။

"ဒါဖြင့် နင်လည်း မကြာခင် ဒီကိုပြောင်းလာရမှာပေါ့၊ ဟုတ်လား"

"ငါလား ... ဟား ဟား၊ အေး ... နင်နဲ့တော့ နီးနီးနားနား နေချင်သား စိမ်းစိုရဲ့"

"မြေကွက်ကအကျယ်ကြီး၊ အမှိုက်ပုံ ရှင်းလိုက်ရင် အရမ်းသားနားသွားမှာပါ"

"သူက ဒီမှာ လက်ဖက်ရည်တို့ အအေးတို့ မုန့်တွေနဲ့ စားသောက်ဆိုင် ဖွင့်မလို့ စဉ်းစားနေတယ်၊ အစုံအလင်ရတဲ့ဆိုင်မျိုးလေဟယ်"

ဟင် ...။ ဒါဖြင့် ဒီနားမှာ ရှားပါးတဲ့ အဲသလိုအစုံရ စားသောက်ဆိုင်ကြီး ဘွားခနဲ ပေါ်လာရင် လူတွေက အားရဝမ်းသာထိုင်ကြ အားပေးကြတော့မှာ။ ငါ့ရဲ့မုန့်တွေတော့ မရောင်းရဘဲ နေတော့မှာပဲ။ စိတ်ရှုပ်ဖို့ ကောင်းလိုက်တာ။ ငါ့ဈေးကွက်လာလုမယ့်သူကိုး။ ကိုယ့်ဟာကိုယ် အဝေးသွားဖွင့်တာ မဟုတ်ဘူး။ တောက်။





စိမ်းစိုသည် အမြင်ကတ် စိတ်ရှုပ်တဲ့ အတွေးတွေနှင့် ပိုးသက်လေ ဆိုသူကို သိပ်ပြီးတော့မကြည်။ သိပ်ပြီးတော့လည်း ကြည့်လို့မရ။

✧ ♡ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၄

တကယ်တော့ ပထမနေ့က နွေးနွေးက လိုက်ကြည့်ချင်သည်ဆို၍သာ အင်းစိန်ခြံကို ခေါ်လာဖြစ်ခဲ့တာဖြစ်ပြီး နောက်ရက်တွေမှာ ခေါ်လာဖို့ အစီအစဉ်မရှိပါ။ ဒါပေမဲ့ ခုတော့ နွေးနွေးက ရပ်ကွက်ရဲ့လူခံ စိမ်းစိုနှင့် ရင်းနှီးခင်မင်သူ ဖြစ်နေ၍ မိုးသက်လေက တမင်ဝင်ခေါ်ခဲ့တာပင်။

နွေးနွေးကလည်း စိမ်းစိုရှိတဲ့ နေရာကို လိုက်ရမည်ဖြစ်၍ ဝမ်းသာအားရ လိုက်လာပါသည်။ နွေးနွေးရဲ့မေမေ ဒေါ်မြတ်မြတ်နှင့် မိုးသက်လေရဲ့အမေ ဒေါ်မိုးခင်ခင်တို့ဟာ ရင်းနှီးချစ်ခင်သော သူငယ်ချင်း အရင်းတွေပါ။ ထုံးစံအတိုင်း သားနှင့်သမီးကို နှုတ်ကနေ တောင်းကာရမ်းကာ နောက်ပြောင်ကာ ကြီးပြင်းလာခဲ့တာမျိုးပင်။





တကယ်တမ်း အိမ်ထောင်ရက်သားချဖို့ အရွယ်မျိုးရောက်လာတော့လည်း တကယ်ပင် ဖြစ်သွားစေချင်ကြသည်။ ဒီအချိန်မှာ နွေးနွေးက သူ့အမေ လက်သင့်မခံနိုင်လောက်တဲ့သူတစ်ယောက်နှင့် မေတ္တာသက်ဝင်နေတဲ့အခါ နွေးနွေး အမေဘက်က မိုးသက်လေကို သမက်တော်ရဖို့ ပိုပြီး Serious ဖြစ်လာပါသည်။

သူတို့ချင်းကတော့ ခပ်အေးအေးပင်။ နွေးနွေးအမေ မှတ်မစီစဉ်သရွေ့တော့ ဒီလိုပဲ ရေလိုက်ငါးလိုက် ခင်ခင်မင်မင်တွဲတွဲသွားသွား နေနေကြသေးတာပင်။ မိုးသက်လေနှင့် တွဲသွားတွဲလာရှိတဲ့အတွက် နွေးနွေးမှာလည်း ချစ်သူနှင့် မကြာမကြာလေးတွေ့ဖို့ အခွင့်အရေးရသည်။ မိုးသက်လေက စီးပွားဥစ္စာမပြည့်စုံတာကလွဲလျှင် လူကောင်းတစ်ယောက်လို့ သတ်မှတ်နိုင်တဲ့ နွေးနွေးချစ်သူ ကိုနိုင်နှင့် နွေးနွေးကို တွေ့ခွင့်ရဖို့ ကူညီဆောင်ကျဉ်းပေးမြဲပါ။

"ငါက ကွန်စထရပ်ရှင်အကောင်းစားတွေ ဘာတွေနဲ့လဲ မဆောက်နိုင်ပါဘူးဟာ၊ ကိုယ့်ဟာကိုယ် ပန်းရံအဖွဲ့ လက်သမားအဖွဲ့ ငှားပြီးတော့ပဲ ဒီဇိုင်းပေးပြီး ဆောက်မယ်"

"အင်းပေါ့၊ ရတာပဲ၊ သူဌေးသားကလည်း အတော်ညည်းရှာတယ်"

"နင် ငါ့ကို သူဌေးသားလို့ မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော်တော် ... သူဌေးသားလို့ မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ၊ နင့်အဖေက သူဌေးမဟုတ်လို့ ဘာလဲ"

"တော်တော့ဟာ"

"အေးပါဟာ၊ နင်ဟာလေ နင့်စိတ်ချည်းပဲ၊ ပုံစံကိုက ဂျစ်တိဂျစ်ကန် ပုံစံရယ်၊ သူများကို ဟားချင်တဲ့ ညစ်ကျယ်ကျယ်ပုံစံရယ် ဒီနှစ်မျိုးပဲရှိတယ်၊ စိတ်သဘောလေးက ကောင်းရက်နဲ့ ပဲကများတယ်"

နွေးနွေးရဲ့မှတ်ချက်ကို နားထောင်ရင်း မိုးသက်လေက ကျိတ်ပြီးပြုံးမိသည်။ တစ်ဆက်တည်းပဲ မဆီမဆိုင် "စိမ်းစို" ဆိုတဲ့ မိန်းကလေးကို သွားသတိရပါသည်။ သူလည်း အဲဒီအတိုင်းပဲ ပုံစံက ရန်လိုလို ဂျစ်ကန်ကန်နဲ့လေ။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အကြောအတင်မခံ၊ ဒစ်ခနဲဆို ဒေါက်ခနဲ ပြန်ပေါက်မည်ဆိုတဲ့ မြွေဟောက်စတိုင် ဖမ်းထားသည်။

ငယ်ငယ်က သူက အဲသလိုမဟုတ်ဘူးလို့ နွေးနွေးက ပြောပြပါသည်။ ခုန်ပေါက်ပျော်မြူးနေတဲ့ သဘောဖြူအူစင်း အမြဲပြုံးနေသော မိန်းကလေးတဲ့။ မထင်ရပါဘူး။ မြင်မြင်ချင်း မိုးသက်လေက ကိုယ့်ထက်ကြီးမှာပဲလို့တောင် သတ်မှတ်လိုက်မိတဲ့ ရင့်ကျက်ကျက် အေးစက်စက် ခပ်တည်တည် မိန်းမဟာ တကယ်တော့ နွေးနွေးနဲ့မှ အသက်တူ အရွယ်တူတဲ့လေ။ နွေးနွေးက မိုးသက်လေထက် တစ်နှစ်ခွဲတောင်ငယ်တာ။ ငယ်ငယ်က





တည်းက သိလာပြီး မတိမ်းမယိမ်းမို့ နင်ရယ် ငါရယ်နှင့်သာ ပြောဆိုဖြစ်ပေမယ့် မိုးသက်လေက အသက်အားဖြင့် တစ်နှစ်ခွဲ အတန်းအားဖြင့် တစ်တန်းကြီးခဲ့ပါသည်။

အဲဒီတော့ ဒီ"စိမ်းစို"ဆိုတဲ့ ဂျစ်ကန်ကန် မိန်းမထက်လည်း သူက တစ်နှစ်ခွဲတောင် ကြီးနေဦးမှာပေါ့။

မိုးသက်လေက စိမ်းစို အကြောင်း တွေးမိရင်းက သတိရသွားကာ ...

"သူက ဘဲရှိတယ် ဟုတ်လား !! "

"ဘယ်သူလဲ"

နွေးနွေးက အူကြောင်ကြောင် ပြန်မေးသည်။

"အဲဒီမိန်းမလေဟာ"

"ဘယ်မိန်းမလဲ"

နွေးနွေးက မောင်းလာတဲ့ ကားရဲ့အပြင်ဘက်၊ ကျန်ခဲ့တဲ့ ကားရဲ့နောက်ဘက်တွေဆီ ဟိုဟိုဒီဒီ မျှော်ကြည့်ရင်း "အဲဒီမိန်းမ"ဆိုတာ ဘယ်သူများ ဖြစ်မလဲ ရှာဖွေနေပါသည်။

"ကျွတ် ... နင်လည်း ဝေးတယ်ဟာ"

"ဘာလဲဟဲ့၊ နင် ဘယ်သူ့ပြောနေတာလဲမှ မသိတာ၊ နင့်အဖေအကြောင်းနဲ့ နင့်အကြောင်း ပြောနေတာလေ၊ အဲဒီတုန်းမှာ သူက ဘဲရှိတယ်လား ဆိုတော့ ဘယ်သူ့ကို ငါက နားလည်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မိုးသက်လေက ပြုံးစိစိ ဖြစ်မိသည်။ ဟုတ်သားပဲ။ သူ့အတွေးထဲကို ဘေးလူက လှမ်းမြင်နိုင်တာလိုက်လို့။ သူ စိတ်လောသွားတာ။

"နင့်သူငယ်ချင်းကို ပြောနေတာဟ"

"ဘယ်သူငယ်ချင်းလဲ"

"စိမ်းစိုလေ"

"ဘယ်လိုလုပ်ပြီး နင့်အာရုံက စိမ်းစိုဆီ ရောက်သွားတာလဲ"

"နင်က ငါ့ကို ဂျစ်ကန်ကန်လေး ဘာလေး ပြောလိုက်လို့ ငါက ဒီမိန်းမရဲ့ ဂျစ်ကန်ကန်ပုံစံကိုလည်း ပြေးမြင်လိုက်မိတာ"

"စိမ်းစိုက အရင်က ဒီလိုလုံးဝမဟုတ်ဘူးဟ၊ နူးညံ့သိမ်မွေ့တယ်၊ ဖော်ရွေတယ်၊ ယဉ်ကျေးတယ်၊ သူ့ Trade mark ကတော့ အမြဲတမ်း မျက်နှာလေးကြည် မျက်လုံးလေးရီအောင် ပြုံးရယ်နေတာပဲ၊ သူက အရမ်းဖြူစင်တာဟ"

"အမွန်းကလည်း တင်လိုက်တာဟာ၊ နင် သူ့ကိုတော်တော်ခင်တယ်၊ ဟုတ်လား"

"အေးပေါ့၊ သိပ်ချစ်တာ ညီအစ်မလိုပဲ၊ သူက တစ်ဖက်သားကိုလည်း အနစ်နာခံ အောက်ကျို့ပေါင်းတယ်၊ အောက်သက်ကြေတယ်၊ သူ့အဖေအမေတွေက သူ့ထက်တောင် ပိုပြီး





ရိုးကြသေးတယ်၊ ငါတို့ပုသိမ်က ပြန်ပြောင်းလာပြီး မကြာခင် သူ့အဖေဆုံးသွားတာ၊ ကြည့်ရတာ အဖေဆုံးတော့ ရိုးအတဲ့အမေကို စိမ်းစိုပဲ ဦးဆောင်ရပြီး ရန်းကန်ရင်ဆိုင်ရတာတွေကြောင့် ရင့်ရော် ကြမ်းတမ်းသွားလား မသိပါဘူး"

"သူ့ဘဲ ဆိုတာရော"

"ဟိုနေ့က သူ ပြောတယ်လေ၊ မရှိတော့ဘူး မမေးနဲ့တဲ့"

"ကွဲသွားလို့ ထင်တယ်"

"အေးပေါ့၊ ငါတော့ မမြင်ဘူးပေမယ့် တခြားသူငယ်ချင်းတွေပြောတော့ ရုပ်ချော သဘောကောင်းပဲတဲ့၊ ဒီလူက ချောင်းသာက ဟိုတယ်ပိုင်ရှင်သူဌေးသားဟ၊ အဲဒီဟိုတယ်အသစ်ဖွင့်တော့ ထုံးစံအတိုင်း ပုသိမ်ကတို့ ရွာနီးချုပ်စပ်ကတို့ ဒေသခံတွေ အလုပ်လျှောက်ကြတာပေါ့၊ ငါတို့အဝေးသင်စက္ကန်းယီးယားလောက်မှာပေါ့ ...

စိမ်းစိုလည်း အဲဒီမှာ အလုပ်လျှောက်တယ်၊ အလုပ်က House keeping အလုပ်ကွာ၊ ငါကတော့ သူ့ကိုမလုပ်ပါနဲ့ဟယ်လို့ တားသေးတယ်၊ ဒါပေမဲ့ သူကတော့ အလုပ်ဟူသမျှ ဂုဏ်ရှိစွပေါ့ဟယ်၊ သူ့အဖေလုပ်စာနဲ့ သူတို့လည်း မချောင်လည်ဘူးလေ၊ ဒီတော့ ပျော်ပျော်ရွှင်ရွှင် အလုပ်ဝင်သွားတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

"တစ်ပတ်တစ်ရက်ပဲ အိမ်ပြန်လာရတယ်၊ ဟိုတယ်မှာပဲ နေရအိပ်ရတယ်ဟဲ့၊ ဒီတော့ ငါနဲ့လည်း အတွေ့နည်းနည်း ကျဲသွားတယ်၊ တစ်ပတ်တစ်ခါပဲ တွေ့ဖြစ်တာပေါ့၊ သူက ငါ့ကို အားလုံးပြောပြောပြပါတယ်၊ အဲဒီသူဌေးသား သူ့ကိုကြိုက်ကြောင်းပေါ့၊ တခြားတူတူ အလုပ်ဝင်တဲ့ သူငယ်ချင်းတွေလည်း ပြောတတ်ကြတာပဲ။ အဲဒီလူကြီးက အသက်နည်းနည်းကြီးတော့ သူ့ကိုသိပ်အလိုလိုက်တာပဲတဲ့၊ သူတို့ရည်းစားဖြစ်တာကိုတော့ အလုပ်တူတူလုပ်တဲ့ သူငယ်ချင်းတွေကို သူက မပြောပြဘူး ဖုံးထားတယ်၊ ငါ့ကိုတော့ပြောပြပါတယ်"

"အင်း ...၊ နောက်တော့ ဟိုတယ်သူဌေးတွေက သူတို့သားနဲ့ House keeper ကို သဘောမတူဘူးဆိုတဲ့ ဇာတ်သိမ်းမျိုးပဲ နေမှာပေါ့ဟာ"

"အေးပေါ့ ... မိုးသက်ရယ်၊ အဲလိုကွဲကွာကြတဲ့ ဇာတ်လမ်းတွေထိ ငါမသိဘူး၊ ငါက သူတို့ချစ်နေကြတုန်းပဲ ရန်ကုန်ရွှေ့ခဲ့ရတာလေ၊ ငါ့ရန်ကုန်အိမ်လိပ်စာ ဖုန်းတွေ သူ့ကိုပေးခဲ့ပါတယ်၊ သူကလည်း သူ ခွင့်ရက်ရှည်ရမယ့် မိုးတွင်းကာလမျိုး လာလည်မယ်လို့ ပြောပြီးသား ..."





နောက် သိပ်မကြာဘူး၊ သူ့အဖေဆုံးတယ်၊ သူ့အဖေဆုံးတာကို ငါသိချိန်က ဆုံးပြီးတစ်လကျော်ရှိပြီ၊ ငါအဲဒီကို မရောက်ပေမယ့် သိသိချင်းတော့ ဖုန်းဆက်လို့ရတဲ့ သူငယ်ချင်းတစ်အိမ်ကတစ်ဆင့် သူ့ဆီ ဆက်တာပဲ၊ သူတို့သားအမိက ပုသိမ်မှာ မရှိကြတော့ဘူးဟ"

"အဖေမရှိတော့ နေဖို့ထိုင်ဖို့တောင် အဆင်မပြေတော့တာထင်တယ်"

"အိမ်က မြို့ထဲမှာ သူတို့အိမ်ပိုင်ပဲ၊ ရောင်းရင်လည်း ဈေးရမယ့် အိမ်လေးပါ၊ သူလည်း ဟိုတယ်အလုပ်ရှိတာပဲ၊ အဖေဆုံးလို့ မဟုတ်ဘဲ နှလုံးသားကိစ္စကြောင့်ပါ အဝေးကို လွင့်ချင်တာဖြစ်မယ်၊ သူတို့ အင်းစိန်ရောက်တာ ခြောက်နှစ်မပြည့်တပြည့် ရှိပြီပေါ့၊ ငါ့ဆီဆက်သွယ်ချင်ရင်ရတာပဲ၊ သူ မဆက်သွယ်ချင်လို့ မဆက်သွယ်ဘဲ အဆက်ဖြတ်ပစ်တာ၊ ဒါကိုကြည့်ရင် သိဟောင်း ကျွမ်းဟောင်းတွေကိုတောင် ဇာတ်မြုပ်ပစ်ချင်အောင် သူ စိတ်ဓာတ်ကျ နာကျင်ဒဏ်ရာရခဲ့တာ ဖြစ်မယ်"

"ဒါပေါ့၊ သနားပါတယ်ဟာ"

"အေး ... တကယ်တော့ စိမ်းစိုတို့က ပိုက်ဆံမရှိ ဂုဏ်မရှိပေမယ့် စိမ်းစိုလို မိန်းကလေးကို ချွေးမတော်ရရင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းမှာကို အဲဒီသူဌေးတွေ မသိကြလို့၊ မိဘကိုလည်း သိပ်ပြုစုတာ၊ မိဘမပြောနဲ့ ငါ့ တစ်ခါ အဖျားတွေကြီးပြီး တိုက်ဖွိုက်သဘောမျိုး ဖြစ်တုန်းက သူပါ ကျောင်းကခွင့်တင်လိုက်ပြီး မိုးလင်းကမိုးချုပ် ငါ့ကို လာပြုစုတာဟ ...

ဖေဖေ ဆေးရုံသွားရင် မေမေက ချက်ပြုတ်လျှော်ဖွပ် အိမ်မှုဝေယျာဝစ္စက ရှိသေးတာ၊ ညနေ ဖေဖေဆေးရုံကပြန် ဆေးခန်းသွားထိုင်တော့ မေမေပါ ဆေးခန်းလိုက်ရတာလေ၊ ဆေးခန်းမှာ ကူရတာပေါ့၊ ငါ့ကို အိမ်က အကူကုလားမလေးနဲ့ပဲ ထားခဲ့ရမှာ၊ အဲဒါ သူ တစ်နေကုန်စောင့်ပြီး သူနာပြု ပြုစုသလို ပြုစုစောင့်ရှောက်တာ၊ ညဘက်ကျမှ ဖေဖေနဲ့မေမေက သူ့ကို အိမ်ပြန်ပို့ပေးရတယ် ...

မေမေက ဇက်ကြောတွေ ဘာတွေ တက်တတ်တော့ မေမေ့ကို ဇက်ကြောဆွဲပေး နင်းနှိပ်ပေး လုပ်သေးတယ်။ လူတစ်ဖက်သားကို စေတနာကို ရှိတာ၊ ပြောရရင် အသေးအဖွဲလေးတွေ အများကြီးဟ၊ သိပ်သဘောကောင်း ဖြူစင်တယ်၊ သူ့ယောက္ခမကို ဆိုရင်လည်း ရိုသေအောက်ကျို့ ပြုစုမှာပဲပေါ့၊ ဒါမျိုး ခံစားရဖို့ မတန်လို့ သူနဲ့သဘောမတူကြတာနေမှာ၊ လွဲပစေ"

"ဟား ဟား ... နင် စိမ်းစိုကို အတော်ချစ်တာပဲ"





"သူ့ကို အဆင်ပြေစေချင်တယ်ဟာ"

"ခုဆိုရင် သူ့တစ်ဝမ်းတစ်ခါးပဲဟာ၊ အိမ်ပိုင် ခြံပိုင်လေးပဲဟာ၊ အဆင်ပြေမှာပါ နွေးနွေးရဲ့၊ သူ့ဆိုင်လေးကလည်း သပ်သပ်ရပ်ရပ် လှည်းလေး၊ သူက ခေတ်မီသားပဲ၊ ဝယ်စားချင်စရာလေး၊ ဒီနားတစ်ဝိုက် စားစရာ သောက်စရာဆိုင်က ခပ်ရှားရှားပဲဟာ၊ ပြီးတော့ သိပ်ဆင်းဆင်းရဲရဲ အိမ်မျိုး ရှားတယ်လေ။ သူ ရောင်းရမှာပါ၊ အဆင်ပြေမှာပါ"

"သူ မြို့ထဲတွေ ဘာတွေ မထွက်ဘူးထင်တယ်၊ ငါးနှစ်ကျော် ခြောက်နှစ်အတွင်း သူနဲ့ မတော်တဆ လမ်းမှာ တစ်ခါတောင် မဆုံဖူးဘူး"

"နင်တို့က သုဝဏ္ဏဘက်၊ တမြော်တခေါ် အလွဲကြီးဟာ၊ ဘယ်ဆုံပါ့မလဲဟ"

သူတို့ကားကို ခြံထဲဝင်ရပ်လိုက်ကာ နှစ်ယောက်လုံးဆင်းလိုက်ကြပါသည်။ ဒီနားက အလုပ်သမားတွေကို စိမ်းစိုအကူအညီနှင့် ငှားရမ်းကာ စည်ပင်က ကားခေါ်ပြီး သယ်ယူရှင်းလင်းပြီးသွား၍ ခြံထဲက အမှိုက်ပုံကြီး ပြောင်တလင်းခါသွားပါပြီ။ မြေရှင်းဖို့တွေ ဆောက်လုပ်ရန် အလုပ်သမားခေါ်ဖို့တွေ စိမ်းစိုအကူအညီနှင့်ပဲ ဆောင်ရွက်ရဦးမည်။ စိမ်းစိုက ရှာထားပေးမည်ဟု ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ လမ်းတွင်းဘက်က စိမ်းစိုတို့ခြံကလေးဆီ လျှောက်လာခဲ့ပါသည်။ စိမ်းစိုတို့ရဲ့ ခြံစည်းရိုးတွင် တစ်ဖက်တစ်ချက်ရပ်ကာ စကားပြောနေသော မိန်းမတစ်ယောက် ယောကျ်ားတစ်ယောက်ကို လှမ်းမြင်ရသည်။ စိမ်းစိုတော့မဟုတ်။

"အဲဒါ ဘယ်သူတွေလဲ"

"စိမ်းစိုအစ်မဝမ်းကွဲ ဆိုတာလေ၊ အပြင်က ယောကျ်ားကတော့ မသိဘူး၊ ဧည့်သည်ဖြစ်မှာပေါ့"

သူတို့ကို လှမ်းမြင်သွားတဲ့ ခင်ကြည်ကြည်က တစ်ကြိမ်မြင်ဖူးပြီးသော နွေးနွေးကို မှတ်မိသောအံ့ပြုံးနှင့် နှုတ်ဆက်ကာ ...

"စိမ်းစို မရှိဘူး ညီမလေး"

"ဟုတ်လား မမကြည်၊ ဘယ်သွားတာလဲ"

"ဈေးဘက်ခဏပါ၊ ညီမတို့လာမှာ သူ သိလား"

"ဒီနေ့ရယ် အတိအကျတော့ ပြောမထားရဘူး၊ ဒီအပတ်ထဲ လာမယ်တော့ ပြောထားပါတယ်၊ ဖုန်းလှမ်းဆက်လို့လည်း မရတော့ ဒီလိုပဲ ထွက်လာလိုက်တော့တာ"

"သူ သိပ်မကြာလောက်ပါဘူး၊ လာ ... အိမ်ပေါ်မှာ ထိုင်စောင့်ပါ ညီမလေး"

"ဟုတ်ကဲ့ ... စောင့်ရမှာပါ မမ"





ခြံအပြင်ဘက်မှာမို့ နွေးနွေးတို့နဲ့အေးမှာတင် ရှိနေသော ဦးဖေဆန်းကြီးက နွေးနွေးနှင့် မိုးသက်လေကို အကဲခတ်ကြည့်နေရာက ...

"ငါ့ညီက မမိုးရဲ့သားများလား"

"ခင်ဗျာ"

"ဒေါ်မိုးခင်ခင် သားလားလို့ပါ"

"ဟုတ်တယ်ခင်ဗျ၊ အစ်ကိုကြီးကိုလည်း မြင်ဖူးတယ်"

"မင်း မိုးလေးပေါ့"

"ဟုတ်ကဲ့"

"ဟား ဟား ... သိပေါင်းကျွမ်းပေါင်းတွေ လာဆုံနေပြန်ပြီ၊ မတွေ့တာ ကြာပြီကိုးကွ၊ ဆယ်နှစ်လောက်ရှိမယ်ထင်တယ်၊ မင်း ဆယ်တန်းအောင်ပြီးတဲ့ အထိတော့ တွေ့သေးတယ်လေ၊ မင်းအမေ မမိုးနဲ့တစ်ရုံးတည်းလေ၊ ဦးဖေဆန်းလေ၊ အဲဒီအချိန်လောက်မှာ မင်းအမေက ရုံးက ထွက်ပြီး ကိုယ်ပိုင်စာရင်းစစ်အဖွဲ့လေး တည်ထောင်ပြီး ကိုယ်ပိုင်အလုပ်လုပ်သွားတော့ အလုပ်ခွင်မတူတော့တာနဲ့ မတွေ့ဖြစ်ကြတော့ဘဲ တဖြည်းဖြည်း ဝေးဝေးသွားကြတာ"

"ဟုတ်ကဲ့၊ ကျွန်တော် မှတ်မိပြီ အစ်ကိုကြီး"

"မမိုး နေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ ကောင်းပါတယ်၊ မေမေက ခုလောလောဆယ် စာရင်းစစ်ကိစ္စတစ်ခုနဲ့ မန္တလေးကို ရောက်နေပါတယ်”

“အရင်တိုက်ခန်းမှာ နေတုန်းလား”

“ပြောင်းသွားပြီခင်ဗျ၊ အခု ‘......’ကွန်ဒိုမှာ နေပါတယ်”

“ဒါနဲ့ ... ဒီမှာ မင်း ဘာကိစ္စရှိလို့လဲ မိုးလေး”

“လမ်းထိပ်က မြေကွက်မှာ ကျွန်တော် စားသောက်ဆိုင် လာဖွင့်မလားလို့ အစ်ကိုကြီး၊ အဲဒီကိစ္စလာတာပါ၊ ဟို တလောက တစ်ရက်လာသွားသေးတယ်၊ အစ်ကိုကြီးနဲ့ မဆုံဖြစ်လိုက်ဘူး”

“အေး ... ငါ အလုပ်သွားနေလို့ နေမယ်ကွ”

“ဒီက မစိမ်းစိုနဲ့တော့ ဆုံလိုက်တယ်”

“စိမ်းစိုနဲ့ !! ဘယ်လို ဆုံတာလဲ”

“သူက နွေးနွေးတဲ့၊ ကျွန်တော့်သူငယ်ချင်းပဲ၊ နွေးနွေးနဲ့ စိမ်းစိုကလည်း ငယ်သူငယ်ချင်းတွေ၊ အဲဒီနေ့က အမှတ်မ ထင်တွေ့ကြပြီး ခြံရှင်းဖို့လူလည်း သူပဲ ရှာဖွေပေးပါတယ်၊ ရှင်းလင်းတဲ့ကိစ္စတောင် ပြီးသွားပြီ၊ အခု အဲဒီမှာ အဆောက် အအုံဆောက်ဖို့ကိစ္စလည်း ပန်းရံတို့ လက်သမားတို့ သူ့ ဆီကပဲ တစ်ဆင့်စုံစမ်းမေးမြန်းမလို့ပါ”

“ဩော်”





“ဒီက နွေးနွေးက သူ့ရဲ့အရမ်းချစ်တဲ့ သူငယ်ချင်းတဲ့၊ စိမ်းစို ပြောပြတယ် အစ်ကိုရဲ့၊ ပြန်တွေ့ကြလို့ဆိုပြီး သူ ဝမ်းနည်းဝမ်းသာ ဖြစ်နေတာ”

ခင်ကြည်ကြည်ကလည်း ဝင်ပြောလိုက်ပါသည်။

“ဟုတ်လား၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းကလေးကိုကွ၊ ဒီလိုပဲ လှည့်ပတ်ပြီး ပတ်လည်ရိုက် သိကျွမ်းခင်မင်နေကြ တာကိုး၊ မင်း ဘာအကူအညီပဲလိုလို ပြောပါ မိုးလေးရ၊ ငါလည်း ကူညီပေးပါ့မယ်၊ ဟိုဘက်အိမ်က ငါ့အိမ်လေကွာ”

“ဩော်”

“စိမ်းစို ဆိုတာ မွေးကာစကတည်းက ငါချီဖူးလာတာပါ။ သူ့အဖေအမေနဲ့လည်း ငါ သိပ်ခင်မင်တာ၊ ခုလည်း သူ့ အမေက ယောဂီရာသက်ပန်ဝတ်သွားပြီ ဆိုတော့ အိမ်ချင်း ကပ်ရက်နဲ့ ငါ ကြည့်ရှုစောင့်ရှောက်ပေးနေတာပါ၊ ပုသိမ် မှာ ဟိုးတုန်းက ရပ်ဆွေရပ်မျိုး ဖြစ်ခဲ့တာပါ၊ တူမသား ချင်းလိုပါပဲကွာ၊ ဒါက စိမ်းစို အစ်မဝမ်းကွဲ မခင်ကြည် ကြည်၊ ငါတို့ရပ်ကွက်ထဲ လူသိနောက်တစ်ယောက်တိုးတာ ပေါ့ကွာ၊ ကြိုဆိုပါတယ် ...

ဒီနားတစ်ဝိုက် စားသောက်ဆိုင်လည်း ရှားတော့ မင်း ဆိုင်ဖွင့်ရင်လည်း အဆင်ပြေမယ် ထင်ပါတယ်၊ ဒီ ခြံကြီးက မင်းတို့ ပစ်ထားတာ ကြာပြီပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆိုပါတော့ဗျာ"

မိုးသက်လေက မတင်မကျသော ဖြေလိုက်ပါသည်။ တကယ်တော့ ဒီခြံကို အဖေဖြစ်သူက မိုးသက်လေကို ပေးခဲ့တာ ကြာပါပြီ။

မေမေကလည်း စိတ်ဝင်တစား မရှိ၍ မိုးသက်လေလည်း စိတ်မဝင်စားပါ။ သူ ငယ်ငယ်ကလေးတည်းက ဖေဖေနှင့် မေမေ ကွဲကွာကြတာဖြစ်၍ ဖေဖေနှင့် သူက သိပ်လည်းမရင်းနှီးပါ။

ဟိုတလောကတော့ ဖခင်ဖြစ်သူက မိုးသက်လေကို ခေါ်ယူကာ ...

"ငါလည်း ကျန်းမာရေး သိပ်မကောင်းဘူးကွာ၊ မင်းအမေ ဘယ်လိုသဘောထားထား မင်းနဲ့ငါက သားအဖက သား အဖပဲ ဆိုတာ မင်းလည်း သဘောပေါက်ပါ၊ သွေးကိုတော့ ဖောက်ထုတ်လို့ မရဘူး၊ ငါက သားတစ်ယောက်အနေနဲ့ ဝယ်ခြမ်းပေးတာကို မင်း ဘာဘာညာညာမတွေးဘဲ ရိုးရိုး ကလေး လက်သင့်ခံစေချင်တယ် ...

မာနတွေ ဘာတွေ ထားရှိရအောင်လည်း မင်းအမေ သာလျှင် ငါ့ကို မကျေနပ်တာ ရှိနိုင်တာ၊ မင်းနဲ့ငါက ဘာ ပြဿနာမှ ရှိတာမဟုတ်ဘဲ မင်းလည်း ငါ့အပေါ် အာဃာတ ထားစရာအကြောင်း မရှိဘူး မဟုတ်လား၊ ဒီမြေကွက်ပို





ကားတစ်စီးတို့ဆိုတာက ငါ့အတွက်လည်း ဘာမှရှိတာ မဟုတ်ဘူး၊ မင်းတို့သားအမိ မျှစ်းတဲ့ကားကို မင်းအမေပဲ ပေးလိုက်တော့၊ မင်းက ဒီကားသစ်ယူပါ ...

ဒီမြေကွက်ကလည်း အခုချိန်မှာတော့ တန်ဖိုးလေး လည်းရှိလာ အကွက်အကွင်းလေးလည်း ကျတော့ မင်း တစ်ခုခု လုပ်ကိုင်စားသောက်ချင်ရင်လည်း အဆင်ပြေ အောင် လက်ခံလိုက်ပါ၊ ဘာမှစဉ်းစားမနေနဲ့၊ မင်းအမေ ကိုလည်း မတားဖို့ ငါ ဖုန်းဆက်ဦးမယ်"

အဲဒီနောက်တော့ မေမေက ...

"သားအဖေက သားကို အဖေတစ်ယောက်အနေနဲ့ ပေးတာ ဖြစ်တော့ လက်ခံ၊မခံကို သား ကိုယ့်ဘာသာပဲ ဆုံးဖြတ်ပါ၊ မေမေ မစွက်ဖက်ပါဘူး၊ သူ့အနေနဲ့ကြည့်တော့ သူ့သား ပဲ မဟုတ်လား"

မေမေ မကန့်ကွက်ဘူးမို့သာ မိုးသက်လေက ဖေဖေ့ ပါက စာချုပ်စာတမ်းတွေနှင့်အတူ ဒီမြေကြီးနှင့် Hilux surf ကားတစ်စီးကို လက်ခံလိုက်တာပါ။ ဖေဖေနှင့်လည်း အတိုက်အခံ ရန်ကြမလည်တွေ မဖြစ်လိုပါ။ ဖေဖေနှင့် မေမေတို့ နှစ်ဦးကြားက ကွာလမ်းကို ဖြစ်တတ်သော သဘောရှိတဲ့ အဖြစ်မျိုးပဲလို့သာ မှတ်သိမ်နားလည်ထားပါသည်။

"ဟော ... စိမ်းစို လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြည်ကြည်က ရေရွတ်လိုက်၍ အားလုံးပင် စိမ်းစို လာရာဘက်ကို လှည့်ကြည့်လိုက်ကြပါသည်။ စိမ်းစိုဘက် ကကြည့်လျှင် မိုးသက်လေနှင့် နွေးနွေးတို့က စိမ်းစိုရဲ့ မုန့်လှည်း ကလေးနှင့် မကွယ်တကွယ်ရှိနေကာ အရင်ဦးစွာ ထင်းထင်းလှမ်း တွေ့လိုက်ရသူက ဦးဖေဆန်းကြီး ဖြစ်နေ၍ စိမ်းစို မျက်နှာက ရှုပ်ပုပ်ကာ ...

"ဦးဖေဆန်းကြီး ကျွန်မ မရှိနေတုန်း မမကြည်ဆီ ဘာလာ လုပ်နေတာလဲ၊ အဲဒီ ဦးဖေဆန်းကြီးဟာ အကျင့်ကိုမကောင်း ဘူးတော့၊ လစ်ရင် လစ်သလိုပဲ သိလား၊ သူ့ကိုပြောရင် တော့ နည်းနည်းမှ မကြိုက်ဘူး"

အဝေးကနေ အာကျယ်ကျယ်နှင့် ရန်ထောင်ကာ ခပ်ဆောင့်ဆောင့် လာနေသူကား စိမ်းစိုပင်တည်း။ ဘေးဘီကကြား မှာလည်း ဂရုမစိုက်လှတဲ့ပုံပေ။ လက်ထဲမှာ ဈေးဝယ်လာတဲ့ ပလတ်စတစ်ဆွဲခြင်းက တစ်လုံးနှင့် မောကြီးပန်းကြီး ရန်လှမ်း လုပ်နေတဲ့ စိမ်းစိုကို မိုးသက်လေက အဝေးကနေမို့ စိမ်ပြေနပြေ စိုက်ကြည့်အကဲခတ်နေမိသည်။

ဝင်းနှစ်နေတဲ့ အသားအရေလေးရယ်၊ က,ကြီးပုံနဖူး ဆံစပ်က မည်းနက်စိမ်းသက်နေတဲ့ ဆံပင်ရယ်၊ စင်ရော်တောင် လို မည်းခက်ကော့ပျံနေတဲ့ မျက်ခုံးရယ်၊ ရွှန်းနက်နေတဲ့ မျက်အိမ် ကျယ် မျက်ဆံစိုစိုရယ်၊ နှာတံပြေပြစ်ကော့မြူးကလေးရယ်၊ လှပ





လုံးဝန်းသေသပ်တဲ့ နှုတ်ခမ်းထူထူ ပန်းရောင်ကလေးရယ်၊ အားလုံး ဟာ အချိုးကျကျလေး ပေါင်းစပ်ကာ ဆွဲဆောင်မှုရှိလှသော မျက်နှာလှလှကလေးကို ဖြစ်ပေါ်စေသည်။

"လာပြီ ... အာကျယ် အာကျယ်နဲ့၊ သင်းလုပ်ပုံမှ တစ်ရပ် ကွက်လုံးကို မောင်းခတ်သလိုပဲ၊ သူက မအေမို့လို့လား၊ ဒီကောင်မလေးတော့နော်၊ သေသွားတဲ့ သူ့အဖေမျက်နှာနဲ့ သည်းညည်းခံနေတာကို ဘာများ မှတ်နေတယ် မသိ ဘူး"

ဦးဖေဆန်းဟာလည်း တကယ် စိတ်တိုပုံတော့ မဟုတ်။ စိတ်တိုစကားထဲမှာပင် ချစ်ခင်ရိပ်လည်း စွန်းနေသေး ကာပင်။ မမကြည်ကတော့ ကျိတ်ပြီး ရယ်ပြုံးပြုံးနေပါသည်။

"ပြောလေ ... ဦးဖေဆန်းကြီး၊ ဘာလာလုပ်နေတာလဲ"

"ဟဲ့ကောင်မလေး၊ ကျယ်လောင် ကျယ်လောင် လုပ်မနေနဲ့၊ ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်၊ နည်းနည်းပါးပါး ရှက်ဦး အားနာဦး"

စိမ်းစိုက ဒီတော့မှ သူ့ကိုယ်လေးကို လမ်းလျှောက် ရင်းကပဲ စောင်းကာ ခပ်ကွယ်ကွယ်ဖြစ်နေတဲ့ ဧည့်သည်တွေကို ကြည့်ကာ နွေးနွေးနှင့် မိုးသက်လေကို မြင်သွားပါသည်။

"အဲဒါ ဧည့်သည်မဟုတ်ဘူး၊ နော် ...၊ သူငယ်ချင်းအရင်း ကြီး၊ ဘာမှရှက်စရာမရှိဘူး၊ ဦးဖေဆန်းကြီးပဲ ရှက်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



“ငါလည်း ဘာမှရှက်စရာမရှိဘူး၊ ဟောဒီက မိုးလေးနဲ့ ငါက သိဟောင်းကျွမ်းဟောင်းတွေ၊ သူ့အမေနဲ့သိပ်ခင်တာ၊ ငါ့အစ်မလိုခင်တာ၊ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေ၊ ဒါ ငါ့တူ ငါ့ညီပဲ”

စိမ်းစိုက ဦးဖေဆန်းကို နှာခေါင်းတစ်ဖက်တည်း ရှုံ့ပြီး မျက်စောင်းထိုးပြီးမှ ...

“နွေးနွေး ... နင်ရောက်တာ ကြာပြီလား”

“ခုနကမှ၊ မိုးသက်က နင်များ အိမ်ဆောက်အဖွဲ့ စုံစမ်းထားပေးပြီးပြီလားလို့ သိချင်လို့”

“အင်း ... ငါ မေးထားပေးတယ်၊ နင်တို့လာမှ သွားခေါ်တွေ့ပေးမလို့လေ၊ သိပ်မဝေးပါဘူး၊ ဒီနားပဲ၊ အခုတွေ့မလား”

မေးခွန်းထုတ်ရင်းက စိမ်းစို မျက်ဆံနက်လေးက မိုးသက်လေထံ ဖျတ်ခနဲ တစ်ချက်ဝဲလာသည်။ သူ့ကိုချက်ချင်း အဖြေမပေးလိုက်မိဘဲ စိုက်ကြည့်လက်စနှင့် ဆက်ကြည့်နေမိတဲ့ မိုးသက်လေကြောင့် စိမ်းစိုက မကြိုက်သလို မျက်နှာလွှဲလိုက်ပြီး ...

“ခုတွေ့မယ်ဆိုရင် ဦးဖေဆန်းကြီး သွားခေါ်ပေးလိုက်ပေါ့၊ ဒါ ဦးဖေဆန်းကြီးရဲ့ တူလို ညီလိုဆိုတော့ ကူညီလိုက်ပေါ့၊ ကျွန်မ ဦးသန်းထွန်းတို့အဖွဲ့ကို ပြောထားတယ်၊ ဦးဖေဆန်းကြီး ဒီပဲ ခေါ်ခဲ့ပေါ့၊ ဒါမှ ဟိုကမြေကွက်အနေအထားတို့ ဘာတို့လဲ သူတို့ သေချာကြည့်ရအောင်”





“ဟုတ်ကဲ့ ခင်ဗျာ၊ ကောင်းပါပြီ၊ ခင်ဗျားလေး စီစဉ်တဲ့ အတိုင်းပါပဲ”

ဦးဖေဆန်းက ခပ်ရွှဲရွှဲပြောရင်း မိုးသက်လေကို ...

“မိုးလေး ... မင်း ဒီမှာခဏစောင့်”

“ကျွန်တော် လိုက်ခဲ့ရမလား အစ်ကိုကြီး”

“နေခဲ့၊ ငါ ချောင်ကျိုချောင်ကြား ဖြတ်လမ်းက သွားလိုက်မှာ”

ဦးဖေဆန်းကြီး ခပ်သုတ်သုတ် ထွက်သွားပါသည်။

“လာ ... အိမ်ပေါ်တက်၊ ဟဲ့ ... နွေး၊ နင် ဘာဂါစားမလား”

“နင်လုပ်ကျွေးမှာလား”

“အေးပေါ့ဟဲ့၊ ငါက ဒါလုပ်ရောင်းတဲ့ဟာ”

“စားမယ်၊ နင့်လက်ရာ စားရတာပေါ့”

စိမ်းစိုက မျက်ဆံလေးတစ်ချက် မိုးသက်လေဘက် ထောင့်ကပ်ဝင့်ကာ ...

“ရှင်ရော”

မိုးသက်လေက ရယ်လည်းရယ်ချင်သွားကာ စိမ်းစို ရဲ့ ခွကျပုံကိုလည်း တစ်ချိန်ထက်တစ်ချိန် ပိုသတိပြုမိရပါသည်။ စားပါဦးနော် ဆိုတာမျိုး လှအောင်မပြောဘဲ “ရှင်ရော” တဲ့။ စားမှာလား ဆိုတဲ့လေသံ။ မေးသာမေးရ စိတ်ကမပါ ဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



"စားမှာပေါ့ဗျ၊ ဘာဂါ အရမ်းကြိုက်တာ၊ ကျွန်တော့်ကို ဂျမ်ဘို(ဆိုက်ကြီး)လုပ်ပေး"

စိမ်းစိုက "အဲ့ရော"ဆိုတဲ့ အမူအရာမျိုး မျက်ခုံးတစ်ဖက်ပင့်ကာ သူ့လှည်းကလေးဆီ တိုးကပ်သွားပါသည်။ မိုးသက်လေ ခွဲ့ပြောတာ သိပေမယ့် သူငယ်ချင်းရဲ့ ခင်ပွန်းလောင်းရယ်လို့ ပြဿနာမရှာချင်တော့သလို ဘာဂါနှစ်ခု ကျွမ်းကျင်ဖျတ်လတ်စွာ လုပ်နေပါတော့သည်။

✧ ♡ ✧





၅

"စိမ်းစိုရေ ... ဖုန်း"

ဦးဖေဆန်းကြီး အသံကြောင့် စိမ်းစိုက အသားတွေကို ဓားမကြီးနှင့် တောက်တောက်စဉ်းနေရာမှ ဓားမကို စဉ့်တီတုံးပေါ် ခွပ်ခနဲ ဆောင့်စိုက်လိုက်ကာ ...

"ကျွတ်"

အေပရွှန်စီးထားတဲ့ခါးပေါ် လက်နှစ်ဖက်က ခါးထောက်ပစ်လိုက်မိပါသည်။

"စိမ်းစို ... ဟဲ့ စိမ်းစို ... ဖုန်းလာတယ်"

"အဲဒီဖုန်းကလည်း"

"သွားပြောလိုက်ပါ မီးမီးရယ်"

"အာ ... မမကြည်ကလည်း၊ ဟိုလူပဲ ဖြစ်မှာ"

"ဖြစ်လည်း ဘာဖြစ်လဲ၊ ကိစ္စရှိလို့ ဆက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေလည်း သူ လာရမှာ၊ နေ့တိုင်း လာနေရတာပဲ လေ၊ ဖုန်းလှမ်းလှမ်းဆက်တာက အကျင့်ကိုပါနေတာ၊ သူ လာမှပြောလည်း ရတာတွေကို ဖုန်းတစ်ခါ ဆက်ပြော ရတာက အလုပ်တစ်ခု၊ သူတို့က ကိုယ့်ဟဲန်းဒ်ဖုန်းလေး ကောက်နှိပ်ပြီး အချိန်မရွေး နေရာမရွေး ခေါ်နိုင်ပေမယ့် ဒီက သူများအိမ် တကူးတက သွားပြောရတာ၊ ကျွတ်"

"ဟဲ့ ... စိမ်းစို"

စိမ်းစိုက မီးဖိုဘက်ကနေ ထမင်းစားခန်းဘက်ကူး ပြီး ဟိုဘက်အိမ်နှင့် နီးနေတဲ့ ပြတင်းပေါက်၌ ရပ်လိုက်ကာ ...

"ဦးဖေဆန်းကြီး ... ဘယ်သူလဲ"

"မိုးလေး"

"မအားဘူးလို့ ပြောလိုက်ပါ"

"သူ ကိစ္စရှိလို့ ဆက်တာပဲ၊ လာပြောလိုက်ပေါ့၊ ခဏပဲ ဟာ"

"သူ့ကိစ္စတွေက ဘယ်တော့မှ အရေးတကြီး အရေးပါပါ တွေ မဟုတ်ဘူး၊ ဘာကိစ္စဆိုတာ ဦးဖေဆန်းကြီးပဲ မေး ထားလိုက်တော့"

"ငါနဲ့မှာလို့ရရင် ငါနဲ့မှာမှာပေါ့၊ နင့်ကိုခေါ်ခိုင်းတာ"

"အရင်ရက်တွေကလည်း သူကသာ ခေါ်ခိုင်းတာ၊ တကယ် ဆို မှာခဲ့လို့ ရတာတွေချည်းပဲ"





"နင်ပြောနေတာက ကြာနေပြီ၊ လာစကားပြောလိုက်ရင် တောင် ပြီးလောက်ပြီ"

"မအားဘူး၊ ဒီမှာ အသားပြားကြော်ဖို့ အသားစဉ်းနေတယ်၊ ဦးဖေဆန်းကြီး မေးချင်လည်းမေး၊ မမေးချင်လည်းနေ၊ သူလည်း ပြောရင်ပြော မပြောရင်နေ"

စိမ်းစိုက ပြတင်းပေါက်က လှည့်ဝင်ခဲ့လျှင် ဦးဖေ ဆန်းကြီးသည် စိမ်းစိုကို စိတ်တွေတိုကာ ...

"ဘယ်လိုကောင်မလေးမှန်းကို မသိတာ၊ လူမှုရေးကိုမရှိ ဘူး၊ ဒါကိုပဲ မိုးလေးကလည်း ဘယ်လိုဖြစ်လို့ အရေးလုပ် နေပါလိမ့်နော်၊ တောက်"

မီးဖိုထဲ ပြန်ဝင်လာသော စိမ်းစိုကို မမကြည်က ...

"မီးမီးရယ်၊ ဘာကိစ္စရှိလဲ မသိတာကို အားနာစရာ"

"အမယ်လေး၊ သူတို့နှစ်ယောက်က တစ်လေသံတည်း၊ တစ်ခါတည်း အဲဒီ မမကြည်ဟာ ဦးဖေဆန်းကြီးရှေ့က ရွတ်တာကို သူက နောက်ကလိုက်ရွတ်ချင်နေတာပဲ"

မမကြည်က ရယ်သွေးဖျန်းသွားပြီး ...

"မဟုတ်ပါဘူးဟယ်"

"အရေးမကြီးတာတွေကို ဖုန်းလှမ်းလှမ်းဆက်နေတာကို စိတ်တိုတာပါ မမကြည်ရဲ့၊ သူ့အိမ်ရော ဆိုင်ရော စဆောက် နေကတည်းက သူ ဒီကို နေ့စဉ်နေ့တိုင်း လာနေရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ ဘာပြောစရာရှိရှိ လာမှပြောလို့ ရတာပဲ၊ ဟိုးအရင်က တကယ်ကိစ္စရှိမှ ဥပမာ ... ဦးတင်ကို့ကို သံဝယ်ဖို့ ပိုက်ဆံ(...)ထုတ်ထားပေးပါ၊ သူရောက်မှပြန်ပေးမယ်၊ ကြိုဝယ်ထားနှင့်လို့ရအောင်၊ သူလာမှဝယ်ရင် အလုပ်မလုပ်ရဘဲ ထိုင်နေရမှာစိုးလို့ ဆိုတာမျိုး ဆက်တာက အဓိပ္ပာယ်ရှိတယ်လေ၊ အလုပ်ကြိုပြီးနှင့်အောင် မလာခင် ကြိုဆက်ရတဲ့သဘော ...

ဒါတောင်မှ မီးက သူ့ခြံထိလမ်းလျှောက်ပြီး ပိုက်ဆံသွားပေးပေးရတာ၊ တကူးတက ကိုယ့်အလုပ်ထားခဲ့ပြီး သွားကူပေးရတာ၊ ခဏ ခဏ မခိုင်းသင့်ဘူးပေါ့၊ နောက်ပိုင်းကျတော့ အဲသလို တကယ်လိုအပ်မှ တစ်ပတ်တစ်ကြိမ်လောက် ဆက်တာမျိုး မဟုတ်တော့ဘူးလေ၊ တစ်ပတ်နှစ်ခါလောက်ဖြစ်လာ၊ နောက်တော့ ခုဆို နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ ဖုန်းလာနေတာ ဘာသဘောလဲ"

"ဒါဖြင့် သူက ဘာတွေဆက်ဆက်ပြောနေတာလဲ"

"အရေးမပါတာတွေပါဆို"

"ဘယ်လိုဟာတွေတုန်း"

စိမ်းစို မျက်နှာကလေးက နီမြန်းလာပါသည်။ မိန်းကလေးပဲ။ ယောကျ်ားလေးတစ်ယောက်က ကိုယ့်ကို ဖုန်းဆက်တဲ့အခါ ဒါဟာ အကြောင်းမရှိ အကြောင်းရှာနေတာ ဟုတ်,မ





ဟုတ် အလိုလိုသိတာပေါ့။ စိမ်းစိုက မမကြည် အမေးစကားအတွက် အဆင်ပြေမှာ တစ်ခုကို အမြန်စဉ်းစားလိုက်ရကာ ...

"ဥပမာ ... နေ့လယ်ကျ သူ့အလုပ်သမားတွေကို ဘာဂါကျွေးချင်လို့ ဆယ့်နှစ်လုံး အော်ဒါလုပ်တာပေါ့၊ အလုံးတစ်ရာမို့လို့ ဆိုရင်တော့ အော်ဒါလုပ်ရမှာပေါ့၊ ဆယ့်နှစ်လုံးများ ခုလာဝယ် ခုရတာ ဖုန်းကြိုဆက်မှာဖို့ လိုလား"

"အဟင်းဟင်း"

မမကြည်က မသိမသာလေး ရယ်သွမ်းသွေးရင်း စိမ်းစိုကို အကဲခတ်သည်။ စိမ်းစိုဟာ သူနဲ့အတူနေကတည်းက ခုထိ ခြောက်နှစ်နီးပါးစလုံး မပြောင်းမလဲ တစ်သမတ်တည်း ယောကျ်ားဆို အမြင်ကတ်ကတ် ဆက်ဆံမြဲတည်း။ ဘယ်ယောကျ်ားကိုမှ မျက်နှာသာ မပေးတာ။ ဦးဖေဆန်းကတော့ ဟိုတလောက ပြောသည်။

"မီးလေးက စိမ်းစိုကို စိတ်များဝင်စားနေသလား မသိဘူး ကြည်လေးရ၊ စိမ်းစိုအကြောင်းတွေလည်း သိပ်မေးတယ်၊ ဟုတ်ရင်တော့ ဒီကောင်မလေးကံကောင်းတာ၊ မီးလေးတို့ သားအမိက စိတ်သဘောလည်းကောင်း၊ ငွေကြေးလည်း အထိုက်အလျောက် ရှိတယ်လေ၊ အဖေနဲ့ကွဲနေပေမယ့် အဖေက သူဌေး၊ ဒါတောင် ခင်ဗျားညီမချောက သူ့ကပဲ နာအုံ့ထင်လား မသိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မိုးလေးကို ဆက်ဆံတာ မာရေကျောရေနဲ့၊ သူကပဲ မတူမတန်လိုလို၊ တစ်ခါတစ်ခါ လူမှုရေး အင်မတန်ခေါင်းပါးတယ်၊ သူ့ဟာသူ ခွကျတာ မယဉ်ကျေးတာတွေက တစ်ခါတစ်ခါ လူတစ်ဖက်သားကို စော်ကားရာကျတယ်၊ ဘယ်လိုဟာလေးမှန်း မသိပေါင်ဗျာ"

မမကြည်က ဘေးမှာ စိမ်းစိုကို အသီးအရွက်တွေ ကူလှီးနေရင်း ...

"မီးမီး"

"အင်း"

"ဟိုလေ ... ဟို ... အဲဒီ မိုးသက်လေက မီးမီးကိုများ ဟိုဒင်း ..."

စိမ်းစိုက ခုတ်လက်စဓားချက်ကို ရပ်ပြီး မမကြည်ဘက် မျက်မှောင်ကုတ်ကုတ်နှင့် ဆတ်ခနဲကြည့်ကာ ...

"ဘာဟိုဒင်းလဲ"

"ဟိုလိုလေဟယ်၊ နင့်များကြိုက်နေလားလို့ပေါ့ဟယ် ...ကဲ"

မမကြည်က အရဲစွန့် ပြောချလိုက်ပါသည်။

"ဟား ..."

စိမ်းစိုက စိတ်ပျက်သလို အော်လိုက်ပြီးမှ ...

"ကြိုက်စရာလား မမကြည်ကလည်း၊ သူက နွေးနွေးရဲ့ ခင်ပွန်းလောင်းဟာကို"





"ဟင် ... တကယ်လား !"

"တကယ်ပေါ့၊ မီးက အလကား ပြောစရာ ဘာအကြောင်းရှိလဲ"

မမကြည်သည် သူ့မျက်စိအမြင်တွင်တော့ နွေးနွေးနှင့် မိုးသက်လေကို လက်ထပ်ကြမည့် ချစ်သူစုံတွဲလို့ ဘယ်လိုမှ မထင်မြင်နိုင်ပေ။ စိမ်းစိုကို စောဒကဆက်မတက်ဝံ့၍သာ ငြိမ်နေလိုက်ရပါသည်။ သို့သော် နည်းနည်းတော့လည်း ကွန့်ဖို့ အတွန့်တက်ဖို့ မအောင့်အည်းနိုင်ကာ ...

"ဒါဖြင့် သူက အရေးမပါဘဲနဲ့ စိမ်းစိုဆီ ဘာဖြစ်လို့ ဖုန်းဆက်ဆက်နေလဲ"

စိမ်းစိုလည်း ဒါကို ကသိကအောက် ဖြစ်ဖြစ်နှင့် တွေးနေတာပင်။ သို့သော် မမကြည်ထံမှာတော့ အရေးမကြီးသလို လျှောချကာ ...

"အို ... ရှုးလို့နေမှာပါ၊ တော်ပါတော့ သူ့အကြောင်း၊ မမကြည် တစ်ဆိတ်လောက် ဂက်စ်မီးဖိုဖွင့် ဆီအိုးတင်ပေးပါ၊ စိမ်းစို အသားပြား ကြော်တော့မယ်၊ ခုနစ်နာရီတောင် ထိုးပြီ တကတည်း၊ ကျောင်းရှေ့ကို ရှစ်နာရီအရောက် ပြေးရမှာ၊ ဟိုလူလည်း အံ့ပါရဲ့၊ မိုးမလင်းခင် သူများ အလုပ်များချိန် သူ့ကျ အချိန်တွေ သိပ်ပိုနေတယ်နဲ့တူပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တော့ စိမ်းစိုသည် ပါးစပ်က ပွစိပွစိနှင့်ပင် ဘာဂါကြားညှပ်ဖို့ ကြက်သားပြား၊ ဝက်သားပြားတို့ကိုကြော်နေပါတော့သည်။ မမကြည်လည်း စကားဆက်မပြောနိုင်ဘဲ ဘာဂါတွန်းလှည်းလေးကို ပြင်ရလေပြီ။ လိုအပ်တဲ့ အသီးအရွက်၊ ဘူးခွက်တွေတင်၊ ငရုတ်ဆီ၊ ထောပတ်၊ မရောနီးစ် မကျန်။ ဂက်စ်မီးဖိုငယ်လေးနှင့် အပေါ်က ဒယ်ပြားအသင့်စီမံထားတဲ့ အံပါဝင်သော တွန်းလှည်းလေးဟာ ဂက်စ်မီးဖိုဖွင့်ပြီး ချက်ချင်းစီမံပြုလုပ်တဲ့ ဘာဂါဟော့ဒေါ့ ပူပူနွေးနွေးတို့ကို ရရှိနိုင်တာပါ။

ဒီနားက အထက်တန်းကျောင်း တစ်ကျောင်းရဲ့ ကျောင်းမတက်ခင် ရှစ်နာရီမှ ကိုးနာရီအထိ တစ်ချိန်၊ ကျောင်းအဆင်းသုံးနာရီမတိုင်ခင် အရောက်ကြိုသွားကာ ကျောင်းဆင်းလာတဲ့ ကလေးတွေကို ရောင်းရန်တစ်ချိန် စုစုပေါင်း နှစ်ချိန်သွားပါသည်။ ကျောင်းကအပြန်မှာ တစ်ခါတစ်ရံ ဝယ်သူကြဲလျှင် လမ်းထိပ်မှာ ခဏတဖြုတ် တွန်းလှည်းရပ်ပြီး ရောင်းသည်။

ကျန်တဲ့အချိန်တွေမှာတော့ ခြံရဲ့ရှေ့မှာပဲ တွန်းလှည်းကိုတည်ကာ ရောင်းပါသည်။ ခြံဝင်းတွေရှိတဲ့လမ်း ဖြစ်ပေမယ့် လမ်းက နှစ်ဖက်လုံးအပွင့်။ နှစ်ဖက်လုံး ဘတ်စ်ကားပြေးတဲ့ လမ်းမကျယ်ကြီးတွေဖြစ်၍ အဖြတ်အသန်း အသွားအလာများတဲ့ လမ်း ဖြစ်ပါသည်။ ထို့ကြောင့် အတော်အသင့် ရောင်းရပါသည်။





ခုနစ်နာရီမိနစ်လေးဆယ်လောက်မှာတော့ ညီအစ်မနှစ်ယောက်သား အိမ်ကိုသော့ခတ်၊ လှည်းကိုတွန်းကာ အထက်တန်းကျောင်းဆီ ထွက်လာခဲ့ကြသည်။ သူ့ခြံထဲမှာ ပန်းပင်ရေလောင်းနေတဲ့ ဦးဖေဆန်းက သူ့အချစ်တုံး မမကြည်ကိုတော့ ဝမ်းသာအယ်လဲ နှုတ်ဆက်ကာ စိမ်းစိုကိုတော့ နှုတ်ခမ်းရွဲ့ပြရင်း ...

“ဘာတုန်း၊ ညည်းက ရွှေမှုန်စားပြီး မွေးထားတဲ့သူမို့ မာနကြီးနေသလား ဟုတ်လား၊ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး ရွှေဇွန်းကိုက် ကြီးလာတာလား”

“ဦးဖေဆန်းကြီး ဘာတွေပြောနေတာတုန်း၊ တရွှေရွှေနဲ့၊ တော်ကြာ လန့်ဖျပ်ပြီး ရွှေချေးတွေ ခုန်တက်နေဦးမယ်”

“ဟိုက ကိစ္စရှိလို့ ဆက်တာကို သူက မအားသလေး ဘာလေးနဲ့”

“အားမှုမအားတာကို၊ လူတစ်ဖက်သား ပြေးလွှားအလုပ်ရှုပ်ချိန် မနက်စောစောမှာ ဖုန်းအမြဲခေါ်တာ သိတတ်မှုကို မရှိဘူး”

“ပြောစရာရှိလို့ ခေါ်တာပဲဟာ”

“ဘာတဲ့လဲ”

“တကယ်လို့ သူ နောက်ကျနေရင် အလုပ်သမားတွေကို ပြောထားပါတဲ့”

“ဘာပြောထားရမှာလဲ”


www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နောက်ကျမယ်ပေါ့ဟာ၊ ခဏနေလာမှာပါပေါ့"

"အဲဒါဘာပြောနေစရာလိုလို့လဲ၊ သူ့ဟာသူ ခဏနေမှလာလာ တော်တော်ကြာမှလာလာ အလုပ်သမားက သူ့အလုပ်သူလုပ်နေမှာပဲဟာ"

"တော်ကြာ သူ မလာဘူးထင်ပြီး ပြန်သွားတာတို့ ဘာတို့ ဖြစ်မှာစိုးလို့ နေမှာပေါ့"

"အဲလိုဖြစ်စရာအကြောင်းမှ မရှိဘဲဟာကို၊ ဘယ်သူမှမပြန်ဘူး၊ သူတို့ဟာနဲ့သူတို့ အလုပ်လုပ်နေလိမ့်မယ်၊ တကယ့်ကို မှာမှဖြစ်မှာဆိုလည်း ဒါကို ဦးဖေဆန်းကြီးကို မှာခဲ့လို့ရတယ်၊ ဦးဖေဆန်း မြို့ထဲသွားဖို့ အဲဒီထိပ်ဘက်ထွက်တော့ အလုပ်သမားတွေကို ပြောလိုက်ရင် ရတာကို"

သူတို့အိမ်က စ,တွန်းထွက်ကတည်း အပြန်အလှန် အော်ပြောလာကြတာ ဦးဖေဆန်း ခြံရှေ့ကဖြတ်တဲ့တစ်လျှောက်လုံး ဦးဖေဆန်းက ခြံစည်းရိုးတလျှား အတွင်းဘက်က ယှဉ်လျှောက်ရင်း ပြောလာသည်။ သူတို့ခြံဆုံးတော့ စိမ်းစိုက ကိုယ်ပြောတဲ့စကားနဲ့ပဲ လှမ်းအော်အဆုံးသတ်ခဲ့ပါသည်။

ဦးဖေဆန်းကြီးကို ကျေးဇူးလည်းတင် ခင်လည်းခင်ပါသည်။ နောက်ဆုံးတစ်နေ့ မမကြည်ကို ဘယ်လိုတားနေနေ သူတို့ချင်း ချစ်ကြိုက်ယူသွားလည်း ကိုယ်ဘာတတ်နိုင်တာမှတ်လို့။





ဝင်ပေမယ့် ပါးစပ်ကတော့ အကြောတင်မခံ ပြန်ကိုခွန်းတုံ့လှန်ရမှ။ ခုလည်းပဲ မိုးသက်လေ ဖုန်းဆက်ဆက်နေတာကို စိမ်းစိုစိတ်ထဲ ကသိကအောက် ဖြစ်ရကာ တစ်ဆင့်ခေါ်ခေါ်ပေးနေတဲ့ ဦးဖေဆန်းကြီး ပုံစံက မိုးသက်လေကို အခွင့်အရေးပေးချင်ချင်ရှိတာ ရိပ်မိနေသည်။

စိမ်းစိုက ယောက်ျားမုန်းဝါဒကို ဖြန့်ထားနိုင်လွန်းလို့။ နို့မို့ရင် သူ့အရိပ်အယောင်က ဒီနှစ်ဦးကို လှောင်ချင်ချင် အရိပ်အယောင်ရှိသည်။ ဒီအိမ်ရောက်ကတည်းက ကိုယ့်ဘက်ကတစ်နေရာရာကို ဖုန်းဆက်ချင်လို့ ဦးဖေဆန်းတို့အိမ် သွားဆက်တာမျိုး ရှားရှားပါးပါး ရှိတော့ ရှိတတ်ပေမယ့် ဦးဖေဆန်းထံကိုအပြင်က ဖုန်းလာပြီး စိမ်းစိုကို ခေါ်ပေးခိုင်းသည် ဆိုတာမျိုးဟာမရှိသလောက်ရှားသည်။

အမေက လိုအပ်တဲ့ပစ္စည်းလေး လှမ်းမှာတာမျိုး နှစ်ကြိမ် သုံးကြိမ်ပဲ စုစုပေါင်းရှိဖူးလျက် တော်ရုံတန်ရုံနှင့်လည်း အမေက ဆက်တာမဟုတ်ပါ။ စိမ်းစိုနှင့် မမကြည်သာ တစ်လတစ်ကြိမ် ရိပ်သာကိုသွားကြမြဲမို့ သွားခါနီးမှာ အမေတို့ထံ ဖုန်းလှမ်းဆိတ် မေးတာမျိုး ရှိပါသည်။

ဒါတောင် လွန်ခဲ့တဲ့နှစ် အမေခင် ဆုံးပြီးကတည်းက သူတို့အိမ်မှာ ဦးဖေဆန်း တစ်ယောက်ပဲ ကျန်ရစ်တာမို့ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တန်ရဲ့ စိမ်းစိုတို့က မဝင်ထွက်တော့ပါ။ ဦးဖေဆန်းရဲ့မောင်နှမတွေထဲက အိမ်ထောင်ခွဲတွေဟာ သူတို့မိသားစုနှင့်သူတို့ သီးခြားစီနေကြကာ လူပျိုကြီးနှစ်ယောက်ဖြစ်တဲ့ ဦးဖေဆန်းနှင့် ညီအငယ် ဦးတင့်ဆန်းတို့သာ ဒီအိမ်မှာနေကြရာက မကြာခင်က ဦးတင့်ဆန်းက အလုပ်တာဝန်နှင့် နေပြည်တော်မှာ ပြောင်းရွှေ့နေရပါသည်။

ဒါကြောင့် ရံဖန်ရံခါ ပိတ်ရက်လေးဆက်မှ ခွင့်ရမှ ရောက်လာတတ်ရာ ဟိုဘက်အိမ်မှာ ဦးဖေဆန်း တစ်ကိုယ်တည်း နေတာပါ။ ဦးဖေဆန်း တစ်ကိုယ်တည်း ဖြစ်ကတည်းက မမကြည်ရဲ့တိုက်တွန်းမှုလည်း အပါအဝင် ဦးဖေဆန်းရဲ့တောင်းဆိုမှုလည်း အပါအဝင်ကြောင့် ဦးဖေဆန်းကို ထမင်းလခယူပြီး စိမ်းစိုတို့က ထမင်းကျွေးပါသည်။

အဲသလို ပတ်သက်ရာ ပတ်သက်ကြောင်းတွေရှိသည့် ဦးဖေဆန်းနှင့် ဟိုလူက သိကျွမ်းရင်းနှီးနေပြန်သည်။

အတွေးတွေနှင့် လှည်းကို ခပ်သုတ်သုတ် တွန်းလာသော စိမ်းစိုသည် မိုးသက်လေရဲ့ခြံရှေ့ မရောက်ခင်နားတွင် လမ်းထိပ်က ချိုးချဝင်လာသော သူ့ရဲ့ကားကြီးကို ရင်ဆိုင်တွေ့လိုက်ရပါသည်။ ခြံရှေ့မှာ ကားရပ်လိုက်ပြီး စိမ်းစိုတို့လှည်းကိုလည်း တွေ့တာမို့ မိုးသက်လေက ကားပေါ်က ကမန်းကတန်းဆင်းလိုက်ကာ ...





"မစိမ်းစို"

စိမ်းစိုက မထူးဘဲ ကြားတော့ ကြားမှန်းသိအောင် မှုန်တေတေ လှမ်းကြည့်သည်။ နောက်ကျရင် ကျမယ်ဆိုတဲ့လူက ခုတော့လည်း ခုနစ်နာရီလေးဆယ့်ငါး ရောက်လာပါလား။ အလုပ်သမားအဖွဲ့က ရှစ်နာရီလောက် ရောက်ကြပေမယ့် သူက အမြဲခပ်စောစော ရောက်လေ့ရှိသည်မှာ စိမ်းစို ကျောင်းရှေ့မသွားခင် အံကိုက်ပင်။

သူ့ခြံရှေ့က လှည်းဖြတ်တွန်းတိုင်း သူ ရောက်နှင့်ပြီး တစ်မျိုးမျိုး နှုတ်ဆက်နေကျဟာ လ,နဲ့ချီတွေ ကြာလာပြီပဲ။ ဒီလူ ရိုးမှရိုးရဲ့လား ငါ့အပေါ်။ အို ... အတွေးနှယ် ရှက်ဖို့ကောင်းလိုက်တာ။ ချွေးချွေးရဲ့လူကို ဒီလို သံသယမကင်း တွေးကြည့်မိစရာလား။

"ဒီမှာဗျ ... ဒါက ဆေး"

မိုးသက်လေက လှည်းရှေ့က ပိတ်ရပ်လိုက်၍ စိမ်းစိုနှင့် မမကြည် လှည်းကိုဆက်မတွန်းသာဘဲ အရှိန်သတ်လိုက်ရပါသည်။

"မစိမ်းစိုက ဗိုက်အောင့်တတ်လို့ ဒါ ခရင်မေးလ်အက်စ်၊ ဟိုတစ်နေ့ကတောင် အကြီးအကျယ် တစ်ချီဗိုက်အောင့်နေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုက မျက်မှောင်လေး ကုတ်လိုက်ရင်း ...

"အဲဒါကြောင့် ရှင် ဆေးဝယ်ပေးဖို့ မလိုဘူးထင်တယ်၊ ရှင်နဲ့ ဘာဆိုင်လို့လဲ"

မိုးသက်လေက စိမ်းစိုကို ခပ်စိုက်စိုက် အတန်ကြာ စိုက်ကြည့်လိုက်ပါသည်။ တရင်းတနှီး အပြုအမူ အပြောအဆိုရယ် လို့ကို လုပ်မရပါလား။ သဘောကျလိုက်လေ။ မိုးသက်လေက နှုတ်ခမ်းတစ်ဖက်တွန့်၍ အသာအယာ ပြုံးလိုက်ကာ နှာခေါင်းလေး ကိုပွတ်ရင်း ...

"ကျွန်တော် ဝယ်လာတယ်လို့ ခင်ဗျားကို ပြောမိလို့လား"

စိမ်းစို မျက်နှာက နီမြန်းသွားပါသည်။ ရှက်စရာ။ သူက မိုးသက်လေ အရောဝင်ကာ ဝယ်လာပေးသည်ပဲမှတ်တာ။ အဲသလို ထင်မြင်မိတယ်ဆိုတဲ့အဖြစ်က လူကို ရှက်စနိုးဖြစ်စေ သည်။

"ခင်ဗျားကို ခွေးခွေး ပေးလိုက်တာ၊ အဲဒီနေ့က ခင်ဗျား က ခရင်မေးလ်အက်စ်သောက်ရင် သက်သာနေကျ၊ မအား လို့ ဆေးကုန်နေတာတောင် ဝယ်မထားမိဘူး ပြောတာလေ၊ ဆေးခန်းကလည်း မနီးဘူးဆို၊ အဲဒီတော့ သူက တစ်နေ ရာရာက ခရီးကြုံ ဝယ်လာတယ်နေမှာပေါ့၊ ကျွန်တော်က တစ်ဆင့်ပေးခိုင်းလိုက်တာ၊ ကျွန်တော့်တာဝန်က သူပေး





ခိုင်းလို့ပေးတာ၊ ခင်ဗျားဘာသာ မလိုရင် လွှင့်ပစ်ပစ်၊ သူ နဲ့ပြော"

ငွေရောင် ဆေးပြားကတ်လေး ငါးကတ်ကို လှည်း ပေါ်လှမ်းပစ်တင်လိုက်ပြီး မိုးသက်လေက လှည့်ထွက်သွားပါသည်။ မမကြည်သည် အားနာသော မျက်နှာရှုံ့မဲ့မဲ့နှင့် စိမ်းစိုကို ဘေး တိုက်တဲ့တောင်နှင့် ထွက်လိုက်သည်။ စိမ်းစိုက လန့်ဖျပ်ယောင် ယမ်းပြီး ...

"ဒီမှာ"

ဟင် ...။ သူ လှည့်ကြည့်ပြီ။ ဘာကြောင့် လှမ်း ခေါ်လိုက်မိပါလိမ့်။ ဆောရီးနော်လို့ တောင်းပန်နေရဦးမှာလား။ မလိုပါဘူး။ ဒါဖြင့် ဘာများပြောရမှာပါလိမ့်။ သူက မျက်မှောင် ကိုတွန့်ပြီး အတော်ကြီးကျယ်တဲ့မိန်းမ ဆိုတဲ့ အကြည့်မျိုးနှင့် ကြည့်နေတာလေ။

စိမ်းစိုက ဟန်ကိုတင်းလိုက်ရင်း ...

"ရှင် မနက်မနက်တွေကျ ကျွန်မကို အလကားဖုန်းဆက် ဆက်မနေနဲ့၊ အဲဒီအချိန် ကျွန်မတို့ အရမ်းအလုပ်ရှုပ်နေတဲ့ အချိန်ရှင့်၊ ကျောင်းအမိပြေးပြီး ဈေးရောင်းရမှာ၊ ရှင့်လို သူဌေးသားလည်း မဟုတ်ဘူး၊ အားလည်းမအားဘူး၊ ရှင့် က အားနေတိုင်း အရေးမပါတာတွေ လှမ်းလှမ်းမဆော်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုက စကားလည်းဆုံး လှည်းကိုလည်းတွန်းထွက်။

မမကြည်သည် ရှုံ့မဲ့ပြီး စိမ်းစိုကိုကြည့်ကာ ...

"နင်ဟာလေ ... တားကာမှ ပိုဆိုးတော့တာပဲ မီးမီးရယ်"

စိမ်းစိုသည် ထွက်လာပြီးမှ နှုတ်ခမ်းလေးကိုက်ပြီး စဉ်းစားလာမိသည်။ ဆေးကို သူ စေတနာပိုပြီး ဝယ်လာပေးတယ်လို့ ကိုယ်က ထင်မှတ်စွပ်စွဲမိသည်။ သူက နွေးနွေးပေးလိုက်တာလို့ ဖြေရှင်းလိုက်တော့ စိမ်းစိုက မနက်တွေ အကြောင်းမရှိ ဖုန်းမဆက်ဖို့ ထပ်ပြောပြန်သည်။

စိမ်းစို စကားတွေက ဘယ်လိုဖြစ်သွားပြီလဲ။ သူ စိမ်းစိုကို တမင်တကာ လိုက်ပတ်သက်နေပါတယ်လို့ အတင်းအဓမ္မ မရမက စွပ်စွဲသလို ဖြစ်နေပြီပေါ့။ ရှင် မရိုးသားဘူးလို့ ဆိုချင်နေရာ ကျနေပြီပေါ့။ တစ်ခုပြီးတစ်ခု သူ ငါ့အပေါ်မရိုးသားပါဘူးဆိုတာ လိုက်ဖော်နေသလို ဖြစ်နေပြီပေါ့။ သူက တကယ်ပဲ ရိုးသားနေပါတယ်ဆိုရင် စိမ်းစို အပြုအမူဟာ မိန်းမတစ်ယောက်အနေနှင့် ကိုယ်ဖြစ်စေချင်သလိုပဲ ကိုယ်က လျှောက်ပြောနေသယောင်ယောင်လိုမျိုး ရှက်စရာကောင်းနေပြီ။

အို ... မဟုတ်ဘူး။





စိမ်းစိုက ခေါင်းလေးကို ခါယမ်းလိုက်သည်။ ဟုတ်ကိုဟုတ်တယ်၊ သူဟာ မရိုးသားချင်တာ အမှန်ပဲ။ မိန်းမတို့ရဲ့ အလိုအလျှောက်သိတဲ့ စိတ်နဲ့ကို သိနေတာ။ စိမ်းစိုထင်တာ မမှားနိုင်ပါဘူး။

မိုးသက်လေက လှည်းတွန်းသွားရင်း ခေါင်းကို ခါယမ်းနေတဲ့ စိမ်းစိုရဲ့နောက်ကျောကို ရပ်ကြည့်နေမိရာက ဖုန်းကိုဖွင့်ပြီး ခလုတ်တချို့နှိပ်သည်။

"ဟဲ့ ... မိုးသက်၊ ပြော"

"အေး ... နွေးနွေး၊ နင့်ကို စိမ်းစိုက ခရင်မေးလ်အက်စ် ဝယ်ပေးလိုက်လားမေးရင် အင်းလို့ ပြောနော်"

"ဘာ"

"ငါ သူ့ကို ဆေးဝယ်လာပေးတာ ဝန်ခံလိုက်ရင် သင်းက ဘဝင်မြင့်သွားမှာမို့လို့၊ နင် ဝယ်ပေးလိုက်တာလို့ပဲ ငါပြောထားတယ် သိလား၊ တကယ်လို့များ စိမ်းစိုက နင့်ကိုမေးခဲ့ရင် မသိဘဲ ငြင်းနေမိမှာစိုးလို့"

"ဪဟောဟော ... မိုးသက် ... မိုးသက်၊ Poor မိုးသက်၊ ဟဲ့ ... နင် မှန်မှန်ပြောစမ်း၊ မိန်းမဆိုတာ ရှုပ်တယ်ဆိုတဲ့ ငါ့သူငယ်ချင်း ခုတော့ ရှုပ်ရှုပ်ကလေးကိုပဲ သဘောကျနေပြီမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်သူငယ်ချင်းက အလကားနေရင်း ဘဝင်မြင့်နေတာ ဟ၊ တောက် ... ငါ နားရင်းအုပ်ပစ်ချင်စိတ်ကို ပေါက်တယ်"

တစ်ဘက်က နွေးနွေးက ဟက်ဟက်ပက်ပက် ရယ်နေပါသည်။

✧ ♡ ✧





၆

ညနေခင်းလေးက သာသာယာယာ အေးအေးချမ်းချမ်း။ ခြံကျယ်ကြီးထဲမှာ ဆောက်လက်စ အဆောက်အအုံနားမှာ အလုပ်သမားတွေက အလုပ်သိမ်းပြန်ရန် ရေချိုးသူချိုး၊ အဝတ်လဲသူလဲ။

ဒီဘက်ခြံတစ်ခြမ်းမှာ ကြိမ်ခုံဝိုင်းဟောင်းဟောင်းကြီးက နှစ်လုံး၊ သစ်သားလေးချောင်းထောက် ခွေးခြေကနှစ်လုံး၊ ပလတ်စတစ်ခုံဟောင်းလေးကတစ်လုံး စုပေါင်းစပ်ပေါင်းဝိုင်းဖွဲ့ကာ မိုးသက်လေ၊ ဦးဖေဆန်း၊ စိမ်းစို၊ မမကြည်နှင့် နွေးနွေးပါဝိုင်နေကြပါသည်။

နွေးနွေးက တစ်လလုံးမှတစ်ကြိမ် နှစ်ကြိမ်သာ ပါလာတတ်တာပါ။ ခုဆိုလျှင် ဆောက်လုပ်ရေးဝင်နေတာ သုံးလကျော်ပြီ။ ဘန်ဂလိုဆန်ဆန် အုတ်ဖိနပ်ခံ သစ်သားအိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး၊ စားသောက်ဆိုင်ကြီး အတွက်တော့ လေးဖက်လေးတန် အကာအရံမပါဘဲ ခါးတစ်ဝက်အမြင့်လောက် ရာဇမတ်ကွက် အကာသာပါတဲ့ သမံတလင်းခင်း ကျယ်ကျယ်လွင့်လွင့်အဆောင် တစ်ဆောင် လက်စသတ်လုပြီ။ ဆိုင်မှာ ခေါင်မိုးသာ အသေ အချာပါတာဖြစ်တဲ့အတွက် ထိုခေါင်မိုးကို စုလစ်မွန်းချွန်သဏ္ဌာန် ခပ်ဆန်းဆန်း အလှဆင်ထားသည်။

"မိုးသက် နက်ဖြန်လည်း ငါ့ကို လာခေါ်ဦးနော်၊ ဒီကိုတော့ မလိုက်တော့ဘူးလေ၊ ငါ့ကို စမ်းချောင်းမှာချပေး"

"ဟုတ်နေတာပဲ၊ နွေးနွေးတို့ကတော့"

"အေးလေ၊ နင်နဲ့ထွက်မှ ငါ့မှာ ရှောရှောရှူရှူ ထွက်လို့ ရတာကိုးဟဲ့၊ ဟုတ်တယ် စိမ်းစိုရယ် သိလား၊ ငါ့အမေဟာ လေ အသက်ကြီးလာတော့ ငါ့ကို တော်တော်ရစ်တယ်၊ နင် လာပြောဦး၊ နင့်ကိုဆို မေမေက ချစ်တာ၊ နင်တစ် ရက်အိမ်လိုက်လည်ဦးဆိုတာ ခုထက်ထိကို မလိုက်ဘူး ... ဟဲ့ ...၊ ဟဲ့ ... စိမ်းစို၊ နင် ငါပြောနေတာ ကြားရဲ့ လား"

နွေးနွေးက ပခုံးချင်း လှမ်းတိုက်လိုက်မှ ခုံချင်းပူး ကပ် ထိုင်နေသော စိမ်းစိုက နွေးနွေးဘက်လှည့်ကြည့်လာကာ ...

"ဘာလဲ နွေးနွေး"

"ဟောတော်"





စိမ်းစိုသည် နွေးနွေးနှင့် မိုးသက်လေ အကြောင်းကို တွေးစားရင်း အဲဒီထဲ စိတ်နစ်သွား၍ နွေးနွေး စကားတွေကိုမကြား လိုက်။

"နင် ငါပြောတာတွေ မကြားဘူးလား"

"ဟင့်အင်း"

"ဟိုဘက်ကိုငေးပြီး ဘာကိုကြည့်နေတာလဲ"

နွေးနွေးက စိမ်းစို ကြည့်နေရာဘက်ကို ဘာများ ကြည့်စရာရှိလဲဟု လိုက်လံရှာဖွေ ကြည့်နေပါသည်။

"ငါ ဟို ဒန့်သလွန်ပင်ကို ကြည့်နေတာ"

"ဒန့်သလွန်ပင်က ဘာဖြစ်နေလို့လဲ"

"ဪ ... ခြံပိုင်ရှင်က ခြံမှာလာနေပြီဆိုတော့ ဒီအပင်က ဒန့်သလွန်သီးတွေ ငါတို့ ခူးမစားရတော့ဘူးလို့ တွေးနေ တာ၊ ဟိုလေ ... အရင်နှစ်တွေကတော့ ဒီခြံရှင်က တစ် နှစ်တစ်ခါ ဒန့်သလွန်သီး သရက်သီး ပိန္နဲသီးတွေ သီးချိန် လည်း လာခူးလေ့ မရှိဘူးဆိုတော့ ဒီလိုပဲ လမ်းထဲကလူ တွေ ဦးရာလူ ဝင်ခူးနေတာပေါ့ ...

ကုန်းဆင်းက ကုလားမဆိုရင် ပိုပိုသာသာခူးပြီး လမ်းထောင့်မှာ ဗန်းလေးနဲ့တောင် ရောင်းလိုက်သေး၊ ငါ လည်း မနက်ကျောင်းကို မုန့်ရောင်းသွားရင်း စောစောစီးစီး တစ်ခါတလေ ဒန့်သလွန်သီး ဝင်ခူးတာပေါ့ ... ဟဲဟဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပိန္နဲသီးတော့ မကြိုက်ဘူး၊ သရက်သီးကျတော့ စားပေမယ့် ဒီလိုပဲ တစ်လုံးစ နှစ်လုံးစလောက်ပဲပေါ့၊ ဒန့်သလွန်သီး ကျတော့ ငါက ကြိုက်တော့ ဝင်ဝင်ခူးနေကျ၊ ဒီနှစ်တော့ မခူးရတော့ဘူးလို့ တွေးနေတာပါ”

“ဘုရားရေ ... တလွမ်းတဆွတ် ရှိလိုက်တာ၊ ပြောနေပုံက၊ ဒန့်သလွန်သီးကို သူ ဝယ်မစားနိုင်ပုံပါလား မမကြည်၊ စိမ်းစို ... နင်ဟာလေ အံ့သြစရာ ကလေးမဟုတ်သူငယ် မဟုတ်၊ နင် ဒီလို တကယ်တွေးနေရင်လည်း ဒန့်သလွန် ပင်ပိုင်ရှင် ခြံပိုင်ရှင်ကို ဖွင့်ပြောစရာလားဟဲ့၊ စိတ်ထဲကျိတ် တွေးနေပေမယ့် မျိုသိပ်ထားရမှာပေါ့၊ ကျွတ် ... တကယ် ပါပဲ နင်ကတော့”

နွေးနွေးရဲ့ တအံ့တသြ စိတ်ပျက်လက်ပျက် ပြောနေ ပုံကို ဦးဖေဆန်းရော မမကြည်ရောက အသံထွက် သိသိသာသာ ရယ်ကြကာ၊ မိုးသက်လေသည်လည်း မအောင့်နိုင်ဘဲ ပြုံးတော့ ပြုံးနေမိပါသည်။

ဟုတ်ပါရဲ့။ ဘယ်လို မိန်းမပျိုပါလိမ့်။ အသက် လေး အစိတ်ပဲရှိသေးပြီး သူ မရှက်ချင်ရင် ရှက်ကိုမရှက်ဘူးထင် ပါရဲ့။

“မိုးသက် ... ဒန့်သလွန်သီး သီးရင် သူ့ကို တစ်နေ့နည်း နည်း ဟင်းချက်စားဖို့ ပေးလိုက်စမ်းပါဟယ်၊ ကြားလား”





စိမ်းစိုက နွေးနွေးရဲ့ ပိုင်ပိုင်နိုင်နိုင် လှမ်းပြောပုံလေး ကို ချစ်စနိုးကြည့်နေမိပါသည်။ တကယ်ဆိုရင် မိုးသက်လေနှင့် နွေးနွေး ယှဉ်ရင် ချစ်သူငယ်ချင်း နွေးနွေးခမျာ ရုပ်ကလေးသိပ် လှရှာပါ။ မိုးသက်လေကတော့ ပြောရမယ်ဆိုရင် နိုင်ငံခြား ပင်းသားတစ်ယောက်အလား ညှို့ငင်ဓာတ်ရှိသူတစ်ဦးပါ။

ကျွတ် ...။ အဲသလို တွေးတွေးမိတတ်တာက ၎က္ခ ပါ။

“ပေးလိုက်ပါ့မယ် နွေးနွေးရာ၊ စိတ်ချ”

“ကြားလား စိမ်းစို၊ နင် မပူနဲ့တော့၊ ရမယ်”

“ဒီကောင်မလေးဟာလေ၊ ဘယ့်နှယ်ဟာလေးမှန်း မသိ ဘူး၊ တကယ်ပါဗျာ၊ သူ့စိတ်ထဲရှိ ရှိသလို၊ ဒီအချိန်မှာ သူက ဒန့်သလွန်သီးနဲ့တော့ ဝေးပြီလို့ တွေးနေမယ်မှန်း မထင်မိပေါင်ဗျာ၊ ဟဲ့ ... စိမ်းစိုရဲ့၊ ဒီအရွယ် တခြားမိန်း ကလေးတွေများ ပဲလေး မှင်လေးနဲ့ နေတတ်လှချည့်ပါ ဗျာ၊ ညည်းကျမှပဲ ဟကတည်း ဒေါင်းတိမောင်းတိ ကျိုး တို့ကြမ်းတမ်းနဲ့၊ နင့်မမကြည်ကမှ နင်နဲ့စာရင် နူးညံ့ ညင်သာမှု အများကြီး ပိုရှိသေးတယ်”

စိမ်းစိုက ဦးဖေဆန်းကို နှုတ်ခမ်းခပ်စူပုပ်ပုပ်လုပ် ကာ ပေစောင်းစောင်း ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော်တောင် သူ့ကို စတွေ့တုန်းက သူ့ပုံစံကြည့်ပြီး ကျွန်တော့်ထက်တောင် ကြီးလိမ့်မယ်ထင်တာ အစ်ကိုကြီးရ”

မိုးသက်လေ ဝင်ပြောလိုက်၍ စိမ်းစိုက ပါးစပ်လေးပွင့်ဟအောင် စိတ်တွေတိုကာ ...

“အောင်မာ”

“ဟုတ်တယ်လေ၊ ခင်ဗျားက အမိုက်ပုံးကြီး ခါးစောင်းတင်ပြီး ထဘီတိုတိုနဲ့၊ ခြေလှမ်းကျဲကြီးတွေနဲ့၊ ကျွန်တော်က အသက်သုံးဆယ်လောက် မိန်းမကြီးတစ်ယောက်လို့ ထင်တာ”

စိမ်းစိုသည် တအားကုန် ဗိုက်နှိပ်ရယ်နေတဲ့ နွေးနွေးကိုလည်း အမြင်ကတ်ကတ် ပုပ်စပ်စပ် လှည့်ကြည့်လိုက်ရင်း မိုးသက်လေကိုလည်း ဘာပြောရမှန်းမသိ၊ မျက်စောင်းပဲ ထိုးလိုက်မိပါသည်။ သူက လူကိုများ။

“ကဲ ... စိမ်းစို၊ ညည်းပုံစံ ညည်းပြင်သင့်ပြီဆိုတာ နားလည်ပြီလား”

“ဘာကိစ္စ ပြင်ရမှာလဲ၊ ကိုယ်ကြိုက်တဲ့ပုံ ကိုယ်နေမှာပေါ့၊ သူများထင်တာမြင်တာ ဂရုစိုက်ပြီး ကိုယ့်ပုံကိုယ် လိုက်ပြောင်းနေစရာလား ... ဟွန်း”





“အေး ... အေး ... ညည်း ကိုယ်ကြိုက်တဲ့ပုံနဲ့ ကြပ်ကြပ်နေ၊ ညည်းကို ဘယ်ယောကျ်ားမှ ကြိုက်မှာမဟုတ်ဘူး၊ အပျိုကြီးဖြစ်မှာ”

“မကြိုက်လေ ကောင်းလေပေါ့၊ ယောကျ်ားတွေဆိုတာ ကောင်းတာတွေမှ မဟုတ်တာ၊ သူတို့ လိုက်ကြိုက်နေရင်တောင် ဒေါသထွက်ရမှာ”

“ညည်း ယောကျ်ားတွေ ကောင်းတာမဟုတ်ဘူး၊ ကောင်းတာမဟုတ်ဘူးနဲ့ တစ်ချိန်လုံး ပြောပြောနေတာ နင့်အဖေရော ပါလား”

စိမ်းစိုက ဦးဖေဆန်းကို မျက်စောင်းချိတ်ကာ ...

“အဖေမပါဘူး၊ အဖေက ယောကျ်ားကောင်း”

“အံ့ပါဗျာ၊ ယောကျ်ားတွေ မကောင်းဘူးဆိုရင် ညည်းအဖေလည်း မကောင်းရမှာပဲပေါ့၊ ကေ့ ညည်းအဖေက ယောကျ်ားမှ ဟုတ်ရဲ့လား၊ မိန်းမကြီးမို့လို့လား”

“ဦးဖေဆန်းကြီးနော်”

“ဟုတ်တယ်လေ၊ နားကြားမြင်းက ကတ်လို့ပြောရတာ၊ နင် ဒီလိုယောကျ်ားထုတစ်ခုလုံး ချီပြောလို့ ဘယ်ရမလဲ၊ ကျားကျားမမ ကောင်းတဲ့သူက ကောင်းပြီး၊ ဆိုးတဲ့သူက ဆိုးတာပေါ့ဟ”



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ"

"ရော ... သိရင် ဘာလို့ မျက်စိပိတ် ငြင်းနေလဲ"

"ငြင်းချင်လို့၊ ယောက်ျားဆို မုန်းလို့ပေါ့"

"မစိမ်းစို တွေ့ဖူးတဲ့ ယောက်ျားထဲမှာ ဆိုးတဲ့သူ ရှိခဲ့ဖူးပါလိမ့်မယ်၊ ဒါပေမဲ့ ယောက်ျားတိုင်းက ဒီလိုမဟုတ်ဘူးလို့တော့ မစိမ်းစို နားလည်လက်ခံစေချင်တယ်ဗျ၊ လောကကြီးမှာ ယောက်ျားကောင်းတွေလည်း အများကြီးရှိတယ်ဆိုတာ မစိမ်းစို သိစေချင်ပါတယ်"

"ကျွန်မ သိသိ မသိသိ ရှင်နဲ့မဆိုင်ပါဘူး"

"ဟော ... ကြည့်၊ ဒီဟာမလေးတော့ တကယ့်ကို ဘုသမားသက်သက်ပဲ မိုးလေးရ"

ဦးဖေဆန်းကပင် မိုးသက်လေကို အားနာကာ ပြေရာပြေကြောင်း ဝင်ပြောပါသည်။ မိုးသက်လေကတော့ အပြုံးမပျက်ပါ။ စိမ်းစိုရဲ့ရင်ထဲမှာ ယောက်ျားတစ်ယောက်နှင့် ပတ်သက်ပြီး ဒီလောက်တောင် ပြင်းထန်နက်ရှိုင်းတဲ့ ဒဏ်ရာဒဏ်ချက် နာကြည်းချက် ကျန်ရစ်ခဲ့တာကို သိရလေ သူ့ရင်ထဲ စိမ်းစိုကို သနားလေ။

ယောက်ျားတစ်ယောက်နဲ့ ပတ်သက်တဲ့ ဒုက္ခသောကတို့ကိုသာ ခံစားလက်ခံခဲ့ရဖူးတဲ့ မိန်းမတစ်ယောက်ဟာ ယောက်ျားတစ်ယောက်ကြောင့် စိတ်ချမ်းသာရခြင်း ပျော်ရွှင်ရခြင်း မျှော်လင့်





ချက် ရှင်သန်တောက်ပရခြင်းများတို့ကို ထပ်မံခံစားရယူထိုက်ပါသေးသည်။ ခက်တာက သူက ဘယ်ယောက်ျားကိုမှ အယုံကြည်အလေးစား မရှိတော့တာပင်ဖြစ်သည်။

သူ့ဦးလေးအရွယ်လောက်ရှိတဲ့ ဦးဖေဆန်းကိုတောင်မှ လေးလည်းမလေးစား၊ အမြင်လည်းမကြည်လင်။ ဒါတောင် ဦးဖေဆန်းဟာ သူတို့ညီအစ်မဝမ်းကွဲကို စောင့်ရှောက်ကူညီနေတဲ့သူဆိုတာ ဒီအချိန်တွေအတွင်း မိုးသက်လေ သိနေပြီးပြီ။ စိမ်းစိုရဲ့ရင်ထဲမှာ ဦးဖေဆန်းကို ဦးလေးသားချင်းလို ချစ်ခင်မှုရှိတယ်ဆိုတာကို သူ့ပါးစပ်က အပြောဆိုးဆိုး စကားလုံးခါးခါးတို့အကြားကပင် မိုးသက်လေ မြင်သာရိပ်မိပါသည်။

ချစ်သာ ချစ်ခင်တာ။ အမြင်ကတော့ မကြည်လင်။ ဒီမိန်းမဟာ သူ့ဝသီအတိုင်း လေကိုတော့ ဘယ်သောအခါမှ လျှော့မယ့်သူ မဟုတ်ဘူး ထင်ပါရဲ့။ သူ့ရင်ထဲက ခါးသီးခဲ့တဲ့ ခံစားချက်တို့ကို အနာဟောင်းကြီးလို အထဲမှာပြည်တွေလှိုက်စားတာ ခံနေရသလို ကိုက်ခဲအနာရင်းနေတာ အောင့်ခံနေမယ့်အစား ပြည်ဖောက်ထုတ်ပြီး အမြစ်ပြတ်သွားအောင် လုပ်ပေးမယ့်သူ လိုအပ်မည်ထင်သည်။

"မစိမ်းစို"

မိုးသက်လေနှင့် စိမ်းစိုရဲ့အကြားမှာ နွေးနွေး ရှိနေရာ စိမ်းစိုက သူ့ကို စေ့စေ့လိုက်ကြည့် အကဲခတ်နေတဲ့ မိုးသက်



www.burmeseclassic.com

www.burmeseclassic.com



လေ မြင်ကွင်းက ရှောင်ရှားပြီး နွေးနွေးရဲ့ကိုယ်နှင့် ခပ်ကွယ်ကွယ် လုပ်ကာ ပုန်းရှောင်နေပါသည်။

ထို့ကြောင့် မိုးသက်လေက မြင်ရအောင် ကိုယ်ကို ကိုင်းပြီး ဒူးပေါ်တံတောင်ဆစ် ထောက်လိုက်ကာ လှမ်းခေါ်လိုက်၍ စိမ်းစို မရှောင်သာပဲ "ဘာလဲ"ဆိုတဲ့ အကြည့်နှင့် ခပ်တည်တည် လှမ်းကြည့်လိုက်ပါသည်။

"မစိမ်းစို ရည်းစားထားဖူးလား"

"ဟဲ့ ... မိုးသက်"

"ရှင် ဘာတွေ လာမေးနေတာလဲ"

နွေးနွေးရဲ့ဟန့်သံနှင့် စိမ်းစိုရဲ့ ရန်လိုသံက တစ်ထပ်တည်း ထွက်လာသည်။

"မေးကြည့်တာပါ၊ ဘာဖြစ်လို့လဲ၊ မမေးရဘူးလား၊ ကျွန်တော်တို့ ဒီအိမ်ဆောက်နေတဲ့ တစ်လျှောက် လ,တွေချီပြီး တွေ့ဆုံရင်းနှီးနေတာပဲ၊ မခင်မင်ဘူးလို့ ခင်ဗျားပြောချင်ရင်တောင် ရင်းတော့ ရင်းနှီးနေပြီ၊ တရင်းတနှီးသဘောနဲ့ မေးတာပဲဟာ၊ မဖြေချင်ရင် မဖြေနဲ့ပေါ့၊ ရပါတယ်"

စိမ်းစိုက ငေါင်ပေပေနှင့် ခဏငြိမ်သက် ငေးစိုက်နေပြီး ...

"ရှင့်ကို နွေးနွေး ပြောမပြဘူးလား"

"ပြောပြပါတယ်၊ ဒါပေမဲ့ ခင်ဗျားပြောတာ ကြားချင်တာ"





"ရှင့်ကိုများ ကျွန်မက ဘာကိစ္စ သံတော်ဦးတင်နေရမှာလဲ"

"မဖြေလည်း ရတယ်လို့ ပြောပြီးပြီပဲ၊ ဒါဖြင့် မေ့လိုက်တော့၊ ကျွန်တော် ဘာမှမမေးဘူးပဲ ထားပါ"

စကားဝိုင်းက ငြိမ်သက်သွားပါသည်။ တိတ်သွားလိုက်တာ သိသိသာသာကြီးမို့ အနေရခက်စရာတောင် ကောင်းပါသည်။ စိမ်းစိုက မိုးသက်လေကို လှမ်းကြည့်လိုက်ရင်း သက်ပြင်းတစ်ချက်နှင့် ...

"ထားဖူးတယ်ရှင်၊ အဲဒီတော့ ဘာဖြစ်လဲ"

မိုးသက်လေက ပြုံးလိုက်ရင်း ...

"လွဲခဲ့ကြတယ်ပေါ့"

"ဟုတ်တယ်"

စိမ်းစိုက ခေါင်းညိတ်လိုက်သည်။

"ယောက်ျားတွေကို ဒီလောက်နာကြည်း မကောင်းပြောပုံထောက်တော့ ဒီဇူက ခင်ဗျားအပေါ် ရက်စက်ခဲ့တဲ့သဘောပေါ့နော်"

"ဟုတ်တယ်၊ ရှင် ဘာပြောချင်တာလဲ"

"နွေးနွေး ပြောသလိုဆိုရင် အဲဒီအဖြစ်အပျက်က ခြောက်နှစ်ကြာခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်လဲဆိုတော့ သူ ရက်စက်သွားတော့လည်း ခင်ဗျား ခံလိုက်ရတယ်၊ အဲဒီတုန်းကတစ်ကြိမ်၊ နောက်ဆက်တွဲကျ တော့လည်း ခုချိန်ထိ ခြောက်နှစ်လုံးလုံး ခင်ဗျား မကျေ နိုင် မချမ်းနိုင် တောက်လျှောက်ပူပြင်းနေရတယ်ဆိုတော့ ခင်ဗျားဘက်က အကြိမ်ကြိမ် အထပ်ထပ် အခါခါ ရှုံးပြီး ရင်းရှုံးရင်း မနစ်နာလွန်းဘူးလားဗျာ"

"... ... ..."

"နေ့စဉ်နေ့တိုင်း ခင်ဗျား ရှုံးပြီးရင်း ရှုံးနေတယ်၊ ရှုံးနေရတဲ့ ရက်ပေါင်း တွက်ကြည့်စမ်းပါဦး၊ ရက်ပေါင်းနှစ်ထောင် ကျော်နေပြီ၊ ခင်ဗျားကိုယ်ခင်ဗျား ညှဉ်းပန်းနှိပ်စက်နေတာ၊ ခင်ဗျားကိုယ် ခင်ဗျား ညှဉ်းပန်းတာမို့ပေါ့၊ တခြားတစ် ယောက်ကိုသာဆိုရင် ဟိုလူရက်စက်သွားတာထက်တောင် ခင်ဗျား ပိုရက်စက်နေပြီ မစိမ်းစို၊ လူတစ်ယောက်ကို ရက်ပေါင်းနှစ်ထောင်ကျော် နှိပ်စက်ထားတယ်ဆိုတာ နည်း တဲ့ရက်စက်မှုလား၊ ခင်ဗျားအပေါ်ကို ခင်ဗျားပြန်ပြီး မတရား ရာကျနေပြီဗျ"

"ဟုတ်တယ်၊ ဒါကို ကျွန်မ သိတယ်၊ ကျွန်မ ကိုယ့်ကိုယ် ကိုယ် ညှဉ်းပန်းနှိပ်စက်ရာကျမှန်း တွေးတတ်ပါတယ်၊ ဒါပေမဲ့ တမင်တကာကို ရက်စက်ထားတာလေ၊ ဒီလူကို





ချစ်ခဲ့မိတဲ့ ကိုယ့်မိုက်ပြစ်ကို ကိုယ့်ဘာသာ ဒဏ်ခတ်တာ၊ ဆုံးမတာ"

"လူတစ်ယောက်ကို ချစ်မိတာ မိုက်ပြစ်လားဗျာ"

"မချစ်သင့် မချစ်ထိုက်တဲ့သူကို ချစ်မိတာကတော့ မိုက် ပြစ်ပေါ့"

"ချစ်သင့်တယ် မချစ်သင့်ဘူး ဆိုတာကို ခင်ဗျား သူ့ကို ချစ်မိလိုက်ချိန်မှာ သိသေးလို့လား၊ မချစ်သင့်ဘူးဆိုတာ ကြိုသိရင် ခင်ဗျားလို ဆင်ခြင်တုံတရားရှိတဲ့ မိန်းမတစ် ယောက်က မချစ်ဘဲ ရှောင်ရှားလိုက်မှာ မဟုတ်လား"

"... ... ..."

စိမ်းစိုသည် ရုတ်တရက် မျက်ရည်စိုစွတ်လာတဲ့ မျက်လုံးတို့နှင့် မိုးသက်လေကို စူးစူးရဲရဲ ကြည့်လိုက်မိပါသည်။ သူဟာ ဘာကြောင့် စိမ်းစိုရဲ့ရင်ထဲကို ဖြေသိမ့်မှု ထည့်ပေးနိုင်စွမ်း ပါလိမ့်။

ဟုတ်တယ် ကိုမိုးသက်လေရယ်။ ကျွန်မ ကြိုသိရင် ရှောင်မှာပေါ့။ ကျွန်မဟာ သူများအိမ်ထောင်ကို နှောင့်ယှက်ဖျက် ဆီးမယ့် မိန်းမစားမျိုးမှ မဟုတ်တာ။ ဒီလိုကိစ္စတွေ ဘယ်ဖြစ်လာ ခဲ့ပါ့မလဲ။ ကျွန်မ မိန်းမကောင်းပါ။ မျက်ကန်းတောတိုး ယုံကြည် ချစ်မြတ်နိုးမိခဲ့တာကလွဲရင် ကျွန်မဟာ စောင့်ထိန်းအပ်တဲ့ ကျံ ငါးပါးကို မသိတဲ့သူမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုသိရင်ရှောင်မယ့် ဆင်ခြင်တုံတရားရှိတဲ့ မိန်းမလို့ ရှင် မြင်ပေးတဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဒါပေမဲ့ ကျွန်မ ကြိုမသိခဲ့တဲ့ မှားယွင်းမှုဟာ ရှင်တို့ထင်သလို အဆင့်အတန်း ကွာတာလောက်၊ သစ္စာမဲ့တာလောက် ပေါ့တိမ်တဲ့ကိစ္စမျိုး မဟုတ်ဘူး။ ကြိုမသိတဲ့ အမှားအပြစ်က ကြီးခဲ့ပါတယ်။

"လူဆိုတာ အမှားကင်းတာမှ မဟုတ်ဘဲ၊ အရာရာကိုတော့ အချိန်တိုင်း ဘယ်ထိုးထွင်းမြင်နိုင်မှာလဲ၊ ကိုယ်မသိလို့ မှားမိတာကို မသိရကောင်းလားလို့ ခွင့်အပြစ်ဖို့လည်း လည်စင်းခံဖို့ပဲ ရှိတော့မှာပေါ့၊ လွန်ခဲ့တဲ့ခြောက်နှစ်ဆိုတာ ခင်ဗျားအသက် ဆယ့်ကိုးနှစ်ပေါ့၊ အဲဒီအရွယ်က မှားခဲ့တဲ့ ဆုံးဖြတ်ချက်တစ်ခုကို သေတဲ့ထိ တစ်သက်လုံး လွယ်ပိုးပြီး ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်သွားမယ်ဆိုရင် ခင်ဗျားလောက်မိုက်တဲ့မိန်းမ ဘယ်ရှိတော့မလဲ ...

အဲဒီတုန်းက မိုက်တာ မှားတာက အသိဉာဏ်မရင့်ကျက်သေးလို့ မိုက်တာ မှားတာ၊ ခုချိန်မှာ ခင်ဗျားလည်း အသိဉာဏ်ရင့်ကျက်လောက်ပြီပဲ၊ အဖြစ်အပျက်တစ်ခုပေါ်မှာ ဝါးလုံးရှည်နဲ့ သိမ်းကျုံးယမ်းပြီး ယောက်ျားမှန်သမျှကို မျက်လုံးစိမ်းနဲ့ ကြည့်နေရင် တစ်နေ့ ခင်ဗျားနောင်တရရလိမ့်မယ်"





စိမ်းစိုက မျက်ခုံးပင့်သွားရင်း ...

"ဘယ်လိုနောင်တရမှာလဲ"

"ခင်ဗျားကို သိမ်ချစ်ပြီး ခင်ဗျားအပေါ်လည်း သိပ်ကောင်းမယ့် ယောကျ်ားတစ်ယောက်ယောက်နဲ့ လွဲလို့ ဖြစ်ရမယ့်နောင်တပေါ့"

"အောင်မာ"

"အဟိဟိ ... ဗရာဗို ... ဗရာဗို၊ မိုးသက် ... ရှင် သိပ်တော်ပါလား၊ ပိုင်တယ်ကွာ"

နွေးနွေးက လက်ခုပ်လက်ဝါးတီးကာ အကြီးအကျယ်သဘောတွေကျနေပါသည်။ စိမ်းစိုကတော့ သူ့စကားတွေအတွက် ရင်ထဲ တနင့်နင့် တသိမ့်သိမ့် ဝမ်းနည်းနေမိပြီးမှ အဖျားကိုနောက်တီနောက်တောက် ရှူးပစ်တဲ့ မိုးသက်လေကြောင့် ဆတ်တငံ့ငံ့ ခံစားချက်နှင့် သူ့ကို ချက်ချင်းအသည်းယား အမြင်ကတ်လာမိပါသည်။

"နွေးနွေး ... သူ့ကို ငါ ဒီနေ့ကစပြီး အခေါ်အဝေါ်ပြင်ဆင်ရမယ်ထင်တယ်"

နွေးနွေးက စိမ်းစို စကားကြောင့် မျက်ခုံးပင့်ကာ ...

"ဘယ်လိုလဲ"

"အဖေ ... လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်လေက ခေါင်းငုံ့ပြီး မဲ့ချိုမချဉ် ပြုံးနေမိပါသည်။ ဦးဖေဆန်းသည် မိုးသက်လေကိုတစ်လှည့် စိမ်းစိုကိုတစ်လှည့် မသိမသာ အကဲခတ်ရင်း စိတ်ထဲမှာ ဆန္ဒတစ်ခု ပြင်းထန်လာမိသည်။ အမြင်ကတ်ရသလောက် တူမသားချင်းလေးလို ချစ်ခင်ရတဲ့ စိမ်းစိုရဲ့ဘဝကိုလည်း သက်သောင့်သက်သာ ငြိမ်းချမ်းနွေးထွေးစေလိုပါသည်။ နားခိုမှီတွယ်ရာ ကောင်းကောင်းတွင် ချွေးသိပ်အပန်းပြေစေလိုပါသည်။

“ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ နင် မိုးသက်ပြောတာတွေကိုတော့ ဟုတ်တယ် မှန်တယ် ဆိုတာ လက်သင့်ခံသင့်တယ်”

“အမယ်လေးနော် ... သူ့လူ သူထောက်ခံတတ်လိုက်တာ၊ သူပြောတာ အားလုံးအမှန်ချည်းပဲဆိုတာ ငါသိတယ်၊ ဒါပေမဲ့ အဲဒါဟာ သူ ကာယကံရှင်မဟုတ်လို့ ပြောနိုင်တဲ့ စကားတွေပါ၊ ရှင် ကျွန်မနေရာမှာဆိုရင်လည်း အားလုံးကို ဒီလောက် အလွယ်တကူ ပြည်ဖုံးကားမချနိုင်ပါဘူး ကိုမိုးသက်လေ”

“မှန်တာပေါ့ဗျာ၊ ဘေးလူကသာ ဒီလိုပြောနိုင်မှာ ဖြစ်တဲ့အတွက် ဘေးလူတွေက ပြောပြောပေးရမယ်၊ ပြည်ဖုံးကားကိုတော့ ခင်ဗျားက မချချင်ဘဲ ဆွဲတင်ချင်နေသေးလို့လား”





စိမ်းစိုသည် မိုးသက်လေကို ပက်ခနဲ ပြန်ပြောလိုက်မယ် စိတ်ကူးပြီးမှ ရုတ်တရက် ဗိုက်ထဲက စူးခနဲ ထိုးအောင့်နာကျင်သွား၍ ရှုံ့ရှုံ့မဲ့မဲ့ကလေးနှင့် နှုတ်ခမ်းကို ကိုက်ထားလိုက်ရပါသည်။ လူကိုများ ပြည်ဖုံးကား မချချင်လို့လားလေး ဘာလေးနဲ့ လူကို တော်တော်ခံရခက်အောင် ရိပြီးပြောတတ်သူပဲ။

“ခင်ဗျားမှာ မမကြည်ဆိုလည်း အရမ်းအေးပြီး ခင်ဗျားပြောသမျှကိုပဲ နာခံနေတဲ့ပုံ ပေါက်တယ်၊ လူကြီးမိဘလည်း ဆုံးမနားချမယ့်သူ မရှိဘူးဆိုတော့ ခင်ဗျားနားမှာ ခင်ဗျားကို အမုန်းခံပြီး လမ်းမှန်တည့်အောင် ပြောပေးနေမယ့်သူ လိုတယ်”

“နေစမ်းပါဦး၊ ကျွန်မက တော်တော်ပဲ လမ်းမှားရောက်နေလို့လား၊ ချောက်ထဲဆင်းတော့မှာမို့လား၊ ကျွတ် ... ကျွတ်”

“ချောက်ထဲဆင်းမယ့်လမ်းမှား မဟုတ်ပါဘူး မစိမ်းစိုရယ်၊ ခင်ဗျားရဲ့ အသက်အရွယ်ကလေးနဲ့ လိုက်ဖက်ပြည့်ဝတဲ့ ပေါ့ပါးလွတ်လပ် ပျော်ရွှင်မှု ခင်ဗျားမှာ မရရှိသလို ကျွန်တော် ထင်လို့ပါ”

စိမ်းစိုက မိုးသက်လေကို မကြည့်တော့ဘဲ တစ်ဖက်ကို လှည့်ထားပါသည်။ သူ ပြောမှပဲ ဝမ်းနည်းချင်ပြီလေ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ကိုယ်လည်း သိတာပေါ့။ ခဲမှန်ဖူးတဲ့ စာသူငယ်ဟာ ဘာကိုမှ အလစ်မပေး အလျှော့မပေး နောက်တစ်ကြိမ် ထပ်မကြုံအောင် သတိဝီရိယနဲ့ ကာကွယ်ရပါများလွန်းတော့ လွတ်လပ်ပေါ့ပါးမှု မရှိနိုင်တော့ဘူးပေါ့။ မာန်ကိုတင်းချီထားရဖန်များလို့လဲ မောဟိုက်ပင်ပန်းလှပြီ။

အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ ပျော်ရွှင်မှုဆိုတာ ဘယ်လိုဟာမျိုးလဲကို မသိတော့တာပါ။ အဖေ ရင်ကွဲပက်လက်နဲ့ သက်ဆိုးတောင် မရှည်ရှာတော့တဲ့အထိ မချိတင်ကဲ ခံစားရအောင် မိုက်လုံးကြီးခဲ့ဖူးတဲ့ ကိုယ့်ကိုယ်ကိုယ် ခုထိအောင်ပဲ ခွင့်ကိုမလွှတ်တာ။ ဒါကြောင့်လည်း စိတ်လွတ်ကိုယ်လွတ် ပေါ့ပေါ့ပါးပါးမနေမိတာ။

"ကျွန်တော်ပြောတာ အစ်ကိုကြီး ဘယ်လိုယူဆလဲ"

"မင်း မှန်တယ် မိုးလေး၊ မင်း ဒီစကားတွေ ပြောတာဟာ စိမ်းစို အပေါ် ဘယ်လောက်ရင်းနှီး ခင်မင်လို့ ဘယ်လောက်ထိ စေတနာထားလို့ ဖွင့်တိုးပြောချနေတယ်ဆိုတာလည်း ငါ သဘောပေါက်တယ်၊ ငါက လူကြီးဖြစ်နေတော့ သူ့ကို အဲသလောက် အသေးစိတ်စိတ် ပြောမပြဖြစ်ခဲ့ပေမယ့် မင်းနဲ့ အမြင်ချင်းတော့ တူတယ်"

"ပြန်တော့မယ်၊ ပြန်ကြစို့ မမကြည်"





စိမ်းစိုက ထိုင်ရာမှ ထရပ်လိုက်သည်။ စိမ်းစိုရဲ့မျှင်ပျတဲ့ မျက်နှာရိပ် မျက်နှာဓာက ဝေဒနာတစ်ခုခုရဲ့ အရိပ်အယောင်မှန်း သိသာစေတာမို့ ...

"ဘာဖြစ်လို့လဲ မစိမ်းစို"

မိုးသက်လေက လှမ်းမေးလိုက်ပါသည်။

"ဗိုက်နည်းနည်းအောင့်လို့ပါ၊ အိမ်ပြန်နားချင်လို့"

"နင် ဗိုက်အောင့်ပြန်ပြီလား၊ ဆေးခန်းသွားပြလိုက်ပါလား စိမ်းစိုရဲ့၊ ငါရော မိုးသက်ကော ရှိနေတုန်း၊ လိုက်ပို့မယ်လေ"

"နေပစေ ရတယ်၊ ငါ နားပဲနားချင်တယ်"

"ကိုယ့်ဟာကိုယ် ဆေးသောက်နေတဲ့အစား ဆရာဝန်ပြကြည့်လိုက်ရင် အတိအကျ သိရတာပေါ့ဟ၊ ဆေးခန်းတစ်ခုခု သွားရအောင်လေဟာ"

"နောက်တစ်ခေါက်မှပဲ သွားတော့မယ် နွေးနွေး၊ ငါသွားပြီ"

စိမ်းစိုက ထုံးစံအတိုင်း ခေါင်းမာမာပင် မမကြည်လက်မောင်းကိုတွဲကာ သူ့အိမ်ဘက်သို့ ဖြည်းဖြည်း ဖြည်းဖြည်းနှင့် ဖွတ်ပဲ လျှောက်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၇

"ဟိုဘက်က လှည်းကလေး ဘာဂါ၊ ဘာဂါတူးမယ်၊ ဝက်နဲ့"

လက်ဖက်ရည်ဆိုင် စားပွဲထိုးလေးတွေရဲ့ အော်သံကျယ်ကြီးတို့ကို ပထမတွင် စိမ်းစို ရှက်သလိုပင်။ "ဘာဂါတူးမယ် ... ဝက်နဲ့"ဆိုတာက "ဘာဂါနှစ်လုံး ဝက်သားနဲ့"လို့ ဆိုလိုပါသည်။

မိုးသက်လေရဲ့ ဆိုင်ဟာ လက်ဖက်ရည် ကော်ဖီ မစ်လ်ခ်ရှိတ်နှင့် အအေးစုံ စားသောက်ဖွယ်မျိုးစုံနှင့် တွဲရောင်းသော ဆိုင်ကြီး။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ နန်းကြီးသုပ်၊ မြီးရှည်၊ ရှမ်းခေါက်ဆွဲ၊ ပဲပြုတ်ထမင်း၊ ပူရီ စသဖြင့် အမယ်စုံစုံရသော်လည်း သူ့ထံမှာရတဲ့ အစားအစာထဲ ဘာဂါ ဟော့ဒေါ့ မပါ။





သူ့ဆိုင်ရဲ့ အိုးသူကြီးက ဘာဂါဟော့ဒေါ့တော့ လုပ်တတ်ပါ။ ဒီတော့ မိုးသက်လေက သူ့ရဲ့ခြံဝင်းကျယ်ကြီး ထဲက ဆိုင်ခန်းကျယ်ကြီးရဲ့ ထောင့်တစ်နေရာမှာ ကောင်တာငယ် တစ်ခုနှင့် စိမ်းစိုကို ဘာဂါဆိုင်လာဖွင့်ဖို့ တောင်းဆိုသည်။ စိမ်းစိုထံမှ ဆိုင်နေရာခလည်း မယူ။ သူ့ဆိုင် အစုံရအောင် သူက ခေါ်တာမို့ နေရာခပေးဖို့မလိုဟု ဆိုသည်။

စိမ်းစိုအတွက် ပိုပြီး အကျိုးအမြတ် ရှိတာပင်။ နံနက်စောစောမှာ ကားကြီး ကားငယ်နှင့် လာစားတတ်ကြ၍ နှစ်နာရီမှာ စ,ရောင်းနိုင်အောင် ကောင်တာကို လာဖွင့်ရသည်။ စောကြီး အိပ်ရာထရသည်။ အနားက သွားနေကျ အထက်တန်း ကျောင်းရှေ့ကို စိမ်းစို လှည်းတွန်း၍ မသွားနိုင်တော့။

အဲဒီတော့ ရယ်ရသည်။ ကျောင်းရှေ့က ဖောက်သည် ခင်အားကလည်း ရောင်းအားမသေးလေရာ မမကြည် တစ်ယောက် တည်း လှည်းတွန်းပြီး သွားရတော့မည်လို ဖြစ်လာသည်။ အဲဒီ ခါ မကြည့်ရက်တဲ့ ဦးဖေဆန်းကြီးက မမကြည်ကို အဖော်ပြု ပေးကာ လှည်းကြီးတွန်းပြီး လိုက်ပါပါတော့သည်။

ဦးဖေဆန်းက ပုဂ္ဂလိက စာအုပ်တိုက်နှင့် ပုံနှိပ်တိုက် တစ်ခုမှာ လုပ်တာဖြစ်၍ တိုက်ကို ဆယ်နာရီကျော်လောက်ရောက် ချင်ဖြစ်သည်။ ကိုးနာရီ ဟိုကကျောင်းတက်မှ လှည်းတွန်းပြန် လာကြပြီး ဦးဖေဆန်းက ကမန်းကတန်း ရေမိုးချိုးပြီး ကိုးနာရီခွဲ လောက်မှာ အိမ်ကထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လည်ပတ်နေတဲ့ ယန္တရားမှာ နစ်မြုပ်ရင်းက စိမ်းစိုနှင့် မိုးသက်လေတို့ရဲ့ ရင်းနှီးမှုသံယောဇဉ်ဟာလည်း ရင့်သန်သည်ထက် ရင့်သန်ခိုင်မြဲလာပါသည်။ နံနက်စောစောကနေ နေ့လယ်စာစားချိန် ဆယ့်နှစ်နာရီခွဲလောက်ထိ ရောင်းပြီးလျှင် စိမ်းစိုက ကောင်တာကို ပိတ်ခဲ့၍ အိမ်ပြန်နားပါသည်။ မွန်းလွဲ နှစ်နာရီခွဲလောက် ကျောင်းရှေ့ကို မမကြည်နှင့် လှည်းတွန်းကာ သွား။ ပြန်လာလျှင် စိမ်းစိုရော မမကြည်ပါ မိုးသက်လေ့ရဲ့ဆိုင်မှ ပြန်လာကာ လေးနာရီလောက်အထိတော့ ဆက်ရောင်းသေးသည်။

ပြီးရင်တော့ ကောင်တာပိတ်သိမ်းပြီ။ ဒီတော့ ဆိုင်မှာ စိမ်းစိုနှင့် မိုးသက်လေတို့ရဲ့ တွေ့နေ မြင်နေရချိန်ဟာ မနည်းမနော။ ရောင်းအားက အဆမတန် ပိုများလာတဲ့အတွက် စိမ်းစိုဝင်ငွေတွေ ပိုကောင်းလာပါသည်။ ဒီအတွက် မိုးသက်လေကိုလည်း ကျေးဇူးတင်ပါသည်။

မမြင်ရတဲ့ သံယောဇဉ်ကြိုးဟာလည်း တစ်ရစ်ပြီးတစ်ရစ် တိုးငင်ချည်နှောင်လာခဲ့သလိုပင်။ သို့ပေမဲ့ စိမ်းစိုဟာ ဒီနေ့ ဒီအချိန်အထိ မိုးသက်လေနှင့် နှစ်ယောက်သား တရင်းတနှီး စကားအခွန်းခပ်များများ မပြောဖြစ်သေးပါ။ ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်နေပြီး မျက်လုံးချင်းလည်း တော်ရုံ မဆုံစည်းအောင် နေသည်။



မမျှော်လင့်ဘဲ ဖျတ်ခနဲ တစ်ကြိမ်လောက် အကြည့်ချင်း ဆုံသွားမိလျှင်တော့ နောက်ထပ် နာရီပေါင်းများစွာ ထပ်မဆုံအောင် ထိန်းပါတော့သည်။ မိုးသက်လေဟာ နွေးနွေးရဲ့ခင်ပွန်းလောင်းဆိုတဲ့ အသိကို ခေါင်းထဲ နာနာရိုက်ထည့်ထားပါသည်။ အဲဒီအသိက စိတ်ကို ထိန်းသိမ်းပဲ့ကိုင်သည်။

အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်မိပြီး ဘဝပျက်ခဲ့ရဖူးတဲ့ စိမ်းစိုဟာ လက်ထပ်ရမည့်သူရှိတဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ ထပ်မံမပတ်သက်မိစေရ။ သူတို့ဟာ သူတို့ ချစ်ချစ် မချစ်ချစ်။ လူကြီးတွေ ရည်ရွယ်စီမံထားတယ်ဆိုတာဟာလည်း ပိုင်ရှင်ရှိတဲ့ သဘောပါပဲ မဟုတ်လား။

ဆုံးဖြတ်ချက်က ဆုံးဖြတ်ချက်၊ ဆင်ခြင်တုံတရားက ဆင်ခြင်တုံတရားပင်။ ရင်ထဲက သံယောဇဉ် အညွန့်အခက်ကတော့ သူ့မျက်နှာကို စေ့စေ့မကြည့်ဘဲနှင့်လည်း တရိပ်ရိပ်တိုး၍ ရှင်သန်စည်ပင်နေတော့တာပင်။

တစ်ခါတစ်ရံတော့ သူ့ခြံ သူ့ဝင်းထဲက သူ့ဆိုင်ကြီးမှာ စိမ်းစိုက ပူးတွဲလာဖွင့်မိတာ မှန်ရဲ့လား၊ မှားများမှားနေလေသလား တွေးတောမိသေးသည်။ လာဖွင့်ဖြစ်တယ်ဆိုတာကိုက ဦးဖေဆန်း၊ မမကြည်၊ နွေးနွေးတို့ အားလုံး ဝိုင်းပြီး တိုက်တွန်းကြတာကြောင့်လည်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ"

"ဘာလဲ"

ဆိုင်က စားပွဲထိုးလေးတစ်ယောက်က စိမ်းစိုရဲ့ ကောင်တာဆီ ကပ်လာသည်။

"အစ်ကိုက ထမင်းစားဖို့ ဟင်းမရှိလို့ ကြက်သားတစ်တုံးလောက် ကြော်ပေးပါတဲ့"

"အင်း ... ရမယ်"

စိမ်းစိုရဲ့ဆိုင်လေးက ကြက်ကြော်၊ အာလူးကြော်၊ ကြက်အူချောင်း၊ ဝက်အူချောင်းကင်၊ ဝက်သားလုံး ကြက်သားလုံး၊ ဝက်သားပြား ကြက်သားပြားတို့လည်း စုံစုံလင်လင် ရပါသည်။

မိုးသက်လေသည် နေ့လယ်စာကို အဆင်ပြေသလိုပင်။ တစ်ခါတစ်ရံ ထမင်းချိုင့်ပါသည်။ ဒါက သူ့အမေလည်း ရန်ကုန်မှာရှိ၊ သူလည်း အိမ်ပြန်အိပ်တဲ့ အခါတွေမှာဖြစ်သည်။ သူ့အိမ်မှာ သူ့အမေနှင့် ဆွေမျိုးနီးစပ် အဒေါ်တစ်ယောက်ရှိ၍ များသောအားဖြင့် မိုးသက်လေက မပြန်ပါ။

ခြံထဲက သစ်သားအိမ်ကလေးမှာပဲ အိပ်လိုက်တတ်သည်။ တစ်ခါ တစ်ခါ သူ့ဟာသူ လွယ်ကူတာလေးတွေ ချက်ပြုတ်စားတဲ့အခါလည်း ရှိရဲ့။ သူ့ဆိုင်ကရတဲ့ အစားအသောက်တို့နှင့် ပြီးတဲ့အခါလည်း ပြီးလိုက်ရဲ့။ စိမ်းစို ဆိုင်ကဟာတွေ မှာစားတဲ့အခါလည်း စားရဲ့။ စိမ်းစိုက များသောအားဖြင့် ပိုက်ဆံ





မယူဘဲ တစ်ခါတစ်ရံ အမြင်ကတ်ကတ် ရှိတဲ့အခါ သိပ်ကြည့်မရတဲ့ အခါတို့မှာတော့ ပိုက်ဆံယူသည်။

"အစ်မ ... ကြက်သားတုံး ကြီးကြီးရွေးကြော်နော်"

"မရဘူး၊ သေးသေးပဲ"

သေးသေးပဲ ဆိုပေမယ့် လက်က အကြီးဆုံးကို ရွေးချယ်ပြီးပေပြီ။ မိုးသက်လေက ရင်ပုံမကြိုက် ပေါင်ကြိုက်တာကိုလည်း သိနှင့်ပြီးလေပြီ။ သူက ကြက်ကြော်ပဲမှာပေမယ့် ပန်းကန်ပြားပြန့်ပြန့်ကြီးမှာ ဆလပ်ရွက်ခင်း၊ ခရမ်းချဉ်သီး သခွားသီးအကွင်းလေးတွေ ဘေးကရံ၊ အလယ်မှာ ကြက်ကြော်တုံးနှင့် ဘေးတစ်ဖက်မှာ အာလူးချောင်း လက်တစ်ဆုပ်စာကြော်ပြီး ပုံလိုက်ကာ ငရုတ်ဆီ၊ ငရုတ်ကောင်းမှုန့်လေးတွေဖြူး၍ ဖွယ်ဖွယ်ရာရာ ပြင်ပေးလိုက်ပါသည်။

"အစ်မ ဘယ်လောက်ကျလဲ မေးခဲ့တဲ့၊ အစ်မလည်းမှတ် အစ်ကိုလည်းမှတ်ဖို့"

"မပေးနဲ့လို့ ပြောလိုက်"

"တကယ်နော်"

"အင်း"

"အစ်မက စိတ်မမှန်ဘူးနော်"

"အော်မှာ ... ဘာဖြစ်လို့လဲ"

"ဟိုတစ်နေ့က ဟော့ဒေါ့လေးတစ်ခုဖိုးကျတော့ ယူ



www.burmeseclassic.com

www.burmeseclassic.com



"ယူတော့ ဘာဖြစ်တုန်း၊ ငါယူချင်စိတ်ပေါက်ရင် ယူမယ်၊ ယူချင်စိတ်မပေါက်ရင် မယူဘူး၊ ရှင်းပြီလား"

"ရှင်းပြီ"

အဲဒီနေ့က ဆိုင်ကို မိုးသက်လေနဲ့ ခင်မင်ရင်းနှီးပုံရတဲ့ ကောင်မလေး လေးယောက်အုပ်စု ကားတစ်စီးနှင့် လာစားသောက်ကြကာ မိုးသက်လေကလည်း အဲဒီစားပွဲနား သွားရပ်ပြီး တဝါးဝါး တဟားဟား ပွဲကျပျော်မြူးနေကြတာကို ကိုယ့်ဆိုင်ကောင်တာကနေ လှမ်းမြင်နေရကာ အဲဒါကို မကျေမနပ် အသည်းတွေယားနေခဲ့ရခြင်းက ဟော့ဒေါ့ဖိုးယူဖို့ စိတ်အခြေအနေကို ဖန်တီးတာပင်။

နွေးနွေးတစ်ယောက်လုံး ဇနီးလောင်း ရှိရက်နဲ့ သင်းက ကောင်မလေးတစ်သိုက်နဲ့ ရင်းနှီးနေလိုက်တာ။ အဲဒီအဖြစ်ကြောင့် ဟော့ဒေါ့ဖိုး ယူတာ ဘာဖြစ်လဲ။

သစ်သားအိမ်ကလေးပေါ်မှာ ရှိနေတဲ့ မိုးသက်လေထံ ကြက်ကြော်ပန်းကန် သယ်သွားတဲ့ ကောင်လေးက အိမ်ပေါ်က ဆင်းကာ လက်ထဲ အထုပ်တစ်ထုပ်နှင့် စိမ်းစိုအနားကပ်လာခဲ့ရင်း ...

"အစ်မ ... အစ်ကိုက ပေးလိုက်တယ်"

"ဘာလဲ"





"အစ်ကို့အမေ မန္တလေးက ပြန်လာလို့တဲ့၊ ဒါက သီးစုံမလိုင်ထိုးမုန့်၊ ဒါက လက်ဖက်တဲ့၊ အစ်မဖို့တဲ့"

"အို ... နေပါစေ၊ တခြားပေးစရာရှိတဲ့သူ ပေးလိုက်ပါလို့ ပြောလိုက်"

"အစ်ကိုက အစ်မကိုပေးဖို့ မှာလိုက်တာပဲဟာ"

"နင့်ကို ဘယ်သူပြောလဲ"

"တစ်နေ့ကတုန်းက သူ့အမေနဲ့ မန္တလေးကိုလှမ်းပြီး ဖုန်းပြောနေတာလေ၊ ကျွန်တော်တို့ ကြားလို့ပေါ့၊ မစိမ်းစိုကိုပေးဖို့ ထိုးမုန့်နဲ့ လက်ဖက် ဝယ်ခဲ့လို့ သူ့အမေကို မှာနေတာ ကြားနေရတာပဲဟာ"

ကျွတ် ...။ ဒီလူတော့ ...။

အမေ့ထံ စိမ်းစိုကို ပေးဖို့ဆိုပြီး မှာသတဲ့။ စိမ်းစိုက ဘာမို့လဲ။ သူ့အမေက ဘယ်လိုထင်တော့မလဲ။ သူ့အမေနှင့် စိမ်းစို နှစ်ကြိမ် ဆုံဖူးပါသည်။ ဆိုင်ဖွင့်ပွဲနေ့က သူ့အမေပါ ပါလာတော့ သူက ဆိုင်ထောင့်ကောင်တာမှာ ဘာဂါဆိုင်ဖွင့်မယ့် စိမ်းစိုအဖြစ် သူ့အမေနဲ့ မိတ်ဆက်ပေး၍ သိရပါသည်။ အေးချမ်းပြီး စကားနည်းပုံရတဲ့ သူ့အမေဟာ နွေးနွေး သူငယ်ချင်းလို့လည်း သိရတဲ့အတွက် စိမ်းစိုကို ခင်ခင်မင်မင်ပြုံးပြီး စကားသုံးလေးခွန်း ပြောသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် မိုးသက်လေ အမေအိမ်မပြန်ဘဲ ဒီခြံထဲကအိမ်မှာပဲ ဆက်တိုက်နေနေတဲ့တစ်ရက် သူ့အမေက နေ့လယ်ဘက်မှာ လုပ်ဖော်ကိုင်ဖက် ဖြစ်ပုံရသော အမျိုးသမီး အမျိုးသား သုံးလေးယောက်နှင့် လာစားသောက်ဖူးတုန်းကလည်း စိမ်းစိုကို လှမ်းကြည့်ကာ နှုတ်ဆက်ပြုံး ပြုံးပြခဲ့ပါသည်။

သူ့အမေဟာ စိတ်ရင်းကောင်းပြီး ခပ်မှန်မှန်နေ တတ်မည့်သူလို့ စိမ်းစို မှန်းဆမိသည်။ မပတ်တာ မမှန်တာကို မကြိုက်နှစ်သက်မယ့် အရိပ်အယောင်အပြင် တခြားဘာမှန်းမသိတဲ့ အရိပ်အငွေ့တစ်ခုကိုလည်း ထိုအန်တီရဲ့မျက်လုံးများမှာ တွေ့နိုင်သည်။ ထိုအရိပ်အငွေ့ကပဲ ထိုအန်တီရဲ့မျက်နှာသွင်ပြင်ကို ရင့်ကျက်စေတာဖြစ်သည်။

"ဟဲ့"

စိမ်းစိုက လှည့်ထွက်လိုက်သော ကောင်လေးကို လှမ်းခေါ်ရင်း ...

"ဦးဖေဆန်းကို ပေးလိုက်ပါလို့ နင့်အစ်ကို,ကိုပြောလိုက်ရော့"

"ဦးဖေဆန်းက မနေ့ညက ညဉ့်နက်မှ ဘောလုံးပွဲလာကြည့်လို့ ပေးပြီးပြီ၊ ဦးဖေဆန်းက လက်ဖက်မစားဘူးဆိုပြီး ထိုးမုန့်ပဲ ယူသွားတယ်"





ဒီကောင်လေးက ဆိုင်မှာညအိပ်တဲ့ အုပ်စုထဲမှာပါတာမို့ ဦးဖေဆန်းကို ပေးပြီးကြောင်း သိပြီးနေတာပင်။

"အာ ... အစ်မကလည်းဗျာ၊ မုန့်လေးတစ်ထုပ် လက်ဖက်လေးတစ်ထုပ်ကို ဟိုလူ့လွှဲချ ဒီလူ့လွှဲချနဲ့၊ ပေးတဲ့လက်ဆောင် ယူလိုက်ပေါ့ဗျာ၊ ဘာ ဒီလောက်အရေးတကြီး ငြင်းနေတာလဲ၊ အစ်မကတော့ ရောဂါပဲ၊ ရုပ်ကြီးက ဘယ်လိုဖြစ်နေတာလဲ"

"... ... ..."

"အစ်မ ... အစ်မမျက်နှာကြီးက ဘာဖြစ်နေတာလဲ"

"အား ..."

"ဟာ ... အစ်မ ... ဘာဖြစ်လို့လဲ"

"ငါ ... ငါ ..."

စိမ်းစို မျက်နှာပြင်သည် ရုတ်တရက် ဖြူဖွေးသွားဆုတ်ပြီး ချွေးစေးတွေက နဖူးဆံစပ်ကနေ မိုးရေစက် မိုးရေပေါက်ကြီးတွေလို စီးလိမ့်ကျလာသည်။ ရုတ်တရက် နေရင်းထိုင်ရင်းက အသက်ရှူမှားလောက်အောင် ဝမ်းဗိုက်ပြင်ထဲက ထိုးအောင့်နာကျင်မှုက ပြင်းထန်ရူးရှလွန်းတာကြောင့်ပင်။

ဗိုက်ကို လက်နှင့်နှိပ်ကာ ခါးကုန်းလိုက်ရတဲ့ စိမ်းစိုကို စားပွဲထိုးကောင်လေး ဖိုးတာက အလန့်တကြားကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစ်မ၊ ရုတ်တရက် ဘာဖြစ်တာလဲ"

"ငါ ... ငါ ... ဗိုက် ... ဗိုက်အောင့်တာ"

"ရုတ်တရက်ကြီး အစ်မရာ"

"အောင့် ... အောင့်လို့သေတော့မယ်၊ အား ... မမကြည်"

"အစ်မ ... တကယ်နော်၊ နောက်တာ မဟုတ်ဘူးနော်"

"... ... ..."

အရေးထဲနော် ...။ နောက်တယ်များ ထင်နေချည်သေးတာကို ရှင်းပြမနေနိုင်ဘဲ ကုန်းကုန်းလေး ဖြစ်နေရာမှ ဆောင့်ကြောင့်ထိုင်ချလိုက်ပါသည်။ ချက်ချင်းလက်ငင်း သတိလစ်သွားတော့မလား ထင်မိတဲ့အထိ နာကျင်မှုဝေဒနာက လှုပ်ကို မလှုပ်နိုင်တော့အောင် ဖိစီးလာပါသည်။

"အစ်မ ... အစ်မ"

"မ ... မမကြည် ... ခေါ် ... ခေါ်ပေး"

BURMESE CLASSIC .com

စိမ်းစိုထံက လေသံသဲ့သဲ့မျှသာ ထွက်တော့သည်တွင် ဖိုးတာမှာ အလန့်တကြားနှင့် မိုးသက်လေရှိရာကိုသာ ဦးစွာပြေးပါတော့သည်။

"အစ်ကို ... အစ်ကို"

မိုးသက်လေက ခုလေးတင် စိမ်းစို ကြော်ပေးလိုက်တဲ့ ကြက်ကြော်နှင့် အားရပါးရ ထမင်းစားလိုက်ဖို့ ပြင်နေဆဲ ဖိုးတာ ပြန်ပြေးဝင်လာတာမို့ ...





"ဟော့ကောင် ... ဖိုးတာ၊ ဘာလဲကွ၊ အပြေးအလွှားနဲ့"

"အစ်ကို ... အစ်ကို၊ မစိမ်းစို ဘာဖြစ်တာလဲ မသိဘူး အစ်ကို"

"ဘာဖြစ်တယ်၊ စိမ်းစို ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲ မသိဘူး အစ်ကို၊ ဗိုက်အောင့်တယ်ဆိုပြီး ပစ်ထိုင်ကျသွားတာ၊ မျက်နှာကလည်း ချွေးတွေပြန်ပြီး ဖြူဖတ်ဖတ်နဲ့ ကြောက်စရာကြီး"

မိုးသက်လေက ထမင်းစား စားပွဲမှ ဆတ်ခနဲ ထလိုက်မိပြီး ...

"ဘယ်မှာလဲ"

"သူ့ဆိုင်မှာပဲ"

မိုးသက်လေက ဖိုးတာကိုပင် မစောင့်တော့ဘဲ အိမ်လေးထဲက ပြေးထွက်လာခဲ့ပါသည်။ ဘေးအကာမပါတဲ့ သူ့ဆိုင်ရဲ့ထောင့်တစ်ခုက စိမ်းစိုရဲ့ဘာဂါကောင်တာကို လှမ်းကြည့်လိုက်လျှင် လူကိုမတွေ့ရ။ စိုးရိမ်စိတ်က မြင့်တက်သွားပြီး ကောင်တာရှိရာကို အပြေးရောက်သွားပါသည်။

"စိမ်းစို"

"အား ... အား ... ကျွတ် ... ကျွတ်"

"စိမ်းစို ... ဘာဖြစ်တာလဲ"

"ကျွန် ... ကျွန်မ ... ဗိုက် ... မမကြည် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်အောင့်လို့လား စိမ်းစို၊ ဟာ ... အရမ်းဆိုးနေလား၊ မထနိုင်ဘူးလား၊ ဆေးခန်းသွားမှာပေါ့၊ လာ ... ထ၊ စိမ်းစို"

စိမ်းစိုဟာ သမံတလင်းပေါ်မှာ ခွေခွေကလေး ဖြစ်နေပါသည်။ တစ်ကိုယ်လုံး ချွေးတွေနစ်ရွဲကာ အေးစက်ပြီး နာလွန်း၍ တဆတ်ဆတ်ပင် တုန်ယင်နေတဲ့ စိမ်းစိုကို မိုးသက်လေက ကောက်ပွေ့ချီလိုက်ကာ ...

"ဖိုးတာ"

"ဗျာ"

"ကားတံခါးသွားဖွင့်"

စိမ်းစိုကို ကားပေါ်ချီပွေ့ပြီးတင်ကာ သူလည်း ကားပေါ်ပြေးတက်၊ စိမ်းစိုတို့အိမ်ဘက်ဆီ မမကြည် ခေါ်ဖို့ မောင်းခဲ့သည်။ အိမ်တံခါးက သော့ခတ်ထားတာ တွေ့ရပါသည်။ တစ်ခါတစ်ရံမှာ နေ့လယ်ခင်းတွေမှာ မမကြည်ဟာ သူ့ရဲ့အချုပ်အလုပ်အတွက် လိုတဲ့ပစ္စည်းတွေကို ဈေးဝယ်ထွက်ရင် ထွက်တတ်တာမို့ ခုလည်း ဈေးသွားနေတာဖြစ်မှာပင်။ စောင့်လို့မဖြစ်။

ကားကို ဆက်မောင်းထွက်လာရင်း ...

"မမကြည် မရှိဘူး စိမ်းစို၊ ဆေးခန်းပဲ တန်းသွားလိုက်မယ်"

စိမ်းစိုက စကားမပြန်နိုင်ပါ။ မိုးသက်လေက ဘာမှထပ်မပြောတော့ဘဲ ဒီနေရာကသွားလျှင် အနီးဆုံးဖြစ်မည့် "......" ပုဂ္ဂလိကဆေးခန်းကြီးဆီသို့သာ အမြန်ဆုံး မောင်းလာခဲ့ပါသည်။





းခန်းကြီးကိုရောက်လျှင် အပြေးဆင်း အလုပ်သမားနှင့် ထရော်ခေါ်ယူခဲ့ကာ ကားပေါ်က စိမ်းစိုကို ထရော်လီပေါ် ပွေ့တင် း အရေးပေါ်ခန်းသို့ပြေးသည်။

တာဝန်ကျနေသော ဆရာဝန်မထံ အကျိုးအကြောင်း လည်း မိုးသက်လေပဲ ပြောပြရပါသည်။ မကြာမကြာလေး လိုပဲ ဗိုက်အောင့်ဗိုက်နာတတ်ကြောင်း၊ ခရင်မ်မေးလ်အက်စ် လာက်ပဲ သူ့ဟာသူသောက်ကာ ဗိုက်ကို ပရုတ်ဆီလူးတာတို့ တတို့သာ ရှိတဲ့အကြောင်း သိသလောက် ပြောရသည်။

ဆရာဝန်မက ဝမ်းဗိုက်ပြင်ကို စမ်းသပ်တဲ့အခါ းသက်လေက နောက်ဆုတ်ရပ်နေပေးရပါသည်။ ဆရာဝန်မက သေချာစမ်းသပ်ပြီးလျှင် ...

"ညီမရေ အာလ်ထရာဆောင်းဒ် ရိုက်ကြည့်ရမယ်"

"ကျွန်မ ... ကျွန်မ ... အစာအိမ်ရောဂါ ရှိလို့ပါ အစ်မရယ်၊ အာလ်ထရာဆောင်းဒ် ရိုက်ဖို့ လိုလို့လားဟင်"

"ရိုက်ဖို့လိုပါတယ် ညီမ၊ ဗိုက်ရဲ့ဟောဒီဘယ်ဘက်မှာလည်း တစ်ခုခု စမ်းမိတယ်၊ အစာအိမ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဗိုက်ထဲမှာ ဘာဖြစ်နေသလဲ သေချာအောင် အာလ်ထရာဆောင်းဒ်ကတော့ ရိုက်ရမယ်၊ နာ့စ် ဒီလူနာကို အာလ်ထရာဆောင်းဒ်ရိုက်ဖို့ လုပ်ပါ"

"လူနာရှင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပါ၊ ဟို ... ကျွန်တော်ပါ"

"အာလ်ထရာဆောင်းဒ်ဖိုး သွင်းပါနော်၊ ကျွန်မနဲ့ လိုက်ခဲ့ပါ"

စိမ်းစိုကား လောလောဆယ် ပိုက်ဆံလုမရှင်းနိုင်သေး၍ မျက်လုံးကလေးသာ တစ်ချက်လှန်၍ မိုးသက်လေကို ကြည့်သည်။ မိုးသက်လေက မလှမ်းမကမ်းကောင်တာမှာ ပိုက်ဆံသွားသွင်းလိုက်ပါသည်။ ရရှိလာတဲ့ ဘောက်ချာစာရွက် ဆေးစာအုပ်တို့နှင့် ဆရာမက စိမ်းစိုကို အာလ်ထရာဆောင်းဒ်ရိုက်သည့် အခန်းသို့ ထရော်လီနှင့်ပဲ တွန်းခေါ်သွားပါသည်။

ထရော်လီပေါ် ပက်လက်ပါသွားသည့် စိမ်းစိုက မိုးသက်လေကို မျက်လုံးလှန်၍ကြည့်ကာ နာကျင်ရှုံ့မဲ့နေတဲ့ကြားကပင် ...

"ရှင် နေခဲ့"

မိုးသက်လေက မကျေမနပ်နှင့် ရပ်ကျန်ခဲ့ပြီးမှ ခေါင်းကို တစ်ချက်ယမ်းကာ ထရော်လီနှင့် ခပ်လှမ်းလှမ်းက လိုက်ပါသွားပါသည်။ ဘာလို့မလိုက်ရမှာလဲ။ ဘာလို့ကျန်ခဲ့ရမှာလဲ။ သူတစ်ယောက်ပဲ အဖော်ပါလာတာကို။ တစ်ခုခု လိုအပ်ရင် အဖော်ပါတဲ့ လူနာရှင်က အဝေးရောက်နေတော့ ဘယ်ဖြစ်ပါ့မလဲ။

ပြီးတော့ သူ ဒီလောက်စိတ်ပူတာ။ အနားနားကပ်ပြီးတော့ပဲ နေချင်တာ။ ဖြစ်နိုင်ရင် လက်ဖျားကလေးကိုတောင် ဆုပ်ညှစ်ပြီး ကြင်ကြင်နာနာ ကိုင်ထားလိုက်ချင်သေးတာ။





အက်လ်ထရာဆောင်းဒ်ရိုက်သည့်အခန်းက ခပ်ကျဉ်းကျဉ်းပင်။ ခန်းဆီးဆွဲစေ့ကာ ရံထားသည့်အခန်းရဲ့ အပြင်ဘက်က ပလတ်စတစ်ခုံများမှာ မိုးသက်လေက ဝင်ထိုင်လိုက်ပါသည်။

"အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်ငါးပါ ဒေါက်တာ"

"အခု ဗိုက်ဘယ်နားက နာလဲ"

"ဒီအလယ်လောက်ကလို့ ထင်တာပဲ ဒေါက်တာ"

"ဟိုးအရင်ကရော နာဖူးလား"

ဆရာဝန်ကြီးက ဗိုက်ပေါ် ဂျယ်များတင်လိုက်ပြီး ကရိယာလေးနှင့် အသာထောက်ဆွဲပွတ်ကာ မော်နီတာကိုကြည့်ရင်း လှတ်ကမေးနေတာဖြစ်ပါသည်။ စိမ်းစိုသည် ခါတိုင်းလိုပင် ရှူးရှူးရှားရှား အသည်းအသန်ထိုးနာပြီးတဲ့နောက် အချိန်တစ်ခုရောက်မှချင် အနည်းငယ်လျော့ကျ သက်သာစပြုလာတာမို့ စကားအတုံ့ပြန်လှယ်ပြောနိုင်လာသည်။

"ဟုတ်ကဲ့ အစာအိမ်ရောဂါဖြစ်ဖူးပါတယ် ဒေါက်တာ၊ အသက်နှစ်ဆယ်လောက်ကပါ။ နောက်ပိုင်းလည်း တစ်ခါတစ်ခါပြန်အောင့်တော့ ကျွန်မ ဟိုအရင်က သောက်တဲ့ ခရင်မ်မေးလ်အက်စ်ပဲ သောက်လိုက်ရင် သက်သာသွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


“အစာအိမ်မှာ ဘာမှတော့ ထူးထူးခြားခြားမရှိဘူး၊ အသည်း ကျောက်ကပ်တွေလည်း ကောင်းပါတယ်၊ ဟော ... ဒါ ဘာလဲ”

စိမ်းစိုက ယောင်ယမ်းပြီး မော်နီတာဘက် ခေါင်းမော့ မျက်လုံးလှန်ကာ လှမ်းကြည့်မိသည်။ ဘာမှ လှမ်းမမြင်ရ။

“သားအိမ်မှာ Cyst ရှိနေပါလား”

“ဒေါက်တာ အဲဒါ ဘာလဲဟင်”

“အဲဒါက Ovarian Cyst ကပေါ့။ မြန်မာလိုဆိုရင် သားအိမ်ထဲမှာ အလုံးရှိနေတယ်ပေါ့။ အဲဒါကြောင့် အပြင်းအထန် နာတာဖြစ်နိုင်တယ်၊ အရွယ်အစားကတော့ သိပ်အကြီးကြီး မဟုတ်သေးပါဘူး”

ဆရာဝန်က အလုံးရဲ့အရွယ်အစားကို ဘေးက မှတ်ချက်ရေးမှတ်နေသည့် ကောင်မလေးထံ လှမ်းပြောနေသည်။ စိမ်းစိုသည် ရင်တထိတ်ထိတ်နှင့် နာကျင်တာအပြင် အလန့်တကြား မူးမော်ချင်လာသည်။ သားအိမ်ထဲအလုံးဆိုတော့ ခွဲများခွဲနေရမှာလား။ ဘာရောဂါမှ မယ်မယ်ရရဖြစ်ဖူးသူမဟုတ်၍ ရောဂါဘယဆိုလျှင် ကြောက်သည်။ ကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတလည်း သိပ်ကြွယ်ကြွယ်ဝဝမရှိရာ ဘာတွေများဖြစ်မှာလဲကို စိုးရိမ်ထိတ်လန့်လာပါသည်။





သားအိမ်ထဲမှာ အလုံးက ဘာကြောင့်လာဖြစ်ရတာလဲ။ ဘာအမှားအယွင်းများရှိလို့လဲ။ အလုံးဆိုတာ ကင်ဆာလား။

“အပျိုလား၊ အိမ်ထောင်ရှိလား”

“......”

“သမီး အိမ်ထောင်ရှိလား၊ အပျိုလား”

“ရှင် ... ဟို ...”

စိမ်းစိုသည် ခေါင်းနပန်းကြီးသွားကာ ခုနက နာကျင်မှုကြောင့် စိမ့်ထွက်ခဲ့တဲ့ချွေးသီးချွေးပေါက်ကြီးတွေလောက် မကြီးမားသော်လည်း ချွေးတော့ဖြင့်စိုလာပါသည်။ ကိုယ့်သားအိမ်ထဲလည်း အလုံးတစ်လုံးကတွေ့နေပြီ။ ဆရာဝန်ဆိုတာကိုတော့ လိမ်ညာဖုံးကွယ်ဖို့လည်း မသင့်လေရာ စိမ်းစိုသည် အသံလေး ကတုန်ကယင်နှင့် ...

“ဟို ... ကျွန်မ လွန်ခဲ့တဲ့ခြောက်နှစ်ကျော်လောက်က ကိုယ် ... ကိုယ်ဝန်ပျက်ဖူးပါတယ် ဒေါက်တာ”

“ဘယ်နှလမှာလဲ သမီး”

“သုံးလမှာပါ”

“နောက်ထပ်ရော ကလေးထပ်ရသေးလား”

ဆရာဝန်က ကိုယ်ဝန်ပျက်ဖူးသည်ဆိုတော့ အိမ်ထောင်သည်ပဲသတ်မှတ်လိုက်ပုံရပါသည်။

“မရပါဘူးရှင်”


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန်ပျက်ဖူးတာနဲ့တော့ အလုံးက ဆိုင်တော့မဆိုင်ပါဘူး၊ ဒီလိုအလုံးကတော့ အပျိုကြီးတွေလည်းဖြစ်ချင်ဖြစ်တာပဲ၊ အိမ်ထောင်သည်ထဲကလည်း ဖြစ်ချင်ဖြစ်မှာပဲ၊ ဒါပေမဲ့ သမီး သားဖွားမီးယပ်အထူးကုကိုတော့ ပြဖြစ်အောင်ပြရမယ်"

"ဒေါက် ... ဒေါက်တာ၊ ဒီ ... ဒီအလုံးက ကင်ဆာလားဟင်"

"အလုံးတွေ့တိုင်း ကင်ဆာမဟုတ်ပါဘူး၊ အန္တရာယ်ရှိမရှိ၊ ခွဲစိတ်ဖို့လိုမလိုကို သက်ဆိုင်တဲ့သားဖွားမီးယပ်ဆရာဝန်နဲ့ ဆက်ပြမှ သေသေချာချာသိရမှာပေါ့၊ ဘာမှ မကြောက်ပါနဲ့၊ ခွဲစိတ်ဖို့က လိုချင်မှလိုအပ်တာပါ၊ ဒီအတိုင်းထားပြီး ပုံမှန်ဆေးသောက်သွားရတာမျိုးလည်းရှိတာပဲ၊ လိုအပ်လို့ ခွဲထုတ်ရရင်လည်း ဘာမှ ကြောက်စရာမလိုဘူး၊ လွယ်လွယ်လေး၊ သမီး အခု တစ်ခါတစ်ရံ အကြီးအကျယ် ဗိုက်ထဲက ထိုးနာတာက ဒါကြောင့်ပဲဖြစ်မယ်၊ အိုကျိနဲ့ ခပ်မြန်မြန်ပြလိုက်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

အခန်းထဲကနေ စိမ်းစိုရဲ့ထရော်လီကို တွန်းထုတ်လာကာ ခုနက အရေးပေါ်ခန်းဆီ ပြန်တွန်းသွားတဲ့အထိ မိုးသက်လေက အခန်းဝမှာ ငြိမ်သက်တိတ်ဆိတ်စွာ ဆက်ထိုင်နေမိပါသည်။





သူ့ကို အခန်းဝမှာ စိမ်းစို မြင်မသွားပါ။ အခန်းထဲက စကားတွေကို သူ အားလုံးကြားလိုက်ရတယ်လို့သာ စိမ်းစို သိရှာလျှင် အတော့်ရှက်ရွံ့စိတ်ဆင်းရဲမှာပဲ ဆိုတာ မိုးသက်လေ ကြိုသိ၍ အကြာကြီး ဆက်ထိုင်နေပြီးမှ ဆေးခန်းပြင်က ပြန်ဝင်လာသလိုလို ဟန်မပျက် ပြန်ဝင်လာခဲ့ပါသည်။

◇ ♡ ◇



www.burmeseclassic.com

www.burmeseclassic.com



၈

"ညကြီးမင်းကြီးကျမှ ရောက်လာတော့ အံ့သြနေတာ၊ နင် ဒါဖြင့် စိမ်းစိုကို အိမ်ပြန်ပို့ပြီး ဒီကိုလာခဲ့တာပေါ့"

"အေး ... နေ့လယ်က အိမ်တစ်ခေါက် ပြန်သေးတယ်လေ၊ ငါပဲ အိုဂျီတွေ နည်းနည်း ဖုန်းဆက်စုံစမ်းကြည့်ပြီး ဆေးခန်းမှာပါ ဘွတ်ကင်တင်ထားလိုက်တာ၊ တိုကင်နံပါတ်က ငါးဆယ်လောက်ဖြစ်နေတယ်၊ ဒီနေ့ချက်ချင်းပြချင်တာကိုး၊ မမကြည်ရယ်၊ စိမ်းစိုရယ်၊ ငါရယ် အိမ်က ညခုနစ်နာရီလောက် ဆေးခန်းကိုထွက်တာ၊ ကိုးနာရီမှပြရတယ်ဟာ၊ သူတို့ကို ပြန်ပို့ပြီး နင့်ဆီတန်းလာတာ"

"နင်ကလည်း ဖုန်းပဲ ဆက်ပြောလိုက်ရောပေါ့၊ ငါလည်း ညကြီးမင်းကြီးတော့ သူ့ကို သတင်းမမေးနိုင်တော့ဘူးပေါ့၊ မနက်မှပဲ လာနိုင်မှာပဲလေ"





"ချက်ချင်း သတင်းမမေးလည်း ရပါတယ်၊ နာတုန်းက အသည်းအသန် နာပေမယ့် အခု သက်သာတော့လည်း ပကတိ အကောင်းပါပဲ။ ဖုန်းဆက်လိုက်ရင်ရတယ်၊ မနက်ဖြန် နင်လာကြည့်မှာပဲ သတင်းမေးမှာပဲဆိုတာ သိပေမယ့် မနက်ဖြန်အထိ မစောင့်နိုင်ဘဲနဲ့ကို ခုချက်ချင်း တွေ့ချင်လို့ ထွက်လာတာ"

နွေးနွေးအိမ်ကိုရောက်တော့ ဆယ်နာရီဆယ်မိနစ်တောင်ရှိနေပြီ။ နွေးနွေးမိဘတွေကိုတော့ အားနာပါသည်။ ဒါပေမဲ့ မတတ်နိုင်။ နွေးနွေးအမေလည်း စိမ်းစိုကို သိတာပဲမို့ စိမ်းစို နေမကောင်းကြောင်း နွေးနွေးကို လာအကြောင်းကြားသလိုလို ရောချရပါသည်။

ပြီးမှ နှစ်ယောက်သား မိုးသက်လေရဲ့ကားနားပေါ်တီကိုအောက် ပြန်ဆင်းလာခဲ့ပြီး တိုးတိုးတိတ်တိတ်ပြောစရာရှိတာကို စကားစ,ရတာဖြစ်သည်။

"ဘာဖြစ်လို့ ငါ့ကို ချက်ချင်းတွေ့ချင်တာလဲ"

"နင့်ကို မေးစရာရှိလို့ နွေးနွေး"

"ဘာလဲ မေးလေ၊ ဘာအကြောင်းလဲ"

"စိမ်းစိုနဲ့ပတ်သက်လို့"

နွေးနွေးက မိုးသက်လေကို စူးစိုက်ကြည့်သည်။ မိုးသက်လေကို နွေးနွေးက ခင်မင်ပါသည်။ လူကောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို့လည်း လက်ခံထားပါသည်။ တစ်ခါတစ်ရံ ဂျစ်ကန်ကန်နိုင်တာတော့ရှိပေမယ့် မိုးသက်လေဟာ ယောကျ်ားပီသတဲ့ ကောင်ကလေးတစ်ယောက်ပါ။

"နွေးနွေး"

"အင်း"

"နင်နဲ့ စိမ်းစို မတွေ့တာ လွန်ခဲ့တဲ့ခြောက်နှစ်ကနော်"

"အင်း ... ဟုတ်တယ်လေ"

"နင်တို့ ရန်ကုန်ပြောင်းတော့ စိမ်းစိုမှာ ရည်းစားရှိနေပြီ မဟုတ်လား"

"အေး ... ငါ နင့်ကိုပြောဖူးပြီးသားပဲ၊ ငါ ပြောင်းသွားပြီး နောက် မကြာခင် ကွဲသွားကြတဲ့ပုံပဲ"

"အဲဒီလူကို နင် သိလား"

"ငါနဲ့တော့ မသိဘူးပေါ့၊ ဘယ်သူရယ်လို့တော့ သိတာပေါ့"

"သူ ဘယ်သူလဲ"

နွေးနွေးက အသံတိတ်သွားပြီးမှ ...

"ဘာဖြစ်လို့လဲ"

"ငါ သိချင်တယ်"

"နင်ကလည်း ဘာကိစ္စသိချင်ရတာလဲ"

"ငါမေးတာ ဖြေစမ်းပါဟာ"





"သူက သူဌေးသားတစ်ယောက်ပဲလေ၊ နာမည်တော့ ငါ မပြောပါရစေနဲ့၊ စိမ်းစိုက ပိတ်ထားလို့ပါ"

"ဘယ်တုန်းကပိတ်ထားတာလဲ"

"အခု နင် အင်းစိန်ကို စ,ရောက်ပြီး အိမ်ဆောက်ဖို့လုပ်တဲ့ အချိန်ကနေ အခုချိန်ထိ ရှစ်လကိုးလကြားမှာ သူ ငါ့ကို တစ်ခါပြောဖူးတာ၊ ငါက သူ့အတိတ်အကြောင်းကို မေးကြည့်လို့လေ၊ ပြန်ပြောရရင် ရင်တွေသိပ်နာရမှာမို့ မပြောပါရစေနဲ့တဲ့၊ ပြီးတော့ နင်နဲ့ငါက ခင်တယ်ဆိုတော့ ငါကတစ်ဆင့် နင့်ကို သူ့အကြောင်းတွေပြောမိနိုင်တယ် မဟုတ်လား ...

သူက တော်ရုံတန်ရုံနောက်ကြောင်းတွေ ပြောမိတာကိစ္စမရှိပေမယ့် နာမည်တွေ ဘာတွေဖွင့်မပြောပါနဲ့လို့ ငါ့ကို ကတိတောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုလူလည်း ရန်ကုန်ကသူဌေးသားပဲမဟုတ်လား၊ သိကျွမ်းနေတာမျိုး တစ်ချိန်ချိန်မှာ ကြုံဆုံနေမိတာမျိုးဖြစ်မှာ သူ စိုးရိမ်လို့ ...

အဲဒီ သူ့ချစ်သူကို ငါလည်း တစ်ခါမှ မဆုံလိုက်ဖူးဘူး၊ နာမည်တော့ သူ ပြောပြလို့ အဲဒီတုန်းကတည်းက ကြားဖူးတာပေါ့၊ ဒါပေမဲ့ ဒီနာမည်တွေ ဘာတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုရယ်လို့မဟုတ်ဘူး ငါ့အမေတို့ ဘာတို့ရော အားလုံး ပေါ့ဟာ ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ သူက ကတိတောင်း တယ်၊ ငါကလည်း လုံးဝမပြောပါဘူးလို့ ကတိပေးထား တယ်၊ နင်က ဘာဖြစ်လို့ သိချင်လာတာလဲ"

မိုးသက်လေက သူ့ရဲ့ခေါင်းကိုသာ ယမ်းခါပြလိုက် မိပါသည်။ အဲဒီကောင်ကို ပြေးသတ်ချင်တာလေ။ ဒီလောက်အထိ ဖြစ်ပျက်ပြီးမှ အဆင့်အတန်းကွာခြားလို့ စွန့်ပစ်တာမျိုး လမ်းခွဲ တာမျိုးလုပ်စရာလား၊ အလကားကောင်။ ခွေးလိုကောင်။ ဟုတ်ပါ တယ်လေ။ သိနေရင် သူ လိုက်လံစုံစမ်းရှာဖွေ ပြဿနာရှာချင် နေမိဦးမည်။

"နင် ဘာဖြစ်လို့ မေးတာလဲ၊ အကြောင်းတော့ ရှိရမှာ ပေါ့"

"နင့် သူနဲ့ သူ့ရည်းစားအကြောင်း တခြား ဘာသိသေး လဲ"

"ဘာမှ သေချာမသိဘူးဟ၊ သူကလည်း ကမ်းခြေကနေ တစ်ပတ်တစ်ရက်ပဲ အိမ်ပြန်လာတာ၊ အပတ်တိုင်းတောင် အဲဒီတစ်ရက် ငါတို့မတွေ့ဖြစ်ဘူး၊ တွေ့ရင်တော့ သူက စုံနေအောင်ပြောပြပါတယ်၊ ရယ်စရာပျော်စရာ ဟိုတယ် အတွေ့အကြုံတွေ၊ ဧည့်သည်တွေရဲ့အကြောင်းတွေ၊ ရုပ်ရှင်





မင်းသမီးမင်းသားတွေ လာတည်းတာတွေ၊ အဲလိုဟာတွေ ပြောကြရယ်ကြပေါ့ဟာ၊ အဲဒီလူအကြောင်းတော့ အသေး စိတ်မသိဘူး"

မိုးသက်လေသည် ခန်းဆီးချထားတဲ့ အခန်းထဲက တုန်ယင်တိုးဖျော့စွာ ထွက်ပေါ်လာခဲ့တဲ့ ...

"ကျွန်မ ... လွန်ခဲ့တဲ့ခြောက်နှစ်ကျော်လောက်က ကိုယ်ဝန်ပျက်ဖူးပါတယ် ဒေါက်တာ" ဆိုတဲ့ စကားလေးတစ်ခွန်းကို သာ ပုံတင်ထပ်သလို အခါခါပြန်ကြားယောင်နေမိကာ ရင်ထဲမှာ နာကျင်ကြေကွဲနေမိပါသည်။

"မိုးသက်"

"......"

"နင်ဘာဖြစ်လို့မေးတာလဲ၊ နင် ဒီနေ့ဘာဖြစ်လာလဲ၊ စိမ်းစို နေမကောင်းတာအပြင် တခြားတစ်ခုခုကိစ္စရှိခဲ့သေးလား"

"ဟင့်အင်း"

မိုးသက်လေက ခေါင်းယမ်းလိုက်သည်။

"ဘာကိစ္စမှမရှိပါဘူး၊ ငါ ဒီနေ့ သူ့ကိုမြင်ရတာ သိပ်သနား တယ်၊ ငါ့စိတ်ထဲမှာလည်း ကြေကွဲနေတယ်၊ သူက နင်နဲ့မှ ရွယ်တူ အသက်နှစ်ဆယ့်ငါးနှစ်ပဲရှိသေးတယ်၊ ဒါပေမဲ့ သူ့မှာ အားကိုးစရာမရှိဘူး၊ မမကြည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသာအားကိုးနေတဲ့သူ၊ သူပဲ အစစအရာရာကို ရှန်းကန်ရပ်တည်ရင်ဆိုင်နေရတာ၊ စီးပွားရေး၊ လူမှုရေး အားလုံးသူ့ခြေထောက်ပေါ်သူရပ်ပြီး ရင်ဆိုင်ရ ဖြေရှင်းရတာချည်းပဲ၊ အသက်အရွယ်လေးနဲ့မမျှဘူး"

"ဟုတ်တယ်လေ၊ စိမ်းစိုက သနားဖို့တော့ ကောင်းတယ်၊ ဒါပေမဲ့ နင်က သူ့ကို သနားတာနဲ့ပဲ သူ့ရည်းစားဟောင်း ဘယ်သူလဲမေးတာက ဘာဆိုင်လို့လဲ"

"သူ့ရဲ့နောက်ကြောင်းကို နင်သိသလောက်သိချင်လို့ မေးတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ... ငါ သူ့ကို ချစ်တယ်လို့ ဖွင့်ပြောတော့မလို့"

"တကယ်လား !!"

"ဟုတ်တယ်"

"နင် သူ့ကို စိတ်ဝင်စားတယ်၊ သံယောဇဉ်ကြီးကြီးလာတယ်၊ အကြင်နာတွေပိုတယ် ဆိုတာကိုတော့ သိတယ်လေ၊ နင် ရီးတိုးရိတ်တိတ် ပြောတာတွေကိုလည်း ငါက စ,တာပဲလား၊ အတည်လား ဝေခွဲမရဖြစ်နေတာ၊ နင်နဲ့ စိမ်းစိုကို ဆိုရင် ငါ သိပ်သဘောတူတာပဲ၊ နင့်ကိုလည်း အရမ်းခင်တယ်၊ သူ့ကိုလည်း အရမ်းခင်တယ်၊ ငါ အရမ်းသဘောတူတယ်၊ ဒါပေမဲ့ နင့်အမေ သဘောတူပါ့မလားဟ."





"ဘာလို့မတူရမှာလဲ၊ မေမေက ဒီလောက်အေးတာ၊ စိတ်ထားလည်းကောင်းတယ်၊ ပြီးတော့ ငါတို့က မတရားချမ်းသာနေတဲ့ သူဌေးမင်းကြီးတွေဖြစ်နေလို့လား"

"နင့်အဖေက သူဌေးကြီးလေ"

"လာပြန်ပြီလား၊ ငါ့အဖေဆီက ဒီခြံကိုလက်ခံတယ်၊ ဒီကားကိုလက်ခံတယ်၊ အဲဒါအပြင် တခြားမှ ငါမယူတာ၊ အဖေက သူ့ရဲ့ကုမ္ပဏီလုပ်ငန်းခွဲတစ်ခုကို လာအုပ်ချုပ်ပြီး အဲဒီစီးပွားရေးအစုကို ငါယူဖို့လည်း အမွေပေးတယ်၊ ငါ မယူပါဘူး၊ ဒီလောက်ပဲတော်ပါပြီ၊ အဖေ စိတ်မကောင်းမှာစိုးလို့ အသိအမှတ်ပြုလက်သင့်ခံရုံပါ၊ အဖေ့မှာက သူ့မိသားစုနဲ့သူပဲလေ၊ ငါ သွားမပတ်သက်ဘူး၊ ငါ့အဖေသေရင်လည်း ငါ အမွေတောင်းမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ။ ဒီတော့ နင်က စိမ်းစိုကို ချစ်ခွင့်ပန်မယ် လက်ထပ်မယ်ပေါ့"

"ဟုတ်တယ်"

"သူ လက်ခံပါစေဟာ၊ ငါ ဆုတောင်းပေးပါတယ်"

"နင် ဆုတောင်းပေးတဲ့ လေသံကြီးကမှ စိတ်ဓာတ်ကျစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆိုတော့ စိမ်းစို ပုံစံကို ငါ အကဲခတ်မိလို့ပာ၊ စိမ်းစိုက ဟိုးအရင်က ဒီလိုကိုမဟုတ်ဘူး၊ နူးညံ့သိမ်မွေ့တယ် ဖော်ရွေတယ်၊ သံယောဇဉ်လည်းကြီးတတ်တယ်၊ ခင်မင်ရင်းနှီးလွယ်တယ်၊ အခုပုံစံက သူ့ကိုယ်သူ မာန်တင်းထားတာ၊ တော်ရုံတန်ရုံနဲ့ ယောကျ်ားတစ်ယောက်ဆီမှာ ကျဆုံးမှာမဟုတ်ဘူး၊ အားကိုးမှီခိုမှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ငါကတော့ သူ့အချစ်ကို ရအောင်ကြိုးစားမှာပဲ၊ သူ့ကို ငါချစ်တယ်၊ သနားလည်း သနားတယ်ဟာ"

နွေးနွေးတောင်သိပုံမရတဲ့ စိမ်းစိုရဲ့ လျှို့ဝှက်ချက်ကို မိုးသက်လေက ပြောမပြတော့ပါ။ ဘယ်သူမှမသိတော့ဘဲ ဒီအဖြစ်တွေ တဖြည်းဖြည်းမေးမှိန်ပျောက်ကွယ်သွားပါစေ။ မိုးသက်လေအဖို့ကတော့ စိမ်းစိုရဲ့ ခါးသီးတဲ့ဒီအတိတ်ဇာတ်လမ်းဟာ တအုံနွေးနွေးပျိုးနေတဲ့ သူ့ရင်ထဲက အချစ်မီးပုံကလေးကို ဝုန်းခနဲထ,တောက်လောင်ဖို့ လောင်စာဆီပက်ဖျန်းလိုက်တဲ့သဘောကဲ့သို့ပင်။

ခုတော့ ရင်ထဲက မီးပုံကြီးဟာ မီးတောက်မီးညွန့်တွေ ငြိမ်းသတ်မရအောင် ကြီးထွားအားကောင်းနေပြီ။ ခုမှ ဒီမီးကို လျှော့ဖို့လည်း မဖြစ်နိုင်တော့။ စိမ်းစိုရဲ့ချစ်ခြင်းရေစင်လေးနဲ့





ဖျန်းတောက်ရင်တော့ အပူလျော့ကျသက်သာဖို့ အခွင့်အရေးလေးရှိပါရဲ့။

ကိုယ့်ကို ယုံကြည်အားကိုးပါ စိမ်းစိုရယ်။

✧ ♡ ✧

စိမ်းစိုက သူတို့ခြံဝင်းထဲ အိမ်ရှေ့ကသစ်သားခုံတန်းလျားပေါင်းလေးတွေမှာ ထိုင်နေကာ ဦးဖေဆန်းနှင့် မမကြည်က မလှမ်းမကမ်းမှာ ပလတ်စတစ်ခွေးခြေပုကလေးတွေနှင့် ထိုင်ပြီး ဦးဖေဆန်းက ဟော့ထ်ပလိတ်မီးဖိုကို ကွိုင်တွေလဲပတ်ပေးနေပါသည်။

မိုးသက်လေက စိမ်းစိုထိုင်နေတဲ့ ခုံတန်းရဲ့တစ်ဖက်နားမှာ ဝင်ထိုင်လိုက်သည်။

"မနက်က နွေးနွေးတောင်လာတယ်၊ ကိုမိုးသက်လေ ပြောပြလိုက်တာလား"

"ဟုတ်တယ်၊ စိမ်းစို သက်သာလား"

"ဟုတ်ကဲ့၊ ကောင်းနေပြီ၊ မကြာမကြာ ဒီလိုပဲနာရင်ထနာလိုက်၊ ခဏနဲ့ပဲသက်သာသွားလိုက်နဲ့ ရိုးနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်းဘယ်ဟုတ်မလဲဟ၊ နင် သေချာ ဆရာဝန်ပြလို့ ရောဂါကို သေချာသိရတာပေါ့၊ ရောဂါက အရေးကြီးတာ မကြီးတာ တစ်ကဏ္ဍပေါ့၊ ဘာရောဂါဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် အသေအချာသိရတာကောင်းတာပေါ့၊ တစ်ချိန်လုံး အောင့်တိုင်းနာတိုင်း အစာအိမ်ဆေးပဲသောက်ချနေခဲ့တာ၊ အစာအိမ်ဆေးတွေက ဘေးဥပါဒ်မဖြစ် Side effect တွေမရှိလို့ တော်သေးတာပေါ့"

ဦးဖေဆန်းက လှမ်းပြောပါသည်။

"ခွဲဖို့လည်းမလိုဘူးဆိုတော့ အရေးမကြီးဘူးဆိုတဲ့သဘောပေါ့နော်"

"ဒါပေမဲ့ ကိုယ့်ဗိုက်ထဲမှာ ပုံမှန်သဘာဝမဟုတ်တဲ့အရာတစ်ခုရှိနေတယ်ဆိုတာ သမားရိုးကျတော့မဟုတ်တဲ့အတွက် အမြဲသတိတော့ထားရမယ်လေ၊ ဒီထက်ကြီးလာမလား၊ ဘာထူးခြားလာလဲဆိုတာတော့ သုံးလတစ်ခါ ခြောက်လတစ်ခါ အိုဂျီကို ပုံမှန်ပြနေဖို့သင့်တယ် စိမ်းစို"

စိမ်းစိုက မိုးသက်လေကို ငဲ့ကြည့်ပြီး မိုးသက်လေစကားကို ဂရုတစိုက် နားထောင်နေပါသည်။ ဒီလူကို ကျေးဇူးတင်လှပါသည်။ စိမ်းစို နေမကောင်းခိုက်မှာ ကိုယ်ဖိရင်ဖိ ကူညီစောင့်ရှောက်ပေးတဲ့ ကျေးဇူးရှိသွားပြီပေါ့။





သူဟာ တကယ်ကို စိုးရိမ်တကြီး ကူညီခဲ့တာ။ ဝတ်ကျေတန်းကျေမဟုတ်။

"မိုးလေးပြောတာဟုတ်တယ်၊ ခွဲစရာမလိုဘူးဆိုတာနဲ့ပဲ နင်က ဘာမှ အရေးမကြီးဘူးလုပ်မနေနဲ့၊ အခုက အရွယ်အစားလည်းသေးသေးတယ်ဆိုပေမယ့် ကြီးလာသလား အရင်ကလောက်ပဲလားတော့ ဂရုစိုက်နေမှပေါ့"

"မမကြည် သန်ဘက်ခါ အမေတို့ဆီသွားရမယ့်ရက်ဆိုတော့ ဟိုရောက်ရင် အမေ့ကို လွှတ်ခနဲနဲ့ ပြောမနေနဲ့ဦးနော်၊ အမေ စိတ်ပူနေဦးမယ်၊ ဘာမှ မပြောနဲ့"

"အေးပါဟယ်"

"ဒီနေ့ သူ့ဘာဂါဆိုင်မဖွင့်တော့ ဖောက်သည်တွေ လာကြသေးလား"

"လာတာပေါ့ အစ်ကိုကြီး၊ သုံးလေးရက်တော့ ဘာဂါဆိုင်ပိတ်ထားဦးမယ်လို့ ပြောရတာပေါ့"

"သုံးလေးရက် !!"

"အင်းလေ ... စိမ်းစို နားရဦးမှာပေါ့"

"ခုတောင် လုံးဝကောင်းနေတာပဲဟာ၊ ကျွန်မက နက်ဖြန်ဆိုင်လာဖွင့်မှာ ကိုမိုးသက်လေရဲ့"

"ဟာ ... နည်းနည်းပါးပါး နားလိုက်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ထဲမှာ အလုံးရှိတယ်ဆိုတာ သိလိုက်ရလို့သာ၊ တစ်ခုခုပဲဖြစ်နေသလိုလို လူနာကြီးလိုလို ဖြစ်သွားတာပါ၊ ကျွန်မမှ ဘာမှမဖြစ်တာ၊ ဒီနေ့တစ်ရက် နားလိုက်တယ်ဆိုရင် ပြီးပြီပေါ့"

မိုးသက်လေက စိမ်းစိုကို ငေးစိုက်ကြည့်နေ၍ ...

"တကယ်ပါ ကိုမိုးသက်လေရဲ့၊ တကယ် နေလို့ထိုင်လို့ကောင်းပါတယ်"

ဦးဖေဆန်းက ကျိုင်တွေလဲလှယ် ပြုပြင်ပြီးသွားသော ဟော့ပလိတ်မီးဖိုကို မ,ကာ မတ်တတ်ထရပ်ရင်း ...

"ကြည်လေး ... လာ၊ စမ်းဖွင့်ကြည့်ရအောင်"

မမကြည်ပါ ဦးဖေဆန်းနောက်မှလိုက်ပါပြီး အိမ်ပေါ်တက် သွားကြပါသည်။ စိမ်းစိုသည် ခြံထဲမှာ ခုံတန်းတစ်ခုပေါ်ထိုင်၍ စိမ်းစိုနှင့် မိုးသက်လေ နှစ်ဦးတည်းကျန်ရစ်ခဲ့၍ ရှိုးတိုးရှန့်တန့် မနေချင်သလိုဖြစ်ကာ အိမ်ထဲဘက်ငဲ့ကြည့်ရင်း ...

"အိမ်ထဲမှာ ထိုင်မလား"

"ဒီမှာပဲ ထိုင်ရအောင်လေ"

"ဟို ... မီးဖိုကောင်းသွားပြီဆိုရင် ညနေစာအတွက် အရည်လေးတစ်ခုခု သွားချက်လိုက်ဦးမယ်"

"မမကြည် ချက်မှာပေါ့၊ ခင်ဗျားက လူနာပဲ၊ ငြိမ်ငြိမ်နေစမ်းပါ"





"အို ... ကျွန်မ နေကောင်းပါတယ်ရှင့်"

"နေကောင်းတယ်ဆိုရင် ပြောစရာရှိတယ်"

စိမ်းစိုက မျက်ခုံးလေးမြင့်သွားရင်း ...

"ဘာလဲဟင်"

"စိမ်းစို"

"ရှင် ... အင် ... ဘာလဲ"

'ရှင်'ထူးသံက နူးညံ့သလိုလေး ဖြစ်သွား၍ စိမ်းစိုက အသံကို အနည်းငယ်ပြင်ကာ ခပ်တည်တည်ကလေး ထပ်ထူးလိုက်ပါသည်။

"စိမ်းစိုကို စကားတစ်ခွန်းပြောစရာရှိတယ်"

"......"

စိမ်းစိုသည် ရင်ထဲထိတ်ခနဲဖြစ်ကာ မိုးသက်လေကို လန့်တကြားကြည့်လိုက်မိပါသည်။ ဆံနွယ်တွေ နဖူးပေါ် ဖရိုဖရဲကျို့နှင့် ဟန်ကြီးပန်ကြီးမပါ ပေါ့ပါးလွတ်လပ်တဲ့စတိုင်ရှိသော မိုးသက်လေက အဓိပ္ပာယ်ဖော်ရခက်တဲ့ ထူးခြားလေးနက်သော အကြည့်တစ်မျိုးနှင့် စိမ်းစိုကို ကြည့်နေသည်။

ကြည့်နေရင်းကပဲ သူ့မျက်လုံးတွေက ရွှန်းတောက်တောက်လည်လာကာ သိမ်မွေ့နူးညံ့လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီစကားကို အလေးအနက်ပြောမှာပါ"

"……"

"ကျွန်တော့်အတွက် ဘဝနဲ့ချီအရေးကြီးတဲ့ စကားမို့လို့ စိမ်းစိုလည်း အလေးအနက်ထား နားထောင်ပေးပါ"

"……"

"ပြီးရင် အေးအေးဆေးဆေး စိတ်ရှင်းရှင်းနဲ့ အချိန်ဘယ်လောက်ပဲကြာကြာ အချိန်ယူစဉ်းစားပါ၊ ရုတ်တရက်ဖြစ်လာတဲ့စိတ်လှုပ်ရှားမှု စိတ်ခံစားမှုနဲ့ပေးတဲ့ အဖြေကို ကျွန်တော် မလိုချင်ဘူး"

စိမ်းစိုသည် ဝိုင်းစက်တဲ့မျက်လုံးအစုံနှင့် မိုးသက်လေကို မျက်ခုံးနှစ်ဖက်လုံးပင့်ကာ နှုတ်ခမ်းကလေးလည်း မဟတဟနှင့် အံ့ဩထိတ်လန့်စွာ ငေးကြည့်နေမိသည်။ အာခေါင်တွေခြောက်ကာ လက်ဖျားတွေအေးစက်လာ ကျောပြင် ကုပ်ပိုးတို့မှာ ကြက်သီးမွေးညင်း ရှိန်းထလာကာ အကြောက်တစ်ခုကလည်း နှလုံးသားထဲ စိမ့်ဝင်လာသည်။

"စိမ်းစိုကို ကျွန်တော် သိပ်ချစ်နေမိတာကြာပြီ၊ စိမ်းစိုကို လက်ထပ်ပါရစေဗျာ"

"ဟင်"





စိမ်းစိုသည် ကတုန်ကယင်နှင့် ဆတ်ခနဲထ,ရပ်လိုက်ပါသည်။ တဒုတ်ဒုတ်မြည်အောင် ခုန်ပေါက်တုန်ခါလာတဲ့ နှလုံးသားမှာ ဖြာနွေးဖိုလိုက်ကာ နင့်သည်းလှိုက်လှဲသော ခံစားချက်တစ်ခုကို တလှပ်လှပ်ခံစားလိုက်ရခြင်းနှင့်အတူ ဝမ်းနည်းခြင်းပါရင်ထဲသို့ လှိုက်ခနဲ စိမ့်ဝင်လာသည်။

ချက်ချင်း မျက်ရည်တွေလည်ကာ ခုံတန်းမှာထိုင်ဆဲမိုးသက်လေကို ငုံ့စိုက်ကြည့်နေရင်း လည်လာတဲ့မျက်ရည်တွေက မျက်ဝန်းအိမ်ထဲပြည့်လျှံကာ ပါးပေါ်တတုတ်တုတ် ကသုတ်ကရက်စီးကျလာကြပါသည်။

"စိမ်းစို ဘာဖြစ်လို့လဲဗျာ"

"ရှင် ဘာပြောလိုက်တာလဲ"

မိုးသက်လေက တအားတုန်ယင်လှုပ်ရှားနေတဲ့ စိမ်းစိုကို ကရုဏာသက်စွာ မော့ငေးကြည့်နေမိပါသည်။

"ကျွန်တော် စိမ်းစိုကို သိပ်ချစ်တယ်"

"ဘာ"

"ကျွန်တော် စိမ်းစိုကို လက်ထပ်ချင်ပါတယ်၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ၊ စိမ်းစို စဉ်းစားလို့ ရပါတယ်၊ အချိန်ယူလို့ရပါတယ်၊ ကျွန်တော့်ဘက်မှာ စိမ်းစို စဉ်းစားနိုင်အောင် သိချင်တာတွေရှိရင်လည်း မေးနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစို မျက်နှာက တဖြည်းဖြည်းသွေးရောင်လျှမ်းနီ မြန်းလာကာ မိုးသက်လေ လုံးဝ မမျှော်လင့် မထင်မှတ်ချိန်တွင် မိုးသက်လေရဲ့ပါးပြင်ကို တအားလွှဲကာ ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်ပါသည်။

"ဟာ"

မိုးသက်လေက ခုံတန်းမှ တအံ့တသြထ,ရပ်လိုက်ကာ ...

"စိမ်းစို"

"ရှင် အခုထွက်သွား"

ကျုံးအော်လိုက်တဲ့ စိမ်းစိုအသံက တုန်ခါနေသည်။

✧ ♡ ✧





၉

"ဘာဖြစ်လို့ ငါ့ခင်ပွန်းလောင်းဖြစ်ရမှာလဲ စိမ်းစိုရယ်၊ ငါက မိုးသက်ကို လက်ထပ်မလို့ပါလို့ နင့်ကို တစ်ကြိမ် လောက်ပြောဖူးလို့လား"

"ဒါပေမဲ့ နင့်ခင်ပွန်းလောင်းလို့တော့ ပြောခဲ့တာပဲ"

"မှားပါတယ် စိမ်းစိုရယ်၊ တွေ့ကြကာစက တမင်ရွတ် နောက်နောက် မိတ်ဆက်ပေးခဲ့မိတာပါ၊ ငါတို့ပုံစံက လက် ထပ်ကြမယ့်ပုံရော ပေါက်နေလို့လား"

"ဒါပေမဲ့ လက်ထပ်ကြမှာပဲ မဟုတ်လား"

"ဘာဖြစ်လို့ ထပ်ရမှာလဲ"

နွေးနွေးက စိတ်ညစ်သလို ခေါင်းလေးကုတ်ဖွလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို ငါ့ရည်းစားအကြောင်း စကားထဲကြုံသလို ထည့်ပြောတာ ဘယ်နှခါတောင်ရှိနေပြီလဲ၊ နင် မမှတ်မိဘူးလား"

"မှတ်မိပါတယ်"

"ဟိုးရှေးရှေးက တစ်ခါမိတ်ဆက်ပေးထားတာကိုပဲ စွဲစွဲမြဲမြဲမှတ်ထားပြီး နောက်ပိုင်းတစ်ချိန်လုံးကြားနေရတဲ့ ငါ့မှာ ရည်းစားရှိတာကျတော့ နင် ထည့်မစဉ်းစားဘူးလား"

"ရည်းစားက ရည်းစားပဲလေ၊ လက်ထပ်ရမယ့်သူကတော့ လက်ထပ်ရမယ့်သူပဲ မဟုတ်လား"

"လက်ကိုမထပ်တာ"

နွေးနွေးက စိတ်မရှည်သလိုလေး အော်လိုက်ပါသည်။

"ငါ့ထက် အသက်နည်းနည်းကြီးပေမယ့် မိုးသက်နဲ့ ငါက လုံးဝ သူငယ်ချင်းရင်းချာလိုပေါင်းခဲ့တာ၊ မိဘတွေက ဘာတွေပြောပြောလေ၊ ငါတို့ချင်းက လုံးဝမယူရင် ဘယ်လိုလုပ်ပေးစားမလဲ၊ အရင်ကစ,ရုံစတာ၊ နောက်တော့ အတည်လိုလိုပြောလာတာက ငါ့အမေက၊ ငါ့အမေက ငါ့ရည်းစားကို သဘောမကျတော့ အပိုင်တွေပြောလာတာ၊ တကယ်တော့ ပြောလည်းမောရုံပဲလေ၊ သူလည်း ငါ့မကြိုက်၊ ငါလည်း သူ့မကြိုက်နဲ့ ဘယ်သူက ယူမှာလဲ"





"တစ်နေ့နေ့တော့ မိဘစကား မလွန်ဆန်နိုင်ဘဲ လက်တွဲရမှာပဲမဟုတ်လား နွေးနွေးရာ"

"ဘယ်ကဟုတ်ရမှာလဲ၊ ကိုယ်ချစ်တဲ့သူကို လုံးဝမပေးစားပါဘူးဆိုရင်တောင်မှ နောက်ဆုံးတစ်နေ့ မယူဘဲနေလိုက်ရုံပဲဟယ်၊ ကိုယ်လည်းမချစ် သူလည်းမချစ်၊ စိတ်မဝင်စားတဲ့လူတစ်ယောက်ကိုတော့ ဘာဖြစ်လို့ အဓိပ္ပာယ်မရှိ ယူရမှာလဲ၊ ငါတို့နှစ်ယောက်ထဲမှာ တစ်ဖက်က ချစ်တယ်ဆိုရင်တောင် ဇွတ်ဖြစ်ကောင်းဖြစ်သွားနိုင်သေးတယ် ...

ဒါပေမဲ့ ငါကလည်း အခု ငါ့ချစ်သူကို မေမေတို့ လက်ခံနိုင်လာအောင် ကြိုးစားခိုင်းမှာပါ၊ တဖြည်းဖြည်းဖြစ်လာမှာပေါ့၊ သူခိုး ကြမ်းပိုးမို့ သဘောမတူတာမှမဟုတ်ဘဲဟယ်၊ ဘာပဲဖြစ်ဖြစ် လုံးဝသေချာတာကတော့ ငါနဲ့ မိုးသက်ဟာ ဘယ်တော့မှ ယူမယ့်သူတွေမဟုတ်ဘူး၊ မိုးသက်ဟာ ငါ့ခင်ပွန်းလောင်း ဘယ်တော့မှမဟုတ်ဘူး စိမ်းစို"

စိမ်းစိုက ငြိမ်သက်နေပါသည်။

"အဲဒီ့အပိုင်းပြီးသွားရင် နောက်ပိုင်းက နင် မိုးသက်ကို စဉ်းစားသင့်တယ် စိမ်းစို"

"တော်ပါဟာ"

"ဘာလို့တော်ရမှာလဲ၊ မိုးသက်က လူကောင်းတစ်ယောက်ဟ၊ နင့်ကိုလည်း သူ အရမ်းချစ်တာ ငါသိတယ်၊ စ...



www.burmeseclassic.com

www.burmeseclassic.com



ကာစကတည်းက နင့်ကို သူ ချစ်တာ၊ ခုဆိုရင် ကြာတောင် ကြာနေပြီ၊ နင့်ကိုလန့်လို့ သူ ဖွင့်မပြောတာ၊ အခုကျတော့ ကြည့်ရတာ နင် နေမကောင်းဖြစ်လိုက်တာကို သူ တော်တော်သနားကရုဏာသက်သွားပုံပဲ၊ အဲဒါကြောင့် သူ့ဆီက ချစ်တဲ့စကား ထွက်လာတာပဲ ဖြစ်နိုင်မယ်”

စိမ်းစို ရင်ထဲ နွေးဖိုသွားရပါသည်။

“နေမကောင်းဖြစ်တာ ဘာသနားစရာရှိလဲ၊ တစ်သက်လုံး ဖြစ်နေမှာကျနေတာပဲ၊ ခဏနေရင် နေကောင်းသွားမှာပေါ့ ဟွန်း ...”

“စိမ်းစို နင်တစ်ယောက်တည်း အထီးကျန်မဆန်ဘူးလား ဟယ်၊ နင့်အမေကလည်း အပြီးအပိုင် တရားပဲအားထုတ်တော့မှာလေ”

“မမကြည် ရှိတာပဲဟာ”

“အဲဒီ မမကြည်က နက်ဖြန်သန်ဘက် ဦးဖေဆန်းကြီးနဲ့ ယူမယ့်ဟာ”

“ဖွ ... ဖွ လွဲပါစေ”

စိမ်းစိုအမူအရာကို နွေးနွေးက ပွဲကျနေပါသည်။

“နင် မိုးသက်ကို နည်းနည်းတောင် စိတ်မဝင်စားဘူးလား”

“ဟင့်အင်း”

“နင် ညာတာပါဟာ”





“ဩော် ... စိတ်မဝင်စားပါဘူးဆိုမှ ခက်ပါလား”

“နည်းနည်းတောင်မခင်ဘူးလား၊ နင် ခင်တော့ခင်မှာပါ၊ သူနဲ့ နင်နဲ့ အတုံ့အပြန်ဆက်ဆံရတာတွေ အများကြီးရှိခဲ့တာပဲ၊ စိမ်းစိုဆိုတဲ့ကောင်မလေးဟာ မွေးရာပါ အသည်းနှလုံးတွေ စိမ်းကားအေးစက်နေတဲ့ ကောင်မလေးမှ မဟုတ်ဘဲ”

စိမ်းစိုက ငေးငိုင်နေပါသည်။

“နောက်ပြီး နင့်အပေါ် ဘယ်သူဟာ မှန်ကန်တယ်၊ လှိုက်လှဲတယ်၊ ဖြူစင်တယ် မေတ္တာစေတနာရှိတယ်ဆိုတာ နင်က အကဲမခတ်တတ် နားမလည်တတ်အောင် ညံ့ဖျင်းတဲ့သူလည်းမဟုတ်ဘူး၊ မိုးသက်ဟာ နင့်အတွက် ရွေးချယ်ထိုက်တဲ့လူတစ်ယောက် ဖြစ်တယ်ဆိုတာ နင် နားလည်မှာပါ”

“နွေးနွေး”

“အင်း ... ပြော”

“နင့်ကို ငါ တစ်ခုပြောမယ်၊ နင် အဲဒီစကားကို သူ့ကိုလည်း ပြောပြနိုင်တယ်”

“ဘာလဲ”

“ငါ ယောကျ်ားတွေကို အယုံအကြည်လည်း မရှိဘူး၊ ယောကျ်ားတွေအပေါ် နာကြည်းချက်လည်းရှိတယ်၊ အဲဒီ စိတ်ခံစားချက်ကို ဖျောက်ပစ်လို့မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မယုံရတဲ့ယောကျ်ားတစ်ယောက်ကို တွေ့ခဲ့ဖူးတာနဲ့ ရှိရှိသမျှယောကျ်ားတွေအားလုံးကို မယုံလို့ဖြစ်ပါ့မလား စိမ်းစို၊ ဟိုလူက ဟိုလူ၊ ဒီလူက ဒီလူပဲ"

"ငါကြောက်နေတယ်၊ တစ်ခါအလိမ်ခံရရင် လိမ်သူအပြစ်ပေါ့၊ နှစ်ခါသုံးခါဆိုရင်တော့ အလိမ်ခံရတဲ့သူကိုပဲ အားလုံးက စိတ်ပျက်လက်ပျက် လက်ညှိုးထိုးကြတော့မှာပဲ၊ ခံရပစေ၊ ညံ့ဦး ဖျင်းဦးဆိုပြီး"

"ဒါကတော့ လူတွေပြောလေ့ရှိကြတဲ့စကားမျိုးတွေပဲပေါ့ဟာ၊ သတိရှိတာတော့ ကောင်းတာပေါ့"

"ငါပြောတာနားထောင်ပါဦး နွေးနွေးရယ်၊ ဟိုလူက ဒီလိုလိမ်ညာခဲ့တဲ့အတွက် ဒီလူကလည်း ဒီလိုလိမ်ညာမလားလို့ တွေးတာမျိုးမဟုတ်ဘူး၊ ကိုယ်အညာခံခဲ့ရတဲ့အဖြစ်အပျက်က ကြီးမားလွန်းပြီး ရင်နဲ့မဆံ့ ခံစားခဲ့ရလွန်းလို့ ငါက ယောကျ်ားတွေ ချစ်တယ်ပြောလာရင်ကို စိတ်ပျက်သွားတာပါ"

"နင့်ကို ဟိုသူဌေးသားကြီးက ဘာတွေညာခဲ့လဲ"

စိမ်းစိုက နွေးနွေးကို တည့်တည့်လှည့်ကြည့်လိုက်ရင်း ...

"ကလေးစိတ်လေးနဲ့ လောကကြီးရဲ့လှည့်စားဖြားယောင်းမှုတွေ လှည့်ကွက်တွေ ညစ်ပတ်မှုတွေကို ဘာမှ နားမလည်





ဘဲ ချစ်သူနှစ်ဦးဆိုတာ တစ်နေ့မှာ လက်ထပ်ကြမှာပဲ ဆိုတာလေးလောက်ပဲ အဖြောင့်တိုက်လေးတွေးတတ်တဲ့ ဦးနှောက်လေးနဲ့ ငါ့ရဲ့ချစ်သူကို လက်ထပ်ကြပါစို့လို့ ငါက စပြီးပြောခဲ့မိတဲ့အချိန်မှာ သူက ဘယ်လိုတုံ့ပြန်လဲသိလား"

နွေးနွေးက အဖြစ်အပျက်ကို အရေးမကြီးသလို ခပ်ပေါ့ပေါ့ပါးပါးပင် ...

"သူ့အိမ်က သဘောတူမှာ မဟုတ်ဘူးလို့ ပြောတာမလား"

"ဟင့်အင်း"

"ဘာတဲ့လဲ"

"သူ့မှာ အိမ်ထောင်ရှိတယ်တဲ့"

"ဟင်"

နွေးနွေး အံ့ဩသွားရပါသည်။ စိမ်းစိုကိုလည်း အလွန်အမင်း ကြင်နာသနားသွားမိပါသည်။ စိမ်းစိုက မျက်ရည်တော့မလည်ပါ။ မျက်နှာကတော့ နာကျင်မှုနှင့် ညှိုးလျော်နေပါသည်။

"နင် စဉ်းစားကြည့်စမ်း နွေးနွေး၊ ငါဟာ ဘယ်လောက်ဖြူစင်သလဲ၊ မှန်းမှန်းနဲ့ပြောရင် ဘယ်လောက်ဖျင်းနုံသလဲဆိုရင် ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ချစ်ခွင့်ပန်တယ်ဆိုရင် သူဟာ ပိုင်ရှင်မရှိလို့ လူလွတ်ဖြစ်ပေါ့လို့ပဲ ထင်မိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ နင်မှ ထူးအ,လှတယ် နုံလှတယ် မဟုတ်ပါဘူး စိမ်းစိုရယ်၊ လူတစ်ယောက်က ကိုယ့်ကို ချစ်ရေးဆိုလာရင် ရှင်ဟာလူပျိုလားလို့ ဘယ်သူမျှ မမေးသလောက်နီးနီးပါပဲ"

"ယေဘူယျသဘောတော့မှန်ပေမယ့် ငါကတော့ အဲဒီတုန်းက ထည့်စဉ်းစားသင့်တယ်၊ ငါကပုသိမ်သူ၊ သူက ရန်ကုန်သား၊ သူ့နောက်ကြောင်း ငါ ဘာမှမသိတဲ့အပြင် သူဟာ ငါနဲ့ ရွယ်တူတန်းတူမဟုတ်ဘူး၊ ငါ ဆယ့်ရှစ်နှစ်ကျော်ကျော်မှာ သူ့အသက်က သုံးဆယ်လောက်ရှိပြီ၊ သူက လိမ်ညာလှည့်ဖျားဦး၊ ငါက ဖွင့်မေးဖို့ သို့မဟုတ် စုံစမ်းဖို့သင့်တဲ့ အသက်ကွာခြားမှုပဲလေ"

"အဲဒီလူကိုက တမင်လူယုတ်မာထင်ပါရဲ့ စိမ်းစိုရာ၊ တမင်မပြောဘဲဖုံးထားမှတော့ နင် မစုံစမ်းဖြစ်တာကို ကိုယ့်ဟာကိုယ် အပြစ်တင်မနေပါနဲ့တော့၊ သူက တမင် နင့်ကိုဖုံးထားချင်တာဆိုရင် နင် စုံစမ်းရင်တောင် အမှန်မထွက်ပေါ်လာအောင် ဖုံးအုပ်ထားဦးမှာ"

"ယောက်ျားတစ်ယောက်ဟာ အတော့်ကို မယုံကြည်သင့်ဘူးဆိုတာ ဟိုဖက်က သူ့မိန်းမနေရာက တွေးပြန်ရင်လည်း နာကြည်းစရာပဲ၊ ငါ နောက်မှသိရတာက သူ အိမ်ထောင်ကျတာ မိန်းမရထားတာ တစ်နှစ်လောက်လေးပဲရှိသေးတာတဲ့"





"ဟင် ... ဟုတ်လား"

"အိမ်ထောင်သက်တွေရင့်ရော်ပြီး ဒီမိန်းမကို ရိုးအီလှလို့ဆိုရင်တောင် အကြောင်းပြချက်လေးရှိပါသေးရဲ့၊ ချစ်စခင်စ ချစ်မဝ ကြင်မဝ ဖြစ်နေရမယ့်အချိန်မျိုးမှာ ရန်ကုန်ကိုပြန်ရင် မိန်းမနဲ့ပျော်မြူးလိုက်၊ ပုသိမ်ကိုပြန်ရင် မနှူးမနပ်ရည်းစားနဲ့ ပျော်မြူးလိုက်၊ နှစ်နေရာခွပြီး သစ္စာတွေမဲ့နေလိုက်တာကြည့်စမ်း၊ ဘယ်လောက်တောင် ရွံစရာကောင်းလဲ၊ ယောက်ျားဆိုတာ အယုံကြည်မဲ့စရာ မကောင်းလွန်းဘူးလား နွေးနွေး"

"အေး ... ဟုတ်ပါတယ်ဟာ၊ ဒါပေမဲ့ မိုးသက်လေက ဒီလိုလူစားမျိုးထဲမှာ မပါပါဘူး၊ နင်မှားဖူးတဲ့အမှား နောက်ထပ်မှားရမှာ မဟုတ်တော့ပါဘူး စိမ်းစိုရယ်"

ယုံပါတယ်။

ဘာဖြစ်လို့မှန်းမသိ ခြောက်နှစ်လုံးလုံး ယောက်ျားမုန်းလှတဲ့ စိမ်းစိုဟာ မိုးသက်လေကိုတော့ သူဟာ ယုတ်မာမယ့်ယောက်ျားမျိုးမဟုတ်လောက်ဘူး၊ ယုံကြည်သင့်တဲ့ ယောက်ျားတစ်ယောက်ရဲ့ ဥပဓိရုပ်မျိုးပါရယ်လို့ အကြိမ်ကြိမ်တွေးမိဖူးပါရဲ့။

ကိုယ့်ကိုယ်ကိုယ်လည်း အမှတ်မရှိမိန်းမ ထိစရာရှိရင် ထိဦးတော့မှာလို့ အမြင်ကတ်မိပါသေးရဲ့။ သူ့မျက်နှာကိုလည်း ယုံကြည်မိပါတယ်။ သူ့အပြုအမူ အပြောအဆိုကိုလည်း


www.burmeseclassic.com

www.burmeseclassic.com



လေးစားအထင်ကြီးမိပါတယ်။ သူ ကိုယ့်အပေါ် စေတနာပိုတာကိုလည်း အလိုအလျောက်ခံစားသိပြီး မသိစိတ်က အားကိုးမိပါတယ်။

ဒါပေမဲ့ ကိုယ့်အကြောင်းကိုယ် အသိဆုံးပဲလေ ကိုမိုးသက်လေရယ်။ ကိုယ်ဟာ ဘယ်လို အတိတ်အရိပ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရလဲ ရှင့်ကိုမပြောနဲ့ နွေးနွေးကိုတောင် ပြောမထွက်ပါဘူး။ ဒီလိုဖြစ်ခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် ရှင့်ရင်ခွင်ထဲ ထိုးအပ်သင့်ပါမလား။

အမှန်အတိုင်းဝန်ခံရရင် ရှင် ချစ်စကားပြောလိုက်တဲ့အချိန်တုန်းက ဝမ်းလည်းနည်း၊ ဝမ်းလည်းသာရတဲ့ခံစားမှုမျိုး ဘယ်တုန်းကမှ မခံစားခဲ့ဖူးပါဘူး။ အဲဒီညကလည်း တစ်ညလုံး လူးလွန့်အိပ်မပျော်ဘဲ မိုးအလင်းပေါက် မျက်ရည်ကျခဲ့ရတာ ခေါင်းအုံးကို နောက်တစ်နေ့ နေပူထုတ်လှမ်းယူရတဲ့အထိပါပဲ။

ရှင့်ရဲ့ပါးကို ရိုက်ချလိုက်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ခွင့်မလွှတ်ချင်ပါဘူး။ ရှင့်ရဲ့အပြစ်ကင်းတဲ့ပါးပြင်လေးကို အရမ်းပဲအားနာမိပါတယ်။ ဒါပေမဲ့ တမင်တကာပဲ ရှင်စိတ်ပျက်သွားအောင် ဒေါသထွက်သွားအောင် စရိုက်ကြမ်းတဲ့မိန်းမဆိုပြီး အထင်အမြင်သေးသွားအောင် တမင်တကာပဲ စည်းတတန်ခြားပစ်လိုက်တာမျိုးပါ။

ရုတ်တရက် စိတ်လှုပ်ရှားပေါက်ကွဲမှုကလွဲရင် အဲဒီအချိန်မှာ ရှင့်အပေါ် ဘာအမုန်းတရားမှရှိမနေခဲ့ပါဘူး ကိုမိုးသက်





လေရယ်။ နာကျင်မှုတော့ရှိခဲ့ပါတယ်။ ဒီနာကျင်မှုကလည်း ကိုယ့်ရဲ့အတိတ်က ဒဏ်ရာဒဏ်ချက်တို့ရဲ့ အရိပ်ထင်ဟပ်မှုကြောင့်ဖြစ်ရတဲ့ ဝမ်းနည်းနာကျင်မှုပါ။

နွေးနွေးရဲ့ခင်ပွန်းလောင်း မဟုတ်ပါဘူးလို့ နွေးနွေးကိုယ်တိုင်ဆိုက စိတ်ချလက်ချ ကြားခွင့်ရတာတောင်မှ ကျွန်မ မပျော်နိုင်ပါဘူး။

ရှင်နဲ့ ကျွန်မကြားမှာ ခြားနေတဲ့စည်းကြီးက အကြီးကြီးပါ။ ရှင်က အစွန်းအထင်းမရှိ သန့်ရှင်းဖြူစင်တဲ့ အဝတ်စသန့်သန့်လေး တစ်ခုလိုပါ။

ဒီအဖြူစသန့်သန့်ကလေးနဲ့ ညစ်ပေစွန်းထင်းနေတဲ့ ပစ္စည်းဟောင်းတစ်ခုကို ထုပ်လိုက်ရင် အဲဒီအစွန်းအထင်း အညစ်အပေတွေ အဝတ်ဖြူစကလေးမှာ စွန်းပေကုန်မှာပေါ့။ ရှင့်ဘဝကို ကျွန်မကြောင့် အညစ်ထေးမခံချင်ပါနဲ့။ လူတကာလက်ညှိုးထိုး မခံချင်ပါနဲ့။

'ရှင်နဲ့ကျွန်မဟာ မထိုက်တန်ပါဘူး'လို့ ပြောရင် ကဗျာဆန်ဆန်စကားတစ်ခွန်းလို့ ထင်ချင်စရာဖြစ်ပေမယ့် ဒါဟာ တကယ့်အဖြစ်အပျက်ပါ။ တကယ်ကို မထိုက်တန်လို့ပါ ကိုမိုးသက်လေရယ်။

"စိမ်းစို"

"……"



www.burmeseclassic.com

www.burmeseclassic.com



"မိုးသက်ကို စဉ်းစားဦးမယ်လို့ပဲ ငါ စကားပြန်လိုက်မယ်လေ နော်"

"မပြောပါနဲ့ နွေးနွေး၊ ငါ ဘယ်တော့မှ မစဉ်းစားဘူး၊ လက်လျှော့လိုက်ပါ၊ ကင်းကင်းစိမ်းစိမ်း နေလိုက်ပါလို့ပဲ နင် နားချလိုက်ပါ"

"အဓိပ္ပာယ်မှမရှိတာဟာ၊ နင်လည်း သူ့ကို မမုန်းပါဘူး"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ငါ ပြောခဲ့ပြီးပြီပဲ၊ ငါဟာ အိမ်ထောင်ရှိတဲ့လူတစ်ယောက်ကို ချစ်ခဲ့ပတ်သက်ခဲ့ဖူးတယ်"

နွေးနွေးက စိတ်မရှည်လှသလို မျက်ခုံးတွန့်ရှု့ရင်း...

"အဲဒါ ဘာဖြစ်သလဲဟဲ့၊ လူဆိုတာ အမှားမကင်းဘူး၊ နင်မသိလို့ မှားခဲ့ဖူးတဲ့အမှားပဲ၊ သိတဲ့အချိန်မှာ နင် ချက်ချင်းနောက်ဆုတ်ခဲ့တာပဲမဟုတ်လား၊ ဇွတ်ရှေ့တိုးခဲ့လို့လား၊ အိမ်ထောင်ရှိမှန်းသိသိနဲ့ ခုထက်ထိ ပေကပ်တွယ်ပြီး နင် ဆက်ပတ်သက်နေတာလည်းမဟုတ်ဘူး ...

ကံဆိုးလို့ လိမ်ညာဖုံးကွယ်ခံရလို့ မှားခဲ့တာပဲဟယ်၊ မှားတာကိုပြင်ခဲ့တာပဲ ခြောက်နှစ်ကျော်ပြီ မဟုတ်လား၊ ဒါဟာ နင် နောက်ထပ်ကြုံဆုံရတဲ့ လူကောင်းတစ်ယောက်ကို ငြင်းဆန်စရာအကြောင်းပြချက်မဟုတ်ဘူး၊ အခု သူ့ကို





လည်း ဒီကိစ္စကို ငါ ဖွင့်ပြောလိုက်ပါမယ်၊ ဒါပေမဲ့ ဒါကြောင့်တော့ မိုးသက်က နောက်ဆုတ်သွားမှာမဟုတ်ဘူး၊ နောက်ဆုတ်စရာလည်း ဘာအကြောင်းမှမရှိဘူး"

"ဘာပဲဖြစ်ဖြစ်ဟာ သူ့ကို အဲဒီအကြောင်းပြချက်နဲ့ပဲ ငြင်းလိုက်ပါ၊ အဲဒီလို အညာခံခဲ့ရဖူးတဲ့အတွက် ဘယ်ယောက်ျားကိုမှလဲ မယုံတော့ဘူးလို့"

"နင့်ဟာက အဓိပ္ပာယ်မှမရှိဘဲ၊ ယုံသင့်တဲ့လူကိုတော့ ယုံရမှာပေါ့"

"ဟင့်အင်း"

စိမ်းစိုက ခေါင်းမာမာနှင့် ခေါင်းယမ်းသည်။

"နွေးနွေး ငါ တကယ်စဉ်းစားပြီးပြီ၊ ငါ သူ့ဆိုင်မှာလည်း ဘာဂါကောင်တာလေး ဆက်မဖွင့်တော့ဘူး၊ ငါဟာငါ အရင်လိုပဲ ခြံဝနားမှာရောင်းမယ်၊ ကျောင်းကိုသွားရောင်းမယ်၊ သူ့ချစ်ခွင့်ပန်မှုကိုတော့ငြင်းပြီး သူ့ဆိုင်မှာတော့မုန့်ဆိုင်ကပ်ဖွင့်နေသေးတယ်ဆိုတော့ ဘယ်ကောင်းမလဲ ...

ငါ သူ့ကို ရှောင်သွားပြီးတော့ပဲ နေလိုက်တော့မယ်ဟာ၊ အရင်လို ခင်ခင်မင်မင်လည်း ဆက်ပြီးမဆက်ဆံတော့ဘူး၊ သူ့ကို မျှော်လင့်ချက်ဆက်ထားနေမိအောင် ငါ လုပ်ရင် သူ့အပေါ် ပိုပြီး နိုပ်စက်ရာ ကျလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

နွေးနွေးက စိမ်းစိုကို စိတ်ပျက်အားလျော့စွာ ငေးငေး ကြီးသာကြည့်နေပါတော့သည်။ ဘာကြောင့် ဒီလောက်တစ်ယူသန် သလဲလဲ စဉ်းစားလို့မရ။ ဘယ်လိုမှကို နားချဖျောင်းဖျဆွဲဆောင် စည်းရုံးလို့မရပါလား။ သူ့အကြောင်းပြချက်ကလည်း မခိုင်လုံ။ မိုးသက်လေ ဘယ်လောက်ချစ်နေတယ် ဆိုတာကို နွေးနွေးက မြင်တွေ့သိကြားနေတာမို့ မိုးသက်လေအတွက် စိတ်မကောင်းသာ ဖြစ်နေမိသည်။

✧ ♡ ✧

မိုးသက်လေသည် ကျယ်ဝန်းသန့်ပြန့်လှတဲ့ ဆေးရုံ က စပါယ်ရှယ်ခန်းကြီးထဲမှာ လူနာခုတင်ပေါ် လဲလျောင်းနေတဲ့ ဖခင်ဖြစ်သူကို လက်ပိုက်ရပ်ကြည့်နေပါသည်။ ခုလို နေမကောင်း ဖြစ်နေတော့လည်း ဘယ်တုန်းကမှ ချစ်စိတ်မဝင်ခဲ့တဲ့ ဖခင်အပေါ် ဖခင်ဆိုတဲ့ သံယောဇဉ်တစ်ချက်ငြိပါသည်။

မဆိုစလောက်လေး စောင်းစောင်းမတ်ထားတဲ့ ခုတင် တွင် ပက်လက်မဟုတ်ဘဲ မှီလျောလျောသဏ္ဌာန်နှင့်ရှိနေတဲ့ ဖခင် ဖြစ်သူက မိုးသက်လေကို ငေးကြည့်နေပါသည်။ မိုးသက်လေက သူနှင့် ရုပ်ချင်းဆင်တဲ့ဖခင်ကို ကိုယ်ချင်းစာကြင်နာစိတ်ဝင်မိသည်။ တော်ရုံတန်ရုံစိတ်မဝင်စားလှဘဲနှင့်တော့ သူ့ကို အခေါက်ခေါက် အခါခါ ခေါ်တွေ့နေမှာမဟုတ်။





ခေါ်တွေ့တိုင်းလည်း မိုးသက်လေက မသွား။ မကောင်းတတ်လွန်းတော့မှ တစ်ခေါက်သွားတာပါ။ မေမေကတော့ ဖခင်ဖြစ်သူနှင့်ပတ်သက်ပြီး ဘာမှ ဝင်ပြီး စီမံဆုံးဖြတ်ချက်မပေး။ မဆိုင်သလိုနေသည်။ မေမေ့ရင်ထဲက နာကြည်းချက်ကို ငယ်ငယ် ကတည်းက နားလည်ခဲ့တဲ့ မိုးသက်လေကလည်း ဖခင်ဖြစ်သူနှင့် တွေ့ချင်တယ်ရယ်လို့ ဆန္ဒမရှိ။ သံယောဇဉ်လည်းမရှိ။ ကိုယ်နဲ့ ဆိုင်တယ်လည်းမထင်ပေ။

အဖေ့မှာ သူနဲ့ဆိုင်တဲ့ သူ့မိသားစုရှိသားပဲလို့ ငယ် ကတည်းက နားလည်ခဲ့ရသည်။ ကိုယ်နဲ့အမေက မိသားစုမဟုတ် လို့ပဲ ခံယူထားခဲ့သည်။ အတွေးထဲလည်းမရှိ။ လာမဆက်မသွယ် မချင်း မေ့လျော့နေပါသည်။

'မေမေ'လို့ခေါ်သလို 'ဖေဖေ'လို့ အားကိုးအားထား ခေါ်ဖို့လည်း စိတ်မကူး။

မခေါ်မဖြစ်တဲ့အခါ 'အဖေ'လို့သာ ခပ်ပြတ်ပြတ် ခပ်ထောင့်ထောင့်ခေါ်မြဲပင်။ ငယ်ငယ်ကတော့ ဒရိုင်ဘာလွှတ်၍ အဖေက ခေါ်တွေ့တတ်ပါသည်။ မေမေက အိမ်ကို အလာမခံပါ။ ဖုန်းလာလျှင်လည်း တစ်ခွန်းမှမပြောဘဲ မိုးသက်ကိုသာ ထိုးပေး လိုက်တတ်မြဲပင်။

ဤသို့ ကြီးပြင်းခဲ့ပေမယ့် အသက်အရွယ်ကလေး အတိုင်းအတာ တစ်ခုသို့ ရောက်လာတဲ့အခါမှာ အဲဒီ 'အဖေ' ကို

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူကို နည်းနည်းပါးပါး ခွင့်လွှတ်နိုင်လာခဲ့သည်။ လူဆိုတာ မှားတတ်ကြတာချည်းပဲလို့ နားလည်လာချိန်၊ ကိုယ်တိုင်လည်း ဘဝနှင့်မချိသော အရေးသိပ်မကြီးလှသော အမှားလေးတွေ ဟိုမှား ဒီမှားရှိတတ်ခဲ့ချိန်မှာ တစ်ခါတစ်ရံမှားသွားတတ်တဲ့ လူတို့အပေါ် ပြစ်တင်ရှုတ်ချဖို့ထက် ကိုယ်ချင်းစာကရုဏာသက်ဖို့ဘက် အား သန်လာပါသည်။

ဒါတွေကြောင့်လည်း အဖေ ပေးတဲ့လက်ဆောင် ပစ္စည်းလေးတွေကို ကျေနပ်ပါစေတော့ရယ်လို့ လက်ခံခဲ့တာပင်။ ထဲထဲဝင်ဝင်ကြီးတော့ မပတ်သက်လိုပေမယ့် လိုအပ်သလောက် တော့ ပတ်သက်မှုအပေါ် လက်သင့်ခံပေးခဲ့တာပင်။

ခုလို နှလုံးရောဂါရဲ့ ပထမအကြိမ် တိုက်ခိုက်မှု နှင့် ဆေးရုံခုတင်ပေါ် ရောက်နေတာမြင်တော့ စိတ်မကောင်းပါ။ မိုးသက်လေကို မိုးသက်လေရဲ့အစ်ကိုဆိုတဲ့သူက အဖေပေးတဲ့ ဖုန်းနံပါတ်နှင့် ဆက်သွယ်ခေါ်ယူခဲ့တာဖြစ်သည်။

"ဖေဖေ Attack ရလို့ ဆေးရုံတင်ထားရတယ်၊ ဖေဖေက မင်းကိုလည်း တွေ့ချင်တယ်လို့ပြောနေတယ်၊ ဖြစ်နိုင်ရင် တော့ စိတ်ချမ်းသာအောင် တစ်ခေါက်တလေ လာတွေ့ လိုက်စေချင်တယ်၊ ငါက ဖေဖေ့ခံစားချက်ကိုသိနေလို့ပါ၊ မင်းက သိပ်အသိအမှတ်မပြုပေမယ့် ဖေဖေက မင်းအပေါ် သံယောဇဉ်သိပ်ကြီးပါတယ်ကွာ၊ ဘယ်လိုအကြောင်းတွေ





ပဲရှိခဲ့ရှိခဲ့ မင်းက ဖေဖေ့ရဲ့သွေးသားရင်းတစ်ယောက်ဆိုတာ မမေ့စေချင်ဘူး"

"ကျွန်တော် လာခဲ့ပါမယ်၊ ဘယ်အချိန်လာရင် အဆင်ပြေ မလဲ"

"ဘယ်အချိန်လာလာရတယ်၊ ဘယ်သူနဲ့ဆုံဆုံ ဘာကိစ္စမှ မရှိဘူး၊ မေမေက မင်းရှိနေခြင်းအပေါ် နားလည်လက်ခံ ပေးထားပါပြီ၊ ငါကတော့ မင်းနဲ့ သွေးတစ်ဝက်စပ်နေသေး တဲ့ အစ်ကိုရင်းပဲ၊ ဖေဖေ စိတ်ချမ်းသာဖို့ကို မင်းရဲ့ပုဂ္ဂလိ ကခံစားချက်ထက် နည်းနည်းပိုဦးစားပေးပေးပါကွာ"

အစ်ကိုဖြစ်သူက လူကောင်းဖြစ်ပုံရပါသည်။ စကား ပြောတည်ကြည်လေးနက်၍ ရည်မွန်သိမ်မွေ့သည်။ နှစ်ကြိမ် သုံးကြိမ်မြင်ဖူးရုံနှင့် စိတ်ထားဖြောင့်ရှင်းကြည်လင်သူလို့ ခန့်မှန်း လို့ရပါသည်။

အတွေးနှင့် ငြိမ်သက်နေတဲ့ မိုးသက်လေကို အဖေ့ ခေါ်သံက လှုပ်နှိုးလိုက်သလိုပင်။

"မိုးသက်လေ"

"ဟုတ်ကဲ့"

"မင်းကို ငါ ကမ်းလှမ်းထားတဲ့အလုပ်ကို စဉ်းစားပေး မလား"

မိုးသက်လေက စိတ်ကျဉ်းကျပ်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လုပ်ဖြစ်မှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်နဲ့ မအပ်စပ်ပါဘူး၊ လုပ်ငန်းကြီးတွေ ကုမ္ပဏီကြီးတွေကို ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် စီမံခန့်ခွဲတတ်မှာ မဟုတ်ပါဘူး"

တကယ်တော့ သူသည် အဖေ့ရဲ့လုပ်ငန်းတွေအားလုံးကိုပင် ဘာတွေဆိုတာ အလုံးစုံမသိ။

"ဘယ်သူကတော့ အလိုအလျောက်တတ်နှင့်မှာလဲ၊ ဒီလိုပဲ လေ့ကျင့်ရင်း အလုပ်ကသင်ကြားရင်း တတ်ရမှာပေါ့၊ မင်း အစ်ကိုလည်း ဒီလိုပဲတတ်ခဲ့ရတာပဲ၊ မင်းအမေကလည်း ဉာဏ်ထက်မြက်တဲ့ တော်တဲ့မိန်းမတစ်ယောက်ပဲ၊ မင်းက မနုံနိုင်ပါဘူး"

"ကျွန်တော် ဝါသနာမပါဘူး"

"မင်းဝါသနာမပါပေမယ့်လည်း မင်းအဖေမှာ ဒီလုပ်ငန်းတွေက ရှိနေပြီးသား၊ အသက်ကလည်းကြီးလာပြီ၊ အလုပ်ဖိစီးမှုဒဏ်ကို မခံနိုင်တော့ဘူး"

"အစ်ကိုကြီးတစ်ယောက်လုံး ရှိပါတယ် အဖေ၊ သူ အခုလည်း လုပ်နေတာပဲ၊ သူ လုပ်သွားမှာပေါ့"

"ငါ့မှာ သားနှစ်ယောက်ရှိတာ၊ ငါ ပျိုးထောင်ခဲ့တဲ့လုပ်ငန်းတွေဟာ နောက်ဆုံးမှာ သားနှစ်ယောက်ရဲ့လက်ထဲမှာ နိုင်နိုင်နင်းနင်း ကျန်ရစ်စေချင်တာ"

စေတနာစာပေ



"အစ်ကိုကြီးတစ်ယောက်တည်းနဲ့ပဲ နိုင်နင်းမှာပါ၊ အစ်ကိုကြီးက လူတော်တစ်ယောက်ပဲဟာ"

"မင်းအစ်ကိုကြီး ဘယ်လောက်ပဲတော်ပစေဦး၊ မင်းအစ်ကိုကြီးမှာ ဒီလုပ်ငန်းတွေကို သူကတစ်ဆင့် လက်ဆင့်ကမ်းအမွေဆက်ခံမယ့် သားထောက်သမီးခံမရှိဘူး၊ မင်းအပေါ်ငါ မျှော်လင့်ချက်ထားတာ အဲဒီအချက်လည်းပါတယ်၊ မင်းကို အိမ်ထောင်ချပေးပြီး ငါ့ရဲ့အလုပ်တချို့တစ်ဝက်ကို ဦးစီးစေချင်တယ်"

"အဖေ အိမ်ထောင်ချပေးတာကို ကျွန်တော် လက်ခံမှာမဟုတ်ပါဘူး"

ဖခင်ဖြစ်သူရဲ့မျက်နှာက ကွက်ခနဲပျက်သွားပါသည်။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲကနေ တစ်ဆင့်စကားတစ်ဆင့်နား မိုးသက်လေ ကြားဖူးထားပြီးသားမှာ အစ်ကိုကြီးတုန်းကလည်း ဖေဖေဟာ သူ့ကျန်းမာရေးအတွက်လည်း အထောက်အကူရအောင် စီးပွားဖက်ရဲ့သမီး ဆရာဝန်မလေးတစ်ယောက်နှင့် နေရာချထားပေးခဲ့သည်ဆိုတာပင်။

အစ်ကိုကြီးဖြစ်သူက လူအေးတစ်ယောက်လည်းဖြစ်ကာ သူ့မှာလည်း ရည်ရွယ်ထားတဲ့ချစ်သူရည်းစားရယ်လို့ မရှိတာကြောင့် အဖေ့စကားကို ခေါင်းညိတ်လက်ခံတယ်လို့ သိရ၏

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အစ်ကိုကြီးရဲ့ အိမ်ထောင်ရေးဟာ သိပ်ပြီးပျော်ပျော်ရွှင်ရွှင် အဆင်တပြေ မဟုတ်လှတာကိုတော့ ကြားခဲ့ဖူးပါသည်။

"မိုးသက်လေ ငါ့အပေါ်ထားတဲ့ မင်းရဲ့ခန့်မှန်းချက်တွေကို နည်းနည်းလောက် အကောင်းဖက်ယိမ်းစမ်းပါဦး၊ မင်းကို အိမ်ထောင်ချပေးမယ်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်က မင်းရဲ့ မင်္ဂလာပွဲကို စီစဉ်ဆောင်ရွက်ပေးမယ်ဆိုတဲ့သဘောတစ်ခုတည်းပါ၊ ငါ ကြိုက်တဲ့မိန်းကလေးနဲ့ မင်းကို ပေးစားမယ်ဆိုလိုတာမဟုတ်ဘူး"

မိုးသက်လေက နှုတ်ပိတ်ထားကာ စိတ်ထဲကတော့ 'ဒါဆို တော်သေးတာပေါ့' လို့ တုံ့ပြန်မိပါသည်။

"အကြီးကောင်ကို ပေးစားခဲ့ပြီးကတည်းက မင်းအလှည့်ကျ ငါက ကောင်းတယ်ထင်တာနဲ့ နားချဖို့ရည်ရွယ်ချက်ကို မရှိဘူး၊ မင်းအစ်ကိုရဲ့အိမ်ထောင်ရေးက သာယာတာလည်း မရှိ၊ ပျင်းခြောက်ခြောက်ကြီး၊ ကောင်းပြီကောင်းရဲ့ ယူပြီးကာမှ ဆက်မပေါင်းနိုင်ဘူး ကွဲမယ်ကွာမယ်ဖြစ်ကြသေးတယ်...

သူ့မိန်းမကလည်း ကိုယ့်အပေါ် အေးတိအေးစက်ဆက်ဆံတဲ့ယောကျ်ားတစ်ယောက်ကို တာရှည်ဘယ်သည်းခံနေနိုင်မလဲ၊ ဟိုတလောလေးကပဲ သူ့မိန်းမက နိုင်ငံခြားကို အပြီးထွက်သွားတော့မယ်လုပ်သေးတယ်၊ ဟိုမှာလည်း သူတို့





မိသားစုပိုင် ကုမ္ပဏီလုပ်ငန်းရှိတယ်၊ အဲဒီမှာ တစ်လှည့်လိုက်နေပြီး အဲဒီကအလုပ်တွေ ဝင်လုပ်ပါလို့ မင်းအစ်ကိုကို တောင်းဆိုတယ် ...

ဆွေမျိုးလည်း ဒီမှာမရှိ၊ မင်းအစ်ကိုကလည်း အိမ်ထောင်အပေါ် သာသာယာယာ မရှိတော့ သူ့မိန်းမခများလည်း ကိုယ့်မိဘညီအစ်ကိုမောင်နှမနား သွားနေချင်မှာပဲ၊ မင်း အစ်ကိုက မလိုက်ဘူးတဲ့၊ မင်းဟာမင်း သွားချင်သွားတဲ့၊ သူ့မိန်းမတစ်ကိုယ်တည်း ထွက်သွားမှတော့ ရှေ့ဆက်ပြီး ကွဲကြဖို့ပဲရှိတာပေါ့၊ ငါတို့ ဝိုင်းဖျောင်းဖျ ချော့မော့ထားရတယ် ...

ဒီအာရုံတွေ ငါလည်း အရှုပ်မခံနိုင်တော့ဘူး၊ မင်း အသက်နှစ်ဆယ့်ခုနစ်ထဲဝင်ပြီပဲ၊ မင်းဟာနဲ့မင်း ချစ်သူလေးဘာလေး မရှိဘူးလား၊ အဖေ့ဆီ ခေါ်ခဲ့ပြပါလား သား၊ ဘယ်မိန်းကလေးကို မင်း ရွေးချယ်ထားထား အဖေ သဘောတူမှာပါ၊ အဖေကိုယ်တိုင် ခမ်းခမ်းနားနား လက်ထပ်ပေးစားချင်တယ်၊ ပြီးရင် မင်းလက်ထဲကို လုပ်ငန်းတချို့ လွှဲအပ်ချင်တယ် ...

ပြီးရင် မင်းတို့ကမွေးလာမယ့် ငါ့မြေးကို ငါ ချီချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ရဲ့စကားတို့ကြောင့် မိုးသက်လေပင် ရင်ထဲမှာ ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးသွားရပါသည်။ အဖေ့လုပ်ငန်းတွေကို လက်ခံလွှဲယူဖို့တော့ စိတ်မပါတာမှန်ပေမယ့် မိခင်ရော ဖခင်ပါ ပါဝင်တဲ့ (ယှဉ်တွဲလမ်းမလျှောက်ရင်နေပါစေ၊ စုံစုံညီညီပါရုံနှင့် ကျေနပ်ပါသည်) မင်္ဂလာပွဲလေးကိုတော့ ကျက်သရေမင်္ဂလာရှိရှိ ဆင်နွှဲချင်သား။

"မင်း စဉ်းစားကြည့်စမ်း မိုးသက်လေ၊ မင်းအစ်ကိုက မင်းထက် ဆယ်နှစ်ကြီးတော့ သုံးဆယ့်ခုနစ်ထဲမှာ၊ ကလေး ရရင်လည်းရဦးမယ်၊ မရရင်လည်း မရတော့ဘူး၊ ပြောမရ ဘူး၊ သူ့မှာ မျိုးဆက်ရှိမလာဘူးဆိုရင် သူမရှိတဲ့အခါ သူ လုပ်တဲ့အလုပ်တွေ ဘယ်သူ လက်လွှဲယူလုပ်မှာလဲ ...

မင်းပဲရှိတာ ငါ့သား၊ ခုကတည်းက တချို့ခွဲယူလုပ် ပေးပါ၊ အဖေ တောင်းဆိုတာပါ၊ မင်းအတွက်လည်း အပန်းကြီးစရာမရှိလောက်ဘူးထင်ပါတယ်၊ ငါ့ဆန္ဒကို မင်း အစ်ကိုကိုရော သူ့အမေကိုရော ပြောပြီးပါပြီ"

မိုးသက်လေက ငြိမ်သက်နေပါသည်။

"မင်းမှာ ချစ်သူတော့ရှိတယ်ပေါ့"

"ဟုတ်ကဲ့"

"ဘယ်တော့ယူကြမလဲ"

" ...... "





မိုးသက်လေက မျက်နှာခပ်ပွပွနှင့် ရယ်တောင်ရယ် ချင်သွားပါသည်။

"အဖေဆီ အိမ်ခေါ်ခဲ့ပါဦးလား သား၊ မင်းချစ်သူကို တွေ့ချင်တယ်"

မိုးသက်လေက လေသံမျှနှင့် တစ်ချက်မော့ရယ်လိုက် မိပြီး ...

"သူ့ဆီက အဖြေတောင်မရသေးဘူး အဖေ"

"မင်းကလည်းကွာ"

အခန်းတံခါးလှည့်ဖွင့်သံ ကလစ်ခနဲမြည်သံနှင့်အတူ အစ်ကိုကြီးနှင့် နောက်မှာ သူ့ဇနီးပါ,ပါလာတာ လှမ်းတွေ့လိုက် ရပါသည်။ မိုးသက်လေက အစ်ကိုကြီးထံ တစ်ချက်ခေါင်းညွတ် လိုက်ရင်း ...

"ကျွန်တော့် ပြန်တော့မယ် အဖေ"

"အေး ... ငါပြောတာ သေချာစဉ်းစား"

"ဟုတ်ကဲ့"

"မြန်မြန်ခေါ်လာခဲ့"

"ဟုတ်ကဲ့"

မိုးသက်လေက အဖေ့ခုတင်နားက လှည့်ထွက်လာ ကာ အစ်ကိုကြီးနားကဖြတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြန်တော့မယ် အစ်ကိုကြီး"

"အေး ... အေး ... သွား"

အစ်ကိုကြီးလေသံက နူးညံ့အေးချမ်းပါသည်။

✧ ♥ ✧





## ၁၀

"စိမ်းစို ...

ခင်ဗျား ကျွန်တော့်ကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ဆိုင်လာပြန်ဖွင့်နိုင်ပါတယ်ဗျာ။

မိုးသက်လေ"

စိမ်းစိုက မနက်က ဖိုးတာ လာပေးသွားတဲ့ စာတိုကလေးကို ပြန်ဖတ်ရင်း ရင်ထဲမှာ တသိမ့်သိမ့်ဖြစ်ရသည်။ ဒီနေ့အဖို့ ဒီစာကို ဘယ်နှကြိမ်ဖတ်ပြီး ရင်ထဲ ဘယ်နှကြိမ်လောက် သိမ့်ခဲ့ရပြီးပြီလဲ မရေတွက်နိုင်တော့ပါ။

"အစ်မနော် ... လာပြန်ဖွင့်ရင်ဖွင့်၊ ဖောက်သည်တွေက တမေးတည်းမေးနေတာ၊ ခုတောင် ဆယ်ရက်လောက်ရှိနေပြီ၊ ကျွန်တော်တို့ဆိုင်က စဖွင့်ကတည်းက ဘာဂါဟောဒေါ်ဟာ တွဲပြီး တစ်ပါတည်းရခဲ့တာလေ၊ မနေ့က လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က လာကမ်းလှမ်းတယ်နော်၊ အရင်က ဘာဂါဆိုင်ဒီနေရာမှာ မဖွင့်တော့ရင် ကျွန်တော် လာဖွင့်ပါရစေတဲ့၊ ဆိုင်လခပေးပါ့မယ် ညှိမယ်တဲ့"

"ဒီတော့ နင့်အစ်ကိုက ဘာတဲ့လဲ"

"အရင်ဆိုင် ပြန်လာဖွင့်မှာတဲ့၊ အခု အလုပ်ကိစ္စရှိလို့ ခဏနားထားတာတဲ့"

စိမ်းစို ရင်ထဲ ကြည်နူးကျေနပ်ရသည်။ ကိုယ်ကသာ သွားဖွင့်ဖို့ စိတ်ကူးမရှိတာ။ ကိုယ့်နေရာကို လူစားမသွင်းတာကိုတော့ ကျေနပ်နေပြန်တဲ့ လူ့မနောဟာ အံ့ဩဖို့ ကောင်းလှပါသည်။

သူ့ကို လက်ခံခံ မခံခံ ဆိုပေမယ့် သူ့ကို လက်မခံဘဲငြင်းထားပြီးမှ သူ့ဆိုင်ထဲကျတော့ ကိုယ့်ကောင်တာလေး ခပ်တည်တည်သွားဖွင့်နေလို့ဖြစ်မလား။ ကိုယ့်လိုဘဲချည်းပဲကြည့်တဲ့သူ ဖြစ်သွားမှာပေါ့။ အရင်က ဒီလောက်ဝင်ငွေနဲ့ပဲ အဆင်ပြေနေပေမယ့် သူ့ဆိုင်မှာသွားပူးပေါင်းလိုက်တော့ ဝင်ငွေက နှစ်ဆလောက်ကို တက်လာခဲ့တာလေ။

အဲသလို ဝင်ငွေနှစ်ဆဖြစ်ပြီးမှ တစ်ခါ ဝင်ငွေက ပြန်လျော့သွားတော့ အရင်တုန်းကဝင်ငွေလောက်ပဲလို့ မမြင်နိုင်ဘဲ ဝင်ငွေတစ်ဝက်လျော့ကျတယ်လို့ပဲ မြင်နေမိပါသည်။ ဝင်ငွေက ထားလိုက်ပါတော့။





သူ့ဆိုင်မှာသွားမဖွင့်တော့ဘူးဆိုတော့ ကျောင်းရှေ့သွားတဲ့အခါမှာလည်း သူ့ဆိုင်ရှေ့ကဖြတ်ပြီး လှည်းကိုတွန်းမသွားချင်တော့ လမ်းရဲ့ဒီဘက်ထိပ်က မထွက်ဘဲ ဟိုဘက်ထိပ်က ထွက်ဖြစ်သည်။ ခရီးလည်းဝေး၊ ကုန်းတက်လည်းရှိ။ ပင်ပန်းလိုက်တာမပြောပါနဲ့တော့။

လုံးလုံးလျားလျား ရှောင်နေခဲ့တာမို့ သူနဲ့မတွေ့တာ တကယ်ကို ဆယ်ရက်ရှိခဲ့ပြီ။ တခြားဘာကိစ္စကိုမှ ထည့်မတွက်ဘဲ စိတ်ထဲရင်ထဲရှိတဲ့အတိုင်း အမှန်အတိုင်းပြောရရင် မိုးသက်လေကို စိမ်းစို လွမ်းမိပါသည်။ တော်တော်သတိရပါသည်။ သူ့ကိုတွေ့ချင်ပါသည်။ နေ့လယ်ကျ သူစားဖို့ ကြက်ကြော်ပေးချင်ပါသည်။

အဲဒီစကားတွေကို လွတ်လွတ်လပ်လပ် စိတ်ထဲရှိသလို ဘယ်တော့များမှ ပြောခွင့်ရမလဲ။ တကယ်တော့ ဘယ်သူကမှ ကိုယ့်ကို တုတ်မိုးပြီးတားမြစ်နေတာမဟုတ်။ ဘေးပတ်ဝန်းကျင်က ရှိသမျှ လူအားလုံးက တိုက်တွန်းနေကြပြီး ကိုယ်ကသာ ကိုယ့်ကိုယ်ကိုယ် ကြိုးနဲ့တုတ်ထားတာပါ။

"မိုးရွာလာပြီ"

စိမ်းစိုက ပြတင်းပေါက်ထ,ပိတ်ရင်း နံရံက နာရီကို လှမ်းကြည့်လိုက်မိပါသည်။ ဟင် ...။ အတော်အလင်းရောင်နည်းပြီမှတ်တာ၊ ညနေငါးနာရီတောင်ခွဲပြီကိုး။ ဒီအချိန်ရှိပြီလို့မထင်။ ဒီနေ့ ကျောင်းဆင်းချိန် မှန့်ရောင်းပြီး ကျောင်းကပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့လေးမှာ ပြန်နေရာယူတုန်း ဟိုဘက်တစ်လမ်းကျော်က အထည်ချုပ်ကုမ္ပဏီက အစည်းအဝေးမှာကျွေးဖို့ဆိုပြီး ဘာဂါ အလုံးသုံးဆယ် လာယူတဲ့အတွက် အဲဒီအလုံးသုံးဆယ်လည်း တစ်ပြိုင်နက်လုပ်ပေးပြီးရော စိမ်းစိုက ဆိုင်သိမ်းလိုက်ပါသည်။

ပေါင်မုန့်အလုံးက လေးငါးလုံးပဲလက်ကျန်ရှိကာ ဟော့ဒေါ့အတွက် ပေါင်မုန့်ချောင်းက ဆယ်ခုလောက်ရှိမည်။ ဒါကို နံနက်ခင်း ကျောင်းမှာရောင်းလိုက်ရင် ကုန်ပြီ။ ကျောင်းမှာ ရောင်းဖို့ ချန်ထားလိုက်တာပါ။ ကျောင်းကပြန်ရင် ဈေးဝယ်ထွက်ရမည်။

ဒီညနေတော့ မိုးအုံ့နေ၍ ဈေးဝယ်မထွက်တော့ဘူးဆိုပြီး လေးနာရီထိုးကတည်းက အိမ်ဟဲဝင်၊ ချက်ပြုတ်ဖို့လည်းမလို၍ အေးအေးဆေးဆေးနေနေတာ။ တခြားလည်း ဘာမှလုပ်စရာမရှိ၍ မိုးသက်လေရဲ့စာကို ထုတ်ဖတ်လိုက် ပြန်ထားလိုက်။ မမကြည်က ကျောင်းကအပြန် သုံးနာရီကျော်ကျော်က အိမ်ကိုပြန်လိုက်မလာဘဲ တစ်ဆက်တည်း ဈေးသွားမည်ဆိုကာ ထွက်သွားခဲ့တာ။

အပ်ချည်လုံးတို့၊ ကော်တို့၊ သားရေကြိုးတို့၊ ကြယ်သီးတို့ စသဖြင့် သူ့အချုပ်အလုပ်အတွက် လိုအပ်တာလေးတွေ ဝယ်မည်ဆိုပြီး ဈေးသွားတာပင်။ အသွားအပြန်ရယ် ဟိုမှာဝယ်တာရယ် ခါတိုင်းအလွန်ဆုံးကြာ တစ်နာရီပေါ့။ ခုတော့ နှစ်နာရီတောင် အချိန်ကြာသွားပြီ။ ပြန်မလာသေးပါလား။





မမကြည် ထီးမှပါရဲ့လား။ မိုးရွာလို့များ မိုးခိုနေလား။ မိုးကလည်း ခုမှ ရွာတာပါ။ ဈေးဘက်မှာတော့ နည်းနည်းများစောရွာလို့လား။ တောင်စဉ်ရေမရ တွေးတောရင်း မီးပျက်နေတဲ့အပြင် အမှောင်ထဲမှာပဲ အိမ်ရှေ့သံဆန်ကာကွက်နား ထွက်ထိုင်ပြီး မမကြည်ကို မျှော်နေခဲ့တာ။

တဖြည်းဖြည်း အလင်းရောင်နည်းရာမှ ဖျော့ကာ အလင်းရောင် လုံးဝပျောက်ကွယ်သွားတဲ့အထိ မမကြည် ပေါ်မလာ။ ခြောက်နာရီခွဲခါနီးမှာတော့ ပူလောင်စိုးရိမ်တဲ့ရင်က တဒိန်းဒိန်း ခုန်လာပြီ။ မမကြည် လမ်းမှာ ဘာများဖြစ်နေပြီလဲ။ တစ်နေ့ကပင် ဟိုဘက်ထိပ်ကုန်းဆင်းအကွေ့မှာ လိုင်းကားတစ်စီး မှောက်သေးသည်။

ဒဏ်ရာရသူရ သေသူတောင် နှစ်ဦးရှိသည်ကြားသည်။ မမကြည်က နေးတုံ့နေးတုံ့နဲ့ လမ်းကူးရင်လည်း တစ်ခါတစ်ရံ စွတ်ရွတ်ဖြတ်ချင်ဖြတ်တာကို စိမ်းစို ဆွဲထားရပေါင်းမနည်း။ ဒုက္ခပဲ။ ပထမဆုံး သတိရသည်မှာ ဦးဖေဆန်း။ ဦးဖေဆန်း ငါးနာရီဆိုရင် ပြန်ရောက်ပြီ။ နောက်ကျရင် ငါးနာရီခွဲပေါ့။ အခု ခြောက်နာရီတောင်ခွဲပြီမို့ ရောက်နေမှာသေချာသည်။

စိမ်းစိုသည် မီးပျက်၍ မှောင်မည်းနေတဲ့အထဲ မိုးကလည်းသည်းနေ၍ ထီးတစ်ဖက် လက်နှိပ်ဓာတ်မီးတစ်ဖက်နှင့် ကိုယ့်ဝင်းခြံလေးထဲကထွက် ဟိုဘက်ခြံကိုကူးခဲ့သည်။ ခြံဝင်းသည်



www.burmeseclassic.com

www.burmeseclassic.com



သားတံခါးက အပေါ်ဘက်မှာချိတ်ထားသော သံချိတ်လေးကို ဖြုတ်ကာ ခြံထဲဝင်လာခဲ့ပါသည်။

"ဦးဖေဆန်း ... ဦးဖေဆန်းကြီး"

"......"

"ဦးဖေဆန်းရေ ... စိမ်းစိုပါ"

"......"

"ဗျို့ ဦးဖေဆန်း"

အကြိမ်ကြိမ်အော်ဟစ်လို့မရတော့ စိမ်းစိုက ဦးဖေဆန်းရဲ့ နံကပ်နှစ်ထပ်တိုက်အိမ်လေးရဲ့ အောက်ထပ်တံခါးဆီ လျှောက်လာခဲ့ပါသည်။

တံခါးကို ခေါက်မည်ပြုတော့မှ သံပန်းတံခါးရော အတွင်းက သစ်သားတံခါးမှာပါ အပြင်ဘက်ကပဲ ခတ်ထားတဲ့ သော့ခလောက်တွေ အသီးသီးကို တွေ့လိုက်ရတာပါ။

"ဟင် ... သူလည်း ပြန်မလာသေးဘူးပေါ့"

နှုတ်ကရေရွတ်ညည်းတွားမိကာ ထီးလေးဆောင်းပြီး အိမ်ဘက်လှည့်ပြန်လာခဲ့ရပါသည်။ ဦးဖေဆန်းကြီးကလည်း ဒီနေ့မှ နောက်ကျရန်ကော။ မမကြည်ကို ဘယ်အချိန်ထိစောင့်မလဲ။ ဘယ်အချိန်ထိအောင်မှ မလာရင် ရဲစခန်းတို့ ဘာတို့ တိုင်သင့်သလဲ။ မမကြည်က ဘယ်ကိုမှ တစ်ကြိမ်တစ်ခါမှ 'အလည်လွန်' တတ်တဲ့သူမဟုတ်။





စိမ်းစိုက အိမ်ပြန်ရောက်လျှင် မမကြည်ကို စိတ်ပူနေရင်းနှင့်ပင် ထမင်းတစ်ပန်းကန် ခူးခပ်ပုံပြီး ကမန်းကတန်းစားပစ်လိုက်သည်။ ဘယ်တွေလိုက်ရမယ် ဘာတွေလုပ်သင့်တယ်ဆိုတာ မသိသေးဘူးလေ။ ဗိုက်ကို စောစောစီးစီးဖြည့်ထားနှင့်လိုက်တော့ ဆိုလုပ်ရှင်းတာပေါ့။

ထို့နောက်တော့ ပန်းကန်ဆေးရင်း မမကြည် ဘယ်ကို သွားနိုင်သလဲ စဉ်းစားသည်။ စဉ်းစားမရ။

"ဟယ်"

ရုတ်တရက် ထအော်လိုက်မိတဲ့ စိမ်းစိုသည် လက်နှစ်ဖက်တွင် ဆပ်ပြာမြှုပ်တွေနှင့် လက်နှိပ်ဓာတ်မီးကောက်ကိုင်ကာ မီးဖိုမှ အိပ်ခန်းဘက်ခြမ်းဝင်လာသည်။ စိမ်းစိုတို့အိမ်ပုံလေးက အိမ်ရှေ့မှာ ဧည့်ခန်း၊ အိမ်ထဲကို အလယ်စင်္ကြံလမ်းလေးကဝင်လျှင် တစ်ဖက်တစ်ချက်မှာ အိပ်ခန်းနှစ်ခန်း။ ပြီးရင် မီးဖိုနှင့် ထမင်းစားခန်းဆီရောက်။ အဲဒီရဲ့နောက်မှာ ရေချိုးခန်းတစ်ခန်း၊ အိမ်သာခန်းတစ်ခန်း။

မမကြည်ရဲ့အိပ်ခန်းကို ဆပ်ပြာမြှုပ်ပေနေတဲ့လက်နှင့်ပင် တွန်းဖွင့်လိုက်ပြီး ပါလာတဲ့ လက်နှိပ်ဓာတ်မီးနှင့် ဟိုထိုး ဒီထိုး။ အိပ်ရာပေါ်တွေ ခေါင်းအုံးပေါ်တွေ လှန်လှောမွှေနှောက်။ ဟိုဘက်က စားပွဲပုလေးနားက စာအုပ်စာတန်းတွေဆွဲဖွ၊ မှန်တင်ခုံလေးကို ရှာဖွေ။ ပျာယာခတ်ဒေါင်းတောက်အောင် အခန်းတစ်ခုလုံး မွှစာကြဲ ဖွေရှာဖွေနှောက်ပစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမကြည် ပြန်မလာ။ ဦးဖေဆန်း ပြန်မလာ။ ဒါဟာ အလန့်တကြား သဲသဲယဝင်စရာ တိုက်ဆိုင်မှုတစ်ခုပဲလေ။ နောက်ဆုံးမှာတော့ အခန်းထောင့်က မမကြည်ရဲ့ သားရေသေတ္တာ အဟောင်းတစ်ခုလေးပဲကျန်သည်။ အဝတ်အထည်ချုပ်လုပ်တဲ့ မမကြည်ဟာ အဝတ်အစားများများမရှိပါ။ ဗီရိုလည်းမရှိပါ။

သူ့ရွာကလာကတည်းကပါလာတဲ့ သားရေသေတ္တာ အစုတ်အဟောင်းကလေးမှာပဲ သူ့အဝတ်တွေထည့်ထားတာ။ သေတ္တာအဖုံးကို ဆွဲလှန်လိုက်တဲ့ စိမ်းစိုသည် ကြမ်းပေါ်ဖင်ထိုင် ရက်ပင်ပြုတ်ကျသွားကာ ဟောင်းလောင်းသေတ္တာအထဲမှာ ထီးထီး ရှိနေတဲ့ စာအိတ်လေးကို ပြူးကြောင်ကြည့်နေမိသည်။

အတော်ကြာမှ စာအိတ်ကို ဆွဲဖောက်ပြီး ဓာတ်မီး ရောင်နှင့် ထိုး၍ဖတ်ကြည့်လိုက်သည်။

"မီးမီး ...

မမကြည်ကို ခွင့်လွှတ်ပါ။

အမှန်တော့ မမကြည်အသက်အရွယ်နဲ့ ဒီလို လူမရှိ သေရှင်မရှိသေ လိုက်ပြေးရတဲ့အလုပ် လုံးဝမလုပ်ချင်ပါ ဘူး။ ဒါပေမဲ့ မီးမီးကလည်း ဦးဖေဆန်းနဲ့ လုံးဝ သဘော မတူနိုင်ဘူးဆိုတော့ မမကြည်မှာ တခြားလုပ်စရာလမ်းမရှိ တော့လို့ပါ။





မမကြည် ဦးဖေဆန်းနောက်ကို လိုက်သွားပါတယ်။

စိတ်မပူပါနဲ့။

မမကြည်"

စိမ်းစိုသည် တစ်ညလုံးငိုလိုက်ရသည်မှာ မျက်ခွံတွေ မို့နေသည်။ မနက်ကျတော့ မျက်နှာကြီးလည်းအမ်း။ ခေါင်းတစ်ခု လုံးလည်းအုံကိုက်ကာ လူက မလှုပ်ချင်။ စောစောစီးစီးထပြီးလည်း မချက်ပြုတ်ချင်။ အသားပြားလည်း မကြော်ချင်။ ကျောင်းကိုလည်း ဒီနေ့အဖို့ သွားမရောင်းချင်တော့။

ရှိသမျှ ပေါင်မုန့်တွေ ပုပ်ပုပ်၊ သိုးသိုး မှိုတက်တက်။ လုပ်ရက်လိုက်တာ မမကြည်ရယ်။ စိမ်းစိုကို တစ်ယောက်တည်း ထားခဲ့ရက်တယ်။ လုပ်ရက်လိုက်တာ။ မုန်းလိုက်တာ။ ဖွင့်ပြော ပါလား။

ပါးစပ်က သဘောမတူဘူး တွင်တွင်ပြောနေပေမယ့် ကိုယ့်သားသမီးလည်းမဟုတ် ကိုယ့်ထက်တောင်ကြီးတဲ့ အစ်မကို ဘယ်လိုကန့်ကွက်လို့ရမှာလဲ။

စိမ်းစို စိတ်ဆိုးတာ စိတ်ကောက်တာ၊ ပွစိပွစိလုပ် တာတွေကို ရင်ဆိုင်လက်ခံပြီးတော့ ခွတ်ပဲ မင်္ဂလာဆောင်ဖို့လုပ် ပေါ့။ ခုတော့ ခိုးရာလိုက်ပြေးတယ်တဲ့။ အိမ်မှာ စိမ်းစိုတစ်ယောက် တည်း ကျန်ရစ်တာလေ။ အိမ်နီးပါးချင်းတွေ တစ်လမ်းလုံးနဲ့ ရင်းနှီးခင်မင်ပြီး ရပ်ကွက်က အေးချမ်းတယ်ဆိုပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်တစ်လုံးလုံးမှာ ဒီညီမလေး စိမ်းစိုတစ်ယောက်တည်း ကျန်ခဲ့ပါလားဆိုတာကို မစဉ်းစားနိုင်တော့အောင်ပဲ အချစ်စိတ် အချစ်ခိုးတွေက မိုးမွှန်သွားပြီပေါ့နော်။

"ဒေါက် ... ဒေါက်"

အိပ်ရာထဲလှိမ့်နေတဲ့ စိမ်းစိုသည် အိမ်ရှေ့ကအသံကြောင့် ခေါင်းထောင်သွားပါသည်။

"မခင်ကြည်ကြည် မစိမ်းစိုတို့ အိမ်လားခင်ဗျာ"

ခေါ်သံက ယောကျ်ားလေးသံ။ ခြံတံခါးရဲ့သံချိတ်ကို လှုပ်ခတ်ကာ ခေါ်နေတာဖြစ်သည်။ ဖိုးတာလည်း မဟုတ်။ ဒီနားတစ်ဝိုက်ကလူဆိုလည်း မခင်ကြည်ကြည် မစိမ်းစိုတို့အိမ်လားဆိုတာ မေးစရာမလိုပါ။ တစ်လမ်းလုံးသိတာပဲ။

"ဒေါက်ဒေါက် ... ဒေါက်ဒေါက်"

စိမ်းစိုက လူးလဲထပြီး ...

"လာပြီ ... လာပြီ"

လှမ်းအော်လိုက်ရသည်။ အိမ်ရှေ့ကို ထွက်လာလျှင် ခြံတံခါးအပြင်၌ရပ်နေသူတို့ဟာ မော်ဘီအမေတို့ရဲ့ ရိပ်သာ့ကျောင်းမှ ကျောင်းသားတွေ ဖြစ်နေပါသည်။

"အစ်မ ကျွန်တော်တို့ မော်ဘီက"

"အေး ... သိတယ်၊ သိတယ်၊ လာ ဝင် ... ဘာဖြစ်လို့လဲဟင်၊ အမေ ဘာဖြစ်လို့လဲဟင်"





စိမ်းစိုသည် ရင်ထဲထူပူသွားပြီး ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ကာ သော့နှင့်သော့ပေါက်ပင် တစ်လွဲဖြစ်နေကာ အချိန်ဖင့်နေပါသည်။

"အိမ်ပေါ်မတက်တော့ပါဘူး အစ်မ"

"အမေ ဘာဖြစ်လို့လဲ မောင်လေး"

"အစ်မ အမေ ဘာမှ မဖြစ်ဘူး၊ မခင်ကြည်ကြည်ရဲ့အမေကြီးကြီးတင်ပါ"

"ဟင် ... ကြီးကြီးတင် ဘာဖြစ်လဲဟင်၊ မမကြည် မရှိဘူး၊ အစ်မနဲ့ပဲ မှာခဲ့ပါ"

"ကြီးကြီးတင်က မနေ့က ချော်လဲလို့ ပေါင်ရိုးကျိုးသွားတယ်၊ အခု ဆေးရုံတင်ထားတယ် အစ်မ၊ အဲဒါနဲ့ ဆရာတော်က အိမ်ကိုအကြောင်းကြားခိုင်းလို့၊ မနေ့က ကျွန်တော်တို့ တစ်ချိန်လုံး ဖုန်းခေါ်နေတာ၊ အစ်မတို့က ပေးထားတဲ့ တစ်ဆင့်ခေါ်လို့ရတဲ့ဖုန်းဆိုတာလေ၊ ဖုန်းပျက်တာလား မသိဘူး၊ ဘယ်သူမှ လာမကိုင်ဘူး၊ ညဘက်ကြီးလည်းခေါ်နေတာ"

တစ်ဆင့်ခေါ်လို့ရတဲ့ ဖုန်းဆိုတာ ဦးဖေဆန်းအိမ်က ဖုန်းပင်။ ဘယ်လာကိုင်ပါ့မလဲ။ လူမှမရှိဘဲနဲ့။ မိုးသံလေသံနှင့် ဟိုဘက်အိမ်က ဖုန်းမြည်နေတာကို စိမ်းစို သတိမထားမိခဲ့ပါ။ သတိထားမိလည်းပဲ ဘာမှ လုပ်မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မခင်ကြည်ကြည်ကို အစ်မပဲ ပြောလိုက်တော့"

"အေး … အစ်မပြောလိုက်ပါ့မယ်၊ အစ်မလည်း လာခဲ့ပါဦးမယ်"

"ဒါဆို သွားတော့မယ်"

"အေး … အေး၊ တကူးတကလာလိုက်ရတာ မုန့်ဖိုးယူသွားပါဦးလား မောင်လေး"

"နေပါစေ၊ ကျွန်တော်တို့ အစောကြီးထကားစီးလာတာ၊ သွားပြီဗျ"

ကောင်လေးနှစ်ယောက်ထွက်သွားလျှင် အိမ်ရှေ့ဘက်က အဆင့်ကလေးမှာထိုင်ချလိုက်ပြီး ငိုင်နေမိပါသည်။ မမကြည်အကြောင်းတော့ ပြောလိုက်လို့မဖြစ်၍ မပြောပြလိုက်ပါ။ အဲဒီတော့ တကယ်လို့များ စိမ်းစိုက မော်ဘီကိုလိုက်သွားတဲ့အခါ ကြီးကြီးတင်က သူ့သမီးမေးလျှင် ဘယ်လိုလိုးလွှဲပြောရပါ့။

ကြီးတင် သမီးတော့ ခိုးရာလိုက်ပြေးသွားပြီလို့ပဲ ဘွင်းဘွင်း ပြောချလိုက်ရမလား။ အား … စိတ်တွေရှုပ်လိုက်တာ။ ခေါင်းတွေနောက်လိုက်တာ။ သူတို့ကို ဘယ်နားလိုက်ရှာရမလဲမသိ။

ဈေးသွားဖို့ကလည်း ရှိသေးသည်။ ခုလောက်ဆိုချောင်းသာတွေ ဘာတွေလောက်ကိုများ သင်းတို့ ရောက်နေမလား။





ထိုင်နေလို့တော့မဖြစ်သေးပါ။ ဈေးသွားရင်း ဈေးထဲက မမကြည်နဲ့ခင်မင်တဲ့ ကုန်စုံဆိုင်အစ်မကြီးကို ဝင်မေးစနည်းနာကြည့်ရင်တော့ ကောင်းမလား။ စိမ်းစိုကိုတော့ မမကြည်ကကြောက်လို့ ဘာမှ ပြောမသွားပေမယ့် သူနဲ့ခင်မင်သူတွေကို ပြောသွားမလား။ ဘယ်သူ့ကိုမှ မပြောဘူးဆိုရင်တော့ သူတို့ကို လိုက်ရှာနိုင်စရာနည်းလမ်းမရှိပါ။

စိမ်းစိုက စိတ်မပါလက်မပါထ,ကာ အဝတ်အစားလဲလိုက်ပါသည်။ ပိုက်ဆံအိတ်သေးသေးကို မိုးကာဂျာကင်အိတ်ထဲထည့်၊ ဂျာကင်ကို ခေါင်းဆောင်းပါဆောင်းပြီး ထီးထပ်ဆောင်းလျက် ထွက်လာခဲ့ပါသည်။ ခုတလော အသုံးပြုနေတဲ့ ဒီဘက်လမ်းထိပ်ကို မထွက်ဖြစ်ဘဲ အရင်က တောက်လျှောက်အသုံးပြုခဲ့သည့် မိုးသက်လေတို့ခြံဘက်လမ်းထိပ်ဘက်ကို ဘာကြောင့်ရွေးချယ်ထွက်ခဲ့မိတယ်ဆိုတာကိုလည်း မတွေးတတ်တော့ပါ။

လမ်းလျှောက်လာရင်း ခေါင်းထဲထူပူပြီးဟုန်နေကာရင်ထဲလည်း ကတုန်ကယင်ဖြစ်နေသည်။ ဝမ်းနည်းသလိုလိုစိတ်ညစ်သလိုလို။ မမကြည်က ကိုယ့်ကိုပစ်ပြီး အချစ်ကိုဦးစားပေးရှာဖွေသွားခဲ့ပြီလေ။ စိမ်းစိုတစ်ယောက်ပဲ အဖော်မဲ့အထီးကျန်ကျန်ရစ်ပြီ။ ဘာဖြစ်လို့ ကိုယ်ကျတော့ တစ်ယောက်တည်းဖြစ်နေရတာလဲ။ တကယ်တော့ တစ်ယောက်တည်းဖြစ်အောင် ကိုယ့်ဟာကိုယ်ပဲလုပ်နေတာမဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုသည် ဝမ်းပန်းတနည်းလျှောက်လာရင်း မိုးသက်လေရဲ့ ဆိုင်ခြံဝင်းရှေ့ရောက်လျှင် ကားတစ်စီးရှေ့က ဖြတ်ကွေ့ဝင်တာကို ခဏစောင့်ရင်း ခြံထဲကို လှမ်းပြီးငေးမျှော်မိပါသည်။

"အစ်မ ဘာလဲ"

ဖိုးတာက လှမ်းမြင်ကာ အပြေးလှမ်းလာသည်။ စိမ်းစိုသည် ထီးကိုင်ကာ ခပ်ငိုင်ငိုင်ရပ်နေရင်းကပင် ...

"မင်းအစ်ကိုရှိလား"

"ရှိတယ် အစ်မ၊ ခဏလေး"

ဖိုးတာက ပြန်လှည့်ပြေးပါသည်။ ခဏအကြာမှာတော့ ထီးမပါဘဲ မိုးရေဖွဲဖွဲထဲ ခပ်မှန်မှန်လက်လွှဲလျှောက်ပြီး ထွက်လာတဲ့ မိုးသက်လေကို လှမ်းအမြင်တွင် ဘာကြောင့်မှန်းမသိ ရင်ထဲလှိုက်လှဲဝမ်းနည်းပြီး ငိုချင်လာပါသည်။

ဂျာကင်အိတ်ထဲ လက်တစ်ဖက်နှိုက်၊ လက်တစ်ဖက်က ထီးဆောင်းပြီး ငူငူလေးရပ်နေတဲ့ စိမ်းစိုဟာ ခေါင်းဆောင်းလေး လည်းစွပ်ထားတာမို့ ကလေးတစ်ယောက်နှယ်ဖြစ်နေပုံကို မိုးသက်လေက ကြည့်မဝအောင် အမြင်ဆန်းနေပါသည်။ အမြဲတမ်း မိန်းမကြီးတစ်ယောက်ရဲ့ ဂိုက်ဆိုဒ်ဖမ်းထားတဲ့ စိမ်းစိုဟာ တကယ်တော့ မျက်နှာနုနုကလေးနှင့် အပြစ်ကင်းစင်သောမျက်ဝန်းလေးကို ကလေးသဖွယ် ပိုင်ဆိုင်ထားတာပါ။





သူ့ဘဝလေးရဲ့ ဒဏ်ရာဒဏ်ချက် ရိုက်ခတ်မှုတွေကြောင့် မျက်နှာပေါ်ကခံစားချက်တွေက ရင့်ရော်ခက်ထန်နေကြတာ။ အဲဒီနာကြည်းချက်တွေ တစ်ခဏကွာကျကာ နေမကောင်းဖြစ်နေတဲ့အချိန်မျိုး ဝမ်းနည်းနေတဲ့အချိန်မျိုးတွေမှာ စိမ်းစိုရဲ့ မျက်နှာကလေးက နုနုစင်စင်။

"စိမ်းစို"

"......"

"စိမ်းစို ဘာဖြစ်လို့လဲ"

"ကိုမိုးသက်လေ ..."

စိမ်းစို မျက်နှာမှာ မျက်ရည်စီးကြောင်းလေး တွေ့လိုက်ရ၍ မိုးသက်လေက အလန့်တကြားဖြစ်ကာ ...

"စိမ်းစို ဘာဖြစ်တာလဲ၊ ကျွန်တော့်ကိုပြော"

ဒီမိန်းကလေးဟာ တော်ရုံတန်ရုံနဲ့တော့ သူ့ဆီပြေးလာမယ့်သူမှမဟုတ်တာပဲ။ သူ့မှာ မာန်တွေ မာနတွေ မခံချင်မှုတွေ ယုံကြည်မှုတွေနဲ့ သူ့ကိုယ်သူပဲ အားကိုးချင်လှတဲ့မိန်းကလေးလေ။

"ကိုမိုးသက်လေ ... မမကြည်လေ ... မမကြည် ဦးဖေဆန်းကြီးနောက်ကို ခိုးရာလိုက်ပြေးသွားပြီ"

"ဟင်"

မိုးသက်လေသည် ပါးပေါ်မျက်ရည်ဥကြီး တွေ ဖြိုလိမ့်ပြုတ်ကျလာတဲ့ စိမ်းစိုကို ငုံ့ရပ်ကြည့်နေရင်း မပြုံးအပေါ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကွဲသာရယ်ချလိုက်ချင်တဲ့စိတ်ကို အောင့်အည်းမျိုသိပ်လိုက်ရပါသည်။

"ဟုတ်လား ဘယ်တုန်းကလဲ"

"မနေ့က"

"သြော် ... ဒါဖြင့် ညက အိမ်ပြန်မလာတော့ဘူးပေါ့"

"ဟုတ်တယ်"

"ဒါဖြင့် ညက စိမ်းစိုတစ်ယောက်တည်းပေါ့"

"အင်း"

"ဦးဖေဆန်းအိမ်လည်း လူမရှိဘူးပေါ့"

"အင်း"

မေးသမျှကို ကလေးလို တစ်လုံးချင်းပြောနေတဲ့ စိမ်းစိုပုံစံလေးကို သနားလည်းသနား ရယ်လည်းရယ်ချင်။ ဒီလောက် စိမ်းစို ကဖျက်ယဖျက်လုပ်နေမှတော့ မမကြည်သည်လည်း ခုလိုလိုက်ပြေးဖို့အပြင် တခြားနည်းလမ်းမှမရှိတော့တာ။

"အခု စိမ်းစို ဘာလုပ်ချင်လို့လဲ၊ သူတို့ကို လိုက်ရှာချင်လို့လား"

"နို့မို့ဆိုရင်တော့ လိုက်မရှာပါဘူး၊ လိုက်ပြေးသွားမှန်းလည်း စာရေးထားတဲ့ဟာ၊ ဒီအစွယ်ကြီးတွေ စိုးရိမ်စရာလည်း ဘာမှ မရှိတာ၊ မှန်းလည်းမှန်းတယ်၊ လိုက်ရှာမနေပါဘူး၊ ဒါပေမဲ့ ..."





"အခု ဘာဖြစ်လို့လဲ"

"မမကြည်အမေ ရိပ်သာမှာချော်လဲတာ၊ မော်ဘီဆေးရုံမှာ တင်ထားရတယ်၊ ပေါင်ကျိုးသွားတယ်တဲ့၊ သူမရှိတော့လည်း ကျွန်မ သွားကြည့်ပေးရမှာပေါ့၊ ဒါပေမဲ့ ကျွန်မပဲ ရောက်လာပြီး မမကြည်ပါမလာရင် သူ့အမေက သက်ဘ မကောင်းဖြစ်တော့မှာပေါ့၊ ဘာလို့မပါလာလဲမေးတော့မှာပဲ၊ အဲဒီကျ ဘယ်လိုပြောရမယ်မှန်းလဲမသိဘူး၊ ကြီးကြီးတင် သမီး လင်နောက်လိုက်ပြေးသွားတယ်လို့ ပြောရမှာကို ပြေးတဲ့လူကမရှက်ပေမယ့် ကျွန်မက ပြောရမှာရှက်တယ်"

မိုးသက်လေက မအောင့်နိုင်တော့ဘဲ တစ်ချက်ပြုံးလိုက်မိပါသည်။

"ရှင်က ဘာရယ်ပြန်တာလဲ"

"သြော် ... စိမ်းစို စိတ်လည်းပူ ဒေါသလည်းထွက် ရှက်လည်းရှက် ဖြစ်နေတဲ့ မျက်နှာလေးကို ရယ်ချင်တာပါ"

"တကယ်စိတ်ဆိုးတယ်၊ အိမ်မှာ ကိုယ့်ညီမလေးတစ်ယောက်တည်းကျန်ခဲ့မှာကို မစဉ်းစားတော့ဘူး၊ ယောကျ်ားနောက်ကို ကောက်ကောက်ပါအောင်လိုက်သွားတယ်၊ ကြည့်စမ်း ညက မိုးတွေကရွာ၊ မီးကပျက်၊ တစ်ညလုံး ကြောက်ကြောက်နဲ့ ဝမ်းနည်းပြီးငိုနေရတာ၊ တကယ်စိတ်ဆိုးလို့ လိုက်ကို မရှာချင်ပါဘူး၊ ဒါပေမဲ့ သူ့အမေဆီက သွားကိုသွားရမှာမို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာမို့လို့ မမကြည်မပါဘဲ သူ့အကြောင်းပြောပြရမယ့် အစား သူ့ကို အရင်တွေ့အောင်ပြန်ရှာပြီးမှ သူ့အမေဆီ သွားချင်တာ”

“ခိုးရာလိုက်ပြေးတဲ့စုံတွဲကို ဘာမှမသိဘဲ လိုက်ရှာဖို့ဆိုတဲ့ အလုပ်က လွယ်တာတော့မဟုတ်ဘူးဗျ”

“ကိုမိုးသက်လေကိုရော ဦးဖေဆန်းက ဘာမှ မပြောသွား ဘူးလား”

“ကြံကြီးစည်ရာဗျာ၊ ခိုးပြေးမယ့်ကိစ္စကို ကျွန်တော့်လို သူနဲ့စာရင် ချာတိတ်လိုဖြစ်နေတဲ့သူကို ပြောပါမလား၊ ဘာမှ မပြောဘူး၊ ကျွန်တော် ဘာမှ မသိပါဘူးဗျာ”

မိုးသက်လေ အနည်းငယ်အူမြူးနေပါသည်။ ဦးဖေ ဆန်းကြီးကိုလည်း စိတ်ထဲက ကျိတ်ပြီးချီးမွမ်းထောပနာနေမိသည်။ ဒါမှ ငါ့အစ်ကိုကြီး။ ချစ်ခြင်းမေတ္တာတရားဆိုတာကို သပိတ်မှောက် ထားတဲ့ ဒီကောင်မလေးရဲ့အစ်မကိုမှ ခိုးပြေးသွားတဲ့အတွက် အလေးပြုသင့်သည်။

ဦးဖေဆန်း ခုလိုလုပ်သွားတဲ့အတွက် စိမ်းစို သူ့ကို လာစကားပြောဆို တိုင်ပင်ရတာ မဟုတ်လား။ သူ့အကူအညီကို လိုအပ်လာတာမဟုတ်လား။ သူတို့ ပြန်ရောက်လာရင်တော့ ဦးဖေဆန်းကို ကျေးဇူးရှင်အဖြစ် ကောင်းကောင်းလက်ဖွဲ့လိုက်ပါ ဦးမည်။





“မမကြည်တို့ ဘယ်သွားနိုင်တယ်ဆိုတာ ရှင် မခန့်မှန်းနိုင် ဘူးလားဟင်”

“ခန့်မှန်းဖို့မလွယ်ဘူး စိမ်းစို”

“ရန်ကုန်မှာပဲရှိမလား၊ တခြားနယ်တွေသွားမယ်ထင်လား၊ မမကြည်ရဲ့ဇာတိအညာကို ခိုးပြေးတာကော မဖြစ်နိုင်ဘူး လား”

“ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ မမကြည်က သူ့ရွာကို ဦးဖေဆန်းကို ခေါ်သွားရင် သူက ဦးဖေဆန်းကို ခိုးလာတဲ့ သဘောသက်ရောက်သွားမှာပေါ့”

“ဟင် ... ဟုတ်ပါရဲ့နော်”

“ဟာ”

“ဘာလဲ”

“တစ်ခုတွေးမိပြီ”

“ဘာတွေးမိတာလဲဟင်”

မျက်လုံးဝိုင်းလေးနှင့် အားတက်သရောမေးလိုက်တဲ့ စိမ်းစို မျက်နှာလေးဟာ ကလေးလေးတစ်ယောက်နှယ်။

“ဦးဖေဆန်းမှာ လှည်းကူးမှာ ခြံလေးတစ်ခြံရှိတယ်”

စိမ်းစိုက အံ့အားတသင့် နားထောင်နေပါသည်။

“ကျွန်တော့်ကို သူ ပြောဖူးတယ်၊ သူ လွန်ခဲ့တဲ့ဆယ်နှစ် လောက်က သူ့ရဲ့စုဌေးလေးနဲ့ ဈေးပေါပေါလေးနဲ့ဝယ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့၊ ခြံပိုင်းလေးက ကျယ်တယ်၊ နေလို့ဖြစ်ရုံလေး ခြေတံရှည်တဲလေးတစ်လုံးပါတယ်တဲ့၊ အဲဒီခြံလေးကိုလည်း တစ်နေ့တော့ အိမ်လေးဖျက်ပြင်ဆောက်ရဦးမယ်ဆိုတာ ပြောပြဖူးတယ်"

"အဲဒီကို သွားကြတယ်လို့ ထင်တာလား"

"အဲဒီကိုလို့ထင်တာထက် တခြားဘယ်ကိုဆိုတာ ထင်စရာကိုမသိတော့တာ၊ တခြားတစ်နေရာရာ ထပ်သိတာမျိုးမရှိတော့ဘူး ဆိုတော့ ဒီနေရာလေးများ သွားကြမလားလို့ ဒါပဲတွေးမိတာ စိမ်းစိုရဲ့"

စိမ်းစိုက ခပ်ငိုင်ငိုင်လေး စဉ်းစားနေဟန်ရှိပါသည်။

"စိမ်းစို လိုက်ကြည့်ချင်လား"

စိမ်းစိုက မိုးသက်လေကို တစ်ချက်အကဲခတ်ကြည့်ရင်း ...

"ရှင်က နေရာအတိအကျသိလို့လား"

"မရောက်ဖူးပေမယ့် အစ်ကိုကြီးပြောဖူးတဲ့စကားထဲမှာ နေလရောင်အုတ်သဲကျောက်အရောင်းဆိုင်ဆိုတာနဲ့ မဝေးလှဘူးတဲ့၊ အဲဒီအုတ်သဲကျောက်ဆိုင်က အစ်ကိုကြီးရဲ့သူငယ်ချင်း ဦးစိုးဝင်းဆိုတဲ့သူက ဖွင့်ထားတာ၊ သူကနေတစ်ဆင့်ပဲ အဲဒီမြေကွက်လေးကို ပေါပေါလေးဝယ်ခွင့်ရသွားတာ၊ မြို့အကျယ်ကြီးမှမဟုတ်ဘဲ၊ မေးမြန်းသွားလိုက်ရင် အဲဒီအုတ်





သဲကျောက်ဆိုင်ကို ရှာရမခက်ဘူးထင်တာပဲ၊ စိမ်းစို သွားချင်ရင်တော့ ကျွန်တော် လိုက်ပို့မယ်"

စိမ်းစိုက တွေတွေဝေဝေလေးနှင့် ...

"အဝေးကြီးပဲနော်"

"စိမ်းစို မော်ဘီကိုလည်း သွားဖို့ရှိတယ်မဟုတ်လား၊ လှည်းကူးမှာ အစ်ကိုကြီးတို့ကို အရင်ရှာကြည့်လိုက်တာပေါ့၊ တွေ့ရင်လည်း တစ်ခါတည်းပြောပြပြီးခေါ်သွားရုံပဲ၊ မတွေ့ရင်လည်း မော်ဘီကိုတော့ ဆက်သွားလိုက်ကြတာပေါ့၊ မမကြည် အမေကို သွားကြည့်ဖို့ကိစ္စပါ တစ်ခါတည်းပြီးသွားတာပေါ့"

စိမ်းစိုက ရင်တဒိတ်ဒိတ်ခုန်ကာ ခေါင်းလေးငုံ့ပြီး စဉ်းစားတွေဝေနေပါသည်။ ဟောဒီ ရင်တွေကလည်း ဘာရယ်ကြောင့်များ ဒီလောက်တောင်ခုန်ရတာလဲ။ စိမ်းစိုရဲ့ဟောဒီခေါင်း အညိတ် ခေါင်းအခါဟာ သူတို့နှစ်ယောက်ရဲ့ကြားက မမြင်ရတဲ့ သက်ဆိုင်မှု တစ်ခုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိမှာ အမှန်ပါ။

"စိမ်းစို ဒီနေ့ ဆိုင်မထွက်ဖြစ်ဘူးလား"

"ကျွန်မ ရိပ်သာက ကောင်လေးတွေ လာပြောလိုက်ကတည်းက ထူပူပြီး ခေါင်းတွေ ရှုပ်ထွေးနေတာနဲ့ ဆိုင်မထွက်ဖြစ်တော့ဘူး ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ၊ တစ်ရက်နားလိုက်ပါ စိမ်းစိုရဲ့၊ ကျွန်တော်တို့ လှည်းကူးကို လိုက်ကြမယ်၊ ပြီးရင် တစ်ဆက်တည်း မော်ဘီကိုပေါ့၊ တွေ့လိုက်ရင်တော့လား ငါ့အစ်ကိုကြီး ဦးဖေဆန်း ပွဲကြမ်းတာခံရတော့မှာ မြင်ယောင်သေးတယ်ဗျာ"

စိမ်းစိုက ခေါင်းလေးငုံ့ကာ ပြုံးလိုက်ရင်း ...

"ပွဲကြမ်းမနေတော့ပါဘူး ကိုမိုးသက်လေရယ်၊ သူတစ်ပါးချစ်ခြင်းကိုလည်း မခွဲချင်တော့ပါဘူး"

✧ ♡ ✧





၁၁

အဲဒီနေ့ကပဲပေါ့။

မိုးတွေကရွာ။ မမျှော်လင့်ဘဲ တဖြည်းဖြည်းသည်းသည်းလာလိုက်တာ လမ်းမှာ ရေတွေကကြီး။ လှည်းကူးမရောက်ဟရောက်မှာ ကားက ကားလမ်းဘေးမြေပျော့ပေါ် ဘီးနှစ်ဘီးကျ၍စောင်းငန်းကြီးဖြစ်ကာ ရွံ့နှစ်နေသည်။ ပြန်မောင်းတင်မရ။ ကော်ဖီရောင် လက်ဖက်ရည်ရောင် ရွံ့ရေတွေက နေရာအတော်များများဟာဖုံးလို့။

ပထမတော့ မိုးသက်လေက ကားပေါ်ကဆင်းကာ ...ခြေအနေကြည့်။ နောက်တော့ စိမ်းစိုပါ စိတ်ပူပန်ကာ ကားဘီး ...ိုဆင်းကြည့်။ မိုးသက်လေက ပြန်တက်ခိုင်းပေမယ့် နှစ်ဦးသား ...ရွဲစို။ လာတဲ့ကားတချို့ကိုတားပြီး ကူညီတွန်းတင်ဖို့ အကူအညီ ...တောင်းရင်း တုတ်တုတ်နှစ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်းညစ်ရ ရယ်လည်းရယ်ရ။ ပြောတော့သ တစ်ခဏ။ အဲဒီအချိန်ပိုင်းအတွင်း တစ်ယောက်ကိုတစ်ယော အော်ဟယ်ဟစ်ဟယ် စိတ်တိုဟယ် ငိုအားထက် ရယ်အားသန် သလို ရယ်လိုက်ကြရပာယ်နှင့် အရှုးတွေကျနေတော့တာပင်။

နောက်ဆုံးကားက လမ်းမပေါ်ပြန်ရောက်ချိန်မှာ န ယောက်သားဟာ ကားထဲမှာ ညစ်တီးညစ်ပတ်ပေကျံပွလို့နေတေ သည်။ ကားကိုခဏရပ်ပြီး ကားပေါ်ရှိတဲ့ တစ်ရှူးဘောက်စ်ထဲ တစ်ရှူးနှင့်ပင် ကိုယ့်ကိုယ်ကိုယ် သန့်ရှင်း သုတ်သင်ကြရတေ သည်။

ခေါင်းပေါ်ထိတက်စင်နေတဲ့ ရွှံ့ဖတ်သဲဖတ်တို့ တစ်ယောက်နဲ့တစ်ယောက် (ကိုယ်တိုင်မမြင်ရနိုင်တဲ့နေရာတွေ မရဲတရဲ လှမ်းသန့်စင်ပေးရင်း။ နောက်ဆုံးတော့ မအောင့်နိုင် နှစ်ယောက်သား ရယ်မောရင်း ကြေအေးပြေလည်သွားကြပြီ နောက်မှာတော့ ...။

... ... ...။

အချိန်အခါက အခြေအနေပေးတာလား။ နေရာ က တိုက်တွန်းတာလား။ နှစ်ဦးတည်းဆိုတဲ့အသိနဲ့ ရင်ဖိုစိတ် ရှားရခြင်းကပဲ ဖြားယောင်းတာလား။ သည်းနေတဲ့မိုးကပဲ ညို့ တာလား။





တင်းထန်ဆည်မတ်ထားရတာ ခြောက်နှစ်ကျော်ကြာ ပြီဖြစ်တဲ့ စိမ်းစိုရဲ့ နူးညံ့သိမ်မွေ့တဲ့ စိတ်နှလုံးဟာ မမျှော်လင့် နိုင်လောက်အောင် ခွေပျော့ကျသွားခဲ့ရတော့တာပါ။ တင်းထားသမျှ စိတ်ဒုံးဒုံးချလိုက်တော့တယ်ဆိုတာမျိုး ... အဖုံးအကာ အရံအတား တစ်ထပ်ကို ခွာချလိုက်တဲ့အခါ အတွင်းက 'ပကတိ နဂိုနေ စိမ်းစို'ဟာ မိုးသက်လေကို မြတ်မြတ်နိုးနိုး အားကိုးတကြီး ချစ် နေမိပြီတည်း။

လှည်းကူးက မိုးသက်လေပြောတဲ့ အိမ်ကလေးမှာ ဦးဖေဆန်းနှင့် မမကြည်တို့က ရှိနေခဲ့ပါသည်။ ဦးဖေဆန်းနှင့် မမကြည်ထံရောက်ချိန်မှာ မိုးသက်လေနှင့် စိမ်းစိုဟာ ချိတ်တွဲ ထားတဲ့ လက်ဖျားချင်း မဖြုတ်နိုင်အောင် ခိုက်ခိုက်တုန် ချစ်စ ကြင်နာစ။

ဦးဖေဆန်းနှင့် မမကြည်က မျက်လုံးပြူးအံ့အားသင့် နေကြပါသည်။

ဘယ်လိုမှ မယုံကြည်နိုင်အောင် ဖြစ်နေကြပါသည်။ ဤနေရာမှာ မင်းသားနှင့်မင်းသမီးဟာ ဦးဖေဆန်းနှင့်မမကြည် ဖြစ်ရမယ့်အစား မိုးသက်လေနှင့် စိမ်းစိုသာ မမျှော်လင့်ဘဲဖြစ်သွား ရတော့တာ။

"မီးမီး နင်တို့နှစ်ယောက်က ..."



www.burmeseclassic.com

www.burmeseclassic.com



မမကြည်က စကားတောင်မဆက်နိုင်အောင်။ စိမ်းစို
ထံတွင် တစ်ခါမှမတွေ့ဖူးခဲ့တဲ့ အချစ်နှင့် မှုးယစ်သော ရီဝေနူးညံ့
နွေးထွေးလှတဲ့ မျက်ဝန်းကြည့်များ မိုးသက်လေထံပါးမှ မခွာနိုင်
ဖြစ်နေတာကို မယုံနိုင်လောက်အောင် အံ့အားကြီးသင့်လျက် ရှိရ
တော့သည်။

"အစ်ကိုကြီး"

"ဟေ"

"ကျွန်တော်နဲ့ စိမ်းစို သိပ်ချစ်သွားကြပြီ"

"ဟုတ်လား အေး၊ သိပ်ဝမ်းသာတယ်ကွာ၊ မင်း အရမ်း
တော်တယ် မိုးလေး၊ ဒီကောင်မလေးရဲ့အချစ်ကိုရအောင်
မင်း ယူနိုင်တာကို အရမ်းချီးကျူးတယ်ကွာ၊ ဒီတစ်သက်
ရည်းစားရမယ်မထင်တဲ့ ဒီကောင်မလေးကို တစ်ရက်အတွင်း
မင်း ဘယ်လိုများ အရစည်းရုံးသလဲကွာ၊ ငါတို့ မနေ့ကမှ
ထွက်လာကြတာပါ၊ ဒီနေ့မှာ ရုတ်တရက်တိုးတက်သွားတဲ့
အခြေအနေက အံ့သြစရာကောင်းလောက်အောင် လိုက်ကို
မမီတော့တာ၊ ကိုယ့်မျက်စိနဲ့ကိုယ် မြင်လို့သာယုံလိုက်ရ
တယ် မိုးလေးရာ"

"ဦးဖေဆန်းကြီး"

"ဘာတုံး"





"သူက ကျွန်မကို ဘာမှမစည်းရုံးပါဘူး၊ ကျွန်မက သူ့ကို
ကျွန်မဘာသာ အလိုအလျောက် ချစ်သွားတာပါ"

"နားလည်ပါပြီ ဒေါ်စိမ်းစိုရယ်၊ ကဲ ... ကြည်လေး ကိုယ်
မပြောဘူးလား၊ သူဟာနဲ့သူဖြစ်သွားပါလိမ့်မယ်လို့၊ ကိုယ်
တို့ ဒီကိစ္စကို အကောင်အထည်ဖော်တာတောင် နောက်ကျ
နေတယ်၊ ဒီထက်စောစောထွက်လာရင် သူတို့ချင်းလည်း
ဒီထက်မြန်မြန်အဆင်ပြေသွားကြမှာပေါ့"

စိမ်းစိုရဲ့ရင်ထဲတွင် ကြည်နူးပီတိလှိုင်းအိတွေ တဖျပ်
ဖျပ်ထ,နေပါသည်။ ဘယ်တုန်းကများ သူ့အပေါ် တနင့်တပိုး
ခိုးချစ်နေခဲ့တယ်မသိတဲ့ နှလုံးသားသည် အခွင့်သာသည်နှင့် ဟင်း
လင်းပွင့်ကာ သူ့အတွက် အချစ်တွေ တရစပ်ဟောပြိုဆင်းစီးကျလာ
သည်မှာ ကိုယ်တိုင်ပင် အံ့သြတုန်လှုပ်ရတဲ့အထိပါ။

မျက်တောင်မခတ်သာ ကြည့်နေချင်တော့အောင်ပင်။
ချစ်မိခြင်းကြောင့် ကြည်နူးရတဲ့ ပီတိနောက်ကွယ်မှာ ထက်ကြပ်
မကွာကပ်ပါလာတာကတော့ ကြေကွဲဝမ်းနည်းခြင်းပဲဖြစ်သည်။
ဒီလောက်တောင်ချစ်မြတ်နိုးရတဲ့လူတစ်ယောက်နဲ့ တွေ့ရချိန်မှာ
ကိုယ်ဟာ ဘာကြောင့်များ အပြစ်ကင်းပြီး မှဲ့တစ်ပေါက်မစွန်းတဲ့
ဖြူစင်သန့်ရှင်းသူလေး မဖြစ်နေတော့တာပါလိမ့်။

သူ့ကိုပေးအပ်ရမည့် ကိုယ့်ဘဝအနေအထားအတွက်
ယူကျုံးမရဖြစ်မဆုံးပါ။သူ့အတွက်လည်း ကြေကွဲမဆုံးပါ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သနားကရုဏာသက်သည်။ သူဟာ ကိုယ့်ထက်စင်ကြယ်တဲ့ မိန်းမမျိုးနှင့် ထိုက်တန်တဲ့သူပါ။ ကိုယ်ကတော့ သူနှင့် မအပ်စပ်မထိုက်တန်လှတဲ့ နွမ်းသောပန်းပါ။

ဤအတွေးက စိမ်းစိုကို ရင်နင့်စေသည်။ ပထမဆုံးနေ့ဟာ တစ်နေကုန်ဝမ်းနည်းနေခဲ့တဲ့နေ့ဖြစ်ခဲ့ပါသည်။ အမေ့ထံရောက်တော့ အမေလည်း ရိပ်မိမှာ မလွဲမသွေဖြစ်တဲ့အတူတူ ဖွင့်ပြောပြရင်း မိတ်ဆက်ပေးပါသည်။

"သား အမေ့သမီးလေးကို တစ်သက်လုံး ကြင်ကြင်နာနာစောင့်ရှောက်သွားပေးပါနော်၊ အမေ့သမီးကို ဘာကြောင့်မှ ပစ်မသွားပါနဲ့နော်"

အမေ့တောင်းပန်စကားက မိုးသက်လေကိုပါ ရင်နင့်စေခဲ့ပုံရပါသည်။ လှိုက်လှဲစိုစွတ်လာတဲ့ မျက်ဝန်းအစုံနှင့် အမေ့ကို သူက ကြည့်ကာ ...

"စိတ်ချပါ အမေ၊ ဘယ်တော့မှ မပစ်ပါဘူး၊ အစစအရာရာ ခွင့်လွှတ်မှာပါ"

မိုးသက်လေကလည်း ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ်ပြောသလို စိမ်းစိုကလည်း တကယ်တမ်း သူ ခွင့်လွှတ်နိုင်မလွှတ်နိုင် သိရဖို့ သတ္တိမွေးပြီး အစစအရာရာကို ဖွင့်ပြောရမယ်ဆိုတာကို မောနင့်ရင်လေးစွာ ဆုံးဖြတ်မိပါသည်။

✧ ♡ ✧





ရှုပါမားကက်ထဲ နှစ်ယောက်အတူလျှောက်နေရင်း စိမ်းစိုက မဲ့မဲ့ရွှဲရွှဲကလေး ရေရွတ်နေပါသည်။

"အမယ်လေး ... ဒီဆန်းကစ်စ်ကလည်း တစ်လုံးကိုထောင်ကျော်၊ ဟိုအရွက်တွေကလည်း ဈေးကြီးလိုက်တာ"

"ဈေးထဲမှာထက်တော့ နည်းနည်းဈေးကြီးတာပေါ့ စိမ်းစိုရဲ့"

"ဟင် ... ဟိုဟာကတော့ ဘာသီးလဲဟင်"

အအေးလွှတ်ထားတဲ့ စင်တွေပေါ်က အသီးတွေကို လက်ညှိုးထိုး မျက်လုံးလေးဝိုင်းဝိုင်းနှင့် စိမ်းစိုက တအံ့တသြတွေဖြစ်နေပါသည်။

"Peach တဲ့၊ ကိုယ်လည်း မစားဖူးဘူး"

"စိမ်းစို ခုမှပဲမြင်ဖူးတယ်၊ စားဖူးဖို့နေနေသာသာ မြင်တောင်မမြင်ဖူးတာ"

"စားမလား ဝယ်လိုက်မယ်"

"ဟင့်အင်း၊ ကြိုက်လား မကြိုက်လားမသိ။ ဈေးကြီးတာကြီး မဝယ်ချင်ပါဘူး၊ ဟိုစပျစ်သီးတွေက ကြီးလိုက်တာနော်"

မိုးသက်လေသည် တောသားမြို့ရောက်ဆိုသလိုဖြစ်နေတဲ့ စိမ်းစိုကို ရယ်ချင်လာပါသည်။ ရန်ကုန်ရောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နှစ်ခွဲ ခုနစ်နှစ်ထဲဝင်ပြီ။ တစ်ကြိမ်တစ်ခါမှ စူပါမားကက်တွေကို မရောက်ဖူးသေးဘူးဆိုတဲ့ ချစ်သူကို တမင်တကာ ခေါ်လာရတာပါ။

ကိုယ့်ရဲ့နေရပ်နှင့် အသိုင်းအဝိုင်းကျဉ်းကျဉ်းကလေးထဲမှာပဲ ကျင်လည်လှုပ်ရှားနေကာ ဘာကိုမှ အကြားအမြင် ဗဟုသုတမကျယ်ပြန့်ပါ။ ဘယ်ကိုမှမရောက်ဖူးသလို ရောက်ဖူးချင်တဲ့ ဆန္ဒလည်းမရှိလှဘူးဆိုတဲ့ စိမ်းစိုကို မိုးသက်လေက အသိုင်းအဝိုင်း တစ်ခုထဲ ဆွဲခေါ်နေရတာပင်။

"အဲဒါလည်း နိုင်ငံခြားကလာတဲ့ စပျစ်သီးတွေပဲ၊ စားမလား"

"အင်း ... စပျစ်သီးတော့စားချင်တယ်၊ ကိုယ်စားဖူးတဲ့ဟာမို့လို့လေ၊ ဒီလောက်ကြီးကြီးတွေတော့ မစားဖူးဘူး၊ စားဖူးချင်တယ်"

ခြင်းတောင်းထဲကို စင်ပေါ်က စပျစ်သီးတစ်ထုပ် ဆွဲထည့်မည်ပြုစဉ် မိုးသက်လေ လက်ကို စိမ်းစိုက တို့ဆွဲလိုက်ပြီး ...

"နေဦး ဒီမှာရေးထားတာ သူ့ဈေးပေါ့၊ ဒါဖြင့် ..."

"ချိန်ကြည့်ရဦးမယ်လေ၊ ဒီတစ်ထုပ်ဆိုရင် ခန့်မှန်းခြေ ရှစ်ထောင်ဖိုးလောက် ရှိမှာပေါ့"

"ဘာ ... မစားဘူး၊ လာ ... လာ"





စိမ်းစိုက မိုးသက်လေလက်ကို ချိတ်ဆွဲပြီး အတင်း ဝေးရာသို့ ဆွဲခေါ်သွားပါသည်။

"စိမ်းစို"

"အမယ်လေး ... စပျစ်သီးရှစ်ထောင်ဖိုး၊ ဒါတွေ ဘယ်သူတွေ ဝယ်စားကြတာလဲဟင်"

"စားတဲ့သူတွေအများကြီးပေါ့ စိမ်းစိုရဲ့၊ နိုင်ငံခြားသားတွေရော စားနိုင်တဲ့သူတွေ စားကြတာပေါ့"

"ဟင် ... စိမ်းစိုတို့က မစားနိုင်ဘူး မဝယ်နဲ့"

"အမြဲစားနေတာမှမဟုတ်တာ စိမ်းစိုရယ်၊ မစားဖူးလို့ တစ်ခါတစ်ရံဝယ်စားတာ ဘာဖြစ်လဲ၊ လာပါ၊ ဝယ်လိုက်မယ်၊ ကိုယ် စိမ်းစိုကို ဝယ်ကျွေးချင်တယ်၊ ကိုယ်တွေလည်း မဝယ်နိုင်အောင် ဆင်းရဲနေတာမှမဟုတ်ဘဲကွာ"

"ဒါပေမဲ့ ဝယ်မစားသင့်ဘူးပေါ့ ကိုရဲ့၊ ကို စားဖူးလား"

"အင်း ... စားဖူးတယ်"

"အဲဒါဆိုတော်ပြီ၊ ကိုတစ်ယောက် စားဖူးရင်ပြီးတာပဲပေါ့၊ စိမ်းစိုပါ စားဖူးဖို့မလိုပါဘူး၊ တော်ပြီ ... တော်ပြီ"

"စိမ်းစိုကလည်းကွာ စိမ်းစို စားဖူးချင်နေရဲ့သားနဲ့"

"အို ... စိမ်းစို စားဖူးချင်တယ်ဆိုတာက တစ်လုံးနှစ်လုံးလောက်စားဖူးလိုက်လည်းဖြစ်တယ်၊ ဝယ်ရင် အများကြီး ဝယ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနအထုပ်ရဲ့ တစ်ဝက်လောက်ပဲ ကိုယ်လိုချင်သလောက် ခွဲဝယ်လို့ ရတယ်၊ သုံးထောင်ဖိုးလောက်ပဲ ခွဲထည့်လိုက်မယ်"

"ဟင့်အင်း ... တစ်လုံးနှစ်လုံးထက် ပိုမစားချင်ဘူး"

"စိမ်းစိုတော့ကွာ"

စိမ်းစိုကလည်း မိုးသက်လေကို ခပ်တည်တည်လေး ပြန်ကြည့်၍ ခေါင်းလေးယမ်းပြနေပါသည်။

"ရော့ ... ခြင်းခတေယူထား"

"ကိုနော် သွားဝယ်လာရင် စိတ်တကယ်ဆိုးမှာ၊ မခေါ်ဘူးနော်"

"မဝယ်ပါဘူး၊ ရော့ ... ခြင်းကိုင်ထားဦး"

ဖျတ်ခနဲလှည့်ထွက်သွားတဲ့ မိုးသက်လေကို စိမ်းစိုက လိုက်မသွားဘဲရပ်ကြည့်နေပါသည်။ သစ်သီးစင်နား ဟိုလျှောက်ဒီလျှောက်သွားလုပ်နေ၍ စိမ်းစိုက ခေါင်းလေးငဲ့လိုက်ကြည့်နေစဉ် မိုးသက်လေရဲ့လက်က စပျစ်သီးထုပ်တွေဆီ မြောက်တက်သွား၍ စိမ်းစိုက နှုတ်ခမ်းလေးကို စိတ်တိုတိုနှင့် ဖိကိုက်မိသည်။

"ဟင်"

လျှင်မြန်တဲ့ မိုးသက်လေရဲ့အပြုအမူကို စိမ်းစိုက လှမ်းမျှော်ကြည့်နေသူမို့ မြင်လိုက်ပေမယ့် ကျန်တဲ့သူတွေကတော့ ကိုယ့်အာရုံနှင့်ကိုယ် ဘယ်သူမှ မြင်လိုက်ပုံမပေါ်ပါ။ စိမ်းစိုသည်





ထူပူသွားပြီး မိုးသက်လေထံ မကြည့်တော့ဘဲ မျက်နှာလွှဲပြီး ဘယ်သူများမြင်မလဲ ဟိုဟိုဒီဒီ လိုက်ကြည့်နေမိသည်။

အပြေးပြန်ရောက်လာတဲ့ မိုးသက်လေက ...

"စိမ်းစိုရော့"

"ဟာ ... ကို ... ကို ဘယ်လိုလုပ်တာလဲ၊ ရှက်စရာကြီး၊ သွားပြန်ထား"

"ဖြုတ်ယူခဲ့ပြီဟာ၊ ဘယ်လိုသွားထားမလဲ၊ ရော့ပါ၊ တစ်လုံးတည်းပဲဟာ စားလိုက်"

မိုးသက်က စပျစ်သီးကို သူ့အင်္ကျီရင်ပတ်မှာ ပွတ်သုတ်လိုက်ပြီး စိမ်းစိုထံ လှမ်းခွံ့ပါသည်။

"ကိုနော် လူတွေသိကုန်တော့မယ်"

"ဒါဖြင့် မြန်မြန်ပါးစပ်ဟပေါ့၊ အမ်း ... အမ်း ... ဟပါဆို"

စေ့ထားတဲ့နှုတ်ခမ်းရှေ့ စပျစ်သီးကို ဖိကပ်ကာ အတင်းထိုးထည့်နေတာမို့ စိမ်းစိုမှာ လူမြင်မှာကြောက်ကြောက်နှင့် ပါးစပ်ကို လျှပ်တစ်ပြက်ဟပြီး စပျစ်သီးကို ငုံထားလိုက်ရပါတော့သည်။

"ဟား ဟား ဟား ဟား ..."

"ကိုနော်၊ စိတ်ညစ်တယ်၊ ကင့်မရာတွေက ရိုက်နေတယ် မဟုတ်လား၊ မိသွားရင် ရှက်စရာကြီး ကိုရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ... ပလုံးပထွေးနဲ့ ဘာတွေပြောနေတာလဲ၊ အလုံးလိုက် လည်ချောင်းထဲပြုတ်ကျပြီး တစ်နေမှ လူမိသွားမှာ၊ အခု ဘယ်သူမှမသိဘူး"

စိမ်းစိုမှာ ရှင်းရှင်းပြောရလျှင် တိတ်တိတ်ခိုးလာတဲ့ စပျစ်သီးတစ်လုံးကို စားပစ်ရမှာ ငရဲကျမလောက်ရှက်ကြောက်နေ၊ ပါးစပ်ထဲလည်း ငုံမိရက်သားဖြစ်နေ၊ ငိုမဲ့မဲ့တောင်ဖြစ်နေပါသည်။

"ဝါးစားပြီး မျိုချလိုက်တော့လေ"

"အရမ်းဆိုးတာပဲ၊ လူရှုပ်"

"စားပါဆိုတစ်တော့မှာပဲ"

စိမ်းစိုက စပျစ်သီးကို ဖိဝါးပြီးစားပစ်လိုက်ရပါတော့သည်။ မိုးသက်လေက ပြုံးစိစိနှင့် စိမ်းစိုလက်ကို ဆွဲကာ ဆက်လျှောက်ရင်း ...

"ကောင်းလား"

"အဟင်း ... ကောင်းတယ်"

"နောက်တစ်လုံးပြေးယူလိုက်မယ်"

"အာ ... တော်တော့ကွာ၊ ဘာမှန်းမသိဘူး"

"တော်တော့သာဆိုတယ်၊ ရုပ်ကတော့ အရသာရှိတာကို ခိုးစားထားတဲ့ရုပ်၊ ပြုံးစိစိနဲ့ ကျေနပ်နေတဲ့ရုပ်ကြီး"

"စားလို့ကောင်းတာကိုး၊ ကောင်းတယ်ပြောတာပေါ့"

"အဲဒါကြောင့် နောက်တစ်လုံး သွားထပ်ခိုးစားပါမယ်လို့"





"ကိုနော်"

စိမ်းစို မအောင့်နိုင်ဘဲ ကျိတ်ရယ်မိရပါတော့သည်။

အဲသလို လူဆိုးဆန်ဆန် ချစ်စဖွယ်အပြုအမူလေးတွေ လူငယ်ဆန်ဆန် ရွတ်တီးရွတ်နောက် အပြုအမူလေးတွေ မိုးသက်လေမှာ အများကြီးရှိကာ သူနှင့် ချစ်သူတွေစ,ဖြစ်ကတည်းက စိမ်းစိုမှာ ရင်ခုန်ရ၊ ပျော်ရ၊ ကြည်နူးရ၊ စိတ်ချမ်းသာရတာတွေ ချည်းသာ။ ဘာဖြစ်လို့များ ဒီထက်စောစော ကိုနဲ့ မတွေ့ခဲ့ပါလိမ့်လို့ပင် အချိန်တွေကို နှမြောမိရပါသည်။

✧ ♡ ✧

"ကိုယ်က ဒီမှာ အိမ်လေးဆောက် ဆိုင်လေးဖွင့်ပြီးကတည်းက မေမေကလည်း နယ်လှည့်ပြီး စာရင်းစစ်တွေဝင်နေရတာလေ၊ ပြန်လာလည်း ခဏတဖြုတ်၊ ခုနောက်ဆုံးပြန်လာတဲ့ တရုတ်ပြည်နယ်စပ်နားနီးတဲ့ '......'ကုမ္ပဏီကဆို လုပ်ငန်းခွဲတွေလည်းအများကြီးနဲ့၊ ရှယ်ယာရှင်တွေချင်း အမှုတစ်ခုကလည်းရှိလို့ မေမေတို့စာရင်းစစ်အဖွဲ့ကို ငှားတာ၊ အဲဒီမှာ လနဲ့ချီကြာတယ် ...

အခု ပြန်ရောက်တာဆိုတော့ ကိုယ့်ကို အိမ်မှာ တစ်ပတ်တလေလောက် လာပြန်အိပ်ပါဦးခေါ်နေလို့ စိမ်းစိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုက မိုးသက်လေမျက်နှာကို မော့မော့လေး ငေးကြည့်နေမိပါသည်။

"ဒါပေမဲ့ ကိုယ် သုံးလေးရက်ပဲအိပ်မှာပါ၊ ဟိုမှာအိပ်ပေမယ့် လည်း ဆိုင်ကိုတော့ လာနေရမှာပဲလေ၊ မေမေ သွားချင်တာ လေးဘာလေးလိုက်ပို့၊ မေမေနဲ့နေပေးမှာနဲ့ မနက်စောစော ဆိုင်မလာဖြစ်တောင်မှ နေ့လယ်တော့ မဖြစ်မနေလာမှာပါ"

အခုဆိုင်မှာ နယ်ကလာကြတဲ့ ဆိုင်အိပ်ဆိုင်စား အလုပ်သမားဝန်ထမ်းလေးတွေထဲမှာ ဆယ်တန်းအောင်ပြီးသား အစေးသင်တက်နေတဲ့ ကောင်လေးနှစ်ယောက်ပါဝင်ကာ သူတို့ ကို မျက်နှာလွှဲသင့်သလောက်လွှဲနိုင်သည်။ ကောင်တာထိုင်ပြီး စီမံခန့်ခွဲနိုင်ပါသည်။

ဆိုင်အတွက် နောက်ဆံတင်းစရာမလိုပါ။

စိမ်းစိုကိုယ်တိုင်လည်း ဘာဂါကောင်တာလေး လာ ပြန်ဖွင့်ထားပြီမို့ သူ မရှိဘူးဆိုရင် ဝင်ကူညီစီမံပေးလို့ရပါသည်။ ဆိုင်ကို သူ တစ်ပတ်လောက် လုံးဝ မလာနိုင်ဘူးဆိုရင်တောင် ဘာမှ အခက်အခဲဖြစ်စရာအကြောင်းမရှိပါ။

မိုးသက်လေက စိမ်းစိုထိုင်နေတဲ့ ရှေ့ကကောင်တာ ပေါ် လက်ပိုက်တင်ကာ စိမ်းစိုရဲ့နဖူးလေးကို လက်ညှိုးနှင့်ထောက် လိုက်ရင်း ...

"ကိုယ့်ကို ဘယ်လိုကြီးကြည့်နေတာလဲ စိမ်းစိုရဲ့"





"ကို"

"ဗျာ"

"ကို့ကို စိမ်းစို ပြောစရာတွေရှိတယ်"

"ပြော"

စိမ်းစိုသည် ရုတ်ချည်းပင် ရင်ထဲ လှိုက်လှဲဝမ်းနည်း တက်လာကာ နှုတ်ခမ်းကလေးတွေ တုန်လာပါသည်။

"ဟော ... ဘာတွေဝမ်းနည်းနေတာလဲ စိမ်းစိုရဲ့၊ ကိုယ် ခဏအိမ်ပြန်အိပ်မယ်ဆိုတာနဲ့ပဲ၊ ဒါဆိုလည်း မေမေ့ကိုပြော လိုက်မယ်၊ ပြန်မအိပ်ဘူးလို့၊ ညနေတိုင်းလာမယ်၊ ညမှ ပြန်မယ်၊ အိပ်တော့မအိပ်ဘူးလို့လေ"

"အဲလိုမလုပ်ပါနဲ့၊ အိပ်လိုက်ပါကို၊ ကို့အမေလည်း သားနဲ့ ခွဲနေရတာကြာပြီပဲ၊ ဒါကို ဝမ်းနည်းနေတာမဟုတ်ပါဘူး၊ အဲဒါကြောင့် မဟုတ်ပါဘူး"

"ဒါဖြင့် တခြားဘာရှိလို့လဲ ပြောလေ"

"ကို ... ကိုနဲ့ စိမ်းစို၊ ကိုနဲ့ စိမ်းစို ..."

"ကိုနဲ့စိမ်းစို ဘာဖြစ်လဲ"

"ကိုနဲ့ စိမ်းစိုနဲ့ ရှေ့ဆက်ဖို့မဖြစ်ဘူးထင်တယ် ကို"

မိုးသက်လေရဲ့အမေကို သတိတရထည့်စဉ်းစားလိုက် မိတဲ့အတွက် ရုတ်တရက် ပူပန်လောင်မြိုက်လာရတာ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အမေဟာ သူ့သားပျိုကို စိမ်းစိုလိုမိန်းကလေးတစ်ယောက်နှင့် သဘောတူနိုင်ပါ့မလဲ။ မသိရင်သာ မသိလို့ သဘောတူလိုက်မိတာမျိုးရှိရင်ရှိမည်။

မသိအောင် တစ်သက်လုံးဖုံးထားဖို့လည်း စိမ်းစိုစိတ်မသန့်ပါ။ ဘယ်နည်းနှင့်မှ ဖုံးထားဝံ့မှာမဟုတ်ပါ။ သူတို့ဘာသာ တခြားကအပြင်ကများ ပြန်သိကြ ကြားကြရမည်ဆိုလျှင် ပြဿနာပိုမိုကြီးထွားမှာပါ။

"ဘာတွေပြောနေတာလဲ စိမ်းစို"

"ကိုနဲ့ စိမ်းစို ရှေ့ဆက်ဖို့မဖြစ်နိုင်ဘူးလို့ စိမ်းစို ထင်နေတယ်"

မိုးသက်လေက စိမ်းစိုရဲ့ လက်နှစ်ဖက်ကို လှမ်းဆုပ်ကိုင်ထားလိုက်ကာ ပြန်လွှတ်မပေးဘဲ ...

"ဘာဖြစ်လို့ ထင်တာလဲ"

"ကို့မေမေကလည်း သဘောတူမယ်မထင်ဘူး"

"သဘောမတူရအောင် စိမ်းစိုက ဘာဖြစ်နေလို့လဲ၊ ကိုယ့်ခွန်ကိုယ်အားနဲ့ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်စွမ်းရှိတဲ့မိန်းမမျိုးကို မေမေက အရမ်းသဘောကျတာ၊ သိပ်လည်းအထင်ကြီးတာ။ စိမ်းစိုကို မေမေ သဘောကျမှာပါ"

"ဟင့်အင်း ... သဘောမကျနိုင်ဘူး"





"ဘာဖြစ်လို့လဲ စိမ်းစိုရယ်"

"ကို"

"ပြော ... ပြော"

"စိမ်းစိုမှာ အတိတ်မှာ ဒဏ်ရာဒဏ်ချက်တွေရှိခဲ့တယ်၊ ဒါတွေကို ကို့ကို ခေါင်းမညိတ်မီခကတည်းက ဖွင့်ပြောပြဖို့ ရည်ရွယ်ထားတာပါ၊ ဒါပေမဲ့ အဲဒီနေ့က ကိုယ့်စိတ်ကို မထိန်းလိုက်နိုင်ခင် ခေါင်းညိတ်လိုက်မိပြီး ချက်ချင်းပဲ ချစ်သူတွေဖြစ်သွားကြရတယ်၊ တကယ်တော့ ခေါင်းမညိတ်ခင်ကတည်းက ပြောသင့်တာ၊ စိမ်းစိုအကြောင်း စုံစုံစေ့စေ့သိထားရအောင်ပြောပြီးမှ ကို့အချစ်ကို လက်ခံခဲ့ရမှာ"

"ဘာတွေတွေးပူနေတာလဲ စိမ်းစိုရယ်၊ စိမ်းစိုမှာ အတိတ်ဇာတ်လမ်းကြောင်းတွေရှိမှန်း ကိုယ်သိပါတယ်။ ဒါ ဘာဆန်းလဲ၊ လူတွေမှာ မလှပတဲ့အတိတ်ဆိုတာ ရှိတတ်ကြတာပဲဟာ"

"ကို့မှာမရှိပါဘူး"

"ကို့မှာလည်းရှိတာပေါ့၊ အဖေတကွဲအမေတကွဲနဲ့ ကိုယ်ဟာ အမေတစ်ယောက်တည်းနဲ့ ကြီးပြင်းခဲ့ရတယ်ဆိုတာ စိမ်းစိုကိုပြောဖူးသားပဲ"

"ဒါက ကို့မိဘတွေရဲ့ဇာတ်ကြောင်းပါ၊ ကို့မှာ ဒီလိုအတိတ်မျိုးမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းကံကောင်းတဲ့သူလည်းမရှိဘူးပေါ့ စိမ်းစိုရယ်၊ ကံမကောင်းခဲ့တဲ့သူတွေမှာ အတိတ်ဆိုတာလည်း မလှပခဲ့ဘူး၊ ဒါဘာဖြစ်သလဲ၊ ကိုယ်က စိမ်းစိုကို အခုအနေအထားမှာတွေ့ပြီး အခုချစ်ခဲ့တာပဲ အတိတ်နဲ့မဆိုင်ဘူး"

"မဆိုင်ဘူးလို့ပြောလို့မရဘူး၊ စိမ်းစိုမှာ ဒီအတိတ်က အရင်ကလည်းရှိခဲ့ အခုလည်းရှိနေ၊ နောင်ကိုလည်းရှိဦးမှာ၊ ပျောက်ပျက်သွားမှာမှမဟုတ်တာ၊ တကယ်တော့ စိမ်းစို မပြောချင်ပါဘူး၊ ကို စိတ်ပျက်သွားမှာကို စိမ်းစို ကြောက်တယ်၊ ဒါပေမဲ့ ..."

"တော်တော့ စိမ်းစို၊ ကိုယ် စိတ်လည်းမပျက်ဘူး၊ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ စိမ်းစိုလည်း ဘာမှ ပြောမနေနဲ့၊ ပြောရတာ စိမ်းစို စိတ်ထိခိုက်တယ်မဟုတ်လား"

"ဒါပေမဲ့ ဒါတွေကို မပြောဘဲ ကို့အချစ်ကို မပိုင်ဆိုင်သင့်ဘူး"

"ကဲ ... ဒါဖြင့် ပြောမယ်၊ ကိုယ် အားလုံးသိတယ်၊ စိမ်းစို အတိတ်ကိုသိတယ်၊ အဲဒီအတိတ်ကို စိတ်မဝင်စားဘူး၊ ခွင့်လည်းလွှတ်တယ်၊ ရပြီလား"

"ကို မသိပါဘူး"

"ကိုယ်သိပါတယ်လို့ ပြောပြီးပြီပဲ စိမ်းစိုရယ်"





"ကို အားလုံးမသိနိုင်ပါဘူး"

"သိသိမသိသိ"

"ကိုသိနိုင်တာက နွေးနွေးကို စိမ်းစို ပြောပြထားသလောက် နွေးနွေးဆီက သိခွင့်ရမှာလေ၊ ဟုတ်တယ်မဟုတ်လား၊ စိမ်းစို အသက်ဆယ့်ကိုးနှစ်က စိမ်းစို အသိအလိမ္မာနည်းပြီး ချစ်ခဲ့မိတဲ့ချစ်သူဟာ အိမ်ထောင်ရှိတဲ့လူတစ်ယောက်ဖြစ်နေခဲ့တယ်ဆိုတဲ့ ..."

မိုးသက်လေက စိမ်းစိုရဲ့နှုတ်ခမ်းလေးကို လက်ညှိုးလေးနှင့်ထောက်၍ ပိတ်လိုက်ပါသည်။

"တော်ပါတော့ စိမ်းစို၊ ကိုယ် သိပြီးသားပါ၊ ထပ်မပြောပါနဲ့တော့၊ ကိုယ် ထပ်မကြားချင်ဘူး၊ ဒါတွေ ကိုယ် ခွင့်လွှတ်ပြီးသား၊ ဒီအတွက် ကိုယ် ဘာမှ မဖြစ်ဘူး၊ အချစ်လည်း မလျော့သွားဘူး"

စိမ်းစိုရဲ့ မျက်ဝန်းမှာ မျက်ရည်ရစ်ဝိုင်းလာရင်း ခေါင်းလေးယမ်းမိကာ ...

"အဲဒါလေးတင်မကဘူး ကို"

"စိမ်းစို ကိုယ် အားလုံးသိတယ်ပြောပြီးပြီပဲ၊ ကုန်ကုန်ပြောမယ်နော်၊ ကိုယ့်ကို သေချာကြည့်၊ စိမ်းစိုမှာ ဟိုးအရင်က အိမ်ထောင်ရှိခဲ့ပြီး ကလေးနှစ်ယောက်လောက်ရှိခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင် အခု ခေါ်မွေးစားလိုက်မယ်၊ ကိုယ်ခွင့်လွှတ်တယ်၊ ရပြီလား"

စိမ်းစိုက မိုးသက်လေကို မျက်တောင်မခတ်ငေးစိုက်ကြည့်ရင်း သက်ပြင်းလေးသာ နက်နက်ချလိုက်မိပါသည်။

✦ ♡ ✦



## ၁၂

ဦးဖေဆန်းနှင့် မမကြည်တို့ရဲ့ ဆွမ်းကျွေးမင်္ဂလာကို ဦးဖေဆန်းရဲ့အိမ်မှာပင် ပြုလုပ်ပါသည်။ ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းကပ်ကာ ဧည့်သည်ကိုတော့ ခပ်နည်းနည်းသာ အကျဉ်းရုံးဖိတ်သည်။ ခပ်နည်းနည်းဆိုပေမယ့် လမ်းထဲကလူတွေနဲ့တင် သိပ်တော့မနည်းပါ။

ဦးဖေဆန်းက မိုးသက်လေရဲ့အမေ ဒေါ်မိုးခင်ခင်နှင့် ခင်မင်သည်မို့ ဒေါ်မိုးခင်ခင်ကိုပါ ဖိတ်လိုက်ပါသည်။'

"ဟဲ့ ... ဟိုကောင်မလေး စိမ်းစို၊ ဟိုဘက်ဝိုင်းမှာ ဟင်းရည်လိုက်ပွဲချဦးလေ၊ သေသေချာချာလည်းမကြည့်ပါလား၊ ဟင်းနော်"

ဒေါ်လူတွေကြားရင်တော့ ခဲအိုတစ်ဝမ်းကွဲဟာ ခမျှ မတစ်ဝမ်းကွဲကို ဟိန်းလားဟောက်လားလို့ထင်စရာဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိတဲ့ မိုးသက်လေတို့ မမကြည်တို့ ပြုံးစိပြုံးစိ ဖြစ်နေကြရပြီး စိမ်းစိုကတော့ အခံရခက်ခက်နှင့် ဦးဖေဆန်းကို မျက်စောင်းကြီးပဲ မသိမသာလိုမ့်ထိုးရသည်။

အဲဒီဦးဖေဆန်း ညွှန်ပြတဲ့စားပွဲမှာ မိုးသက်လေရဲ့ အမေ ဒေါ်မိုးခင်ခင် ရှိနေတာပါ။ ဒေါ်မိုးခင်ခင်ကတော့ လူကြီးမို့ ဦးဖေဆန်းရဲ့ တမင်တကာ အချွန်နဲ့မ,မှုကို သိမှာမဟုတ်လေရာ စိမ်းစိုက ဘာမှ မဖြစ်သလို ဟင်းရည်ချိုင့်လေးကိုင်ကာ ဟန်မပျက် ဟင်းရည်ပွဲဖြည့်ရပါသည်။

"ရပြီ သမီး၊ တော်ပါပြီ၊ အန့်တီ ဗိုက်ဝနေပါပြီ"

"ထည့်ဦးလေ မမိုး၊ မိုးလေး မင်းအမေ ထည့်ပေးပါကွ"

"တော်ပါပြီ ကိုဖေဆန်းရယ်၊ တကယ်ဝလို့ပါ"

"အုန်းနို့မဟုတ်ဘူးနော် မမိုးရဲ့၊ နွားနို့နဲ့ချက်တဲ့ နွားနို့ခေါက်ဆွဲပါ၊ သွေးမတက်ဘူး၊ ဒီကောင်မလေးချက်တာလေ၊ ခင်ကြည်ကြည့်ညီမလေ မမိုး၊ အချက်အပြုတ် မုန့်လုပ်တာတွေမှာ စပါယ်ရှယ်လစ်စ်ပဲ"

"ဟုတ်တယ်၊ အရမ်းစားလို့ကောင်းတယ်၊ သူ့ကိုသိပါတယ် ကိုဖေဆန်းရဲ့၊ စိမ်းစိုကို သားက မိတ်ဆက်ပေးဖူးသားပဲ၊ သမီးရဲ့ဘာဂါလည်း စားဖူးတာပဲ၊ ဟော့ဒေါ့လ်လည်းစားဖူးတာပဲ၊ မိုးသက် ယူလာကျွေးတယ်လေ၊ သမီးက တကယ် လက်ရာမြောက်တာ သိပြီးသားပါ"





"ကျေးဇူးတင်ပါတယ် အန်တီ"

ဒေါင်းတိမောင်းတိနှင့် ဘယ်သူ့ကိုမှ အရေးမလုပ် ဂရုမစိုက်လှတဲ့စတိုင်ဖမ်းထားတတ်ခဲ့တဲ့ စိမ်းစိုဟာ မိုးသက်လေ အမေထံမှာတော့ ယဉ်ကျေးသိမ်မွေ့နေပါသည်။ ကိုဟာ သူ့အမေကို အသိပေးထားပြီးပြီလား ဆိုတာလည်း မသေချာ၍ မျက်နှာကိုလည်း ရဲရဲမကြည့်ဝံ့။ ငုံ့လျှိုးလျှိုး ရိုကျိုးကျိုးကလေးနှင့်ပင် အပိုးကျိုးကျိုး ရှိနေရာ ဦးဖေဆန်းကတော့ အထူးသဘောတွေကျနေပါသည်။

"ကိုဖေဆန်း ဇနီးနဲ့က ဘယ်လိုတော်တာလဲ"

"ညီအစ်မဝမ်းကွဲပါ အန်တီ"

"ဩော် ... အမျိုးရင်းပဲကိုး၊ ဆိုင်ရော ရောင်းကောင်းတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ"

မိုးသက်လေအမေက သူ့ကားသူမောင်းလာတာဖြစ်၍ ပြန်တော့လည်း မိုးသက်လေ ပို့မပေးရ။ သူ့ဟာသူပဲ ပြန်သွားပါသည်။

"အမယ်လေး ... ဒေါ်စိမ်းစိုတို့များ ယုံတောင်မယုံဘူး၊ ယဉ်ကျေးသိမ်မွေ့ချက်ကတော့ ဟုတ်ပါ့ အန်တီ၊ မှန်ပါ့ အန်တီနဲ့ နားထောင်လို့များတောင်ကောင်းနေချည်သေးတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖေဆန်းနော်"

"ဟော ... လေက ရုတ်တရက်ပြောင်းသွားပြီ။ စောစောတုန်းကတော့မျက်နှာကလေးကလည်း ရှုံ့မဲ့လို့၊ ရဲရဲတောင်မမော့ဝံ့ရှာဘူး ... ဟွန်း"

"ဒါတော့တူမလား အစ်ကိုကြီးရဲ့"

မိုးသက်လေ ဝင်ပြောပါသည်။

"ဒီမှာစိမ်းစို မမိုးက အင်မတန်စကားနည်းတာ၊ စကားကိုလိုအပ်တာထက်အပိုတွေ ဘာမှပြောတာမဟုတ်ဘူး၊ အခုနင့်ကို ဟိုမေးဒီမေးနဲ့ လက်ရာကောင်းတာတွေ ဘာတွေပါချီးမွမ်းသွားသေးတယ်၊ အဲဒါ နင့်ကို ရင်းနှီးခင်မင်ပါတယ်၊ သဘောကျပါတယ်ဆိုတာလုပ်ပြသွားတာ၊ ဝမ်းသာပေတော့"

စိမ်းစိုက မိုးသက်လေဘက်လှည့်ကာ ခပ်တိုးတိုးနှင့် ...

"ကို့မေမေကို ပြောပြလိုက်လား"

"အင်း"

"ဘယ်လိုပြောတာလဲ"

"စိမ်းစိုနဲ့ ချစ်နေကြပြီလို့ပေါ့၊ လက်ထပ်ဖို့ရည်ရွယ်ထားလားလို့ မေမေက မေးလို့ ရည်ရွယ်ထားတယ်လို့လည်း ဖြေလိုက်တာပေါ့"





စိမ်းစိုက ဝမ်းသာသင့်သလောက် ဝမ်းမသာနိုင်ပါ။ မျက်လွှာလေးချကာ တွေငေးငေးနှင့် ...

"စိမ်းစိုရဲ့အကြောင်းတွေ ပြောမပြဘူးလားဟင်"

"ဘာတွေပြောရမှာလဲ စိမ်းစိုကလဲ၊ အတိတ်ကအတိတ်ပေါ့၊ ပစ္စုပ္ပန်ကပစ္စုပ္ပန်ပဲလေ၊ အခုကက စိမ်းစို အပျိုလူလွတ်၊ ကိုယ်လည်း လူပျိုလူလွတ်၊ ဒါက အရေးအကြီးဆုံးပဲ"

'အပျိုလူလွတ်' ဆိုတဲ့စကားက ရင်ဝကို ဓားထက်ကျည်ပွေ့လို ခပ်တုံးတုံးလက်နက်နှင့် ထိုးဆောင့်သလို အင့်ခနဲအောင့်စေသည်။ အဲသလိုသတ်မှတ်လို့ရရဲ့လား။ တစ်ကြိမ်တစ်ခါစွန်းပေခဲ့သော အစွန်းအထင်းသည် လူတစ်ယောက်ကို ဘဝတစ်သက်တာတောက်လျှောက် ခြောက်လှန့်မဆုံးရှိတော့မည်ပါတကား။

အခု မိုးသက်လေအမေက စိမ်းစိုကို ဖော်ဖော်ရွေရွေစကားပြောဆိုသွားပြီး ကွန့်ကွက်စရာရှိတဲ့ပုံ ပြမသွားတဲ့အတွက် စိမ်းစိုက ဝမ်းမသာနိုင်ပါ။ ဘာမှမသိလို့ မကန့်ကွက်တာဖြစ်နိုင်တာပဲ။ သိများသိရင် သဘောတူချင်မှတူမှာပေါ့။

မသိအောင်ဖုံးထားဖို့၊ မြှုပ်ထားဖို့၊ လျှို့ဝှက်ထားဖို့ကို သိအောင်ပြောပြလို့ သဘောမတူမှာထက် စိမ်းစိုက ပိုကြောက်ပါသည်။ ဦးမှန်တိုင်းဆိုတဲ့လူ ဘဝမှန်ကို ဖုံးဖိကွယ်ဝှက်ထားပြီး စိမ်းစိုအချစ်ကို ရယူခဲ့တာအတွက် ဘယ်လောက် သူ့ကို နာကြည်းစက်ဆုပ်ခဲ့ရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါမှာ စိမ်းစိုက ဦးမှန်တိုင်းရဲ့နေရာ မိုးသက်လေက စိမ်းစိုရဲ့နေရာမှာဆိုတာမျိုး မကြုံပါရစေနှင့်။ ချစ်သူရဲ့အမေနှုတ်ဖျားမှ 'ငါ့ရဲ့သားပျို နုနုထွတ်ထွတ်ကို ဒီလို မိန်းမက ...' ဆိုပြီး နာကြည်းရေရွတ်မည့်စကားမျိုးကို မကြားနာပါ ရစေနှင့်။

"အမယ်လေးနော်၊ လုပ်ရက်လိုက်တာနော်၊ ငါ့သမီးလေး နုနုထွတ်ထွတ် နို့နံ့တောင်မစင်သေးတဲ့ အပြစ်ကင်းတဲ့ ကလေးမလေးကိုတော်၊ စော်ကားရက်လိုက်တာ၊ ပန်းကောင်း အညွှန့်ချိုးရက်လိုက်တာ၊ ရက်စက်ပါပေရဲ့၊ ယုတ်မာပါပေ ရဲ့၊ ဘာအပြုံးနဲ့များ ငါ့သမီးလေးရဲ့ဘဝသန့်သန့်စင်စင်က လေးကို မွှေနှောင့်ဖျက်ဆီးရက်တာလဲဟဲ့၊ ငါတို့အိမ်ဦးခန်း က သောက်ရေအိုးလေးကို ခြေနှစ်ဆေးရက်တယ်ဟဲ့၊ ဖြစ် မှဖြစ်ရလေ ငါ့သမီးရဲ့"

စိမ်းစိုရဲ့အဖြစ်ဆုံကို အလုံးစုံသိရအပြီးနောက်မှာ အမေ ရင်ကိုထုထုပြီး အော်ဟစ်ငိုကြွေးခဲ့တဲ့အသံကို ခုထိမှ မမေ့နိုင်သေးဘဲ။ တကယ့်ကို အိမ်ဦးခန်းက သောက်ရေအိုးကိုမှ ခြေနှစ်ဆေးရက် တာခံရသလို ဆတ်ဆတ်ခါနာကြည်းခံစားခဲ့ကြရတဲ့ အဖေနဲ့အမေ ရဲ့ ရင်ထုမနာမှုမျိုး မိုးသက်လေရဲ့အမေကို မခံစားရစေချင်။

အဖေဟာ ရင်ထုမနာနှင့် မချိမဆန့်ခံစားရကာ အိပ်ရာထဲ လဲသွားခဲ့တာပင်။ စိတ်ဆင်းရဲရလွန်းခြင်းကြောင့်ဖြစ်တဲ့





ဝေဒနာကို ဘယ်ဆေးမှမကုမကယ်နိုင် သက်သာရာမရစေနိုင်ခဲ့။ ယောက်ျားကြီးတန်မဲ့ အဖေ ကျိတ်ကျိတ်ငိုခဲ့တာတွေ စိမ်းစို သိ သည်။

အမေက မိန်းမပို့ ရင်ကိုထုပြီး အော်ဟစ်ငိုဖို့ မရှက်ပေမယ့် အဖေကတော့ ယောက်ျားပို့ မိန်းမနှင့်သမီးကွယ်ရာ မှာသာ ကျိတ်ပူဆွေးနေခဲ့သည်။ ရင်ဖွင့်ရ၊ ကျိန်ဆဲရ၊ အော်ငိုခွင့် ရတဲ့အမေက အတိုင်းအတာတစ်ခု ရင်ပေါ့နိုင်မည်ဖြစ်ပေမယ့် ကြိတ်မှိတ်မျိုသိပ်နာကျင်ပူဆွေးပြီး ယူကျုံးမရဖြစ်နေခဲ့တဲ့ အဖေဟာ အပြင်ကိုလည်း ပေါက်ကွဲဖွင့်ထွက်ခွင့်မရ။ အတွင်းသာ တရိရိလှိုက် စားခံရပြီး တစိမ့်စိမ့် ရင်ကွဲနာကျ သေရတာမျိုးတည်း။

"မိုးမိုး"

" ...... "

"ဟဲ့ မိုးမိုး၊ နင် သန်းခေါင်ကျော်ထပြီး ဟင်းရည်ချက်ထား ရတာ၊ ငိုက်နေရောပေါ့၊ ဟိုဘက်အိမ် သွားပြန်နားလိုက် တော့၊ အိပ်လိုက်ဦးလေ"

"ရပါတယ် မငိုက်ပါဘူး"

ကိုယ့်အတွေးနှင့် ငိုင်ပြီးငြိမ်နေတာသာ။ ငိုက်တာ မဟုတ်ပါ။

"ခဏတော့ သွားနားလိုက်ဦးလေ"

ဒီနေ့ စိမ်းစိုရဲ့ဆိုင်ကို ပိတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် စိမ်းစို၊ အခုသွားနားလိုက်ပြီး ခဏအိပ်လိုက်ပြီးရင် အိပ်ရာထ,ရေမိုးချိုး၊ စိမ်းစိုကို ဒီနေ့ မေမေနဲ့လည်း တွေ့ပေးလိုက်ပြီးပြီ၊ တစ်ရက်တည်း တစ်ပြိုင်နက်တည်း ကိုယ့်အဖေနဲ့ပါတွေ့ပေးလိုက်ချင်တယ်၊ အဖေက ဆေးရုံမှာပဲရှိသေးတော့ ဆေးရုံကို ကိုယ်တို့နှစ်ယောက် အတူတူသွားကြည့်ကြရအောင်နော်"

စိမ်းစိုက မိုးသက်လေကို ငေးကြည့်နေမိပါသည်။

"အဖေ့ကိုတော့ ဟိုအရင်ကတည်းကပြောပြပြီးသား၊ စိမ်းစိုနဲ့ချစ်သူတွေမဖြစ်ခင်ကတည်းက၊ ဘယ်သူ့ကိုပဲချေးမအဖြစ်ခေါ်ခဲ့ခေါ်ခဲ့ ကိုယ့်ချစ်သူကို အဖေက လက်ခံသဘောတူမှာပဲတဲ့၊ ကြိုပြောပြီးသား"

ချစ်သူကို အမေ့ထံရော အဖေ့ထံရော တစ်နေ့တည်း ပွဲထုတ်ချင်တဲ့ မိုးသက်လေကို စိမ်းစိုက ခေါင်းလေးအသာညိတ်ပြသည်။ ချစ်သူကို မျက်နှာမရစေတဲ့ မိန်းကလေးမျိုးဖြစ်ခဲ့တဲ့အတွက် ခွင့်လွှတ်ပါ ကိုရယ်။

✧ ♡ ✧





ဆေးရုံခန်းထဲဝင်လိုက်လျှင် အဲကွန်းကအေးစိမ့်နေပြီး တစ်ခန်းလုံးက ကျယ်ဝန်းသန့်ပြန့်မွှေးပျံ့နေတာမို့ စိမ်းစို ခြေလှမ်းကလေးတုံ့သွားရပါသည်။ ဆေးရုံက လူနာခန်းဆိုပေမယ့် ဟိုတယ်ခန်းတစ်ခုလို့ထင်ရလောက်အောင် ထိုင်စရာ ဧည့်ခံဆိုဖာဆက်တီတွေကအစ ခမ်းနားလှတဲ့ အခန်းတွင်းမြင်ကွင်းကို စိမ်းစို ရင်သပ်ရှုမောဖြစ်နေပါရသည်။

ခုချိန်ထိ ဒီလို အဆင့်အတန်းမျိုးနှင့် လူနာခန်းကို တစ်ခါမှ မရောက်ဖူးပါ။ ဒီလိုဆေးရုံဆန်ဆန် ခုလောက်မခမ်းနားလွန်းသော်လည်း သူ့ဟာနှင့်သူတော့ ကြီးကျယ်ခမ်းနားတဲ့ ဆေးရုံတစ်ခုတော့ ဟိုတလောက ဗိုက်နာစဉ်က အိုရှိနှင့်ပြဖို့ မိုးသက်လေ ရက်ချိန်းယူလိုက်စဉ်က ရွေးချယ်တဲ့အတွက် ရောက်ဖူးခဲ့ပါသည်။ ရောက်ဖူးတာကလည်း အောက်ထပ်က ပြင်ပလူနာပြသတဲ့စမ်းသပ်ခန်းတွေကိုပါ။

ခုလို ဆယ်ထပ်အမြင့်မှာ ဒီလောက်ခမ်းနားတဲ့လူနာခန်းရှိနေမည်ကိုမသိပါ။ အခန်းကြီးကို မှင်သက်မိသွားရပြီးမှ အခန်းရဲ့ထောင့်တစ်နေရာက လူနာခုတင်ကို ဂရုပြုမိပါသည်။ ခုတင်မှာ ခပ်မှိုမှိုနေတဲ့ အပြာဖျော့ရောင်လူနာဝတ်စုံနှင့် အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကတစ်ဦး။ ခုတင်နံဘေးက ဆိုဖာစိမ်းပြာရောင်ဖျော့ဖျော့လေးမှာ ထိုင်နေတဲ့ အဆင့်အတန်းမြင့်မြင့် ခပ်ခန့်ခန့်အမျိုးသမီးကြီးကတစ်ဦး။

တံ့ရပ်နေတဲ့ စိမ်းစိုရဲ့လက်ကို မိုးသက်လေက ဆွဲကိုင်ကာ ရှေ့ဆက်ဝင်လိုက်ပါသည်။ အခန်းထဲ ရောက်တဲ့နေရာလွတ်ကလေးမှာ ကိုယ်အပြင်ကစီးလာတဲ့ဖိနပ်ကိုချွတ်၊ အတွင်းစီးဖို့အသင့်ထားပေးတဲ့ ဖော့ဖိနပ်များကို လဲစီးရသည်။

"လာ ... လာ"

ခုတင်ပေါ်က အမျိုးသားကြီးမျက်နှာက စိမ်းစိုတို့နှစ်ယောက်ကို အကဲခတ်ကာ ပြုံးရွှင်သွား၍ စိမ်းစိုစိတ်အေးသွားရပါသည်။ မိုးသက်လေနဲ့တောင် စိမ်းသက်သက်ရှိတဲ့သူ့အဖေကိုကိုယ်က ဘယ်လိုဆက်ဆံရပါ့မလဲလို့ ရင်တဒိတ်ဒိတ်ခုန်နေခဲ့ရတာ။

ခုတင်ခေါင်းရင်းနှင့်ယှဉ်လျက် တစ်ယောက်ထိုင်ဆိုဖာမှာ အမျိုးသမီးကြီးက ထိုင်နေတာမို့ ခုတင်နှင့်အလျားလိုက်ယှဉ်ထားသော နှစ်ယောက်ထိုင်ဆိုဖာဆက်တီဆီကို မိုးသက်လေက ဦးတည်လိုက်ပါသည်။

"လာ ... သမီးပါ ခေါ်လာတယ်ဟုတ်လား၊ ကောင်းတယ်ဟေ့၊ မင်း ဘယ်တော့ခေါ်လာမိတ်ဆက်ပေးမလဲ စောင့်နေရတာ"





"အဖေ ဒါက စိမ်းစိုပါ။ လက်ထပ်မယ့်မိန်းကလေးပါ၊ စိမ်းစို ဒါ ကိုယ့်အဖေ ဦးမိုးမြင့်၊ ဒါကတော့ အဖေ့ဇနီး ဒေါ်မော်လီတဲ့"

"ဟုတ်ကဲ့"

ဖွယ်ဖွယ်ရာရာမပြောနိုင်ပဲ ခေါင်းကလေးသာညွတ်၍ မိတ်ဆက်ရသည်။ ဒေါ်မော်လီဆိုသည့်အမျိုးသမီးကြီးကလည်း အေးအေးဆေးဆေးပဲပြုံး၍ ခေါင်းညိတ်ပြပါသည်။ အထက်စီးဟန် ပန်ဂိုက်ဆိုက်ကတော့ သူ့ဂုဏ်ဒြပ်အနေအထားများအရ ချိုးနှိမ်လို့ ရပုံမပေါ်သော်လည်း ခက်ထန်မောက်မာမှုတော့ မတွေ့ရပါ။

"ထိုင်ကြ၊ ထိုင် သမီး၊ ရဲရဲတင်းတင်းနေ၊ မင်းက မိုးသက်လေရဲ့ချစ်သူဖြစ်ပြီဆိုတော့ အန်ကယ့်ချွေးမလောင်း၊ လက်ထပ်ပြီဆိုရင် သမီးပဲပေါ့၊ သားချည်းပဲနှစ်ယောက်ဆိုတော့ သမီးဆိုတာကို သူတို့လက်ထပ်ခေါ်ယူလာမှပဲ ကိုယ်က ရမှာ"

"ဟုတ်ကဲ့ပါ"

"မိုးသက်လေနဲ့ကိုက ခပ်စိမ်းစိမ်း ကြီးပြင်းခဲ့ရတယ်လေ၊ ဒါတွေ သမီးလည်းသိပြီးရောပေါ့၊ ဘဝပေးကုသိုလ်ကံတွေပေါ့၊ ဒီအသက်အရွယ်ရောက်လာတော့ သားသမီးမြေးမြစ်တွေနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်တယ်၊ အလုပ်လည်း မယ်မယ်ရရမလုပ်ချင်တော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးလည်းဖောက်လာပြီ၊ နားချင်ပြီ၊ နားတဲ့အချိန်မှာ စိတ်ကို ပေါ့ပေါ့ပါးပါးချမ်းချမ်းသာသာပဲထားချင်တယ်၊ သားသမီးမြေးမြစ်တွေအနားမှာ ရှိစေချင်တယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် သမီးတို့စုံတွဲဆီကလာမယ့်မြေးကို မျှော်ရမှာ၊ သားကြီးစုံတွဲက သားသမီးမထွန်းကားသေးဘူး၊ အိမ်ထောင်သက်က ရှစ်နှစ်လောက်ရှိပြီး ချွေးမကလည်း သားကြီးနဲ့ရွယ်တူ၊ အသက်က သုံးဆယ့်ခုနစ် ရှစ်ဖြစ်နေပြီဆိုတော့ ရကောရဦးမှာလားလဲ မသိဘူး”

ဒေါ်မော်လီက ပိတ်ဖောက်ဇာရင်ဖုံးအင်္ကျီအဖြူရောင်လက်တိုတိုကလေးနှင့် မိုးပြာပေါ်အောက်နားအဖြူပွင့်လိုင်းပါတဲ့ မြန်မာချည်ထိုးလေးဝတ်ထားပြီး မွေးညင်းလေးတွေရှိန်းထနေတဲ့ လက်ကောက်ဝတ်ဖြူဝင်းဝင်းလေးမှာ သားရေကြိုးနက်သေးသေးနှင့် နာရီပေါက်စလေးတစ်လုံး ပတ်ထားတာကလွဲပြီး ဘာအဆင်အယင်မှမပါ ရိုးရှင်းနေသည့်ကြားက ဝင်းဝင်းတောက်တောက် လှပသူကလေးကိုကြည့်ရင်း ...

“သမီးလေးက လှလိုက်တာ၊ သားမိုးသက်က ရွေးတတ်တယ်”

“ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မတို့က ရှန်းကန်ရတဲ့ လူတန်းစားပါ၊ အန်တီတို့လှတာကို မမီနိုင်ပါဘူးရှင်”





ဒေါ်မော်လီက စိမ်းစိုရဲ့ မရဲမဝံ့ပြောပုံကို ပြုံးနေမိပါသည်။

ဂုဏ်ရည်တူရုံမက ကိုယ့်ထက်တောင်ဂုဏ်ရည်မြင့်မားတယ်ဆိုနိုင်တဲ့ သူဌေးကြီးရဲ့သမီးကလေးကို၊ မရမက တောင်းရမ်းပြီး သားကြီးနှင့်ပေးစားခဲ့ပါရဲ့။ သားကြီးကလည်း နှစ်နှစ်ကာကာ မချစ်ခဲ့တော့ သူတို့အိမ်ထောင်ရေးဟာ ဘာသိဘာသာအိမ်ထောင်ရေးဆန်ကာ ချွေးမဘက်ကလည်း တဖြည်းဖြည်း အေးစက်လာသည်။

ဘယ်သူ့ကိုမှ အပြစ်တင်လို့မရ။ တင်ချင်းတင် ဇွတ်စပ်ဟပ်တဲ့ နှစ်ဖက်မိဘကိုသာ (နှစ်ဖက်မှာမှ ကိုယ်တွေဘက်က ပိုပြီး လိုလိုလားလားတောင်းခဲ့ရတာမို့ အပြစ်ပိုကြီးတယ်ဆိုနိုင်သေးရဲ့) အပြစ်တင်ရမှာ။ ရွှေလင်ဗန်းနဲ့အချင်းဆေးခဲ့တဲ့ ချွေးမက မာန်မာနဘယ်လိုမှ မကင်းနိုင်တာကိုလည်း အပြစ်ဆိုစရာမရှိပါ။

တဖြည်းဖြည်းနဲ့ ချွေးမဟာ သူ့အပေါ်အေးစက်တဲ့သားအပေါ် တန်ပြန်အေးစက်ရာမှ ယောက္ခမတွေအပေါ်လည်း အေးတိအေးစက်ဖြစ်လာတော့တာပင်။ သူ့ယောကျ်ားနဲ့ စကားအပြောအဆို အခန့်မသင့်ဖြစ်ထားတဲ့ သူ စိတ်မကြည်သာတဲ့ အခါတွေမှာ ဒေါ်မော်လီက တစ်စုံတစ်ရာ လှမ်းပြောလိုက်လျှင်ပင် တုံ့ပြန်ချင်မှတုံ့ပြန်တာမျိုးရှိလာသည်။ ပမာမခန့်မှုတွေ တစ်စစ ပိုများလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း စကားပြောတဲ့လေက ယောကျ်ားကို ဆက်ဆံပြောဆိုရမယ့်လေမဟုတ်။ မသိချင်ယောင်ဆောင်နေလိုက်ရတာတွေရှိသည်။ တစ်ခါတစ်ရံတော့လည်း ကိုယ့်ထက်အခြေမြင့်တဲ့ချွေးမနဲ့ ပေးစားခဲ့မိတာမှားလေခြင်းလို့ နောင်တရချင်သည်။ ဘွဲ့ခတ်လို့များရရင် ဘွဲ့ခတ်ပြီး ကိုယ့်အပြောအဆိုခံ ရိုရိုသေသေ လိမ်လိမ်မာမာချွေးမမျိုးလေး ရလိုက်ချင်သေးရဲ့လို့ ပေါက်တီးပေါက်ရှာတွေ တွေးမိတတ်သေးသည်။

"သမီးပြောသလိုဆိုရင် ရန်းကန်ရတဲ့ကြားကကိုပဲ ပင်ကိုလှလွန်းအားကြီးလို့ သမီးအလှကပေါ်လွင်နေတာပေါ့ကွယ့်"

"မလှပါဘူး အန်တီရယ်"

စိမ်းစို ရှက်နေပုံလေးကို ဒေါ်မော်လီက သဘောတွေကျနေပါသည်။

"သား စဉ်းစားပြီးပြီလား"

"ဗျာ ... ဘာလဲ အမေ"

"အမေပြောတဲ့အလုပ်ကိစ္စလေ"

"......"

"လုပ်ငန်းတချို့ကို မင်းခွဲဝေယူပြီး စီမံအုပ်ချုပ်သွားဖို့ ဆက်လုပ်သွားဖို့ ..."

မိုးသက်လေက ဒေါ်မော်လီလည်းရှိနေ၍ ရှင်းရှင်းလည်းသိစေလိုကာ ...





"ရှင်းရှင်းနဲ့ပွင့်ပွင့်လင်းလင်းပြောရင် အဖေ့ဆီက ဘာမှ မဆက်ခံချင်ပါဘူး အမေ၊ အဖေနဲ့ ခုနောက်ပိုင်း ကျွန်တော် ဝင်ထွက်ဆက်ဆံပြောဖြစ်တာ အဖေလည်းအသက်အရွယ်ရလာတော့ စိတ်ချမ်းချမ်းသာသာရှိစေချင်တဲ့သဘောပါ၊ ကျွန်တော့် အဖေ့ဆီက ဘာမှ ယူဖို့မရှိဘူး၊ အဲဒီအခွင့်အရေးရှိတယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် မခံယူထားဘူး"

"မင်း ဘယ်လိုပဲခံယူ ခံယူ အဖေ့မှာက ဒီသားနှစ်ယောက်ပဲ ရှိတာလေ"

ဒေါ်မော်လီက မိုးသက်လေကို ကြည့်ရင်း ...

"သားတစ်ယောက်အဖြစ် မင်း လက်သင့်ခံသင့်ပါတယ် မောင်မိုးသက်၊ ဒီအမွေအနှစ်ဆိုတာမျိုးက စံစားသင့်တဲ့သူစံစားရတာပါ၊ ခုဆိုရင် အန်တီ့သားကြီးက နိုင်ငံခြားတောင်ထွက်သွားဖြစ်မလားပဲ၊ သူက သိပ်စိတ်မပါပေမယ့် သူတို့အိမ်ထောင်ရေး သာယာဖို့ ရှေ့ရှုပြီး အန်တီက တိုက်တွန်းနေရတယ်၊ ဟိုဘက်မှာလည်း ချွေးမကြီးဘက်က မိဘလုပ်ငန်းတွေက လုပ်ဖို့အသင့်စောင့်ဆိုင်းနေတာ၊ မင်းအဖေအနေနဲ့လည်း သူ ပျိုးထောင်အောင်မြင်ခဲ့တဲ့ ဒီအလုပ်တွေကို ရပ်ပစ်ရ လက်လွှဲရောင်းပစ်ရ ဘယ်နည်းနဲ့မှ မလုပ်ချင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ဘက် ကြည့်တော့လည်း အန်တီက တစ်ဦးတည်းသောသမီး၊ နည်းနည်းပါးပါး လွဲအပ် အကူအညီတောင်းဖို့တောင် လူမရှိပါဘူး၊ မင်းအစ်ကိုတောင်မှ သူတစ်ယောက်တည်း ဒါတွေ အခုလို မနိုင်မနင်း ဖြစ်နေတာ၊ မင်းအဖေက လောလောဆယ် လုံးဝဥသုံ နားနေရတာလေ၊ ဘာမှမလုပ်နိုင်တာ၊ ဆရာဝန်က ခွင့်မပြုတာ၊ လနဲ့တောင် ချီလာပြီ ၊ သားငယ်တစ်ယောက် အနေနဲ့ သား တချို့တစ်ဝက်ကို ဆက်ခံပါ၊ အုပ်ချုပ်ပါ၊ ဆက်လုပ်ပေးပါလို့ အန်တီလည်း မောင်းဆိုချင်တယ်"

မိုးသက်လေက ငြိမ်သက်နှုတ်ဆိတ်နေပါသည်။ ဒီအမျိုးသမီးကြီးဟာ သူ့အဆင့်အတန်းနဲ့ညီတဲ့ စိတ်ထားရှိပါသည်။ လူကြီးနှစ်ဦးက ဝိုင်းပြီး ညုပ်ပူးညုပ်ပိတ် တောင်းဆိုနေတာကို တခြားအကြောင်းပြချက် မရှိဘဲ မမက်မောဘူးဆိုတဲ့ မာနစိတ်အရင်းခံလေးတစ်ခုနှင့် တွင်တွင်ငြင်းနေရတာကို မိုးသက်လေလည်း စိတ်ရှုပ်အားနာပါသည်။

"သားရဲ့ဆိုင် ဆိုတာလည်း မျက်နှာလွှဲဖို့ မခက်ဘူးထင်ပါတယ်"

"ဆိုင်ကြောင့် မဟုတ်ပါဘူး၊ ဆိုင်က တစ်ယောက်ယောက်ကို ကြည့်လုပ်ခိုင်းလို့ ရပါတယ်၊ မျက်နှာလွှဲလို့ ရပါတယ်"





"ဒါဖြင့်ရင်တော့ မင်းအဖေ စိတ်ချမ်းသာအောင် ကူညီပေးလိုက်ပါ သားရယ်"

"ဟုတ် ... ကျွန်တော် စဉ်းစားလိုက်ပါဦးမယ်"

"မြန်မြန်စဉ်းစားကွာ၊ နောက်ပြီး မင်းမင်္ဂလာပွဲလည်း မြန်မြန်စီစဉ်လို့ မရဘူးလား"

မိုးသက်လေက စိမ်းစိုကို အပြုံးနှင့် ငဲ့ကြည့်လိုက်ပါသည်။

"သူ့ကို မေးရမှာလား၊ ဟင် ... သမီး၊ ညည်းတို့နှစ်ယောက် မြန်မြန်ယူလိုက်လို့ မရဘူးလား၊ အခုကစစီစဉ်တောင် နှစ်လလောက်တော့ အနည်းဆုံးသွားမှာ မဟုတ်လား၊ သမီးအသက်က ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ခြောက်ပြည့်ခါနီးပါပြီ"

"ဟား ... အသက်အရွယ်က အနေတော် အသင့်တော်ဆုံး အချိန်ပဲ"

စိမ်းစိုက ရှက်ပြုံးလေးနှင့် ခေါင်းငုံ့ချလိုက်ပါသည်။

"သမီးမိဘများဘက်ကကော သဘောထား ဘယ်လိုရှိလဲ"

"အဖေက မရှိတော့ပါဘူး၊ အမေကတော့ တရားရိပ်သာမှာပဲ ယောဂီဝတ်နေပါတော့တယ်"

"ဒါဖြင့် သမီးဘာသာ ဆုံးဖြတ်လို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"လက်ထပ်မယ့်တူတူ ဘာကြောင့် အချိန်ဆွဲနေကြတော့မလဲ၊ အချင်းချင်းလည်း အချစ်ချင်းညီ၊ တစ်ယောက်အကြောင်း တစ်ယောက်သိနေတာပဲ၊ မဟုတ်ဘူးလား သမီး"

"ဟုတ်ပါတယ် အန်ကယ်လ်"

"ဒေါက် ဒေါက်"

အခန်းဝမှ ထွက်ပေါ်လာတဲ့ တံခါးခေါက်သံကြောင့် အားလုံး လှမ်းကြည့်လိုက်ကြပါသည်။ ပွင့်သွားတဲ့တံခါးမှ လူတစ်ယောက် အခန်းထဲ လှမ်းဝင်လာပါသည်။

"ဟား ... ဒီနေ့တော့ လူစုံတက်စုံပဲဟေ့၊ ကောင်းလိုက်တာ၊ လာ ... သားကြီး၊ ဒီမှာ မင်းညီလည်းရောက်နေတယ်"

စိမ်းစိုသည် တံခါးပေါက်ဝမှ ဝင်လာတဲ့လူကိုကြည့်ရင်း တစ်ကိုယ်လုံး အေးစက်သွားပါသည်။ ရုတ်တရက် လှုပ်ရှားလို့မရဘဲ တောင့်တင်းကျင်စက်သွားတဲ့ ခန္ဓာကိုယ်တွင် ချွေးစေးတွေ စိမ့်ခနဲ ထွက်လာသည်။

ဦးမုန်တိုင်း ...။

သူ ... သူက ဘယ်လိုလုပ်ပြီး ဟောဒီကျယ်ဝန်းလှတဲ့ ကမ္ဘာမြေကြီးပေါ်က စိမ်းစိုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ရှေ့





ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာတဲ့လဲ။ မျက်နှာအပျက်ကြီးပျက်ကာ ခေါင်းကို ငုံ့ချထားလိုက်တဲ့ စိမ်းစိုကို လှမ်းမြင်လိုက်ရတဲ့ မုန်တိုင်းသည်လည်း ဆေးရုံကြီးတစ်ခုလုံး ရစ်ချဲ့တာစကေးကြီးမားပြင်းထန်တဲ့ ငလျင်ကြောကို ဗဟိုပြုမိတယ်လို့ ထင်ရှိုက်မိတဲ့အထိ ကမ္ဘာမြေကြီး သွက်သွက်ခါသွားသလို ခံစားလိုက်ရပါသည်။

"ဩော် ... ဒီဟာက မင်းရဲ့ညီ မိုးသက်လေနဲ့ လက်ထပ်မယ့် သူ့ချစ်သူ မိန်းကလေးပဲ၊ နာမည်က စိမ်းစိုတဲ့"

မုန်တိုင်းက ခြေစုံရပ်ကာ စိမ်းစိုကို စိုက်ကြည့်နေမိပါသည်။ မင်းရဲ့ညီ လက်ထပ်မယ့် ...။ သူ့ချစ်သူ မိန်းကလေး။ စိမ်းစို။ အသံတွေက နားထဲပဲ့တင်ထပ်နေသည်။

"သမီးလည်း မှတ်ထား၊ မုန်တိုင်းတဲ့၊ အန်ကယ့်သားအကြီး၊ ကဲ ... တစ်နေ့ အမျိုးတွေ ဖြစ်ကြရမှာပဲ၊ ဟုတ်တယ်မို့လား"

စိမ်းစိုက ခေါင်းငုံ့ထားရင်းပဲ ခေါင်းညိတ်လိုက်ပါသည်။

"သားကြီး ဟိုဘက်က ဆိုဖာ ဆွဲလာခဲ့လိုက်"

"ကို ... စိမ်းစိုတို့ ပြန်ကြရအောင်၊ စိမ်းစို နေမကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com

စိမ်းစိုရဲ့အသံက တုန်တုန်ခိုက်ခိုက်နှင့် တီးတိုးအေးစက်စွာ နားနားကပ် ပေါ်လာတာမို့ မိုးသက်လေက ငဲ့ကြည့်ရင်း ...

"ဟုတ်လား၊ စိမ်းစို နေမကောင်းရင် ပြန်ကြတာပေါ့"

စိမ်းစိုက သူ့ကို လက်တွဲထရပ်လိုက်တဲ့ မိုးသက်လေရဲ့ခွန်အားကို မှီခို၍ ပျော့နဲ့စွာ ထိုင်ရာမှ အားယူထလိုက်ရပါသည်။

✧ ♡ ✧





၁၃

"စိမ်းစို ... ကိုယ့်ကို မနှောက်ပါနဲ့ စိမ်းစိုရယ်၊ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ ဒီအတောအတွင်း စိမ်းစို မကျေနပ်တာ မကျေလည်တာ ဘာရှိသွားလို့လဲ၊ ပွင့်ပွင့်လင်းလင်းပြောပါ စိမ်းစို၊ စိမ်းစို လက်မခံနိုင်တာဆိုရင် ကိုယ်ဆင်ခြင်မှာပေါ့"

"အပေါ်တက်ထိုင်ပါ"

အိမ်ရှေ့ခုံတန်းလေးမှာ ထိုင်နေတဲ့ စိမ်းစိုရဲ့ရှေ့မြေပြင်ပေါ် ဒူးထောက်ကာ ဖနောင့်ပေါ် ပြန့်ထိုင်တဲ့ ပုံစံနှင့် လက်ဖျားကလေးကို ဆုပ်ကိုင်ပြီး တောင်းပန်စကား ဆိုနေတဲ့ မိုးသက်လေကို သနားလွန်း၍ ရင်ထဲမှာ ကျင်နေပါသည်။ သို့ပေမဲ့ မျက်နှာပေါ်မှာ သနားကြင်နာတဲ့ ကရုဏာရိပ်ကို လုံးဝမပေါ်နိုင်စေပါ။

www.burmeseclassic.com

www.burmeseclassic.com



မိုးသက်လေက ဒူးထောက်ရာမှ ထ,ကာ ခုံတန်းဟောင်းလေးမှာ စိမ်းစိုဘက် လှည့်ထိုင်ရင်း ...

"မရဘူး စိမ်းစို၊ မင်း ကိုယ့်ကို အလွယ်လေး လက်တွဲဖြုတ်လို့ရမယ် မထင်နဲ့၊ ကိုယ် မင်းကို လက်လွှတ်မပေးနိုင်ဘူး"

"ဒါပေမဲ့ ကျွန်မက ရှင့်ကို မယူနိုင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲကွာ"

မိုးသက်လေက စိတ်မထိန်းနိုင်ဘဲ ကြုံးအော်ပစ်လိုက်ပါသည်။ တစ်ဘက်ခြံနှင့်ကူးဖို့ ဖောက်လိုက်တဲ့ မလွယ်ပေါက်တံခါးလေးတွန်းကာ မမကြည်ရော ဦးဖေဆန်းပါ ဒီဘက်ကိုကူးလာပါသည်။ မမကြည်က အနားက ခွေးခြေပုလေးဆွဲပြီး မလှမ်းမကမ်းမှာထိုင်ကာ ဦးဖေဆန်းက အိမ်ရှေ့လှေကားထစ်များမှာဝင်ထိုင်လိုက်ပါသည်။

"မိုးလေး ... အေးဆေးပြောပါ၊ စိတ်လျှော့၊ စိမ်းစို၊ ငါ့ခယ်မလေး၊ ညည်းလည်းပွင့်လင်းမှပေါ့၊ ကိုယ်ဖြစ်ချင်တာကို မိုးလေးကို ပွင့်ပွင့်လင်းလင်း ပြောပြမှပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် ဒီလောက်ချစ်တာဟာ"

စိမ်းစိုက ခေါင်းကိုငုံ့ပြီး ပေါင်ပေါ်လက်လေးနှစ်ဖက်တင်ရင်း တောင့်တောင့်လေး ထိုင်နေရင်းက မျက်ရည်ပေါက်ကြီးများက ပေါင်ပေါ်တပေါက်ပေါက် ကျလာပါသည်။





"မိုးမိုး ... ညီမလေး၊ နင် ဘာဖြစ်နေတာလဲဟယ်"

"ဟင့်အင်း ... သူ့ကို မယူချင်တော့ဘူး၊ တကယ်တော့ သူ့ကို ချစ်ပါတယ်လို့ ခေါင်းညိတ်လိုက်ကတည်းက လူက အရမ်းအားငယ်နေတဲ့အချိန်၊ စိတ်ဓာတ်တွေကျဆင်းနိမ့်ပါးနေတဲ့အချိန်မှာ အနားမှာ ကြင်ကြင်နာနာ ဂရုစိုက်တဲ့သူ ပေါ်လာတော့ စိတ်တွေကယောင်ချောက်ချားနဲ့ အယောင်ယောင် အမှားမှား ဖြစ်ပြီး ခေါင်းညိတ်လိုက်မိတာမျိုးပါ၊ သူ့ကို စိမ်းစို တကယ်မချစ်ဘူး"

"စိမ်းစို"

မိုးသက်လေ မျက်နှာက တအားပျက်ပြီး နီရဲလာကာ တုန်တုန်ယင်ယင်နှင့် ပေါက်ကွဲမလို ဖြစ်လာသည်။

"မိုးလေးရာ စိတ်လျှော့လေကွာ၊ ဒီကောင်မလေး ပြောနေတာတွေ တကယ်မဖြစ်နိုင်ပါဘူး၊ မင်းက ဒီလောက်တောင်မရိပ်မိဘူးလား၊ ငါတော့ဖြင့် သူ့ပြောပုံဆိုပေါက်ကြည့်လိုက်ရင် ရိပ်မိနေပါတယ်ကွာ"

"စိမ်းစို ဘာဖြစ်လို့လဲ၊ ကိုယ့်ကို ပြောစမ်းပါ၊ ကိုယ်မှတ်မိတာတော့ အဖေဆေးရုံကိုသွားတဲ့နေ့ရဲ့ နောက်တစ်နေ့မှာ စိမ်းစို ခုလိုစ,ပြောတာ၊ အဖေပြောတဲ့စကား အန်တီပြောတဲ့စကားတွေထဲမှာ စိမ်းစို စိတ်ကို ထိခိုက်စေအောင် ဘာပါသွားလဲ ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ် ...

ချစ်ရ သနားရလွန်းလို့ ရင်တွေနာကျင်ပြီး သေရပါတော့မယ်။ ဘဝမှ စိတ်ထိခိုက်စရာ မကျေနပ်စရာ မပါပါဘူး။ ကို့ရဲ့အဖေရော အန်တီရောဟာ စိမ်းစို မျှော်လင့်ထားတာထက် အများကြီး ပိုကောင်းကြပါတယ်။ မမျှော်မှန်းထားတဲ့ ဟက်ဟက်ပက်ပက် ဆက်ဆံမှုမျိုးကို ရပါတယ်။ လိုလိုလားလား ရှိကြပုံကိုလည်း ယုံတောင် မယုံကြည်နိုင်အောင်ပါ။ ကို့အဖေစကားကို ခေါင်းညိတ်ပြီးနောက် နှစ်လအကြာမှာ မင်္ဂလာကိစ္စ စီစဉ်တော့ဖို့တောင် ဆုံးဖြတ်လိုက်ပြီးသားပါ။

ဒါပေမဲ့ ...

စိမ်းစိုမှာ ကံကောင်းဖို့ ကံဇာတာမပါဘူး ထင်ပါရဲ့။ ယောကျ်ားဆိုးနဲ့သာ ဆုံတွေ့ရဖို့ ကံပါပြီး ယောကျ်ားကောင်းနဲ့ကြုံတော့ လွဲရမယ့်ကံ ပါခဲ့တယ် ထင်ပါရဲ့။ မင်္ဂလာကိစ္စ စတင်စီစဉ်ပါ့မယ်လို့ ကတိပေးခါနီးဆဲဆဲမှာ အတိတ်က အရိပ်ဆိုးကြီးက မမျှော်လင့်ဘဲ ကိုယ်ထင်ပြလာခဲ့တာလေ။

ကိုယ့်ကိုယ်ကိုယ် ဒီလောက် ကံဆိုးမယ်လို့ တစ်ခါမှ မထင်ခဲ့ဖူးပါဘူး ကိုရယ်။ ဟိုတုန်းက ကံဆိုးမိုးမှောင်ကျခဲ့ရတာထက်တောင် ခုတစ်ခါက စိမ်းစိုရဲ့အသည်းနှလုံးကို ပိုပြီး စိစိညက်ညက် ကြေစေပါတယ်။ ဦးမုန်တိုင်းဟာ ကိုနဲ့ အဖေတူအမေကွဲအစ်ကို ဖြစ်နေတဲ့နောက်တော့ စိမ်းစိုနဲ့ ကို့ရဲ့ဘဝခရီးလမ်းဟာ ဘယ်လိုလုပ်ပြီး သာယာဖြောင့်ဖြူးနိုင်တော့မှာလဲ။





အကြီးဆုံး ဆူးကြီးတစ်ချောင်း အကြီးဆုံးခလုတ်ကန်သင်းကြီး တစ်ခုဟာ အနီးဆုံးမှာ ကပ်ပါနေတော့မှာလေ။ စိမ်းစိုရဲ့ရင်ထဲမှာ အသည်းတွေ တစ်စစီ ပဲ့ကြွေကျနေတာ ကို့မသိနိုင်ပါဘူး။ ကို့ကိုချစ်လွန်းလို့ပဲ နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်ရတာပါ ကိုရယ်။

"ပြော ... ပြောလေ၊ ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ၊ ပြောစမ်းပါ"

"ရှင့်ကို စိမ်းစို တကယ်နှစ်နှစ်ကာကာ မချစ်ဘူး၊ တကယ်လက်ထပ်ဖို့ စဉ်းစားလိုက်တော့ လက်မထပ်နိုင်ဘူး၊ လက်မထပ်ချင်ဘူးဆိုတာ သိလာတယ်"

"စိမ်းစို ... အဖေက သိပ်သဘောတူတယ် ဆိုတာတော့ စိမ်းစို သိပြီးသားပါ၊ ကိုယ့်မေမေ သဘောမတူမှာ စိုးရိမ်နေတာလား"

စိမ်းစိုက ခေါင်းယမ်းလိုက်ပါသည်။

"ဒါပဲရှိတယ်၊ ဒါကို စိမ်းစို စိုးရိမ်နေတာ ကိုယ်သိတယ်လေ"

"မဟုတ်ပါဘူး၊ ရှင့်ကို လက်မထပ်နိုင်တာ သက်သက်ပါ"

"မေမေက စိမ်းစိုကို သဘောတူလိမ့်မယ် မဟုတ်ဘူးလို့ စိမ်းစို ထင်နေတယ် မဟုတ်လား"

"အဲဒါက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မဟုတ်လား၊ ဒါပဲရှိတာ၊ တခြားစဉ်းစားစရာမှ မရှိတာ"

မိုးသက်လေဟာ ပေါက်ကွဲမှုကို မထိန်းနိုင်ဘဲ လေသံက တုန်ယင်ကျယ်လောင်နေသည်။

"အဲဒါလည်း ပါတော့ ပါပေမယ့် ..."

"ဘာဖြစ်လို့ အဲဒါကြောင့် ကိုယ့်ကို လက်တွဲဖြုတ်ဖို့ စဉ်းစားရတာလဲ၊ မေမေ သဘောတူပါတယ်လို့ မင်းကို ကိုယ်ဘယ်နှခါ ပြောရမလဲ"

မိုးသက်လေက စိမ်းစိုရဲ့စကားတွေကို ဆုံးခွင့်ပင်မပေးပါ။ ဖြတ်ကာ ဖြတ်ကာ ပေါက်ပေါက်ကွဲကွဲ အော်ဟစ်နေ၍ စိမ်းစိုလည်း ဒေါသဖြစ်လာပါသည်။

"ရှင့်အမေက သဘောတူပါတယ် ဆိုရအောင် ကျွန်မအကြောင်း ဘယ်လောက်သိလို့လဲ၊ ရှင့်အဖေကော ! ဘယ်သူက ဘယ်လောက်သိလို့လဲ၊ အားလုံးကို သိသွားရင် ဒီလိုပဲ ဆက်သဘောတူနေကြဦးမယ် ထင်နေလား"

"မီးမီး အဲဒါ ဘာစကားလဲ၊ မဟုတ်က ဟုတ်ကတွေ လျှောက်မပြောပါနဲ့ မီးမီးရယ်"

"မမကြည် ... မမကြည်လည်း ဘာမှမသိဘူး၊ ဘာဆိုဘာမှမသိဘဲနဲ့၊ ဘာမှဝင်ပြောမနေပါနဲ့"





စိမ်းစိုက မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ကိုယ့်အဖြစ်ကို ကိုယ်နာကျင်ရင်နင့်စွာ သိမ့်သိမ့်တုန် ငိုချလိုက်မိပါသည်။ မိုးသက်လေ တစ်ခဏ ငြိမ်စိုက်ကြည့်နေပြီး ဘယ်သူ့မှ နှုတ်မဆက်ဘဲ ချာခနဲ ထ,ထွက်သွားပါသည်။

✧ ♡ ✧

"ဆင်းကြစို့ သမီး"

စိမ်းစိုသည် ကားကို စက်သပ်ရပ်ကာ မှန်တင်ရင်း ပြောလိုက်တဲ့ ဒေါ်မိုးခင်ခင်ကို အသာငဲ့ကြည့်ကာ ခေါင်းညိတ်ပြရင် ကားတံခါးဖွင့်၍ ဆင်းလိုက်ပါသည်။

အိမ်ကို ဒေါ်မိုးခင်ခင် သူ့ကားသူ ကိုယ်တိုင်မောင်းကာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့ စိမ်းစို ခြေမကိုင်မိလက်မကိုင်မိ ပျာပျာသလဲ ကယောင်ချောက်ချားတွေ ဖြစ်ရသည်။ မိုးသက်လေ တစ်ခုခု ပြောလွှတ်လိုက်ပြီလို့လည်း ချက်ချင်းနားလည်ကာ ကိုယ်တိုင်ကိုယ်ကျ ရောက်ချလာပုံကြောင့်လည်း ဒေါ်မိုးခင်ခင်ဟာ ကလေးချင်း ပြေလည်ကြဖို့ကိုသာ ရှေ့ရှုပြီး သားရှင်အမေရယ်ဆိုတဲ့ မာန်မျိုး မထားရှိတာ နားလည်ရသည်။

ခပ်အေးအေး နေတတ်တဲ့ ကိုရဲ့အမေ၊ သူကိုယ်တိုင် လိုက်ချလာတာဟာ ဘယ်လောက်တောင်မှ စိမ်းစိုကို လိုက်လျှော



www.burmeseclassic.com

www.burmeseclassic.com



ဖေးမခြင်းဆိုတာ သဘောပေါက်တဲ့အလျှောက် အကြီးအကျယ် အားနာကာ ...

"အန်တီရယ်၊ ကျွန်မ အားနာလိုက်တာ၊ လိုက်လာဖို့မလို ပါဘူး အန်တီရယ်၊ အန်တီ ပြောချင်တာကို ဦးဖေဆန်း ဖုန်းနံပါတ်ကနေ ကျွန်မကို လှမ်းခေါ်ပြောလိုက်လို့ ရပါ တယ်"

"အလေးအနက်စကားမျိုး ပြောတော့မယ်ဆိုရင် အချင်းချင်း မျက်နှာကြည့်ပြီး ပြောရတာက ပိုပြီးအားရပါးရရှိတယ်၊ ပိုပြီး စကားပေါက်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပိုနားလည်မှုရတယ်လို့ ထင်တယ်၊ မျက်နှာရိပ် မျက်နှာကဲ ပါ မြင်ရတဲ့အတွက် ယုံကြည်မှုကိုလည်း ပိုပြီးဖြစ်ထွန်းစေ တယ်၊ ဒါကြောင့် အန်တီလာခဲ့တာ"

ကို့အမေကို အားနာလွန်း၍ရော တော့တော့ဆိုင်ဆိုင် ပြောရမည့်စကားတို့အတွက် တုန်လှုပ်မိတာကြောင့်ရော စိမ်းစို မျက်နှာကလေးကပျက်ကာ အထိတ်ထိတ် အပျာပျာ ဖြစ်နေပါ သည်။ ဒေါ်မိုးခင်ခင်ကပဲ အပြင်တစ်နေရာရာကို သွားကြဖို့ အေးဆေးဆေးဆေး စကားပြောနိုင်ဖို့ တောင်းဆိုခဲ့တာဖြစ်သည်။

ညနေငါးနာရီမို့ အင်းလျားကန်စပ်မှာ နေကျစ,ပြုပြီ ဖြစ်ကာ မိုးလည်းအုံ့နေ၍ ရာသီဥတုလေးက နေလို့ထိုင်လို့ ကောင်းလှပါသည်။ ကန်ပေါင်မှာ အပန်းဖြေသူတချို့ ရှိပေမယ့်





မိုးအုံ့နေတာမို့ လူတော့မများလှ။ စိမ်းစိုနှင့် ဒေါ်မိုးခင်ခင်တို့ ကန်ပေါင် လျှောက်လမ်းအတိုင်း လျှောက်လာကြပါသည်။

ဘာမှမပြောဘဲ လျှောက်နေတဲ့ ဒေါ်မိုးခင်ခင်ရဲ့နံဘေး မှာ တိတ်ဆိတ်စွာ လိုက်ပါနေရင်း ရေစက်အနားနီးလာတဲ့အခါ ခုံတန်းကလေး လွတ်နေတာတွေ့လျှင် ဒေါ်မိုးခင်ခင်က ...

"ထိုင်ကြရအောင် သမီး"

"ဟုတ်ကဲ့"

နှစ်ဦးသား အသာအယာ ဝင်ထိုင်လိုက်ကြပါသည်။

"စိတ်ထဲမှာ တင်းကျပ်နေတာမျိုး၊ မွန်းလှောင်ပြီး ထွက် ပေါက်မရှိသလို ခံစားရတာမျိုး ရင်ထဲက သိပ်ပြီးနာကျင် လာတဲ့အခါမျိုးတွေမှာ အန်တီက ရေပြင်တစ်ခုခုကို လာ ကြည့်နေကျ"

"... ... ..."

"ရေပြင်ကျယ်ကျယ်ကြီးကို ငေးကြည့်ရင်း တဖြည်းဖြည်းနဲ့ စိတ်ထဲက မွန်းကျပ်နေတာတွေ လျော့လာတယ် ထင်မိတယ်၊ ကိုယ့်စိတ်ပါ အဲဒီရေပြင်ကျယ်ကြီးလို တဖြည်းဖြည်း ဟင်း လင်းပွင့်လာတယ်၊ လွတ်လပ်လာတယ်လို့ ခံစားရတယ်"

စိမ်းစိုက ဒေါ်မိုးခင်ခင် စကားကို နားထောင်ရင်း ရှေ့က အင်းလျားရေပြင်ကျယ်ကြီးကို သူ ငေးကြည့်နေသလို ကိုယ်ပါ လိုက်ငေးကြည့်နေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ခဏ စိတ်ကို ဖွင့်လှတ်ပြီး ရေတွေကိုကြည့်ရင်း အသက်ပြင်းပြင်း ရှူသွင်းရှူထုတ်ကြည့်စမ်းပါ"

စိမ်းစိုသည် ရှိုးတိုးရှန့်တန့် ဖြစ်မိသော်လည်း ဒေါ်မိုးခင်ခင် ပြောတဲ့အတိုင်းတော့ လိုက်နာစွာ ပြုမူလိုက်ပါသည်။ ပထမဆုံး ပါးစပ်ဖွင့်ဟ၍ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်ကာ စိတ်ကိုလျှော့ချလိုက်ပါသည်။ အတန်ကြာအောင် ငြိမ်သက်ပြီး နေနေရင်းက တဖြည်းဖြည်းနှင့် လူက ခုနကလောက် တင်းကျပ်မနေတော့ပါ။ မွန်းပိတ်မနေတော့ပါ။

ဖြစ်လာသမျှတွေကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ရမှာပဲ။ ဒါ သူ့ဘဝကပေးလာတဲ့ ဘဝပေးကုသိုလ်ကံပဲ။ ခေါင်းအေးအေးနဲ့ ဖြေရှင်းရင်ဆိုင်ဖို့ပဲ ရှိတာပဲရယ်လို့ စိတ်ကိုလျှော့၍ တွေးလိုက်မိပါသည်။

"အန်တီ့အသက် နှစ်ဆယ့်တစ်နှစ်အရွယ်မှာ တစ်နေ့မှာ ဒီလိုပဲ ရေပြင်ကျယ်ကြီးရှေ့မှာ လာထိုင်ငေးရင်း သေချင်လောက်အောင် စိတ်တွေ နာကျင်ဆင်းရဲခဲ့ဖူးတယ်၊ ဒီအင်းလျားကန်တော့ မဟုတ်ဘူး၊ ကန်တော်ကြီး"

စိမ်းစိုက ဒေါ်မိုးခင်ခင်ကို ငေးကြည့်နေမိပါသည်။

"ကန်တော်ကြီးမှာ ပန်းကန်လုံးကျွန်းဆိုတာ ရှိတယ်၊ အဲဒီမှာ အန်တီတစ်ယောက်တည်း သွားထိုင်ရင်း ကိုယ့်ဘဝကိုယ် နာကြည်းရင်း ကျိတ်ငိုနေခဲ့တာ။ ဘယ်လိုခါး





သီးမှန်း မသိတဲ့ နာကြည်းမှုကြီးကိုပိုက်ပြီး ငါ့ကို လူတွေက ဘာပြောကြမလဲ၊ လူတကာတဲ့တွေးခွက်မှာ ငါတော့ မှောပါပြီ၊ ငါ့အမေတော့ အသက်ကြီး ကြီးကာမှ ငါ့ကြောင့် ခေါင်းမဖော်ရဲအောင် ဖြစ်ရတော့မှာပါလား ဆိုတဲ့ အတွေးတွေနဲ့ ...

ရှေ့ဆက်ပြီး လူ့ဘဝကို ဘယ်လိုမှ ရင်မဆိုင်ချင် ရင်မဆိုင်နိုင်တော့ဘူးလို့ပဲ ကိုယ့်ကိုယ်ကိုယ် ထင်မိတယ်၊ အနှစ်နှစ်အလလ ကိုယ် အုတ်တစ်ချပ်ချင်းစီပြီး ကိုယ်တိုင်ဆောက်ထားတဲ့ တံတိုင်းကြီးတစ်ခု ကိုယ့်မျက်စိရှေ့မှာပဲ မျက်တောင် တစ်ခတ်အတွင်း ဝုန်းခနဲ ပြိုကျသွားသလိုပဲ"

စိမ်းစိုရဲ့ပါးစပ်လေး ပွင့်ဟခဲ့ရပါသည်။ အံ့အားတသင့်နှင့် ဒေါ်မိုးခင်ခင်ကို စိုက်ကြည့်နေမိပါသည်။

"ကိုယ် သိပ်ချစ် သိပ်အားကိုးတဲ့လူ၊ ကမ္ဘာမှာ ယောကျ်ားရယ်လို့ သူတစ်ယောက်ပဲရှိတာလို့ ထင်ရလောက်တဲ့ အထိ အရူးအမူး မျက်ကန်းတောတိုး ချစ်မိတဲ့လူ၊ ကိုယ်က ချစ်ရသလောက် သူကျတော့ ကိုယ့်အပေါ် ယုတ်မာရက်လှချည်လားလို့ မုန်းတီးခါးသီးလို့ မဆုံးဘူး၊ တကယ့်ကိုစွဲရှာတဲ့စိတ် နာကြည်းတဲ့စိတ်နဲ့ ငိုရင်းနဲ့ကို အန့်ထွက်ခဲ့တာ ...



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကိုယ့်ရဲ့မိုက်ပြစ် အများဆုံးပါတယ်၊ ဘယ်သူမပြု မိမိမှု မဟုတ်လား၊ ကိုယ့်ရဲ့မဆင်မခြင် မိုက်တွင်းနက်မှုက အများဆုံးပေါ့၊ သူက လှည့်ဖြားရက်ပေမယ့် ကိုယ်က မိုက်လုံးမကြီးရင် စောင့်ထိန်းနိုင်ခဲ့ရင် ဒီလိုဖြစ်မလာဘူးလေ၊ ကိုယ့်ကိုယ်ကိုယ်ပဲ မုန်းတီးတယ်၊ အပြစ်ပေးချင်တယ် ...

အဲဒီမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့ အန့်တီကြိုးစားခဲ့မိတယ်"

"အန့်တီ"

စိမ်းစိုက ဒေါ်မိုးခင်ခင်ရဲ့ လက်ဖျားကလေးကို ဆုပ်ကိုင်ကာ အားမေးမိသည်။

"ဒါပေမဲ့ သေနေ့က မစေ့သေးတော့ မအောင်မြင်ခဲ့ဘူး ...

မိုးသက်လေကို အန့်တီ မွေးခဲ့တယ်၊ လူတကာတံတွေးနဲ့ထွေးလည်း ထွေးပစေတော့၊ ငုံ့ခံခဲ့တယ်၊ ဒါပေမဲ့ သူ့အဖေကိုတော့ လုံးဝအဆက်ဖြတ်ပြီး အလာမခံတော့ဘူး၊ အတွေ့မခံတော့ဘူး၊ သား အရွယ်ရောက်ရင် ပြောပြမယ်၊ ရှင့်ကို သူ ဆက်ဆံချင်စိတ်ရှိရင် သူ့ဟာသူ ဆက်ဆံပစေ၊ ကျွန်မ ပယောဂမပါစေရဘူးလို့ ပြောထားခဲ့တယ်၊ သားကို သူ ရှစ်တန်းအရွယ်မှာ အန့်တီ အားလုံးဖွင့်ပြောပြတယ်"





ဒေါ်မိုးခင်ခင်က စကားကိုဖြတ်ပြီး စိမ်းစိုဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

"ကိုယ်မသိလို့ မှားခဲ့မိတယ်၊ သွားပုပ်လေလွင့် ပြောခံရစရာ ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ သိတဲ့အချိန်မှာ ရှေ့မတိုးဘဲ ရောက်တဲ့နေရာကရပ် ဖြတ်ပြီး ကိုယ့်ကိုယ်ကိုယ် မှန်အောင် ကောင်းအောင်နေခဲ့တယ်၊ သိသိကြီးနဲ့ ဆက်မမိုက်မဲဘူး၊ ဒါကိုမြင်နေတဲ့ ပတ်ဝန်းကျင်ကလည်း အရင်တုန်းကတော့ သွားပုပ်လေလွင့် ပြောကြပေမယ့် ကိုယ့်ကို အချိန်ကြာလာလေ နားလည်လာလေပါ ...

သူ့ခမျာ အဲဒီတုန်းက မသိခဲ့လို့ အလိမ်ခံရလို့ မှားယွင်းခဲ့ရတာပါလား၊ သိတဲ့အချိန်ကစ,ပြီး ဒီလိုနေပါလား ထိုင်ပါလား ဆိုပြီး ကိုယ့်ကိုယ်ကျင့်တရားကိုပါ ပြန်နားလည် လက်ခံလာကြတယ်၊ အခုတော့လည်း အားလုံးဟာ တည်ငြိမ်အေးချမ်းနေပြီပဲ သမီး။ အန့်တီ နောက်ထပ်ချစ်သူ မရှာခဲ့တော့ဘူး၊ အန့်တီ့ကို ခွင့်လွှတ်နိုင်တယ်ဆိုတဲ့ လက်ထပ်လိုသူတွေ ကမ်းလှမ်းချစ်ရေးဆိုသူတွေ ရှိခဲ့ပါသေးတယ် ...

မေတ္တာစစ်တွေ ပါပါတယ်၊ အန့်တီ့ကို ခွင့်လွှတ်နိုင်မယ်ဆိုတာလည်း ယုံကြည်ရလောက်ပါတယ်၊ ဒါပေမဲ့ အန့်တီ့မှာက မိုးသက်လေ ရှိတယ်၊ အန့်တီတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းဆိုရင် တစ်ယောက်ယောက်ကို အန်တီလက်ခံပြီး စိတ်သစ်လူသစ် ဘဝသစ်စ,မှာ အမုန်ပဲ၊ သားရှိတဲ့အတွက် သားကို မျက်နှာမငယ်စေချင်ဘူး၊ အန်တီ့ကို ခွင့်လွှတ်ပါတယ်ဆိုတဲ့သူဟာလည်း သူ့သားသမီး ရှိလာရင် မိုးသက်ကို သူ့သားသမီးနဲ့ တစ်တန်းစားတည်း ကြည်ဖြူစေတနာ ရှိပါမယ်လို့ ဘယ်သူ အာမခံမှာလဲ"

"အန်တီ"

စိမ်းစိုက မျက်နှာလေးကို လက်ဝါးနှင့်အုပ်ကာ တသိမ့်သိမ့် ငိုကြွေးမိသည်။

"အဲဒါ အန်တီ့ဘဝဇာတ်လမ်းပဲ သမီး၊ သမီးအပေါ် အန်တီ့လောက် ကိုယ်ချင်းစာ ကြည်ဖြူနိုင်မယ့် ယောက္ခမဆိုတာ မရှိနိုင်တော့ဘူး မဟုတ်လား သမီး"

"အန်တီ ... ဒါ ... ဒါတွေကို ... ဒါတွေကို ... ကိုလည်း အားလုံးသိနေတာလားဟင်"

"အန်တီ့ကို သားက ပြောပြတာပါ၊ သားဟာ သမီးအပေါ် သူ့အမေနဲ့နှိုင်းယှဉ်ကိုယ်ချင်းစာပြီး ကြည်ဖြူခွင့်လွှတ်နိုင်တဲ့သူပါ"

"ကို ... သိတယ် !! ၊ သမီး ရင်တွေ ကွဲကုန်တော့မှာပဲ အန်တီရယ်၊ သမီး ဘာဆက်လုပ်ရမလဲ မသိတော့ပါဘူး"





စိမ်းစိုက သည်းသည်းခိုက်အောင် ငိုကြွေးနေပါသည်။

"သမီး ဘာမှစိုးရိမ်ပူပန်မနေဘဲ ကြဲကြဲခိုင်ခိုင်နဲ့ ရင်ဆိုင်ဖို့ပဲ ရှိတာပဲ၊ ဘာကို သောကဖြစ်စရာ ရှိနေသေးလဲ၊ တစ်ကြိမ် စွန်းထင်းခဲ့ပေမယ့် ကျန်တဲ့ဘဝအစိတ်အပိုင်းကို စင်စင်ကြယ်ကြယ်နဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဆောက်တည်နေတဲ့ သမီးလို မိန်းကလေးမျိုးကို အန်တီတို့ သားအမိက လေးတောင် လေးစားပါသေးတယ်"

"အန်တီ၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ဒါပေမဲ့ ... ဒါပေမဲ့ ... စိမ်းစို ... စိမ်းစို"

အန်တီတို့ မသိသေးတာတွ ရှိနေပါသေးတယ် အန်တီရယ်။

✧ ♡ ✧



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

"မီးမီးရေ"

တစ်ဘက်ခြံမှ မမကြည် ခေါ်သံကြောင့် အိပ်ရာမှာ လဲလျောင်းနေရာက စိမ်းစိုက ထ,လိုက်ပါသည်။ ပြေနေသော ဆံပင်တို့ကို သိုးမွေးကွင်းနှင့် ကပိုကရို စုစည်းနေစဉ် ...

"မီးရေ ... ညည့်သည်လာနေတယ်ဟေ့"

မမကြည် အသံ နောက်တစ်ကြိမ် ထွက်လာသည်။

"ဟုတ်ကဲ့ ... လာပြီ"

စိမ်းစိုက အတွင်းခန်းကလေးမှ ထွက်လာပါသည်။ အိမ်ရှေ့သံဆန်ခါကွက်လေးတွေနားရောက်လျှင် ဦးဖေဆန်းတို့ခြံနှင့် စိမ်းစိုတို့ခြံ နှစ်ခုရှေ့ခွကာ ဟိုမကျ ဒီမကျ ရပ်ထားတဲ့ ကားကြီးတစ်စီးကို တွေ့ရသည်။ ကားကြီးက အကောင်းစားကားကြီး။ နာမည်သေချာ မသိနိုင်တဲ့ ကားမျိုးကြီး။





ဘာပဲဖြစ်ဖြစ် ဒီကားကြီးမျိုးနှင့်လာတဲ့ တစ်စုံတစ်ယောက်သော ညည့်သည်ဟာ အထူးကိစ္စတစ်ခုခုတော့ ပါလာမှာသေချာသည်။ စိမ်းစိုမှာ ဒီလိုကားနှင့်လာမည့် ပုံမှန်ညည့်သည် မရှိ။ စိမ်းစိုက လှေကားထစ်များမှဆင်းပြီး ခြံတံခါးရွက်ကိုပါ ဖွင့်ဟထွက်လာလျှင် ကားခပ်မြင့်မြင့်ရဲ့ ဟိုဘက်တစ်ဘက်မှာ ရပ်နေ၍ ရုတ်တရက် မမြင်နိုင်သူကို ဘွားခနဲ မြင်လိုက်ပါသည်။

"ဟင်"

ဒိန်းခနဲ ရင်ထဲတုန်ကာ သရဲသဘက် တွေ့သလို စိမ်းစို မျက်နှာက ပျက်ထွက်သွားသည်။ သူက ရှေ့နှစ်လှမ်းလောက် တိုးလာကာ ...

"မီး"

စိမ်းစိုသည် နီရဲတင်းမာသော မျက်နှာနှင့် ...

"ရှင် ဘာလာလုပ်တာလဲ"

"မီးကို ကိုယ် စကားနည်းနည်း ပြောစရာ ..."

စိမ်းစိုက ဟိုဘက်ခြံထဲမှ အဝတ်လှမ်းရင်း တစ်ချက်တစ်ချက် လှမ်းကြည့်နေသော မမကြည်ထံ တစ်ချက်ကြည့်ကာ သူ့ကို ပြန်ကြည့်ရင်း ...

"ရှင်နဲ့ ကျွန်မ ဘာမှပြောစရာစကား မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မီး ... ကိုယ် စကားနည်းနည်း ပြောရရင် ကျေနပ်ပါတယ်"

"ရှင် မပြန်ဘူးလား"

"ဟုတ်အင်း"

"ရှင် ကျွန်မဘဝကို လိုက်ဖျက်ဆီးပြန်ပြီလား ဦးမုန်တိုင်း"

စိမ်းစို အသံက ဆုတ်နစ် ကြေကွဲ နာကျင်နေပါသည်။

"မီးကို ကိုယ် ဒုက္ခပေးဖို့ မဟုတ်ပါဘူး၊ ကိုယ်ပြောချင်တာလေး ပြောရရင် ကျေနပ်ပါတယ်"

ဘယ်လိုမှ နှင်လွှတ်လို့ မရနိုင်တာ စိမ်းစိုသိသည်။ မမကြည်လည်း ကြည့်နေသည်။ မတော်တဆ မိုးသက်လေ ရောက်လာလျှင်လည်း ပြဿနာကြီးထွားမည်။

"ရှင် ဒီလမ်းအတိုင်း တည့်တည့်ဆင်းသွား၊ ကုန်းဆင်း အတိုင်းပတ်ပြီး ဘယ်ဘက်လမ်းကို ကွေ့လိုက်၊ ကားဝပ် ရှော့လွန်ရင် ကဖေးကွင်း ပန်းခြံလေးတစ်ခုရှိတယ်၊ အဲဒီနားမှာ ကားရပ်စောင့်၊ ခုချက်ချင်းသွားတော့"

မာကျောအေးစက်တဲ့ စိမ်းစိုရဲ့လေသံကြောင့် ဦးမုန်တိုင်းက ခေါင်းတစ်ချက်သာ အသာဆတ်ရင်း ...

"ကောင်းပြီ၊ ကိုယ်သွားစောင့်နေပါ့မယ်"





စိမ်းစိုက သူ့ကိုမစောင့်ဘဲ အိမ်ပေါ်ပြန်တက်လာခဲ့သည်။ အိမ်ထဲရောက်ပြီးမှ အိမ်ရှေ့ကထွက်သွားတဲ့ကားသံကို ကြားရပါသည်။ စိမ်းစိုသည် ပင်ပန်းမောဟိုက်စွာ အသက်ပြင်းပြင်းရှူရင်း ခုတင်စွန်းပေါ် ထိုင်နေမိသည်။ မကြာခင် မမကြည်က ပိတ်မထားတဲ့ တံခါးမှဝင်ကာ အိမ်ထဲရောက်လာပါသည်။

"မီးမီး အခန်းထဲမှာလား"

"ဟုတ်ကဲ့"

မမကြည် ဝင်လာပြီး ...

"ဘယ်သူလဲ ညီ့သည်က"

"ဘယ်သူမှ မဟုတ်ပါဘူး"

"ဟဲ့ ... တစ်ခုခုတော့ ဟုတ်ရမှာပေါ့၊ ဘယ်သူမှမဟုတ်ဘဲတော့ ရှိမလား၊ သူက စိမ်းစိုရဲ့အိမ်က ဘယ်ဟာလဲလို့ သေချာမေးပြီး ရောက်လာတာပဲ"

"ဟိုတုန်းက အသိပါ၊ အမေ့အသိပါ၊ စိမ်းစိုနဲ့သိပ်မသိပါဘူး၊ အမေ မော်ဘီမှာ ယောဂီဝတ်နေတယ် ပြောလိုက်တယ်၊ နောက်တစ်ခါ ဒီလူလာရင် စိမ်းစို အိမ်မှာမရှိဘူးလို့ပဲ ပြောပေးပါ မမကြည်"

"ဟဲ့ ... လူကြီးလူကောင်းပုံနဲ့ လူတစ်ယောက်ကို သူလာလည်း အေးအေးဆေးဆေးပဲ စကားညီ့ခံပြောပေါ့၊ အား နာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကားကောင်းကြီး စီးနေလို့ လူကြီးလူကောင်းလို့ မမကြည်က ထင်တယ်ပေါ့၊ ဒီလူက လူရှုပ်လူပွေ သက်သက်၊ မမကြည် အားနာရင် မမကြည်ပဲ ဧည့်ခံ၊ စိမ်းစိုကိုတော့ လုံးဝခေါ်မပေးနဲ့"

"နင်ဟာလေ စကားပြောလိုက်ရင် ဘုချည်းပဲ၊ ငါနဲ့မသိတာကြီးကို ငါက ဘာအတွက် ဧည့်ခံရမှာလဲ၊ အပေါက်ကို ဆိုးတယ် ... ဟွန်း"

"ကဲ ... စိမ်းစို ဈေးခဏသွားလိုက်ဦးမယ်"

"ဘာဝယ်ဖို့လဲ၊ မုန့်ဆိုင်လည်း မထွက်ဘဲနဲ့"

"မုန့်ဆိုင်မထွက်တာနဲ့ပဲ ဆပ်ပြာမှုန့်လေး ဖယောင်းတိုင်လေး ဝယ်ဖို့တောင်မှ ဈေးမသွားရတော့ဘူးလား"

"ဖြော်ပြန်ပြီ ဘု၊ နင် သွားရင်းနဲ့ ငါတို့ဖို့ ပါမိုးလစ်ဖ် ဆပ်ပြာလေးတစ်တုံးလောက်ရယ်၊ ယမ်ယမ်ခေါက်ဆွဲခြောက် ငါးထုပ်လောက်ရယ် ဝယ်ခဲ့ပေး"

"အင်း ... အိမ်ကြည့်ထားပေးဦး"

စိမ်းစိုက အဝတ်လဲမနေတော့ဘဲ ဝတ်ထားတဲ့ တီရှပ်လေးပေါ်မှ အနက်ရောင်ဂျာကင်ခပ်ပါးပါးလေး ထပ်ဝတ်လိုက်ကာ ပိုက်ဆံအိတ်ပေါက်စလေးကို ဂျာကင်အိတ်ထဲထည့်ပြီး အိမ်ကထွက်လာခဲ့ပါသည်။ ဦးမုန်တိုင်းကို ညွှန်လိုက်တဲ့ ပန်းခြံကလေးကိုရောက်လျှင် ကားပေါ်မှာရှိနေတဲ့ သူ့ကိုမကြည့်ဘဲ ပန်းခြံ





ထဲကို ရှေ့မှ ဘောက်ဆတ်ဆတ် ဝင်လာခဲ့ပါသည်။ စက္ကူပန်းချုံကြီးရဲ့ နံဘေးခပ်ကွယ်ကွယ်က နှစ်ယောက်ထိုင်ခုံတန်းမှာ ဝင်ထိုင်ဆဲ နောက်က ဦးမုန်တိုင်း လိုက်ပါလာတာ မြင်ရသည်။

ဦးမုန်တိုင်းက ခုံတန်းမှာ ဝင်ထိုင်မလို ပြင်သည်တွင် ...

"ရှင် မထိုင်နဲ့၊ ပြောစရာရှိတာ မတ်တတ်ရပ်ပြောပါ"

ဦးမုန်တိုင်းက တုံ့သွားကာ ပြုံးမဲ့မဲ့ပြုရင်း ...

"ကောင်းပါပြီ မီးရယ်၊ မီး ဘယ်လောက် နာကြည်းနေမယ်ဆိုတာ သိပါတယ်"

"အပိုတွေ ဘာမှမပြောနဲ့၊ လိုရင်းကို ပြောပါ ဦးမုန်တိုင်း၊ မီးလို့လည်း ရှင်မခေါ်နဲ့၊ ကျွန်မနာမည် စိမ်းစိုပါ"

"ကိုယ် အရမ်းကို အံ့ဩတုန်လှုပ်သွားတယ်၊ မီးက ... အဲ စိမ်းစိုက ညီလေး မိုးသက်လေနဲ့ လက်ထပ်မယ့် မိန်းကလေး အဖြစ် ကိုယ့်ရှေ့ကို ရောက်လာလိမ့်မယ်လို့ လုံးဝမမျှော်လင့်မထားမိဘူး"

"ဘာမှမဆိုင်ဘူး ဦးမုန်တိုင်း၊ ရှင့်ရှေ့ကို ရောက်လာတာလည်း မဟုတ်ဘူး၊ စိတ်အာရုံထဲမှာ ရှင် ရှိကိုမရှိပါဘူး၊ ဒါပေမဲ့ ကံဆိုးမိုးမှောင်ကျပြီး ရှင်နဲ့လာဆုံတွေ့ရပြန်ပြီ၊ ရှင် ဘယ်လောက်အထိ ကျွန်မဘဝကို ကံဆိုးမိုးမှောင်ကျအောင် ဒုက္ခလိုက်ပေးနေဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီး ... ကိုယ် မီးကို ဒုက္ခမပေးပါဘူး မီးရယ်"

"နားခါးလိုက်တာရှင်၊ ကျွန်မဘဝကို ပြောင်းပြန်လှန်လိုက်သလို သွန်မှောက်ပစ်ခဲ့တာ ရှင် မဟုတ်လို့လား၊ ကျွန်မအဖေ စိတ်ဆင်းရဲခြင်းကြီးစွာ သေခဲ့ရတာ ရှင့်ကြောင့်ပဲမဟုတ်လား၊ ရှင်ဟာ အိမ်ထောင်သည်ကြီးပါ ဆိုတာကို ဖုံးကွယ်ပြီး ကျွန်မဘဝကို ပန်းကောင်းအညွှန့်ချိုးခဲ့တာ မဟုတ်လို့လား၊ ကျွန်မသိပ်ချစ်တဲ့ ကိုမိုးသက်လေဟာ ရှင်နဲ့ သွေးတစ်ဝက်စပ်တဲ့ ညီတစ်ယောက် တော်စပ်နေတာကို နမြောမိတယ်"

ဦးမုန်တိုင်းက စိမ်းစိုကို ကြေကြေကွဲကွဲ ငေးနေပါသည်။

"ရှင်အခု ဘာလိုချင်လို့လဲ ဦးမုန်တိုင်း၊ ရှင့်ပါးစပ်တစ်ချက်ဖွင့်လိုက်တာနဲ့ ကျွန်မဟာ ကျွန်မချစ်တဲ့ မိုးသက်လေအနားက လွင့်ထွက်သွားရတော့မှာကို နားလည်တယ်၊ ရှင် ဘာအတွက်လာတာလဲ၊ ရှင်ဖော်လိုက်ရင် ပေါ်သွားမယ်ဆိုတာ လာခြိမ်းခြောက်တာလား ဦးမုန်တိုင်း"

"ကိုယ့်ကို ဒီလောက်တောင်ပဲ စက်ဆုပ်နေသလား စိမ်းစိုရယ်"

"စက်ဆုပ်တယ်၊ ရှင်ပါတဲ့ ဘဝရဲ့အစိတ်အပိုင်းကို လှီးထုတ်ပစ်ချင်တာ၊ အခုလည်း ကျွန်မ ရှင့်ကို ပြန်တွေ့လိုက်ကတည်းက ကံဆိုးပြန်ပြီဆိုတာကို သိတယ်"





စိမ်းစိုက တုန်တုန်ခိုက်ခိုက်နှင့် မျက်ရည်စက်လေးတွေ တစ်ဖက်တစ်ချက် လွင့်စဉ်အောင် ခေါင်းကိုယမ်းခါအော်ဟစ်နေတာ ဖြစ်ပါသည်။

"ကံမဆိုးစေရပါဘူး စိမ်းစိုရယ်၊ မင်း ကိုယ့်ကြောင့် ကံမဆိုးစေရပါဘူး၊ ယုံပါ၊ ကိုယ့်နှုတ်ခမ်းကို စေ့ပြီးပိတ်ထားမှာပါ"

"မယုံဘူး၊ ရှင့်စကားတွေကို ကျွန်မက မယုံတတ်တော့ဘူးရှင့်၊ အကြီးအကျယ် လိမ်လည်လှည့်ဖြားခဲ့တဲ့သူကို ယုံကြည်ရင် ယုံတဲ့သူ မိုက်မဲတာ သက်သက်ပေါ့၊ ဒီတစ်ခါ ယုံမိရင် ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မှာ၊ ရှင်ဟာ နတ်ဆိုး၊ ဟိုတစ်နေ့ကစပြီး ကျွန်မ ကြိုးစားဆောက်တည်ထားတဲ့ဘဝ နောက်တစ်ချီ ပြိုကျပြန်ပြီဆိုတာ ကျွန်မသိလိုက်ပါတယ်"

"မီး ကိုယ့်မှာ ဒီရည်ရွယ်ချက်မျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ကိုယ် မင်းကို မနှောင့်ယှက်ပါဘူးကွယ်"

ဦးမုန်တိုင်း အသံကလည်း တုန်ခတ်နေခဲ့ပါသည်။

"ဒါဖြင့် ဘာဖြစ်လို့ ဒီကိုလာလဲ၊ မနှောင့်ယှက်ဘူးဆိုတဲ့သူက ဘာဖြစ်လို့ ကျွန်မဆီ ရောက်လာတာလဲ၊ ရှင် ကျွန်မဆီ လာစရာ ဘာအကြောင်းမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မီးကို ... စိမ်းစိုကို ပြောပြချင်တာတွေ ရှိတယ်"

"တကယ်တော့ ကျွန်မ လုံးဝမကြားလိုဘူး၊ ဒါပေမဲ့ ဒီတစ်ကြိမ် ငြင်းလိုက်ရင် ရှင် နောက်တစ်ကြိမ် ထပ်လာဦးမှာ၊ ပြဿနာရှုပ်လျှားနေမှာ ကြောက်လို့ နားထောင်လိုက်မယ်၊ တစ်ကြိမ်နဲ့ အားလုံးပြီးအောင်ပြောပြီး နောက်ထပ်တစ်သက်လုံး ကျွန်မအနားကို ရောက်မလာပါနဲ့တော့ ဦးမုန်တိုင်း"

ဦးမုန်တိုင်းကို ခေါင်းကို ဖြည်းဖြည်းဆက်ခါညိတ်ရင်း ...

"ကိုယ် အခုက မင်းကိုသိစေချင်တာက မင်းအပေါ် ကိုယ် တမင်သက်သက် ယုတ်မာပြီး ကြောရရုံကြံခဲ့တာ မဟုတ်ဘူးဆိုတာပဲ၊ ကိုယ် မကောင်းခဲ့တာ မှန်ပေမယ့် မင်းကို မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ စိမ်းစို"

"ရှင် ဘာတွေလာပြောနေတာလဲ၊ တောက်၊ နားခါးလိုက်တာ"

"ကိုယ်က လူယုတ်မာတစ်ယောက်လည်း မဟုတ်ဘူး၊ အကျင့်ပျက်တဲ့ လူတစ်ယောက်လည်း မဟုတ်ဘူး၊ မင်းကို စ,တွေ့လိုက်တဲ့ အချိန်ကစပြီး အချစ်စစ် အချစ်မှန်ဆိုတာကို ကိုယ့်ဘဝမှာ ပထမဦးဆုံး စတင်ကြုံကြိုက်ခဲ့တာ၊





ကိုယ့်ရဲ့တစ်သက်မှာ ကိုယ့်ဘဝနဲ့ထပ်တူ နှစ်နှစ်ကာကာ ချစ်ခဲ့တဲ့ မိန်းကလေးဆိုလို့ မင်းတစ်ယောက်တည်းရှိခဲ့တာပါမီး ...

မင်းကို မတွေ့ခင်အချိန်အထိ အချစ်ဆိုတာကိုလည်း ကိုယ် မခံစားဖူးဘူး၊ ဘယ်မိန်းမကိုမှလဲ မချစ်ခဲ့ဖူးဘူး၊ အဲဒါကြောင့်လည်း အဲဒီပထမဦးဆုံး အချစ်မှာ အငိုက်မိပြီး ကိုယ် မရှောင်နိုင်ခဲ့တာပါ"

"ဒါတော့ ခုချိန်မှာ ဒီလိုပဲ ပြောကြမှာပါပဲ၊ ငါ နင့်ကို တမင်တကာ အပျော်ကြံခဲ့တာဟုတ်လို့တော့ ဘယ်သူကမှ မိုက်မိုက်ရိုင်းရိုင်း ပြောမှာမဟုတ်ဘူးလေ"

"မီး ထင်ချင်သလို ထင်ပါ၊ ဒီအသက်အရွယ်မှာ အိမ်ထောင်ပြုသင့်ပြီဆိုပြီး ဂုဏ်ချင်းထပ်လို့ မြတ်မယ့်အဆင့်က မိန်းကလေးတစ်ယောက်နဲ့ မိဘကပေးစားလို့ လက်ထပ်ခဲ့ပေမယ့် တစ်ခါမှ မလှုပ်ရှားခဲ့ဖူးတဲ့ နှလုံးသားက မင်းနဲ့မှ လှုပ်ရှားခဲ့ရတာပါ၊ ကိုယ့်အချစ်စိတ်ကို ကိုယ်မစောင့်ထိန်းနိုင်ခဲ့လို့ မင်းဘဝကို နစ်မွန်းစေသလို ဖြစ်ခဲ့မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဒီနေ့အထိ ခွင့်မလွှတ်ခဲ့တာပါ ...

ကိုယ်က ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ တရားဝင်ဇနီးရယ်လို့ ရှိနေလျက်နဲ့ မင်းအပေါ်ချစ်မိတဲ့စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မမျိုသိပ်ခဲ့တာ ကိုယ့်အလွန်ပါ မီးရယ်၊ လက်ထပ်မယူနိုင်ဘဲ ကိုယ် အခွင့်အရေး ယူခဲ့မိတဲ့အတွက် ကိုယ် ဝန်ချတောင်းပန်ပါတယ်၊ ခုလည်း တောင်းပန်ဖို့သက်သက် ကိုယ် လာခဲ့တာပါ"

"တော်တော့"

စိမ်းစိုသည် မျက်ရည်ဥကြီးများ တပေါက်ပေါက်ကျရင်း ခါးခါးသီးသီး ဖြတ်အော်ပစ်လိုက်ပါသည်။ ကိုယ်ကြုံခဲ့ရတဲ့ ဘဖြစ်ဆိုးတွေကို နားနဲ့ဆတ်ဆတ် ပြန်ကြားနေရတာ နားခါးလိုက်တာ။

"မင်း အတွေ့မခံတော့တဲ့ အချိန်ကစပြီး ကိုယ် တောင်းပန်ဖို့ အမျိုးမျိုး ကြိုးစားခဲ့ပါတယ်၊ လူတွေအာရုံစိုက်မိ ရိပ်မိလာရင် မင်းအတွက် ပိုပြီးနစ်နာမယ်ဆိုပြီး ခဏနောက်ဆုတ်နေလိုက်တဲ့အတွင်း မင်းရဲ့အဖေလည်းဆုံး၊ မင်းတို့သားအမိလည်း ရုတ်တရက် ပျောက်သွားလိုက်တာ၊ ကိုယ် မီးကို ရှာခဲ့ပါသေးတယ်"

"ရှင် ဒီလောက် ပြောရရင် တော်ရောပေါ့ ဦးမုန်တိုင်း၊ ရှင် ပြောချင်တာ ဒါတွေပဲ မဟုတ်လား၊ ခွင့်လွှတ်ပါ၊ ဒါလိုရင်းပဲ မဟုတ်လား"

"ကိုယ့်ခံစားချက်ကို မီး သိစေချင်ရုံသက်သက်ပါ"





"သိတော့ ဘာလုပ်ရမှာလဲ၊ ရှင့်ကြောင့် တစ်ကြိမ် ကျွန်မဘဝ ဖရိုဖရဲ ဖြစ်ခဲ့ပြီးပြီ၊ ခုတစ်ခါလည်း ရှင့်ကြောင့်ပဲ ပရမ်းပတာ ထပ်ဖြစ်ရဦးမယ်၊ ရှင့်ကြောင့် ကျွန်မချစ်သူနဲ့ ကျွန်မ ဝေးရဦးမယ်၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ကျေးဇူးပြုပြီး နောင် ဘယ်တော့မှ ထပ်မလာပါနဲ့ ဦးမုန်တိုင်းရယ်"

စိမ်းစိုက တသိမ့်သိမ့် ရှိုက်ငိုသည်။

"မိုးသက်လေနဲ့ မင်း ဝေးစရာ မလိုပါဘူး"

"ရှင့်မှာ ကိုယ်ချင်းစာတတ်တဲ့ နှလုံးသားရော ရှိရဲ့လား၊ ကျွန်မက ကိုကို ဘယ်လိုမျက်နှာပြောင်မှုမျိုးနဲ့ လက်ထပ်ရတော့မလဲ၊ ဟင် ! ရှင် နားမလည်ဘူးလား"

"လက်ထပ်ဖို့ ရည်ရွယ်ပြီးသား မဟုတ်လား၊ ကိုယ့်ကိုပြန်တွေ့လိုက်ရတာကလွဲရင် မီးတို့နှစ်ယောက်ကြားမှာ ဘာမှပြောင်းလဲသွားတာမှ မဟုတ်တာ"

"ရှင့်ကို ပြန်တွေ့လိုက်ရလို့ကို အခြေအနေတွေက ပြောင်းလဲသွားတာ၊ လောကကြီးမှာ ရှင်ရှိနေသေးတာကိုက ကျွန်မအတွက် အကုသိုလ်ဂြိုဟ်ဆိုးပါ ဦးမုန်တိုင်းရယ်၊ ရှင်လိုယုတ်မာရက်စက်တဲ့ လူတစ်ယောက်ကို ငရဲမင်းက ဘာကြောင့်များ မျက်စိလျှမ်းနေပါလိမ့်နော်၊ ရှင် ပြန်ပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



ရှင် ထွက်သွားပါတော့၊ ရှင့်ကို မြင်ရတာ ပူလောင်လွန်းလို့ပါရှင်၊ ဝဋ်ကြွေးတွေလည်း ဒီလောက်ဆို ကုန်ပါတော့၊ ကုန်ပါတော့”

စိမ်းစိုက ရှိုက်ကြီးတငင် နာကျင်စွာ ငိုကြွေးနေမိပါသည်။

✧ ♡ ✧





၁၅

“နင့်ရုံးခန်းက သားနားလှချည်လား”

“တော်စမ်းပါ နွေးနွေးရာ၊ ငါ့အစ်ကိုရုံးခန်းပါ၊ ငါ့ရုံးခန်းလို့ နင်ပြောတာ ကြားရတာ ရှက်သလိုကြီး”

“နင်ဟာလေ ဒီအတိုင်းပဲ၊ နင့်အစ်ကိုရုံးခန်းလည်း နောက်ကို နင့်ရုံးခန်း ဖြစ်ပြီပဲ”

“နင့်ကို ဘယ်သူပြောလဲ”

“ငါ အခုပဲ အလှူပွဲတစ်ခုက ပြန်လာတာ၊ နင့်အမေလည်းလာတယ်၊ နင့်အမေနဲ့တွေ့တော့ စကားပြောရင်းနဲ့မှ နင့်ကို စိမ်းစိုခေါင်းခါလိုက်တယ်လို့ ငါကြားခဲ့ရတာ၊ အရမ်းအံ့သြပြီး စိတ်လည်းမကောင်းလို့ ချက်ချင်းပဲ နင့်ဆီဖုန်းဆက်ပြီး ခုလို နင်ရှိတဲ့နေရာ လိုက်လာတွေ့တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုပဲ ငါက အရင်မေးကြည့်ရမယ်၊ စိမ်းစိုကို နောက်မှမေးမယ်၊ သူက ဘာမှမပြောဘဲ နေချင်နေမှာ၊ ခု ပြန်တွေ့တဲ့နောက်ပိုင်း စိမ်းစိုက တစ်ချက် တစ်ချက် နားလည်ရခက်တယ်ဟာ၊ ဒါပေမဲ့ ငါသေချာသိတာတစ်ခုက လေ စိမ်းစို နင့်ကို သေမတတ်ချစ်တယ်ဟ၊ သူ ငါ့ကိုဖွင့်ပြောတယ်၊ သူ နင့်ကို အားကိုးတကြီး ဖက်တွယ်ချစ်တာမျိုးပါ၊ အခု ဘာဖြစ်ပြန်တာလဲဟယ်"

"အဲဒါကိုတော့ နင့်သူငယ်ချင်းကိုပဲ နင်သွားမေးတော့၊ ငါလည်း စဉ်းစားမရတော့ဘူး နွေးနွေး၊ အခု စိတ်တည်ငြိမ်အောင် သံယောဇဉ်တွေ ဖြတ်နိုင်အောင်ဆိုပြီး မော်ဘီက သူ့အမေရှိတဲ့ ရိပ်သာမှာ တရားသွားထိုင်နေတယ်၊ ငါလည်း ဒီရက်ပိုင်း အလုပ်အရမ်းရှုပ်တော့ သူ့ကို နေ့စဉ်ရက်ဆက် သွားမချော့နိုင်ဘူးဟာ၊ တစ်ရက်တော့ လိုက်တွေ့ပြီးပါပြီ…

နင်မြင်တဲ့အတိုင်းပဲ၊ ငါ မကျွမ်းကျင်တဲ့ ဒီ Business လုပ်ငန်းကြီးတွေကို တစ်လပြတ် သင်ယူနေရတာ လွယ်တယ်ထင်လား၊ နေ့တိုင်း ဦးနှောက်တွေ ထုပူနေတာပဲ၊ ဒါပေမဲ့ ဘယ်လိုမှ ရှောင်လွှဲမရတော့လဲ မဖြစ်မနေ ကြိုးစားလုပ်ရတော့မှာပေါ့ဟာ"

"အန်တီ ပြောပြပါတယ်၊ နင့်အစ်ကိုက နိုင်ငံခြားထွက်တော့မှာဆို"





"ဟုတ်တယ်၊ ငါက အေးအေးဆေးဆေးမှ ထွက်ဖို့ပြောပါသေးတယ်၊ သူတို့လင်မယား နယ်လုနေတာ ကြာပါပြီ၊ အစ်ကိုကြီးက အစက သူ့မိန်းမသွားချင်သွား သူ နိုင်ငံခြားမလိုက်ဘူးလို့တောင်လုပ်တာ၊ လင်မယားကွဲမတတ်ပဲတဲ့၊ ခုမှပဲ အစ်ကိုကြီးက တစ်လလောက်အတွင်း အပြီးထွက်မယ် ထ,လုပ်တော့ ငါ့မှာ ဒီတစ်လကျော်အတွင်း သူ့ဆီကနေ အသည်းအသန် သင်ယူရတော့တာပေါ့၊ အားလုံး လက်လွှဲရတော့တာပေါ့ …

တကယ်ဆို ငါ့ချစ်သူနဲ့ငါ ရှော့ခ်ရှိနေတာ သူလည်း သိသားပဲဟာ၊ ငါ့ကို နည်းနည်းပါးပါး ညှာညှာတာတာနဲ့ သုံးလေးလနေမှ ထွက်ပါတော့လား၊ ငါတောင်းပန်ကြည့်သေးတယ်၊ မရဘူး၊ ခုထွက်မှရမယ့် အကြောင်းတွေရှိလို့တဲ့၊ တစ်ယူသန်ပုံပဲ ငါ့အစ်ကိုက၊ ဒါကြောင့် သူ့မိန်းမနဲ့ ဘယ်တော့မှ မကြည်တာနေမယ် …

ဒီကိစ္စတွေနဲ့ ငါ့မှာ စိမ်းစိုဆီ သိပ်မရောက်ဘူးပေါ့ဟာ၊ စိတ်ကတော့ မော်ဘီပဲ ရောက်နေတာပေါ့၊ နင်လည်း သွားနားချပါဦးဟ၊ မေးပါဦး"

"သူ ဘာဖြစ်တာလဲ နင် လုံးဝမသိဘူးလား"

"အစစအရာရာ ပြေလည်နေတာပဲ၊ ငါထင်တာတော့ လက်ထပ်ခါနီး ဖြစ်တတ်တဲ့ စိတ်ကယောင်ချောက်ချားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှုမျိုးလား မသိပါဘူး၊ စိတ်ထဲမှာ ဝေဒနာအခံတစ်ခုခု ရှိတဲ့သူမျိုးတွေဟာ အရေးကြီးတဲ့ ဘဝနဲ့ချီတဲ့ အပြောင်းအလဲကိစ္စတစ်မျိုးမျိုးနဲ့ ရင်ဆိုင်ခါနီး အခါတွေမှာ အတွေးအခေါ်တွေ ဂေါက်တောက်တောက် ဖြစ်တတ်ကြတယ်လို့ ငါ ထင်တယ် ...

အခု ငါ့အဖေရော အမေရော အစစအရာရာ လိုက်လိုက်လွဲလွဲ သဘောတူတယ်၊ သူ့ရဲ့အတိတ် အတိတ်ဆိုတာကြီးနဲ့ ပတ်သက်ပြီးတော့လည်း ငါ့အမေက သူ့ဘဝနဲ့ပါ ယှဉ်ပြောပြပြီး အားပေးပြီးပြီ၊ ဘာမှပြဿနာဖြစ်စရာမရှိ ဖြစ်နေတာဟာ၊ နည်းနည်းဂေါက်တွေး တွေးနေတာလို့ ထင်စရာအပြင် တခြားလည်း မစဉ်းစားတတ်တော့ဘူး"

နွေးနွေးက မိုးသက်လေရဲ့စကားကို နားထောင်ရင်း ရုံးခန်းကျယ်ကြီးနဲ့ စားပွဲကျယ်ကြီးပေါ်မှာ ရှိနေတဲ့ စာရွက်စာတမ်းတွေ ဖိုင်လ်တွေ ဘောလ်ပင်ထည့်တဲ့ခွက်တွေ၊ ဖုန်း လက်ပ်တော့ပ် တခြားတိုလီမိုလီတွေ ပြည့်နှက်ရှုပ်ပွနေပုံကို လိုက်ကြည့်နေမိသည်။

မိုးသက်လေက ဖိုင်ပုံတစ်ထပ်ကို သူ့ရှေ့ကနေ တွန်းရွှေ့လိုက်ရင်း ဗျူးခနဲ သက်ပြင်းမှုတ်ကာ ...

"ခေါင်းတွေ ရှုပ်လိုက်တာကွာ၊ ငါလည်း ဘယ်လိုမှမငြင်းသာတော့လို့သာ၊ ငါကလွှဲပြီး ဆက်လုပ်မယ့်သူရှိကိုမရှိတော့လို့သာ လက်ခံလိုက်ရတယ် စိတ်တွေ ညစ်နေတာပဲကွာ"





"ကျွမ်းသွားရင် နင် စိတ်မညစ်တော့ပါဘူးဟ၊ နင့်အစ်ကိုက အပြီးသွားမှာလား"

"အေး ... အပြီးတဲ့ဟာ၊ ဘာအိုက်ဒီယာလဲကို မသိတော့ဘူး၊ ဒီမှာ ဒီလောက်တောင် လုပ်ငန်းတွေတစ်ပုံနဲ့ မိန်းမနောက် ကောက်ကောက်ပါအောင် အပြီးအစီး ထွက်သွားစရာလား၊ မိန်းမက ခေါ်တာကို မလိုက်တုန်းကလည်း မလိုက် မလိုက်နဲ့၊ လိုက်ပြန်တော့လည်း အပြီးပဲတဲ့၊ ဒါတွေ စွန့်လွှတ်သွားစရာလား၊ တကယ်ဗျာ ကျောကော့ပြီး ချုန်ရစ်ခဲ့တဲ့ ပုံစံမျိုးနဲ့ကို လုံးဝ သူ ပြန်မလာ၊ ပြန်မလုပ်တော့ဘူးတဲ့၊ အံ့ရော"

နွေးနွေးက စားပွဲရဲ့အစွန်းမှ ကြွေပုံသစ်သားတုံးလေးကို လှမ်းယူ ကောက်ကိုင်ကြည့်လိုက်သည်။ အမည်ရေးထိုးထားတဲ့ တုံးငယ်လေးပင်။

"ဦးမုန်တိုင်း

Managing Director"

နွေးနွေးက တုံးပေါ်ကစာကိုဖတ်ရင်း တခဏလေး ကြက်သေ သေနေပါသည်။ ခေါင်းထဲမှာလည်း အချက်အလက်တွေ ပြေးလွှားရှုပ်ယှက်ခတ်ကာ ခဏနေမှ မိုးသက်လေကို စေ့စေ့ကြည့်ရင်း ...

"နင့်အစ်ကိုနာမည်က ဦးမုန်တိုင်းတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"အသက်ဘယ်လောက်ရှိပြီလဲ"

"ငါ့ထက် ဆယ်နှစ်ကြီးတယ် ပြောတယ်၊ သုံးဆယ့်ခုနစ်လောက် ရှိမှာပေါ့"

နွေးနွေးက စဉ်းစားနေပြီးမှ ...

"စိမ်းစိုနဲ့ရော ဆုံဖူးပြီးပြီလား"

"ဆုံဖူးတယ် ဆိုရုံပဲဟာ၊ ငါ့အဖေ ဆေးရုံကို စိမ်းစိုကိုခေါ်သွားတဲ့နေ့က အစ်ကိုကြီးလည်း ရောက်လာတော့ ဆုံတာတော့ ဆုံတယ်၊ မိတ်ဆက်ပေးရုံပါပဲ၊ စိမ်းစိုက ရုတ်တရက် ဗိုက်အောင့်လာလို့ ထပြန်ခဲ့ရတာနဲ့ သူတို့ စကားတောင် သေချာမပြောဖူးလိုက်ရပါဘူး"

နွေးနွေးက ထိုင်ရာက ထ,ရပ်လိုက်ရင်း ...

"ငါ ပြန်တော့မယ်"

"နင်ကလည်း စကားပြောရင်း ရုတ်တရက်ကြီး"

"နင် အလုပ်ပျက်မှာစိုးလို့ပါ၊ မိုးသက် ... နင် ဘာမှသိပ်စိတ်ညစ်မနေနဲ့၊ ငါ နက်ဖြန်လောက် စိမ်းစိုဆီ သွားတွေ့လိုက်မယ်"

"ကျေးဇူးတင်ပါတယ် နွေးနွေးရာ၊ နင် စိမ်းစိုကို ချော့မော့ဖျောင်းဖျပေးဦးနော်"





"စိတ်အေးအေး ထားပါဟာ၊ မိန်းကလေးတစ်ယောက် ဂေါက်ကြောင်နေတာကို မိန်းကလေးချင်း ဖြေသိမ့်ပေးတတ်ပါတယ်ဟ၊ မိန်းကလေးတွေဟာ လက်ထပ်ခါနီးဆိုရင် စိုးရိမ်စိတ် အမျိုးမျိုး ဝင်တတ်တယ်ဟ၊ ဒီထဲမှာမှ စိမ်းစိုက သူ့အားနည်းချက်နဲ့သူ၊ သူ့စိတ်ဒဏ်ရာဒဏ်ချက်နဲ့သူဆိုတော့ သာမန်မိန်းကလေးတွေထက်တောင် ပိုတွေးဒီတွေး ရှာကြံစိုးရိမ်မှာပဲ ...

အဲဒါလောက်ပဲ ဖြစ်မှာပါဟာ၊ အချိန်လေးနည်းနည်းယူလိုက်ရင် အလိုအလျောက် ကုစားပြီးသား ဖြစ်သွားမှာပါ၊ နင် သိပ်စိတ်ပူမနေနဲ့တော့"

မိုးသက်လေက နွေးနွေးကို ယုံရခက် မယုံရခက် မတင်မကျလေးပဲ ငေးကြည့်ခေါင်းညိတ်လိုက်ပါသည်။

✧ ♡ ✧

"ဒီကိစ္စတွေ ငါတောင် ခုမှသိရတယ် စိမ်းစိုရယ်၊ မိုးသက်က သိနေခဲ့တယ် ဟုတ်လား၊ သူ ဘယ်ကများ သိပါလိမ့်"

"ငါစဉ်းစားပြီးပြီ၊ အဖြစ်နိုင်ဆုံးကတော့ ငါတအားဗိုက်နာပြီး သတိလစ်မတတ်နဲ့ ဆေးရုံရောက်သွားတဲ့ အကြိမ်တုန်းက သူ တနည်းနည်းနဲ့ သိသွားခဲ့တယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းစိုရယ်၊ ဒါကိုသိပြီး ကြည်ဖြူနိုင်တဲ့ ယောကျ်ားတစ်ယောက်ကို မျှော်လင့်ချက်တွေပျက်အောင် နင်မလုပ်သင့်ဘူးဟယ်၊ အန်တီ့ကိုလည်း ငါ အရမ်းအံ့သြတယ်၊ သူလည်း သူ့ကိုယ်သူနဲ့ ကိုယ်ချင်းစာပေးနိုင်တော့ နင် သိပ်ကံကောင်းတာပါဟာ၊ အခု သူ့အစ်ကိုကြီးက အပြီးအပိုင်ထွက်တာတဲ့၊ သူလည်းကြည့်ရတာ နင့်အတွက် လုပ်ပေးနိုင်သယောက် စဉ်းစားပြီး အကောင်းဆုံး လုပ်ပေးသွားတာပဲနေမှာပါ ...

သူ့ကြောင့် ဒဏ်ရာရခဲ့တဲ့ နင့်ကို သူ တတ်နိုင်တာ ပြန်ပြီးပေးဆပ်ခဲ့တာ ဖြစ်မှာပေါ့၊ သူ လုံးဝမသွားချင်တဲ့ ဆီကို တစ်လအတွင်း သွားမယ်လို့ ဖြစ်သွားတာဟာ နင့်အတွက်ပဲပေါ့၊ သူ ထွက်သွားတာနဲ့အတူ နင့်အာဃာတတွေရော ဒဏ်ရာဒဏ်ချက်တွေရော နင် ရေစုန်မျှောလိုက်တော့ ...

စိတ်အသစ်လေးနဲ့ နင့်ဘဝကို တည်ဆောက်တော့"

စိမ်းစိုက ပြီးခဲ့တဲ့အပတ်က နွေးနွေးနှင့် သူ အပြန်အလှန် ပြောဖြစ်ခဲ့တဲ့ စကားတွေကို နားထဲမှာ ပြန်ပြီးကြားယောင်နေပါသည်။ သက်ပြင်းမောကလေးနှင့်အတူ အပြုံးလေးယှဲ့ယှဲ့ပါတဲ့ မျက်နှာကလေးနှင့် အတွေးတွေ နက်နေရာမှ ကို့ရဲ့ခြံဝင်းရှေ့ ရောက်လာပြီမို့ ဝင်းထဲ ချိုးကွေ့လိုက်ပါသည်။





နံနက်ခြောက်နာရီခွဲပေမယ့် လာစားတဲ့ကား နှစ်စီးသုံးစီးပင် ရှိနေပါပြီ။

"အစ်မ"

ဖိုးတာက အပြေးရောက်လာကာ ဝမ်းသာအားရနှင့် စိမ်းစို လက်ထဲမှ ပစ္စည်းပစ္စယခြင်းကို လှမ်းယူလိုက်ပါသည်။

"အစ်မ ဆိုင်ပြန်ဖွင့်မှာလား၊ ဟုတ်လား"

စိမ်းစိုက ပြုံးရင်း ...

"အင်း ... နင့်အစ်ကို နိုးပြီလား"

"ခုဆိုရင်တော့ နိုးလောက်ပြီ"

"သူ ကုမ္ပဏီရုံး သွားရမယ် မဟုတ်လား၊ သူ Breakfast စားသွားဖို့ ငါ့ဆီမှာ ဘာဂါလာယူ၊ ကော်ဖီကျကျလေးပါ ဖျော်ပေးမယ်"

"အစ်မ ... အစ်ကို သိပ်တောင်နေမကောင်းဘူး သိလား၊ ပိန်တောင်သွားတယ် အစ်မရာ၊ အစ်မက နေနိုင်လိုက်တာ"

"ငါလည်း ငါ့ကိစ္စနဲ့ ငါပေါ့ဟဲ့၊ ဒီနေ့ကစပြီး ဆိုင်ပြန်ဖွင့်မယ်ဆိုရင် ပြီးရောမဟုတ်လားဟဲ့"

ခဏကြာလျှင် ဆိုင်ထဲက ရိုက်ဘုတ်မှာ စာလုံးနက်ပြာ ထူထူနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ယနေ့ ဘာဂါ ... ဟော့ဒေါ့ ...
ကြက်ကြော်၊ အာလူးချောင်းကြော်
သုံးဆောင်နိုင်ပါပြီ"

စာတန်းကို ဆိုင်က ကောင်လေး တစ်ယောက်က ရေးထိုးလိုက်ပါပြီ။

စိမ်းစိုကတော့ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသော Breakfast လင်ပန်းကို ကိုယ်တိုင်သယ်ကာ ချစ်သူရှိနေတဲ့ အိမ်ကလေးပေါ် ပြုံးပြုံးကလေး တက်သွားခဲ့ပါတော့သည်။

✧ ♡ ✧

လမင်းမိုမို


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အသစ်တစ်ဖန်



www.burmeseclassic.com